
http://www.cherrythitsar.org



http://www.cherrythitsar.org

စာအုပ်အမှတ် (၂၀၁)

Quality Publishing House
အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃ ။

http://www.cherrythitsar.org

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဒဂုန်ရွှေမျှား

# ငယ်ကချစ်

## အနှစ်တစ်ရာ

နှင့်

လက်ရွေးစင်ဝတ္ထုရှည်များ

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၈၂၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၆၀၀၅၀၃

◆

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၅၊ ဧပြီလ)
အုပ်ရေ - (၅၀၀)

◆

မျက်နှာဖုံး - ညီတော်မောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

◆

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

◆

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြဲ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

တန်ဖိုး - ၈၀၀ - ကျပ်

http://www.cherrythitsar.org

# မာတိကာ


၁။ ငယ်ကချစ် အနှစ်တစ်ရာ ၁

၂။ ချစ်ပန်းငုံ ၃၇

၃။ သုံးပွင့်ဆိုင်အချစ် ၈၄

၄။ မြွေမသေ တုတ်မကျိုး ၁၁၆


---------------

http://www.cherrythitsar.org

# ယောက်ျားချစ် ဘန္ဓစတစ်ရာ

ရန်ကုန်မြို့ ရှင်စောပုလမ်းတွင် တိုက်ခံအိမ်တစ်လုံးနှင့် ပန်းခြံတစ်ခုအတွင်း မြန်မာဘုရင်တို့၏ အနွယ်အဆက်ဖြစ်ခဲ့၍ အင်္ဂလိပ်အစိုးရမင်းတို့၏ လက်အောက်မှာလည်း စစ်ကဲကြီး ဂုဏ်ထူးဖြင့် ချီးကျူးခြင်းကို ခံခဲ့ရသော စစ်ကဲကြီးတစ်ယောက်သည် လွန်ခဲ့သည့်နှစ်ပေါင်း အနည်းငယ်က နေထိုင်ခဲ့လေသတည်း။ ထိုစစ်ကဲကြီးမှာ ဘဝတစ်ပါး ပြောင်းသွားလေပြီဖြစ်၍ စစ်ကဲကတော်မမပုသည် ကွယ်လွန်သူအတွက် စိတ်မချမ်းသာလှသည် ဖြစ်သော်လည်း တရားဖြင့်ဖြေဖျောက်ကာ တစ်ယောက်တည်းသောသမီးကလေးအပေါ်တွင် အခြားကလေးမိခင်များနှင့်မတူအောင် ချစ်ခင်မြတ်နိုးလျက် အားကိုးအားထားပြုပြီးလျှင် အရာရာ၌ အလိုလိုက်ကာ ထားခဲ့ရှာလေ၏။

မင်းကတော်မမပုမှာ အသက် ၄၅ နှစ်ခန့်မျှ ရှိပြီဖြစ်၍ နောက်ထပ် အိမ်ထောင်ပြုရန်ကို စိတ်မကူးတော့ဘဲ စစ်ကဲကြီးမဆုံးမီက ရှာဖွေစုဆောင်းကျန်ရှိခဲ့သော ပစ္စည်းလေး အနည်းငယ်ကိုသာ ထုခွဲရောင်းချတဖြည်းဖြည်း စားသောက်၍လာခဲ့ကြရာ မည်သည့်လမ်းကမျှ ဝင်ငွေမရှိသဖြင့် ကျန်ရစ်ခဲ့သော လက်ရှိပစ္စည်းကလေးများမှာ တစ်နေ့တခြား

http://www.cherrythitsar.org



ပျောက်ပျက်လျက် ရှိခဲ့လေ၏။ သို့သော်လည်း သားအမိ နှစ်ယောက်တို့မှာ စစ်ကဲကြီးရှိစဉ်က ဝတ်ဆင်သုံးစွဲ စားသောက်လေ့ရှိသော 'မူ'ကို မဖျက်နိုင်ဘဲ ခုံခုံညားညားပင် ဝတ်စား ဆင်ယင်ကာ နေကြလေ၏။ ယင်းကဲ့သို့ ရှိသည်ဖြစ်ရာ မမပုသည် သမီးကလေး မခင်ကြည်အား အင်္ဂလိပ်မယ်သီလရှင်ကျောင်းတွင် ဆက်လက်၍ မထားနိုင်ရာတော့ဘဲ ဇွတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုကာနီးမှ နုတ်၍ ထားရရှာလေ၏။

မခင်ကြည်ကလေးမှာ ဖခင်စစ်ကဲကြီးရှိစဉ်က တစ်ယောက်တည်းသော သမီးလေးဖြစ်၍ ယောကျ်ားကလေးများကဲ့သို့ များစွာ အလိုလိုက်သည်လည်းတစ်ကြောင်း၊ အဘ သေဆုံးသွားသောအခါမှာလည်း စစ်ကဲကတော်ကြီးမှာ ယခင်ကထက်ပင် အလိုလိုက်ပြီးလျှင် နာမည်ကိုမျှ နင့်သီးစွာ မခေါ်ရက်ရှာဘဲ ခင်ခင်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ ကြည်ကြည်ဟူ၍လည်းကောင်း၊ အရိပ်တကြည့်ကြည့်ဖြင့် သာရှိနေခဲ့ရာ အလိုလိုက်လှသော မိဘတို့၏ သားသမီးပီပီ မိခင်ကြီးအပေါ်တွင် နွဲ့ဆိုးဆိုးလျက် ရှိလေ၏။ ကွန်ဗင့်ခေါ် အင်္ဂလိပ်မယ်သီလရှင်ကျောင်းမှ ထွက်ခဲ့သဖြင့် ဝတ်ပုံ၊ စားပုံ၊ သွားပုံ၊ ပြောဆို ပုံမှစ၍ ဘိုဆန်ပြီးလျှင် အရာရာတွင် စိတ်မာန်အလျောက် ပြုကျင့်တတ်သည် မှန်သော်လည်း မိမိ၏မွေးသမိခင် ကျေးဇူးရှင်ကြီးကိုမူ အသက်တမျှ ချစ်ခင်လှသည်ဖြစ်သောကြောင့် အရေးကြီးသည့် မှုခင်းကိစ္စတို့၌မူ မိခင်ကြီး၏ စကားကို နာယူတတ်ရှာသည်ဖြစ်၍ အမှန်အားဖြင့် ဆိုးမိုက်သည်ဟူ၍လည်း မဆိုနိုင်လောက်အောင်ပင် ရှိပေ၏။

ကျွန်ုပ်တို့ရေးသားသည့် အချိန်အခါတွင် မခင်ကြည်မှာ အသက် ၁၅နှစ်ကျော်ကျော် အရွယ်ခန့်မျှသာ ရှိသေး၏။ မိန်းကလေးတို့၏ ဓမ္မတာ အပျိုဖားဖားဖြစ်ပြီဟု ဆိုရသော်လည်း မိမိကိုယ်ကို ကလေးကဲ့သို့ ထင်မှတ်ခါ သိမ်မွေ့နူးညံ့လျက် မိန်းကလေးပီပီ မရှိရှာဘဲ ယောကျ်ားကလေးများ သဖွယ် ရယ်ရွှင်ဖွယ်ရှိကလည်း ဟက်ဟက်ပက်ပက် ရယ်မောပျော်ရွှင်တတ်လျက် ပကတိအားဖြင့် ပျော်ရွှင်စွာ နေထိုင်တတ်သော သဘောရှိပေ၏။ မခင်ကြည်မှာ မိန်းကလေးမပီသလောက်အောင် ဣန္ဒြေကင်းမဲ့သည်ဟူ၍လည်း ဆိုနိုင်သည် မဟုတ်၊ ငယ်ရွယ်စဉ်အခါကပင် မိဘ နှစ်ပါးစလုံး အလိုလိုက်၍ ထားသည့်အပြင် ကွန်ဗင့်ကျောင်းထွက် အင်္ဂလိပ်စာတတ်

http://www.cherrythitsar.org



မိန်းကလေးဖြစ်၍ ဘိခပ်ဆန်ဆန် လျှင်မြန်သော စိတ်သဘောရှိခြင်းကိုမျှ ဆိုလိုခြင်းဖြစ်ပေသည်။

အချို့သော မိန်းကလေးတို့မှာ ထိုကဲ့သို့ အမူအရာမျိုးရှိခဲ့ပါမူ အတန်ငယ် စက်ဆုတ်ဖွယ်ရှိချေမည်ဖြစ်ရာ မခင်ကြည်မှာမူ သူတစ်ပါးနှင့် မတူအောင် ရုပ်အဆင်း၏ ပြေပြစ်ကျော့ရှင်းခြင်းနှင့် ပြည့်စုံလျက် စကားပြောသောအခါများ၌လည်း မျက်ခုံးကလေးကိုချီကာ၊ နှုတ်ခမ်းကလေးစူကာ ပြောဆိုတတ်သဖြင့် ချစ်ခင်စရာနှင့်သနားစရာ ရောစပ်၍နေသည်ဖြစ်၍ ၎င်း၏ စိတ်သဘောထားမှာလည်း အနည်းငယ်မျှကောက်ကျစ်စဉ်းလဲခြင်း မရှိ၊ သို့ဝှက်ဖုံးအုပ်ခြင်းလည်းမရှိ ပြောရန်ရှိက ဟောဟောဒိုင်းဒိုင်း ပြောဆိုတတ်လျက် မိမိ၏အတွင်းသဘောကို ပြင်ပ၌ ထင်းလင်းစွာ ပြတတ်သကဲ့သို့ ဖြူစင်သော သဘောရှိသည် ဖြစ်သောကြောင့် အိမ်၌ခိုင်းစေသော အစေခံများနှင့်တကွ ကျောင်းနေဘက် သူငယ်ချင်းများ ဆွေမျိုးဉာတိများ သိဖူး၊ ခင်ဖူးသူမှန်သမျှတို့မှာ မခင်ကြည်အား အထူးပင် ချစ်ခင်ကြကုန်လေ၏။ စစ်ကဲကတော်ကြီး မမပုမှာလည်း မိမိ၏သမီးကလေးမှာ ယောကျ်ားကလေးဆန်ဆန် ဘိုခပ်ဆန်ဆန်ရှိသော အမူအရာကြောင့်ပင်လျှင် သာလွန်၍ချစ်ရကြောင်းနှင့် ၎င်း၏မိတ်ဆွေများအား ပြောဆိုလေ့ရှိ၏။

တစ်နေ့သော ညနေခင်း၌ မခင်ကြည်သည် ခေါင်းလျှော်ပြီးစဖြစ်၍ ဆံပင်ကို ကပိုကရိုပတ်ပြီးလျှင် တစ်ပတ်ရစ်ပိုးလုံချည် အဝါနုရောင်ကလေးကို ဝတ်ဆင်ကာ အင်္ကျီမှာလည်း ပိုးသားနံ့သာရောင်ကလေးကို ဝတ်လျက် ခြံအတွင်းတွင် လမ်းလျှောက်လျက်ရှိသည်ဖြစ်ရာ တိမ်တောက်သော ညနေခင်းဖြစ်၍ အဝတ်နှင့်ရာသီဥတုမှာ များစွာ လိုက်လျောပေ၏။ ဝင်လုခါနီး တောက်ပလျက်ရှိသော နေရောင်သည် ဝါကြန့်ကြန့်ရှိ၍ အဆင်ပြေလျက်ရှိသော လုံချည်အင်္ကျီရောင်တို့ဖြင့် ရောစပ်ကာ ဝင်းလဲ့သော အသားဖြင့် နင်လား ငါလား ဂုဏ်ပြိုင်လျက် လည်တွင် ဆွဲထားအပ်သော ပုလဲပုတီးကုံးမှာလည်း ဖြူစင်သော သွားကလေးများနှင့် အဖြူခြင်းပြိုင်သကဲ့သို့ ရှိရကား၊ မခင်ကြည်၏ ပါးလျှပ်လှသော နှုတ်ခမ်းကလေးများမှာ ခြံထဲတွင် စိုက်ထားသော လာဖလန်ခေါ် နှင်းဆီကြက်သွေးနှင့် တစ်ပြေးတည်း ရှိသကဲ့ မှတ်ထင်ရလေ၏။

http://www.cherrythitsar.org



မခင်ကြည်သည် တစ်ခါတစ်ရံ ပုလဲပုတီးကလေးကို ဆုပ်ကိုင်ကာ၊ တစ်ခါတစ်ရံ ပုတီးစိစိ ဖိနပ်ကလေးဖြင့် မြက်ပင်ကလေးများကို ဆောင့်၍ နင်းကာ၊ တစ်ခါတစ်ခါ လက်တွင် ပတ်ထားသော နာရီကလေးကို ကြည့်ရှုလျက် ရှိလေ၏။ ၄င်းနောက် တစ်စုံတစ်ယောက်ကို မြင်ဟန်ဖြင့် အတန်ကြာအောင် စိုက်၍ကြည့်နေပြီးလျှင် အနီးသို့ ရောက်သောအခါ ထိုသူသည် ခြံထဲသို့ တိုက်ရိုက်ဝင်လာပြီးလျှင်

"ခင် ဘာမျှော်နေသလဲ"

"မျှော်ချင်တာ မျှော်တယ်။ ဘာဖြစ်လဲ"

"ခင်နဲ့တွေ့မှ ဒီလိုချည့်ပဲ၊ ရန်တွေ့ဖို့ပဲ စိတ်ကူးနေတာပဲ"

"ရန်တွေ့တတ်မှန်း မသိဘူးလား၊ နေပါဦး ... ကိုကိုဘာဖြစ်လို့နောက်ကျသလဲ။ တယ်လီဖုန်းဆက်လိုက်တုန်းက ၅နာရီ မထိုးခင်လာခဲ့မယ် ဆို"

"လာမလို့ပါပဲ ခင်ရယ်။ ကနေ့ လခထုတ်တဲ့နေ့ဆိုတော့ နည်းနည်း နောက်ကျသွားတယ်"

"ခင့်ဖို့ ဘာဝယ်ခဲ့သလဲ"

"ထူးထူးဆန်းဆန်းတော့ မပါဘူး၊ ခင်ရေ– ခင်စားဖို့ပဲ။ ကိတ်မုန့်ကလေးကဖြင့် ကောင်းလိုက်တာ"

မုန့်ထုပ်ကို လွှင့်ပစ်လိုက်ပြီးလျှင်

"ဘာလုပ်ဖို့လဲ ကိတ်မုန့်ကို ဘယ်တော့မှ မစားဘူး။ မုန့်သေတ္တာဆိုရင် တော်သေးရဲ့" မောင်တင်ဦးသည် မုန့်ထုပ်ကို ကောက်ပြီးလျှင် အနီးရှိ ခုံတန်းကလေးပေါ်တွင် မခင်ကြည်၏လက်ျာဘက်မှ ယှဉ်ကပ်၍ထိုင်ကာ

"တယ်ဆိုးတာကိုး ခင့်ကိုယ်ခင် ကလေးများ အောက်မေ့နေသလား"

မောင်တင်ဦး၏ မျက်နှာကို လက်ညှိုးထိုးလျက်

"ကလေးပဲ ဘာဖြစ်သလဲ"

"ဟုတ်လိုက်လေတယ်၊ ဩော် ... ကလေးစိတ်ပဲ ရှိသေးတယ်ဆို ကလေးများလို မြှူပြီး ချီရဦးမယ်"

မခင်ကြည်သည် မောင်တင်ဦး၏လက်ကို တွန်းဖယ်လျက် –

"တကတည်း ကျွန်မ ကလေးမဟုတ်ပါဘူး"

http://www.cherrythitsar.org



မောင်တင်ဦးသည် ဟက်ဟက်ပက်ပက် ရယ်မောလျက်–

"ဟုတ်ပ့ါ။ ခင့် ပြောရတာက ကလေးလိုပဲကိုး။ ကိုကိုပြောတဲ့ စကားနားထောင်ပါဦး"

"ဘာကို နားထောင်ရမှာလဲ"

မောင်တင်ဦးသည် မခင်ကြည်၏ လက်နှစ်ဖက်ကို ဖြည်းညင်းစွာ ဆုပ်ကိုင်လျက် –

"မေ့ပြီလားခင်ရဲ့။ အရင်တနင်္ဂနွေနေ့က ပြောခဲ့တာလေ"

"ဩော် ... ဒီဟာလားသိပြီ၊ သိပြီ ... အထူးပြောစရာ မလိုပါဘူး"

မခင်ကြည်မျက်နှာကို နီးကပ်စွာကြည့်လျက်

"အထူးပြောဖို့ မလိုရင် ကိုကိုဦးကို မခင်ကြည်ကလေးသာ အကယ်စင်စစ်"

မခင်ကြည်သည် ကိုင်ထားသောလက်ကို ရုန်းဖယ်လျက် "တကတည်း ရှည်လိုက်တာ ... ချစ်ပါတယ်ဆိုတာ ဘယ်နှစ်ခါ ပြောရဦးမှာလဲ"

မောင်တင်ဦးက စိတ်ပျက်သောအမူအရာနှင့် "ချစ်တာနဲ့ မပြီးသေးဘူး ခင်ရေ"

မခင်ကြည်က နှုတ်ခမ်းစူလျက် –

"ဘာလိုသေးသလဲ"

မောင်တင်ဦးက အံသွားကြိတ်လျက် –

"လက်ထပ်ဖို့က လိုသေးတယ် ခင်ဗျ။ နားလည်လား"

မခင်ကြည် ခေါင်းငုံ့လျက်–

"သည်ဟာတော့ မေမေဘုရား ပြောမှပေါ့။ ကိုကိုဦး သိတဲ့အတိုင်းပဲ သူ့ကိုလည်း ကျွန်မစိတ်ညစ်အောင် မလုပ်ချင်ဘူး။ ဒီလိုလုပ်ရင် သားသမီးဝတ္တရား ပျက်ကွက်မှာပေါ့။ ကျွန်မ ပြောတာ မဟုတ်ဘူးလား ကိုကိုဦး"

မောင်တင်ဦးက ပြုံးလျက် "ဒီလိုနေရာမှာတော့ အင်မတန် လိမ္မာပါကလား။ ဩော် ... ခင်ခင်–ခင်ခင် သည်လိုဟာလေးတွေကြောင့်၊ ကိုင်း ... ခင်ရေ၊ ကျုပ်ဖြင့် မနေနိုင်ဘူး။ မယ်တော်ကြီးကို ကနေ့ပြောတော့မှာပဲ။ ငြင်းမယ်တော့ မဟုတ်ပါဘူးလို့ အောက်မေ့တာပဲ ခင်ရယ်။ ပြောသာပြောရတယ်လေ။ စိတ်ဖြင့် ခပ်လေးလေးပဲ"

http://www.cherrythitsar.org



မခင်ကြည် နေရာမှထပြီးလျှင် မောင်တင်ဦးလက်ကို ဆွဲလျက်–

"လာ ... ခင်လည်း ကူပြီးပြောပေးပါမယ်" ဟု ပြောကာ မောင်တင်ဦးအား အိမ်ထဲသို့ အတင်းဆွဲငင်ခေါ်သွားရာ မောင်တင်ဦးမှာ ကြောက်ကြောက်နှင့် ပင် လိုက်ပါသွားရလေ၏။

မောင်တင်ဦးမှာ ရန်ကုန်မြို့ အင်္ဂလိပ်ဘဏ်တိုက်ကြီးတစ်တိုက်တွင် စာရေးအလုပ်ကို လုပ်ကိုင်လျက်ရှိရာ အင်္ဂလိပ်စာမှာလည်း အိုင်အေ–အထက်တန်းကို အောင်မြင်ပြီးဖြစ်သည်လည်း တစ်ကြောင်း၊ မျိုးရိုးဇာတိကိုလည်း ဘဏ်တိုက်သူဌေးကြီးကိုယ်တိုင်က သိရှိပြီး ဖြစ်သည့်ပြင်၊ မောင်တင်ဦးမှာ အလုပ်ဝတ္တရားများကို မည်သည့်အခါမျှ ညည်းညူခြင်းမရှိ၊ ဖိဖိစီးစီး လုပ်ကိုင်လေ့ရှိရာ ဘဏ်တိုက်သူဌေးကြီးကိုယ်တိုင် များစွာချစ်ခင်ပြီးလျှင် လစာငွေ ၁၇၅ ကျပ်အထိ ပေးကမ်းကြည့်ရှုထားခဲ့လေ၏။ ကျွန်ုပ်တို့ ဝတ္ထုကို ရေးသားစဉ်အခါ မောင်တင်ဦးမှာ မခင်ကြည်နှင့် မေတ္တာသက်ဝင် ချစ်ခင်စုံမက်လျက် လာခဲ့သည်မှာ (၆)လကျော်ကျော်ခန့်မျှ ရှိပြီး ဖြစ်ခဲ့လေ၏။

မောင်တင်ဦးမှာ ဆွေကောင်းမျိုးကောင်းမှ ဆင်းသက်၍ မိသားဖသားပီပီ အလုပ်အကိုင်မှာလည်း တည်တည်ကြည်ကြည် ရှိပြီးလျှင် ရုပ်ရည်မှာလည်း မွန်မွန်ရည်ရည်ရှိသဖြင့် စစ်ကဲကတော်ကြီးမှာ အိမ်သို့ ဝင်ထွက်သွားလာနေသည်ကို ပိတ်ပင်တားမြစ်ခြင်း မရှိဘဲ မည်သည့်အချိန်အခါမဆို ထွက်ဝင် သွားလာခွင့်ရလေ၏။ ဤတွင်မျှမကသေး စစ်ကဲကတော်ကြီးမှာ ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း တစ်ယောက်တည်းသောသမီးကလေးအပေါ်တွင် လွန်မင်းစွာ အလိုလိုက်၍ ထားခဲ့လေရာ မောင်တင်ဦးနှင့် ကြည်နူးချစ်ခင်လျက် ရှိသည်များကို မသိဟန်ဆောင်ကာ နေခဲ့ရှာလေ၏။

အိမ်ခန်းတွင်းသို့ ရောက်လျှင် မခင်ကြည်သည် မောင်တင်ဦး၏နောက်မှ ပုန်းကွယ်လျက် မောင်တင်ဦးအား လက်ကုပ်၍

"ပြောလေ ... တကတည်း စကားမပြောတတ်ဘူးလား။ ခုတင်ကဖြင့် တယ်သွယ်တယ်" စသည်ဖြင့် ပြောဆိုကာ အရိပ်အကဲကို ကြည့်ရှုလျက် ရှိလေ၏။

http://www.cherrythitsar.org



ထိုခဏ၌ မင်းကတော်ကြီးသည် လမ်းဘက်သို့ ရှုမျှော်ကာ ကွမ်းသီးဖက်ဆေးလိပ်ကြီးကို သောက်နေရာမှ မောင်တင်ဦးဘက်သို့ ရုတ်တရက် လှည့်ကာ

"အလို မောင်တင်ဦးပါလား ... ဘယ်တုန်းက ရောက်လာသလဲ ကွယ်"

"မကြာသေးပါဘူးဘုရား။ ကြည်ကြည်နဲ့ ပန်းခြံထဲမှာတွေ့တာနဲ့ ခဏ စကားပြောနေပါတယ်"

"တစ်နေ့ကတောင်ကွယ် အိမ်မှာ အုန်းထမင်းချက်ပြီး စားကြသေးတယ်။ မောင်တင်ဦး လာမလားလို့ မျှော်မိသေးတယ်"

"လာမလို့ပါပဲဘုရား၊ အလုပ်ကလေးကလည်း နည်းနည်းများတယ်။ အပေါ် ဘဏ်တိုက်သူဌေးကြီးလည်း ပြင်ဦးလွင်ကိုသွားနေလို့ သူ့အလုပ်ပါကူပြီး လုပ်နေရပါတယ်ဘုရား။ ဒီဟာနဲ့ ကနေ့ဖြင့် မေမေဘုရားကို စကားလေးတစ်ခွန်း"

ကြည် ။ ။ (ရှေ့သို့အနည်းငယ်တိုးလျက်) "ကိုတင်ဦးက မေမေဘုရားကို စကားတစ်ခွန်းလောက် အစီရင်ခံချင်လို့ပါတဲ့ ဘုရား"

ကတော်။ ။ (ဆေးပေါ့လိပ်ကိုချလျက်) "ဘာများပါလိမ့် မောင်တင်ဦးရဲ့၊ အထိတ်တလန့်"

ဦး ။ ။ (ခေါင်းငုံ့လျက်) "အစီရင်ခံပါရစေဘုရား၊ ကြည်ကြည်ကလေးနဲ့ ဒီက သားတော်ဟာ တစ်ယောက်မျက်စိအောက်က တစ်ယောက် အပျောက်မခံနိုင်လောက်အောင် မေတ္တာရှိပြီးနေကြပါတယ်ဘုရား။ ဒီလို အစီရင်ခံရတာကိုလည်း မယ်မယ်ဘုရားက ရိုင်းတယ်လို့ အထင်မရှိပါနဲ့ အတိအလင်းပြောရခြင်း ဖြစ်ပါတယ် ဘုရား"

ကတော်။ ။ (ကြည်ကြည်ကို တစ်ချက်လောက် မျက်စောင်းထိုးလျက်) "ဟုတ်ကဲ့လား သမီး။ မောင်တင်ဦး ပြောတာကြားတယ် မဟုတ်လား"

ကြည် ။ ။ (မျက်နှာလွှဲလျက်) "မှန်ပါတယ်ဘုရား"

ကတော်။ ။ (အတန်ငယ် စဉ်းစားပြီးနောက်) "ဒီလိုလေ မောင်တင်ဦးရဲ့၊ အခုမောင်တင်ဦးဆိုလိုတာက မေမေရဲ့သဘောကို မေးတယ် မဟုတ်လား။ ကလေးများအချစ်ကို ခွဲရင်လည်း မေမေ့ဝတ္တရား ပျက်မှာ

http://www.cherrythitsar.org



ပေါ့လေ။ သို့ပေမဲ့ ဘယ်အရာမဆို စဉ်းစဉ်းစားစား လုပ်နိုင်မှ တန်ကာကျတယ် မဟုတ်လား။ သည့်အပေါ် ဒီလိုအရာမျိုးဆိုတာ အလွယ်တကူနဲ့ ကိစ္စတုံးကြတာမျိုး မဟုတ်ဘူး မောင်တင်ဦးရဲ့။ ကိုင်းလေ ... ဒီတော့ အခု တန်းခူးလဆန်း–၃ရက် မဟုတ်လား။ ကဆုန်လဆန်း –၃ရက်နေ့ ကျတော့ မေမေ့သဘောကို ပြောမယ်။ တစ်လတိတိစောင့်ရမယ်။ ပြီးတော့ လည်း ဒီအတောအတွင်းမှာ မင်းတို့ ကလေးချင်း မတွေ့ကြရဘူး"

မောင်တင်ဦးမှာ ဤကဲ့သို့ မင်းကတော်ကြီး၏ စကားကိုကြား လျှင် မင်းကတော်ကြီးမှာ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ စကားမျိုး ကို ပြောဆိုရလေသနည်းဟု စိတ်ထဲ၌ အနည်းငယ် ဒေါသထွက်သော် လည်း မိမိ၏ ဒေါသကိုရှင်ပျသော မျက်နှာထားဖြင့် ဖုံးအုပ်ကာ ကြည် ကြည်အား တစ်ချက်မျှ မျက်စောင်းထိုး၍ ကြည့်ရှုပြီးလျှင် ဤကဲ့သို့ ပြော ဆိုသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ လူကြီးစုံရာနှင့် လက် ထပ်ထိမ်းမြား ရန်ကိုလည်း သဘောတူလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါ ကြောင်း စသည်ဖြင့် ပြောဆိုကာ အိမ်မှထွက်သွားလေ၏။

မောင်တင်ဦးမှာ အိမ်သို့ပြန်၍ ရောက်သောအခါ ထမင်းကို ကောင်းစွာမစားနိုင်ဘဲ၊ မိမိကိုယ်ကို အိပ်ရာပေါ်၌ ပစ်လှဲကာ စစ်ကဲကတော် ကြီးမှာ ယခုညနေ၌ အဘယ်ကြောင့် ဤကဲ့သို့ တောက်တောက်ခါးခါး ပြောရလေသနည်း။ တစ်လတိတိ ဆိုင်းငံ့၍ထားခြင်းနှင့် ဤအတော အတွင်းဝယ် မခင်ကြည်ကလေးနှင့် တွေ့ဆုံစကားပြောခြင်း စသည်တို့ကို မပြုရဟု ပိတ်ပင်တားမြစ်ခြင်း၌လည်း တစ်စုံတစ်ခု လေးနက်သော အဓိပ္ပာယ်ရှိချေမည်၊ စသည်ဖြင့် စဉ်းစားစိတ်ကူးလျက်ရှိရာ အတော်ည၌ နက်မှပင် အိပ်ပျော်သွားလေ၏။

နံနက်လင်းလျှင် မောင်တင်ဦးသည် ရေမိုးချိုး၍ လက်ဖက်ရည် သောက်ပြီးသော် အလုပ်တိုက်သို့ သွားရောက်မြဲ သွားရောက်လေ၏။ အလုပ်ခွင်သို့ရောက်လျှင် မောင်တင်ဦးမှာ ခါတိုင်းကဲ့သို့ စိတ်မပါဘဲ မခင် ကြည်၏မိခင် မင်းကတော်ကြီး ပြောလိုက်သော စကားများသည် မိမိ၏ နား၌ ယခုထက်တိုင် ကြားလျက်ရှိသကဲ့သို့ မှတ်ထင်ရလေ၏။ မောင်တင် ဦးမှာ ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း မခင်ကြည်အပေါ်တွင် စွဲစွဲလမ်းလမ်း ချစ်ခင်နှစ်သက်သဖြင့် ရိုးဖြောင့်သော စိတ်သဘောဖြင့် ကြံစည်ခဲ့သည်

http://www.cherrythitsar.org



ဖြစ်ရာ ယခုကဲ့သို့ စစ်ကဲကတော်ကြီးထံမှ မမျှော်လင့်သော စကားများကို ကြားရလျှင် စိတ်အပျက်ကြီး ပျက်လျက် မခင်ကြည်အပေါ်တွင် ဖြစ်ပျက်ခဲ့သမျှတို့ကို မေ့လျော့တော့မည်ဟု အောက်မေ့ပါသော်လည်း ချစ်စဖွယ်ကောင်းသော မခင်ကြည်ကလေး၏မျက်နှာမှာ မိမိ၏မျက်လုံးအိမ်ထဲမှ မထွက်နိုင်သဖြင့် တစ်ခါတစ်ခါ သက်မကြီးချမိလေ၏။

ဤကဲ့သို့ မောင်တင်ဦးမှာ မခင်ကြည်အကြောင်းကို အောက်မေ့စဉ်းစားကာ နေ့စဉ်ရက်ဆက် တမှိုင်မှိုင်တတွေတွေ ရှိနေခဲ့လေရာ ဘဏ်တိုက် သူဌေးကြီးမှာ မောင်တင်ဦးရဲ့ လခနည်းလို့လား။ သည်လိုမှ မဟုတ်ရင်လည်း လွမ်းရမယ့် လူများရှိလို့လား စသည်ဖြင့် ယုယကြင်နာသော မျက်နှာထားဖြင့် မေးမြန်းပေ၏။ မောင်တင်ဦးမှာ မျက်နှာကို တစ်မျိုးပြောင်းလျက် ဘဏ်တိုက်သူဌေးကြီးမှာ မိမိအပေါ်တွင် ဤကဲ့သို့ ကြည့်ရှုစောင်မ၍ လခများကို ထိုက်သင့်သည်ထက် ပိုမိုပေးကမ်းထားသည်ကို မပြောနိုင်အောင်ပင် ကျေးဇူးတင်ကြောင်းနှင့် သင့်လျော်ရုံမျှသာ ပြန်ကြားဖြေဆိုလေ၏။

တစ်နေ့သ၌ ဘဏ်တိုက်သူဌေးကြီးသည် မောင်တင်ဦး အခန်းထဲသို့ ဝင်လာပြီးလျှင် ဘဏ်တိုက်တွင် စာပေးစာယူဘက်ဆိုင်ရာ၌ မောင်တင်ဦး၏ လက်ထောက်သဖွယ်လည်း ရစေရန် တိုက်ခေါ်လက်နှိပ်စာလုံးစက်ကို ကောင်းမွန်စွာ ရိုက်တတ်သော အင်္ဂလိပ်စာတတ် မိန်းကလေးတစ်ယောက်ကို အလိုရှိသဖြင့် သတင်းစာတွင် ကြော်ငြာရန် မောင်တင်ဦးအား စီစဉ်၍ အထည့်ခိုင်းရာ မောင်တင်ဦးလည်း သူဌေးကြီးပြောသည့်အတိုင်း အင်္ဂလိပ် – မြန်မာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုက်လေ၏။

မောင်တင်ဦးအား တစ်လတိတိ စောင့်ဆိုင်းရန် အချိန်သည် တဖြည်းဖြည်းနီးကပ်၍ လာခဲ့လေရာ တစ်နေ့သော နံနက်ခင်း၌ စစ်ကဲကတော်ကြီး မမပုသည် အလွန်အရေးကြီးသော စာတစ်စောင်ကိုကိုင်ကာ အလွန်စဉ်းစားရကြပ်သော မျက်နှာဖြင့် အထပ်ထပ်ဖတ်ပြီးနောက် အခန်းဘက်သို့ လှည့်ပြီးလျှင်

"သမီးရေ ခင် … ထပြီလား" ဟု မေးလိုက်ရာ မခင်ကြည်မှာ အိပ်ရာမှ ထကာစဖြစ်၍ ပျာယီးပျာယာ ဆံပင်ကိုမှ မထုံးနိုင်ရှာသေးဘဲ မိခင်ရှိရာသို့ လာခဲ့လေ၏။

http://www.cherrythitsar.org



အချို့သော မိန်းမကလေးများမှာ ဝတ်စားဆင်ယင်၍ သွားသည့်အခါ အလွန်ချောမောလှပပေသည်ဟု ဆိုရသော်လည်း မပြုမပြင် မဆင်ယင်ဘဲနေသည့်အခါ ချီးမွမ်းသလောက် မလှဘဲရှိကြလေရာ ၄င်းမခင်ကြည်မှာ ဤသို့မဟုတ် ပင်ကိုယ်ကပင်လှသူဖြစ်၍ ဤကဲ့သို့ မပြုပြင်ဘဲနေသည့်အခါ အချောတွင်အယဉ်ထပ်လျက် ဝတ်စားဆင်ယင်၍ ထားသည့်ထက်ပင် လှပတင့်တယ်သကဲ့သို့ ရှိလေ၏။ ၄င်းနောက် မင်းကတော်ကြီးက –

"သမီး "

"ဘာလဲ မေမေဘုရား"

"ခင် ... ကြည့်ရတာ မျက်နှာကလေးများ တယ်ပြီး မကောင်းပါကလား"

"မေမေ သိတဲ့အတိုင်းပဲဘုရား၊ ကျွန်မလည်း လိမ်မပြောတတ်ဘူးဘုရား"

မင်းကတော်က အခြားဘက်သို့ လှည့်၍ အနည်းငယ် ပြုံးလျက်

"ဒီအကြောင်းတွေ မေမေသိပါတယ်သမီးရယ်။ သို့ပေမဲ့ မေမေပြောမယ်၊ နားထောင်နော်။ အခု တို့နေရတာ ဟန်သာရှိတယ်သမီးရဲ့၊ အဆံရှိတာ မဟုတ်ဘူး။ ဒီတော့ မောင်တင်ဦးကလေးဟာလည်း တော်တော့တော်ပါရဲ့။ သို့ပေမဲ့ သူ့ကို လက်ထပ်လိုက်မယ်ဆိုရင် နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ဆိုသလို ရှိမှာပေါ့ သမီးရယ်"

မခင်ကြည်က မျက်ရည်လည်လျက်–

"မေမေ သဘောမတူဘူး ဆိုလိုတာပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ သို့ပေမဲ့ တို့မှာ ရှေ့ကို လူလုပ်ဖို့အများကြီးရှိသေးတယ် ခင်ရဲ့။ သမီးသိတဲ့အတိုင်းပဲ ဒီအိမ်ကြီးနဲ့ ခြံကိုလည်း ၅၀၀၀ ကျပ်လောက်နဲ့ပေါင်ပြီး ထားရတယ်။ လက်ဝတ်လက်စားကလေးတွေလည်း တစ်နေ့တခြား ပျောက်ပျက်လာတယ် မဟုတ်လား။ သမီးဖေဖေ ဆုံးပြီးတဲ့နောက် ဘယ်ကမှငွေဝင်လမ်း ရှိတာ မဟုတ်ဘူး။ သားအမိနှစ်ယောက် ခံ့ခံ့ကြီး ထိုင်စားခဲ့ကြတာ တော်တော်ကြာ လက်စွပ်ကလေး သွားပြီးပေါင်ရ၊ တော်တော်ကြာ နားကပ်ကလေး သွားပြီး ပေါင်ရ၊ သမီးလည်း အသိသားနဲ့ သမီးရယ်၊ ဒီတော့ မေမေပြောတဲ့ စကား တစ်ခွန်း

http://www.cherrythitsar.org



သမီးနားထောင်ပါ"ဟု ပြောကာ ကလေးများကို ပိုက်သကဲ့သို့ မခင်ကြည်ကို မိမိ၏ ရင်ခွင်ထဲတွင် ပိုက်ကာနမ်းရှုပ်လေ၏။

"ဘယ်လိုနားထောင်ရမှာလဲ"

"မေမေတို့လည်း ဒီပေါင်နှံထားရတဲ့ ပစ္စည်းတွေရွေးပြီး တစ်သက် လုံး ချမ်းချမ်းသာသာနေရလေအောင် သမီးနဲ့မှန်းထားတဲ့ လူရှိတယ် သမီး ရဲ့"

မခင်ကြည်က မျက်လုံးပြူးလျက် –

"ဘယ်ကလဲ မေမေ"

"အချိန်တန်တော့ သိရလိမ့်မယ်ပေါ့ သမီးရယ်။ ပိုက်ဆံကြေးငွေလည်း ပြောစရာမရှိဘူး၊ ရုပ်ဆိုတာလည်း မရိုင်းလှပါဘူး။ သမီး မေမေ့စကားနားထောင်ပါနော်"

"ဘုရားကျွန်မ မေမေ့စကားတော့ နားထောင်ပြီးသားပဲ၊ သည်ဟာတော့ စိတ်ချ"

မင်းကတော်သည် မခင်ကြည်အား နမ်းရှုပ်လျက် –

"သည်လိုမှပေါ့။ ဒါကြောင့် သမီးကိုမေမေ အားကိုးတာပဲ"

"သို့ပေမဲ့ တစ်စုံတစ်ခု နောင်ခါ အကြောင်းရှိမယ်ဆိုရင် မေမေ ဘုရားတာဝန်နော် ... ဒါပဲ"

"ဒီဟာတော့ စိတ်ချပါ ကြည်ကြည်ရယ်။ မေမေလည်း မကောင်းတဲ့ဟာကို ဘယ်မတိုက်တွန်းပါ့မလဲ။ မီးဆိုတာ မလောင်ခင်က တားရသတဲ့။ အလွန်အကြူး ဖြစ်သေးတာမှ မဟုတ်ဘဲ။ မောင်တင်ဦးကလေး အပေါ်မှာ ချစ်ခဲ့တာတွေ ဖြတ်လိုက်ပါသမီးရယ်"

ဤကဲ့သို့ စကားပြောဆိုလျက်ရှိကြစဉ် မခင်ကြည်နှင့် ကျောင်းနေဘက်ဖြစ်သော ဆရာမကလေး မအေးသွင်သည် အိမ်ပေါ်သို့ ရုတ်တရက် တက်လာသည်နှင့် စကားလက်စကို ဖြတ်လိုက်ကြပြီးလျှင် အခြားစကားများကို ရယ်မောပြောဆိုကာ ဥယျာဉ်သားတို့မှာ လက်ဖက်ရည်များကို သောက်ရင်း ပျော်ရွှင်ဖွယ်စကား ပြောဆိုလျက် နေကြလေ၏။

အတန်ငယ် စကားပြောပြီးနောက် မအေးသွင်က မခင်ကြည်၏ ဆံစ ကလေးကိုသပ်ကာ –

"ကြည်ကြည် မျက်နှာကလေးများ တယ်ပြီး မသာပါကလား၊ ဘာပြုလို့လဲ နေမကောင်းလို့လား"

"မဟုတ်ပါဘူး၊ စိတ်ထင်လို့ပါ မအေးသွင်ရဲ့။ ကြည် ဘာမှ မဖြစ်ပါဘူး၊ နေကောင်းပါတယ်။ ဩော် ... ဒီဟာထက် နေပါဦး။ မအေးသွင် အခု ဆရာမအလုပ်ပဲ မဟုတ်လား"

"မဟုတ်ဘူး ခင်ရဲ့၊ စိတ်ညစ်တာနဲ့ အလုပ် ပြောင်းလိုက်ပြီ။ ဆရာမ မလုပ်တော့ဘူး"

"ဘယ်မှာလုပ်သလဲ။

"ဘဏ်တိုက်တစ်ခုမှာ စာရေးလုပ်တယ်"

"ဩော် ... ကောင်းတယ်၊ မအေးသွင်က လက်နှိပ်စက် အရိုက်မှာတော့ ကျောင်းနေကတည်းက အင်မတန် ဝါသနာပါတာကလား။ တော်တော်များ နေရာကျရဲ့လား"

မအေးသွင်သည် မခင်ကြည် လက်ကိုဆွဲလျက် –

"လာလေ ပန်းခြံထဲ ခဏဆင်းပြီး စကားပြောရအောင်"

၄င်းနောက် ပန်းခြံထဲသို့ ရောက်လေလျှင် ပန်းများကို ရှုး၍ မအေးသွင်က

"ဒီဟာနဲ့ ခုတင်ကပြောတာ ဆက်ပြီး ပြောရဦးမယ်၊ အလုပ်ကတော့ ဆရာမအလုပ်လောက် မပင်ပန်းဘူး ကြည်ရဲ့။ သူဌေးကိုယ်တိုင်ကလည်း အင်မတန်သဘောကောင်းတယ်။ ကျွန်မတို့ စာရေးကြီးကလည်း သူတစ်ဘက်သားကို အင်မတန် ..."

"စာရေးကြီးက ဘယ်သူတဲ့လဲ"

"ကိုတင်ဦးတဲ့။ အင်မတန် သဘောကောင်းရှာတယ် ကြည်ရယ်။ ဒီလို စိတ်သဘောထားကြီးတဲ့လူမျိုးကို ဒီကဖြင့် တစ်ခါမှ မတွေ့ဖူးဘူး။ ခင်တို့နဲ့သိလို့လား"

မခင်ကြည်သည် မျက်နှာကို တစ်မျိုးပြင်လျက် –

"ဟင့်အင်း ... ကြည်တို့နဲ့ မသိဘူး။ လူပုံလူပန်းက တော်တော်ပဲ လှသလား"

မအေးသွင်သည် မခင်ကြည်အား တစ်ချက်မျက်စောင်းထိုး၍ –

http://www.cherrythitsar.org



"လှတယ်လို့တော့ မဟုတ်ပါဘူး ကြည်ရဲ့။ ဒီလိုမြင့်မြတ်တဲ့စိတ် ဒီလိုသိပ်သည်းတဲ့ ဣန္ဒြေ၊ ဒီလို ကျက်သရေရှိတဲ့ မျက်နှာမျိုးတော့ အတော်ရှားပါရဲ့"

"တကယ်တည်းကွယ် တယ်ဆိုတဲ့စာပါလား၊ ခင့် စိတ်ထင်ဖြင့် မအေးသွင်နဲ့ အဲဒီစာရေးကြီး ကိုတင်ဦး ..."

မအေးသွင်သည် မခင်ကြည်၏ကျောကို အမူအရာနှင့်ထုလျက်–

"မဟုတ်တာ၊ ကြည်ကလည်း ... ဒီက အကြောင်းလောက်သာ ပြောတာပါ။ ကျောင်းတုန်းက ဒီကလေလုံးတွေ မသုံးစမ်းပါနဲ့။ မအေးသွင်နဲ့ မိတ်ဆွေလောက်သာ ဖြစ်ပါတယ်။ အို ... ၉ နာရီတောင် ထိုးသွားပြီ" ဟု လက်တွင် ပတ်ထားသော ရွှေလက်ပတ်နာရီကလေးကို ကြည့်ကာ ကြည်ကြည်၏ အကြောင်းကို မသိရှာသဖြင့်

"ပြန်ဦးမယ် ကြည်ကြည်ရေ၊ မယ်တော်ကြီးသာ ပြောလိုက်ပါတော့"ဟု မခင်ကြည်၏လက်ကလေးကို ယုယစွာ ဆွဲကိုင်နှုတ်ဆက်လျက် ပြန်သွားလေ၏။ ထိုညဥ့်၌ မခင်ကြည်မှာ အိပ်၍မပျော်နိုင်ဘဲ မအေးသွင် ပြောသွားသော စကားများမှာ အပ်ချည်အမျှင်တန်းသကဲ့သို့ မျက်စိထဲတွင် မောင်တင်ဦး၏ ယောကျ်ားပီသ ဣန္ဒြေရသော မျက်နှာကိုလည်းကောင်း၊ မအေးသွင်၏ ယဥ်ကျေးလှပခြင်းနှင့် ၄င်းပြောသွားသော စကားများကိုလည်းကောင်း တွေးတောလျက် မိမိ၏စိတ်ကို ဖျော်ဖြေရန် စန္ဒရားသို့ သွား၍ထိုင်ကာ ရဖူးသော သီချင်းကလေးများကို တီးပါသော်လည်း သာယာနာပျော်ဖွယ်ကောင်းလှသော စန္ဒရားသံများပင်လျှင် မိမိ၏ စိတ်ကိုဆွသကဲ့သို့ မှတ်ထင်ရလေ၏။ ၄င်းနောက် အိပ်ရာပေါ်တွင် ကိုယ်ကို အတင်းပစ်လှဲကာ ဖွတ်နှစ်၍ အိမ်ပြန်ရာ မိုးလင်းအားကြီးမှ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

ဘဏ်တိုက်စာရေး မောင်တင်ဦးသည် မခင်ကြည်၏မိခင် ပြောလိုက်သည်များကို စိတ်ခပ်နာနာဖြစ်ပြီးနေသော်လည်း မခင်ကြည်လေးမှာ မိမိ၏ အချစ်ဦးဖြစ်သဖြင့် မည်သည့်အခါမှ စိတ်ကိုဖျောက်ဖျက်၍ မရရှာနိုင်ဘဲ ရှိခဲ့လေရာ၊ တစ်ခါတစ်ရံမှာ မခင်ကြည်ကလေးကို မရလျှင် ဤဘဝတွင် မိန်းမ မယူဘဲ လူပျိုကြီးအဖြစ်ဖြင့် အရိုးထုတ်တော့အံ့ဟု ကြံစည်မိလေ၏။ စစ်ကဲကတော်ကြီး ပြောလိုက်သည့်အတိုင်း တစ်လဆိုသည်မှာ

http://www.cherrythitsar.org



လွန်စွာပင် နီးကပ်၍လာလျက် ယခုအခါ ၅–ရက်မျှသာ လိုတော့ချေ၏။ သို့သော်လည်း မောင်တင်ဦးမှာ အကျိုးအကြောင်းများကို ပြန်လှန်၍ စဉ်းစားလိုက်သောအခါ မျှော်လင့်စရာ မရှိစလောက်ပင် ရှိချေ၏။ စစ်ကဲကတော်ကြီးမှာ အကယ်စင်စစ် သဘောညီမျှခဲ့ပါမူ ဤမျှလောက်ရက်ကို ဆွဲရန်မသင့် ပြောလျှင်လည်း အတိအလင်း ဖွင့်၍ပြောရန် သင့်ချေ၏ဟု စဉ်းစားကာ တစ်ခါတစ်ရံ အလုပ်စားပွဲပေါ်တွင် မေးထောက်ကာ သက်ပြင်းချမိလေ၏။

ထိုနေ့သည်ကား စနေနေ့ညနေ ဖြစ်သဖြင့် မောင်တင်ဦးသည် စာရင်းစာအုပ်များကို ရှင်းလင်း၍ နေရာတကျထားပြီးသော် အဝတ်အစားများကို ပြင်ဆင်လျက်ရှိစဉ် မအေးသွင်သည် အခန်းထဲသို့ ဝင်လာ၍ –

"ကိုတင်ဦး ကျွန်မ ကနေ့ညနေ ကန်တော်ကြီးစောင်းကို လျှောက်ပြီး လည်ချင်တယ်၊ လိုက်ခဲ့စမ်းပါ"

"ကောင်းသားပဲ"

"မော်တော်ကား တစ်စီးခေါ်ပါရှင်။ ပိုက်ဆံကုန်မှာ စိုးလို့လား။ ကျွန်မက ပေးပါမယ်ရှင့်"

မောင်တင်ဦးက ရယ်လျက် –

"ဒီဟာကြောင့် မဟုတ်ပါဘူးဗျာ။ မအေးသွင် သွားချင်ရင် လိုက်ပို့ရတာပေါ့"

မအေးသွင်သည် အင်္ကျီစကလေးကို မခို့တရို့ဆွဲလျက် –

"အားနာစရာကြီးနော်"

"ကိစ္စမရှိပါဘူးဗျာ။ ဟော ... ဟိုမှာ မော်တော်ကား ဆိုက်လာပြီ"

ကန်တော်ကြီးသို့ ဆိုက်ရောက်ကြလျှင် မောင်တင်ဦးသည် မော်တော်ကားမောင်းသမားအား ပြန်၍လွှတ်လိုက်ပြီးလျှင် မအေးသွင်နှင့်အတူ သာယာသော အလယ်ကျွန်းသို့ လျှောက်သွားကြလေ၏။ ၄င်းနောက် တစ်ခုသော ခုံတန်းကလေးပေါ်တွင် အတူထိုင်ကာ ရှိနေကြစဉ် မအေးသွင်က –

"မှိုင်လှချည်လား ကိုတင်ဦးကြီးရဲ့ လာတဲ့အခါ ပျော်ပျော်ပါးပါး မျက်နှာကို ကြည်ကြည်ထားစမ်းပါ"

http://www.cherrythitsar.org



"ကျုပ် မမှိုင်ရပါကလား၊ မအေးသွင်စိတ်ထင်လို့ ထင်ပါရဲ့" ရယ်လျက် ပြောသည်။

"မဟုတ်ပါဘူး၊ ရှင်ဘယ်လိုပဲ ဣန္ဒြေဆောင်ပေမဲ့ မရဘူး။ 'မရွှင်တဲ့နှလုံး ပြုံးလို့မဟန်' တဲ့။ ဒီလောက်တောင်ပဲ အကြံထုတ်ရသလား။ မအေးသွင်ကို ပြောစမ်းပါ။ ကူညီရမယ့် အလုပ်မျိုးဖြစ်ရင် ကူညီပါ့မယ်။ သြော် ... သိပြီ အရင်တစ်ခါပြောဖူးတာ မဟုတ်လား"

မောင်တင်ဦးက ခေါင်းငုံ့လျက် –

"ကျုပ်ဘာသာ ကျုပ်ပူပါစေဗျာ။ မအေးသွင် ဝင်ပြီးကူမယ်ဆိုလည်း ရမှာမဟုတ်ပါဘူး"

မအေးသွင်သည် မျက်နှာကို ခပ်ပြုံးပြုံးထားလျက် –

"နာမည်က ဘယ်သူတဲ့လဲရှင့်။ နေပါဦး ... ဘယ်အရပ်ကဟာတုန်း"

မောင်တင်ဦးက ခေါင်းခါလျက် –

"ဒီဟာတော့ အခုမပြောနိုင်သေးဘူး၊ မအေးသွင် တစ်ဆိတ်သည်းခံပါ"

မအေးသွင်က ငေါ့တော့တော့ မျက်နှာထားနှင့် –

"မပြောပါနဲ့ရှင်။ မပြောပါနဲ့၊ ကိုတင်ဦး မပြောချင်တာကိုလည်း နောက်ထပ်ပြီး မမေးတော့ ပါဘူး။ တော်ပါပေတယ် ... အင်မတန်ကို သစ္စာရှိပါပေတယ်"

ဤကဲ့သို့ မောင်တင်ဦးနှင့် မအေးသွင်တို့မှာ စကားပြောဆို၍ နေရင်းပင် မိုးပေါက်ကလေးများသည် တစ်ပေါက် နှစ်ပေါက်ကျ၍ လာစပြုလေ၏။ ၎င်းနောက် တောင်လေနှင့်ရောယှက်ပြီးလျှင် မိုးသက်ကလေးများ တိုက်၍လာပြန်လေ၏။

မောင်တင်ဦးသည် မအေးသွင်၏ လက်ကလေးကို အမှတ်တမဲ့ကိုင်ကာ "မအေးသွင်ရေ ကျုပ်တို့ထီးလည်း မပါဘူး။ လာ ... လာ" ဟု ပြောကာ အပြင်သို့ ထွက်လာကြလေ၏။ မိုးသည် မတိတ်ဘဲ ဆက်လက်၍ ပြင်းထန်စွာ ရွာသွန်းလာလေရာ မောင်တင်ဦးသည် လန်ချားတစ်စီးကို ခေါ်ပြီးလျှင် မအေးသွင်တို့အိမ်သို့မသွားစေဘဲ မိမိအိမ်သို့ လန်ချားကုလားအား သွားရန် အမိန့်ပေးလေ၏။ မိုးသည် ပြင်းထန်စွာ ဆက်လက်၍ ရွာ

သွန်းလေရာ မောင်တင်ဦးသည် မိမိ၏သက္ကလတ်အင်္ကျီကို ချွတ်ကာ မအေးသွင်အား ပေးပြီးနောက် လက်ကလေးနှစ်ဖက်ကိုဆုပ်ကိုင်၍ ထားမိလေ၏။ မောင်တင်ဦးအိမ်သို့ရောက်လျှင် မအေးသွင်မှာ သက္ကလတ်အင်္ကျီကို ဝတ်၍ ထားရသော်လည်း အဝတ်တို့မှာ ရေစိမ်၍ထားဘိသကဲ့သို့ ရွှဲရွှဲစိုလျက် ရှိကုန်၏။

မောင်တင်ဦးလည်း မအေးသွင်အား မိမိ၏သက္ကလတ်လုံချည်ဆွယ်တာအင်္ကျီများကို အခန်းထဲသို့ဝင်ကာ ခေတ္တလဲလှယ်စေပြီးသော် မီးဖိုကို မီးမွေး၍ ပေးလေ၏။ ၎င်းနောက် မီးဖိုကို မီးထိုးကာ ကော်ဖီ နှစ်ခွက်ကို လျင်မြန်စွာ ဖျော်ပြီးသော် "ကိုင်း–မအေးသွင်၊ ကော်ဖီပူပူလေး တစ်ခွက် သောက်လိုက်ပါဦး"

မအေးသွင်က ငိုလျက် –

"ကျွန်မဖြင့် ခက်တာပဲ ကိုတင်ဦးရဲ့။ အိမ်က ဖေဖေကြီးကဖြင့် ဆူတော့မှာပဲ"

မောင်တင်ဦးက ကော်ဖီပန်းကန်ကို ချလျက် –

"ဘာပြုလို့ ဆူရမှာလဲဗျ။ မိုးမိနေလို့ မပြန်နိုင်တာပဲ၊ ကျုပ် လိုက်ပြီး ပို့ပေးမယ်"

မအေးသွင်သည် မျက်ရည်စများကို အဝတ်ဖြင့်သုတ်လျက် –

"ကိုတင်ဦးက မသိဘူးနော်။ ခမည်းတော်ကြီးက သူများနဲ့တူတာ မဟုတ်ဘူး။ အချိန်တန်လို့ ပြန်မလာမှဖြင့် ဟိုသွားမေး ဒီသွားမေးနဲ့ ဖြစ်နေမှာ။ ခက်ပါပြီရှင်။ ကျွန်မတော့ ကနေ့မှသွားမိလေခြင်းနော်"

"မဟုတ်ပါဘူးဗျ၊ ဒီလောက်လည်း မကြောက်ပါနဲ့ဦး" ဟု ပြောဆိုကာ မောင်တင်ဦးမှာ ကလေးများအား ချော့မြူသကဲ့သို့ မအေးသွင်အား ယုယုယယ ပြောဆိုလေရာ မအေးသွင်မှာ အနည်းငယ် သက်သာရာရလေ၏။

ကော်ဖီများကို သောက်ကြပြီးနောက် မောင်တင်ဦးက –

"ကိုင်း ... မအေးသွင် အဝတ်တွေခြောက်ကုန်ပြီ လဲလေ"

"ဟုတ်ကဲ့"

"မအေးသွင် အသက်ဘယ်လောက်ရှိပြီ"

"ဆယ့်ရှစ်နှစ်၊ တယ်ပြီး အမေးအမြန်း ထူနေပါလား"

http://www.cherrythitsar.org



"မမေးရဘူးလား။ ဩော် ... ဒါထက် ကျုပ်တို့နှစ်ယောက်လုံး လံချားစီးပြီးလာတုန်းက ငှားရထားတစ်စင်းထဲက မိန်းမကြီး တစ်ယောက်က ကျုပ်တို့ကို ကြည့်သွားလိုက်တာဗျာ စိန်းလို့"

"ကြည့်ရင် ဘာပြုလဲရှင့်။ သူ့မှာ မျက်စိပါလို့ကြည့်တာပဲ"

"ဘာမှတော့ မပြုပါဘူးဗျာ၊ သို့ပေမဲ့ နှစ်ယောက်တည်းကို အတူတူလာရင် မြင်တဲ့လူတွေက ဘယ်နှယ့်ထင်မလဲ"

မအေးသွင်သည် မျက်စောင်းထိုးကာ ပြုံးလျက် –

"ကိုတင်ဦးကြီးကလည်း မဟုတ်မှ မဟုတ်ဘဲ ရှက်စရာကြီး"

"တကယ်လို့ သူတို့ထင်တဲ့အတိုင်း ဟုတ်ရင်ကော"

မအေးသွင်သည် ရင်ဘတ်ကို အမူအရာနှင့်တွန်း၍ –

"အို ... ရှက်စရာကြီး"

ထိုခဏ၌ စားပွဲပေါ်ရှိ တယ်လီဖုန်းခေါင်းလောင်းမှ 'ကလင်ကလင်'နှင့် စက်နှိုးသဖြင့် မောင်တင်ဦးသည် လက်ကိုင်ကိုကိုင်ကာ –

"ဘယ်သူလဲ"

"ကျွန်မလေ ရှင်ဘယ်သူတုံး။ ကိုတင်ဦးနဲ့ စကား ပြောချင်တယ်။

"ကျုပ် ... ကိုတင်ဦးပဲ"

"ကိုတင်ဦးကြီးလား၊ ကျွန်မလေ ... ကြည်ကြည် မသိဘူးပေါ့လေ"

မောင်တင်ဦးသည် အေးသွင် အဝတ်လဲနေသော အခန်းဘက်သို့ ကြည့်ကာ မျက်လုံးများပြူးလျက် –

"ရန်မတွေ့ပါနဲ့ဦး ... ဘာကိစ္စရှိလို့လဲ။ ခပ်တိုးတိုး"

"ဘာပြုလို့ တိုးတိုးပြောရမှာတုံး။ အိမ်ကို အခု မြန်မြန်လာပါဦး၊ မယ်တော်ကြီးမရှိဘူး။ မော်တော်ကားနဲ့လာပါ"

"အခုတော့ လာနိုင်မယ်မထင်ဘူး။ မိုးလည်းရွာ ..."

"ရှင်မလာရင် ကျွန်မ လာခဲ့မယ်လေ"

"ဒုက္ခရှာပြီး မလာပါနဲ့၊ နက်ဖြန်တော့ ဆက်ဆက်.."

ငှင်းနောက် စကားပြတ်၍ သွားလေ၏။

မအေးသွင်သည် အဝတ်များကို လဲလှယ်ပြီးနောက် အခန်းထဲမှ ထွက်လာပြီးလျှင် မောင်တင်ဦးအား တယ်လီဖုန်းတွင် မည်သူနှင့်စကား

http://www.cherrythitsar.org



ပြောဆိုပါသနည်းဟု မေးမြန်းလျက်ရှိရာ မောင်တင်ဦးမှာ များစွာပင် အပြောရကြပ်သဖြင့် အတန်ကြာ စဉ်းစားပြီးနောက် မိမိ၏သူငယ်ချင်းတစ်ယောက်အား အလုပ်အကြောင်းနှင့်ပတ်သက်၍ မေးမြန်းပြောဆိုလျက် ရှိပါကြောင်းနှင့် ပြန်ကြားဖြေဆိုလေ၏။

တစ်ခဏမျှကြာလျှင် တံခါးကို ပြင်းထန်စွာ ခေါက်သောအသံကို ကြားရလေလျှင် မအေးသွင်သည် ကုလားထိုင်ပေါ်မှထကာ အခန်းထဲသို့ ဝင်ပြေးလေ၏။ မောင်တင်ဦးလည်း တံခါးကိုဖွင့်လိုက်လေလျှင် အံ့အားသင့်ကာ ကြက်သေသေလျက် ရပ်နေလေ၏။ တံခါးဘောင်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ မောင်တင်ဦးအား မျက်တောင်မျှမခတ်ဘဲ စိုက်၍ကြည့်နေသူမှာ မခင်ကြည်ပင် ဖြစ်လေ၏။ ဤကဲ့သို့ တစ်ယောက်ကိုတစ်ယောက် တစ်မိနစ်ခန့်မျှ စကားမပြောနိုင်ဘဲနေပြီးနောက် မခင်ကြည်က

"ရှင်က ကျွန်မခေါ်တာ ဘာပြုလို့ မလာတာလဲ။ ဒီမှာ ဘယ်သူနဲ့ စကားပြောနေသလဲ"

"မိတ်ဆွေတစ်ယောက်နဲ့ပါ"

ခေါင်းငုံ့၍ ခပ်လေးလေးပြောသည်။

စားပွဲပေါ်တွင် တင်ထားသော လက်ကိုင်ပဝါဖြူကလေးကို ကြည့်ကာ –

"ဘယ်ကမိတ်ဆွေလဲ၊ မှန်မှန်ပြောနော်၊ ရှင် မပလီနဲ့ ဒီလက်ကိုင်ပဝါဟာ မိန်းမလက်ကိုင်ပဝါ မဟုတ်လား။ ပြောပါလေ ဘယ်ကကောင်မနဲ့ စကားပြောနေတာတုံး ... ဖယ်ပါ။ ကျွန်မ အခန်းထဲဝင် ကြည့်မယ်"

မောင်တင်ဦးသည် မခင်ကြည်၏ရှေ့က ကာလျက် –

"မလုပ်ပါနဲ့ ခင်ရယ်၊ သည်းခံပါ ခင်ရယ် ... ကျုပ်ပြောမယ်။ ကျုပ်တို့ဘဏ်တိုက်မှာ အလုပ် လုပ်တဲ့ သူငယ်မကလေးပါ။ မိုးတွေမိလာလို့ အိမ်ကိုခဏခေါ်လာတာပါ"

မခင်ကြည်က အတင်းရုန်းဖယ်လျက် –

"ဖယ်နော်။ ရှင် ကျွန်မစိတ်ကို ကောင်းကောင်းမသိဘူး။ လွှတ် ကျွန်မ လက်ကို မဆွဲနဲ့" ဟု ပြောကာ မခင်ကြည်သည် အခန်းတံခါးကို အတင်းဖွင့်လေရာ မအေးသွင်မှာ လွန်စွာပင် ကြောက်ရွံ့သဖြင့် ဦးခေါင်းကို

http://www.cherrythitsar.org



ငုံ့ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ရှိလေရာ မခင်ကြည်မှာ မီး ထွက်မတတ်သော မျက်လုံးများဖြင့် မောင်တင်ဦးနှင့် မအေးသွင်အား တစ်လှည့်စီကြည့်ပြီးလျှင်

"ကိုတင်ဦး ရှင် ... တယ်ပြီး တော်တယ်နော်"

"မဟုတ်ပါဘူး ကြည်ရဲ့၊ အကျိုးအကြောင်းလေး..."

"ဘာအကျိုးအကြောင်းမှ ကျွန်မနားမထောင်ဘူး။ ဩော် ... ကိုယ်ကတော့ ခုမှဖြင့် မထူးတော့ဘူး၊ အသက်လောက်သဘောထားပြီး လက်ဦးတွေမို့ ချစ်လိုက်ရ၊ ခင်လိုက်ရ၊ တယ်ပြီး သစ္စာရှိပါပေတယ်။ ယောကျ်ားပီသပါပေတယ်ရှင်"

မောင်တင်ဦးသည် လက်များကို ဆန့်တန်းကာ တောင်းပန်သော မျက် နှာထားနှင့် –

"စကားတစ်ခွန်းလောက် ကျုပ်ပြောတာ နားထောင်ပါဦး ခင်ရဲ့"

"တော်ပါရှင် လွတ်နော်။ ကိုတင်ဦး ကျွန်မလက်ကို မထိနဲ့၊ ရော့ ရှင်ပေးထားတဲ့ လက်စွပ်"

ဟုပြောကာ မောင်တင်ဦးပေးထားသော လက်စွပ်ကို မိမိ၏ လက်သူကြွယ်မှချွတ်ကာ စားပွဲပေါ်သို့ ပစ်၍တင်လိုက်ပြီးလျှင် ကြမ်းကို တစ်ချက် နှစ်ချက်လောက် ဆောင့်၍ နင်းပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်တင်ဦးလည်း မခင်ကြည်ဆင်း သွားလေလျှင် အခန်းထဲသို့ ဝင်၍ မအေးသွင်အား ရှာဖွေလေရာ အစေခံသည် လာရောက်၍ မအေးသွင်မှာ မောင်တင်ဦးနှင့်မခင်ကြည်တို့ စကားပြောဆိုနေသည့်အခိုက်ပင် နောက်ဖေး လှေခါးမှဆင်း၍ ငှားရထားတစ်စီးဖြင့် ပြန်သွားကြောင်း ပြောဆိုလေ၏။

မောင်တင်ဦးသည် အိမ်မြှောင်အမြီး ပြတ်သကဲ့သို့ မနေတတ် မထိုင်တတ်ရှိရှာလျက် မခင်ကြည်အား အကျိုးအကြောင်းကို ရေလည်အောင် ပြန်၍ပြောရလျှင် မခင်ကြည်အား မုချစိတ်ကျေနပ်လိမ့်မည်ဟု အောက်မေ့ကာ ချိန်းဆိုသောရက်မှာ မစေ့သေးဘဲ တစ်ရက်မျှ လိုသေးသော်လည်း တနင်္ဂနွေနေ့လည်း ဖြစ်သဖြင့် နံနက်အိပ်ရာက ထပြီးလျှင် အဝတ်အစားလဲ၍ ငှားရထားတစ်စင်းဖြင့် ရှင်စောပုလမ်းသို့ သွားရောက်ရှာ

http://www.cherrythitsar.org



လေ၏။ ရထားလည်း မခင်ကြည်တို့အိမ်ရှေ့၌ ဆိုက်လေလျှင် မခင်ကြည်မှာ မိမိအတွက် ပူပင်သောစိတ်ဖြင့် မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်တတွေတွေ အိပ်ရာပေါ်တွင် လူးလိမ့်ကာ နေရှာပေလိမ့်မည်ဟု အောက်မေ့ကာ ပန်းခြံတွင်းသို့ ဝင်ခဲ့ရာ မောင်တင်ဦးမှာ ခါတိုင်းကဲ့သို့ လူသံမကြားဘဲ အိမ်ရှေ့မျက်နှာစာတွင် 'အိမ်ငှားရန်'ဟုဆိုင်းဘုတ်တစ်ခု ဆွဲကပ်လျက်ရှိကြောင်းကို တွေ့ရလေ၏။

ငှင်းနောက် နောက်ဖေးဆောင်တွင် ပြတင်းပေါက်တစ်ခု ပွင့်နေသဖြင့် မောင်တင်ဦးလည်း အိမ်ဘေးမှလှည့်၍သွားရာ အခန့်သင့်ပင် မိန်းမကြီးတစ်ယောက်နှင့် တွေ့လေ၏။

ထိုမိန်းမကြီးသည် မောင်တင်ဦးကိုမြင်လျှင် အတန်ကြာစိုက်၍ကြည့်နေပြီးနောက် –

"မောင်ရင်က ဘာကိစ္စရှိလို့လဲ၊ အိမ်ငှားချင်လို့လား"

"မဟုတ်ပါဘူး ခင်ဗျား ... မခင်ကြည်တို့နဲ့ တွေ့ချင်လို့ပါ။ သူတို့ဘယ်ရောက်သွားကြတာလဲ ခင်ဗျား"

"မရှိဘူး မောင်ရေ့ ... မနေ့ညရထားနဲ့ပဲ သားအမိနှစ်ယောက် မိတ္ထီလာ လိုက်သွားကြတယ်"

"အလို ... ဘာကိစ္စတဲ့လဲ ခင်ဗျား"

"ကိစ္စတော့ အဒေါ်လည်း တယ်ပြီးမသိဘူး။ သို့ပေမဲ့ သူတို့ပစ္စည်းတွေတော့ အကုန်လုံးလိုပဲ ယူသွားတယ်"

မောင်တင်ဦးသည် ခေါင်းကိုကုတ်လျက် –

"နေရာကော မသိဘူးလားခင်ဗျား"

"မသိပါဘူး မောင်ရယ်။ အဒေါ့်ကိုလည်း သူတို့ မရှိတဲ့အခိုက်အိမ်ကို စောင့်ပြီးနေရစ်ပါတဲ့။ ငှားတဲ့လူလာရင်လည်း စပ်ပြီးထားလိုက်ပါလို့ မှာခဲ့တာပဲ။ နောက် ၁၀ ရက်လောက်ကြာရင် မင်းကတော်ကြီးကသူတစ်ခေါက်တော့ ပြန်ခဲ့ဦးမတဲ့ ..."

"မခင်ကြည်ကလေးကော စိတ်ပျော်ပျော်ရွှင်ရွှင်နဲ့..."

"ဟာ ... မောင်ရင်က တယ်ပြီး စစ်ကြောပါကလား" (မောင်တင်ဦး မျက်နှာကိုကြည့်လျက်) "ကောင်မကလေးကတော့ မျက်နှာ မသာလှဘူး။ သည့်ဟာတော့ အဒေါ်သိတယ်"

http://www.cherrythitsar.org



မောင်တင်ဦးသည် ၄င်းမိန်းမကြီးအား ကျေးဇူးတင်ရှိပါကြောင်းနှင့် နှုတ်ဆက်၍ ပြန်ခဲ့လေရာ ပန်းခြံအထွက်ဝနားသို့ရောက်လျှင် မြေကြီးပေါ်တွင် ဖြူသော အရာဝတ္ထုကလေးတစ်ခုသည် နတ်များ နှိုးဆော်ဘိသကဲ့သို့ လေလွင့်၍ ပါလာသည်ကို တွေ့ရလေ၏။ မောင်တင်ဦးလည်း ထွေးလုံး၍ ပစ်ထားသော စက္ကူကလေးကို ကောက်ကာ အမှတ်မဲ့ကြည့်ရှုလေရာ တစ်ကြောင်းနှစ်ကြောင်းမျှ စာများကိုဖတ်မိသည်နှင့် တစ်ပြိုင်နက် အံ့အားသင့်ကာ မျက်လုံးများသည် မီးတောက်၍ လာဘိသကဲ့သို့ မှတ်ထင်ရလေ၏။ စာရွက်၌ရှိသော စာများမှာ ကြေမွမေးမှိန်လျက် ရှိသော်လည်း ဖတ်၍ရနိုင်လေ၏။ ၄င်းစာ၌ ပါရှိသည်ကား –

မိတ္ထီလာမြို့နေ မညွန့် စာရေးအစီရင်ခံပါသည်။ အစ်မဖြစ်သူ မမပု အကြောင်းမှာ အရင်က အစ်မပေးသည့်စာအရ သူ့ကိုလည်း နားချပြီးပါပြီ။ ကျွန်မ စကားကို ဘယ်အခါမှ မပယ်ရှားဝံ့ပါ။ မခင်ကြည်နှင့်အတူ အမြန်လိုက်ခဲ့ပါ။ ဘူတာရုံကနေ၍ မောင်ဘရွှေကိုယ်တိုင် ...

ဤနေရာ၌ စာရွက်စုတ်၍ နေလေသည်။

အိမ်သို့ရောက်လျှင် မောင်တင်ဦးသည် စာရွက်ကို အထပ်ထပ်ဖတ်ကာ ငါသည် ဤဘဝ၌ မခင်ကြည်အား မရနိုင်တော့ပြီ။ မခင်ကြည်သည် ငါ့အပေါ်တွင် ပထမ၌ အကယ်စင်စစ် မေတ္တာရှိငြားသော်လည်း မိခင်၏ စကားကို မပယ်ရှားဝံ့သူဖြစ်သဖြင့် ၄င်း၏မိခင်မှာလည်း မိတ္ထီလာက မောင်ဘရွှေဆိုသူနှင့် ထိမ်းမြားလက်ထပ်ရန် သဘောတူညီသောကြောင့်တစ်ကြောင်း မခင်ကြည်မှာလည်း မိမိအပေါ်တွင် မအေးသွင်နှင့် အမှန်မုချပင် အထင်မှားခဲ့လေပြီဖြစ်ရာ မခင်ကြည်၏သဘောမှာ အခြားမိန်းကလေးများနှင့်အတူ အလွန်ပင် ပြတ်ပြတ်တောက်တောက်ရှိလျက် စိတ်ထင်ရာကို ပြုလုပ်တတ်သောကြောင့် ယခုဘဝတွင် မခင်ကြည်နှင့် နီးရန်မရှိ တဖြည်း ဖြည်း ဝေးရန်သာ ရှိချေတော့သည်ဟု စဉ်းစားမိလေ၏။

သတင်းတစ်ပတ်ခန့်ကြာလတ်သော် တစ်နေ့သော ညနေစောင်းတွင် မိတ္ထီလာကန်ကြီးအနီးတွင် လေညှင်းခံလျက် လမ်းလျှောက်လာသူ မိန်းမပျိုတစ်ယောက်နှင့် သားနားစွာ ဝတ်စားလျက်ရှိသော ယောကျ်ားတစ်ယောက်သည် အတန်ငယ် မောပန်းသည်နှင့် ပန်းခြံအနီးရှိ ခုံရှည်တစ်ခုပေါ်

http://www.cherrythitsar.org



တွင် ထိုင်ကာ ကန်ဘက်သို့ ရှုမျှော်လျက် ရှိလေ၏။ အတန်ကြာ ဆိတ်ငြိမ်စွာ နေပြီးနောက် ယောကျ်ားပျိုသည် အလွန်ယုယကြင်နာသော မျက်နှာနှင့်

"မခင်ကြည်–မောသလား"

"မမောပါဘူး ကိုဘရွှေ။ ကျွန်မကို ဒီလို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးတင်စရာ မဟုတ်ပါဘူးဗျာ။ ဒီဟာနဲ့ မခင်ကြည်ဟာ ရောက်စကထက် နည်းနည်းကလေးတောင် ဝပြီးလာတယ် ထင်တယ်။ ဒီလို လေညှင်းခံထွက်ရတာဟာ အင်မတန်ကောင်းတာပဲ"

"စိတ်ထင်လို့ပါရှင်၊ ကျွန်မ မဝပါဘူး"

ကိုဘရွှေသည် အနီးသို့တိုးလျက် –

"တစ်ခါတစ်ခါ မခင်ကြည် မှိုင်မှိုင်ပြီးနေတော့ ဘာများ စိတ်ကူးနေတာလဲ၊ လွမ်းစရာများ ရှိလို့လား"

မခင်ကြည်သည် မျက်လုံးကိုပြူးကာ မျက်စောင်းထိုးလျက် –

"ရှိရှိ မရှိရှိ ရှင်နဲ့ မဆိုင်ပါဘူး ကိုဘရွှေ။ မဆိုင်တာတွေ ကျွန်မကို မမေးနဲ့နော်"

ကိုဘရွှေသည် မျက်နှာကိုတစ်မျိုးပြင်လျက် –

"စိတ်မဆိုးပါနဲ့ဗျာ၊ ရယ်စရာ ပြောတာပါ၊ အကြောင်းကို သိသားနဲ့"

"ဘာအကြောင်း သိရမှာလဲ"

"အို ... ရန်တွေ့ပြန်ပါပြီ၊ ငယ်စိတ်ကလေးတွေ မဖျောက်သေးဘဲကိုး။ ပိုင်ရမယ့် ဥစ္စာကလေးမို့၊ မခင်ကြည် သဘောလည်း မေးကြည့်တာပါ"

"ဒီဟာတော့ ပြောစရာမလိုပါဘူးကိုဘရွှေ။ အမေကြီးသဘော အတိုင်းလိုက်ရုံပဲ။ သူက သဘောတူရင် ကျွန်မယူရုံပဲ။ တရုတ် ဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ် နှုနှုဝဲဝဲယူရမှာပဲ။ သူ့ကို စိတ်ညစ်အောင် ကျွန်မ ဘယ်နည်းနဲ့မှမလုပ်ဘူး" လက်ပတ်နာရီကို ကြည့်ကာ –

"အို ... ၅ နာရီတောင် ထိုးသွားပြီ ... ပြန်ကြမယ် ကိုဘရွှေ။ မေမေ မျှော်လှရော့မယ်"

http://www.cherrythitsar.org



ရဲအုပ်မောင်ဘရွှေမှာ ကွယ်လွန်သူ စစ်ကဲကြီး၏ တစ်ဝမ်းကွဲညီ၏ သားဖြစ်သဖြင့် ဘီအေ အတန်းကို အောင်မြင်ပြီးသည့်နောက် မြို့အုပ်ရာထူးကို ရရှိခဲ့လေရာ မိဘနှစ်ပါးလုံး သေဆုံးသောအခါ ကျန်ရစ်သော အမွေအနှစ်များကို ခံယူကာ မိန်းမမယူဘဲ နေခဲ့လေ၏။ အသက်မှာ ၃၀– နီးပါးမျှရှိသဖြင့် အရပ်ရပ်မှ သိကျွမ်းကြကုန်သော မိတ်ဆွေများမှာ မောင်ဘရွှေအတွက် သင့်လျော်သော မိန်းမကလေးများနှင့် လာရောက်စပ်ဟပ်ကြသော်လည်း မောင်ဘရွှေမှာ သဘောမကျနိုင်ဘဲ ရှိခဲ့လေ၏။ ဤကဲ့သို့ ရှိနေသည့်အတွက် ၎င်း၏ အဒေါ်စပ်သူ မညွန့်မှာ မခင်ကြည်ကလေးနှင့် စပ်ဟပ်ပြန်ရာ မောင်ဘရွှေမှာ မိမိသည် ရန်ကုန်သို့ရောက်စဉ်က မခင်ကြည်အား တွေ့မြင်ခဲ့ဖူးသည်လည်း တစ်ကြောင်း၊ ဒေါ်ညွန့်၏ စကားကိုလည်း ငြင်းပယ်ရန် ခဲယဉ်းသည့်အပြင် ယခုတစ်ဖန် မခင်ကြည်ကို တွေ့မြင်ရပြန်သောအခါ ယခင်ကထက်ပင် ဝဝလင်လင် ချစ်ချင်စဖွယ် ကောင်းလှသဖြင့် သဘောကျကာ ပစ္စည်းဥစ္စာပင် မရှိငြားသော်လည်း အတွက်မရှိ၊ မိမိကပင်လျှင် အရပ်ရပ် တာဝန်ကိစ္စများအတွက် ငွေကုန်ကြေးကျခံပြီးလျှင် လက်ထပ်၍ယူတော့အံ့ဟု စိတ်ကို ပိုင်းဖြတ်ခဲ့လေ၏။

မြို့အုပ်မောင်ဘရွှေနှင့် မခင်ကြည်တို့မှာ ခမ်းနားစွာ မင်္ဂလာဆောင်နှင်းပြီး နောက်တစ်လခန့်မျှ ကြာရှိလေလျှင် တစ်နေ့သ၌ မောင်ဘရွှေသည် မခင်ကြည်နှင့်အတူ လက်ဖက်ရည်သောက်လျက်ရှိစဉ် 'စစ်အမိန့်' ဟု အမည် တပ်လျက် စာတစ်စောင် ရောက်လာလေ၏။ မောင်ဘရွှေလည်း လျင်မြန်စွာ ဖောက်၍ကြည့်ရှုလေရာ မောင်ဘရွှေမှာ စစ်ဖြစ်စကပင် လက်မှတ်ထိုးပြီး ဖြစ်သည့်ပြင် 'ဆူဗေဒါ' ရာထူးဖြစ်ခါစ ချစ်၍မဝသေးသော မခင်ကြည်အား ခွဲ၍ သွားရတော့မည့်အကြောင်းကို သိလေလျှင် ယောကျ်ားပင် ဖြစ်လင့်ကစား မျက်ရည်တို့သည် တဖြိုင်ဖြိုင်ကျလျက် ရှိကုန်ရာ၊ မခင်ကြည်ကလေးမှာ လင်၏အပေါ်တွင် ချစ်ခင်သည့်အလျောက် ဝမ်းထဲကပင် မချိလှသော်လည်း မိမိ၏လင်ယောကျ်ားအား စိတ်မငယ်ရန် အကြောင်းများနှင့်တကွ ဤကဲ့သို့သွားနေစဉ် ကျန်းမာစေရန်၊ ပန်းသပြေနှင့်ညောင်ရေလောင်းပြီး ဆုတောင်းရစ်ပေမည့်အကြောင်း၊ စစ်မြေပြင်က ပြန်လာသောအခါ ယခင်ကထက် ရာထူး တိုးတက်ပြီးလျှင် ပျော်ရွှင်စွာ ပေါင်း

http://www.cherrythitsar.org



သင်းကြရမည့် အကြောင်းများနှင့် ယုယကြင်နာစွာ အားပေးစကား ပြောကြားရှာပေ၏။

မောင်ဘရွှေသည် အရပ်ရပ် ပြင်ဆင်ရန်ရှိသမျှကို ပြင်ဆင်၍ မိတ်ဆွေသင်္ဂဟများအား နှုတ်ခွန်းဆက်သပြီးသော် ရန်ကုန်သို့လိုက်ရန် အသင့်ရှိ၏။

ဤသို့ရှိစဉ် မီးရထားထွက်ရန် အချိန်မှာ ၂ နာရီ ကျော်ကျော်ခန့်မျှ လိုသေးသဖြင့် မောင်ဘရွှေမှာ အရေးပိုင်မင်းအား အိမ်သို့ခေတ္တမျှ ပြန်ပြီးလျှင် မိမိ၏အသက်တမျှ ချစ်ခင်လှသော မယားအား နှုတ်ဆက်ရန် အခွင့်ပေးပါမည့်အကြောင်းဖြင့် ပြောဆိုပြီးသော် ခေတ္တမျှ အိမ်သို့ပြန်ခဲ့လေ၏။

အိမ်အနီးသို့ ရောက်လျှင် မောင်ဘရွှေမှာ မိမိ၏မယား မခင်ကြည်သည် မိမိအတွက် အချစ်မီးတောက်လောက်ကာ ငိုယိုတမ်းတနေပေမည်လား။ အိမ်ဝသို့ လာရောက်ကာပင် လောကွတ်ပျူငှာ ကြိုဆိုလေမည်လားဟု စဉ်းစားကာ လှေကားပေါ်သို့တက်၍ လာလေ၏။ ၄င်းနောက် ဖိနပ်ချွတ်သို့ရောက်လေလျှင် နောက်ပိတ် ဖိနပ်တစ်ရံကို တွေ့သဖြင့် မည်သည့်အရပ်မှ ဧည့်သည်များပေနည်းဟု စဉ်းစား၍ မရဘဲ အပြင်ဘက်မှနေ၍ ခြေသံ မကြားအောင် ခြေဖျားထောက်ပြီးလျှင် နားထောင်လေ၏။

"ရှင်တစ်ယောက်တည်းပဲလား ကိုတင်ဦးရဲ့။ ရှင့် မိန်းမဘယ်မှာ ထားခဲ့သလဲ"

"ဘယ်က မိန်းမရှိရမလဲ ... ခင်ရဲ့၊ မဟုတ်တာ။ ခင် ဒီလို ထင်လိမ့်မယ်ဆိုတာ ကျုပ်သိပါတယ်ဗျ။ ဒီဟာတွေကို ရှင်းမယ်လို့ လာခဲ့တာပဲ"

"ရှင်းစရာမရှိပါဘူးရှင်၊ ကျွန်မမျက်စိနဲ့ ဒိဋ္ဌမြင်ရတာ ရှင်းဖို့ မလိုပါဘူး။ ပြီးတော့လည်း ... အလကားပဲ ကိုတင်ဦး။ ကျွန်မ လက်ထပ်ပြီးပြီ"

"သိပါတယ်ဗျာ၊ သတင်းစာထဲ ပါကတည်းက ကျုပ် သိပါတယ်။ ဒီတုန်းက လိုက်ပြီးလာမယ် ကြံပါရဲ့။ သို့ပေမဲ့ ကုသိုလ်များ မကောင်းချင်တော့ ဖျားနေလိုက်တာ၊ ဆရာဝန်များကဖြင့် ရှင်မယ်တောင် မထင်ဘူး"

"ဒါဖြင့် အခုရှင် ဘာပြုလို့လာသလဲ"

http://www.cherrythitsar.org



"မခင်ကြည် မျက်နှာကလေးကို ကြည့်မယ်။ ကြည့်လို့ အားရတော့ ဝမ်းထဲကရှိသမျှ အချစ်တွေ ... မခင်ကြည်ဟာ ကျုပ်အပေါ်မှာ စိမ်းကားပြီး သွားတာတွေ၊ ကျုပ်အပေါ်မှာ အထင်လွဲတာတွေ ပြောပြမယ်။ ဒီဟာ ကျုပ်ကိစ္စပဲ၊ အို ... ကုန်ကုန်ပြောမယ်လေ၊ ခင့်မျက်နှာကို မြင်ရပြီးတဲ့နောက် ကျုပ်ရောက်ရာ ရောက်သွားတော့မယ်"

မခင်ကြည်သည် မျက်ရည်စကလေးကို လက်ဖြင့် သုတ်လျက်–

"မိန်းမ ရှားသလား ကိုတင်ဦးရယ်။ မအေးသွင်ကလေးလည်း"

မောင်တင်ဦးသည် လက်ဝါးကာလျက် –

"တော်တော့ မအေးသွင် အကြောင်း မပြောနဲ့။ ဩော် ... ကိုယ်ကတော့ သူ့အပေါ် ဘယ်လောက်များ ချစ်တယ်ဆိုတာ အုန်းသီးများဖြင့် ထက်ခြမ်းခွဲပြီး ပြလိုက်စမ်းချင်တယ်။ ကြည်ကြည် ... ကြည်ကြည် ... တောက် သူများလက်ဦးသွားတာ အသည်းနာလိုက်လေခြင်းနော်"

ဟု ပြောကာ မောင်တင်ဦးမှာ အလွန်ပင် သစ္စာရှိ၍ ယောကျ်ားပီသသူတစ်ယောက်ဖြစ်သော်လည်း ရာဂအရှိန်မီးလျှံသည် သည်းမခံနိုင်လောက်အောင်ပင် တောက်လောင်လျက်ရှိလေရာ မိမိသည် မည်သည့်အရာကို ပြုလုပ်နေသည်ဟူ၍မျှ မသိရှာဘဲ မခင်ကြည်အား အတင်းပွေ့ယူမိလေ၏။

ထိုခဏ၌ မောင်ဘရွှေသည် ခြေကိုပြင်းပြင်းနင်းကာ တံခါးကိုဖွင့်၍ ဝင်လာလေ၏။ ၎င်းနောက် အဆိပ်ထန်သော မြွေဟောက်ကဲ့သို့ မီးထွက်မတတ်သော မျက်လုံးများဖြင့် မောင်တင်ဦးနှင့် မခင်ကြည်အား လက်ပိုက်ကာ တစ်လှည့်စီ ကြည့်လျက် "မင်း တယ်ပြီး စော်ကားတဲ့ အကောင်ပေါ့လေ"

မခင်ကြည်သည် မောင်ဘရွှေ၏အင်္ကျီကို လက်နှစ်ဖက်ဖြင့် ဆွဲလျက် –

"မဟုတ်ပါဘူး ကိုဘရွှေရယ်။ တစ်ဆိတ်ကလေးပဲ သည်းခံပြီး ကျွန်မ ပြောတာ နားထောင်ပါဦးရှင်"

"ဘာ နင်ပြောတာ နားထောင်ရမှာလဲ။ သွား ... နင့် အခန်းကို သွား၊ ဟေ့ကောင် မင်းဘာ ထုချေစရာရှိသေးသလဲ" ဟုပြောကာ ကြွန္နေကို ကြီးစွာထားလျက် အိမ်ရှေ့ခန်းတွင် နံရံ၌ ကပ်၍ထားသော ဓားရှည်နှစ်

http://www.cherrythitsar.org



လက်ကို ဖြည်းညှင်းစွာ ဖြုတ်လိုက်ပြီးလျှင် မောင်တင်ဦး၏ ရှေ့တွင်ရှိသော စားပွဲပေါ်သို့ ပစ်၍တင်လိုက်လေ၏။

မောင်တင်ဦးမှာ အဓိပ္ပာယ်ကိုကောင်းစွာ နားလည်ပြီးဖြစ်သော ကြောင့် ဓါးတစ်ချောင်းကို ကောက်ယူကာ –

"ခင်ဗျားနဲ့ ကျုပ်နဲ့တော့ ဒီနေရာမှာ ဓားချင်းပြိုင်ပြီး အနိုင်လု တော့မနေဘ်။ သို့ပေမဲ့ ခင်ဗျား ကျုပ်တို့ နှစ်ယောက် စကားပြောနေကြ တာဟာ တစ်ယောက်ကိုတစ်ယောက် ဘာမှ လွန်ကြတာ မဟုတ်ဘူးဗျ နော်။ ကျုပ်လည်း သေချင်နေတာပါပဲဗျာ၊ ခင်ဗျား ဓားချက်နဲ့ အသက်သေ ရမှာကို ကျုပ်မကြောက်ပါဘူး။ ဒီလိုဗျ၊ ကျုပ်နဲ့ မခင်ကြည်နဲ့ဟာ ရန်ကုန် မှာတုန်းက သမီးရည်းစားဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် အင်မတန် ချစ်ခဲ့ကြတယ်။ သို့ပေမဲ့ သူ့မယ်တော်ကြီးက သဘောမမှုလို့ အခု ခင်ဗျားနဲ့ ရတယ်ဗျ။ ဒီတော့ ကျုပ်လည်းပဲ မှန်တာပြောရမှာဖြင့် ရူးမတတ် ဖြစ်ပြီး နေသည့်အပြင် သူ မိတ္တီလာကို လာခါနီး ကျုပ်အပေါ်မှာ အထင်လွဲခဲ့တာ လေး တစ်ခုရှိလေတော့ ဒီအကြောင်းကို ရှင်းလင်းချင်လို့ လာခဲ့တာပဲ၊ ကိုင်း ... အချိန်ကုန်ရော့မယ်" ဟုပြောကာ အပေါ်အင်္ကျီကို ချွတ်ပစ်လိုက် ပြီးနောက် ရှပ်အင်္ကျီလက်များကို မြှောက်လျက် ခုခံရန် အသင့်ပြင်ဆင်လေ ၏။

မောင်တင်ဦးမှာ ကျောင်းနေစဉ်ကပင် မိမိကိုယ်ကိုမိမိ ကာကွယ် နိုင်သော 'ဂျူ–ဂျစ်ဆူး' ခေါ် ဂျာမန်အတတ်ပညာကို ကောင်းမွန်စွာ သင် ကြားတတ်မြောက်ခဲ့လေရာ မောင်ဘရွှေ၏ ဓါးချက်များကို ရှောင်ရှားကာ အချက်ကောင်းကိုသာ ရှာလျက်ရှိလေ၏။ မောင်ဘရွှေမှာ ဒေါသအလွန် ကြီးနေသဖြင့် မိမိကိုယ်ကိုမိမိ မဟန်နိုင်သလောက်ပင် ရှိလေ၏။

ထိုခဏ၌ ကံအားလျော်စွာ မောင်တင်ဦး၏ဓါးမှာ လက်ကိုင်က ကျွတ်၍ ထွက်သွားသဖြင့် မောင်တင်ဦးသည် ဓားကို လွှင့်ပစ်လိုက်လေ၏။ မောင်တင်ဦး လက်၌ ဓါးမရှိသည်ကိုမြင်လျှင် မောင်ဘရွှေသည် လက်က ဓားကို စားပွဲပေါ်သို့ပစ်၍ တင်လိုက်ပြီးလျှင် မောင်တင်ဦး၏ မျက်နှာကို စေ့စေ့ကြည့်ကာ တစ်စုံတစ်ခုကို အမှတ်ရဘိသကဲ့သို့ လက်ပိုက်လျက်နေ လေ၏။ ၎င်းနောက် မခင်ကြည်နှင့် လက်မထပ်မီ မခင်ကြည်၏ အိပ်ရာ အောက်တွင် မိမိကိုယ်တိုင် တွေ့ရှိခဲ့ဖူးသော စာတစ်စောင်နှင့် ရင်ထိုး

http://www.cherrythitsar.org



ဓာတ်ပုံတစ်ခုကို ပြန်၍အမှတ်ရလျက် ဓါတ်ပုံတွင်ပါရှိသော မျက်နှာမှာ မောင်တင်ဦးနှင့် ထပ်တူထပ်မျှ ဖြစ်လျက်ရှိလေရာ မောင်တင်ဦးအပေါ်တွင် ထွက်မိသမျှသော ဒေါသတို့သည် မီးကိုရေဖြင့် သတ်လိုက်ဘိသကဲ့သို့ ချက်ချင်းပင် ငြိမ်သက်ခြင်းသို့ ရောက်ကြကုန်လေ၏။ မောင်ဘရွှေသည် မောင်တင်ဦး၏ မျက်နှာကို စေ့စေ့ကြည့်ကာ –

"ကိုတင်ဦးဆိုတာ ခင်ဗျားမဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်မှားပြီမိတ်ဆွေ ... ခင်ဗျားအပေါ်မှာ အပြစ်မရှိဘူးဆိုတာ ကျုပ်ယုံကြည်တယ် ... ကျုပ်ကုသိုလ်ပေါ့ဗျာ၊ ကျုပ်လည်းပဲ အခုရထားနဲ့ စစ်ထဲ လိုက်ရမှာပဲ သွားခါနီးမှာ သည်လိုစိတ်မကောင်း ဖြစ်ရတာ ဝမ်းနည်းပါရဲ့ဗျာ"

၎င်းနောက် မောင်ဘရွှေလည်း တစ်ယောက်တည်းပြောသကဲ့သို့ "အင်း ... မိန်းမများဟာ ဘယ်လိုပဲ ကာမပိုင်ယောကျ်ားရပြီးနေနေ၊ သူတို့ အချစ်ဦးကို မေ့တယ်လို့ မရှိဘူး" ဟု ပြောကာ –

ဤကဲ့သို့ ဖြစ်ပျက်တွေ့ကြုံရသော အကြောင်းများမှာ မိမိ၏ ကိုယ်တွင်းရှိသော အလင်းဓာတ်များကို ဖွင့်၍ပေးလိုက်ဘိသကဲ့သို့ မှတ်ထင်ရလေ၏။ မခင်ကြည်အပေါ်တွင် ချစ်ခင်စုံမက်ခဲ့မိသမျှသော စိတ်တို့သည် ချက်ချင်းပင် ကွယ်ပျောက်သကဲ့သို့ ဖြစ်၍သွားလေကုန်၏။

ယခုထောက်ပြအပ်သော အခြင်းအရာများကို အစမှအဆုံးတိုင် ကြည့်ရှုနေရသော မခင်ကြည်သည် မောင်တင်ဦးအိမ်မှ ထွက်သွားသည်ကို မြင်လျှင် မောင်ဘရွှေအား ပြေး၍ဖက်ကာ ဣန္ဒြေမဆယ်နိုင်ဘဲ ကလေးကဲ့သို့ ငိုကြွေးရှာလေ၏။ မောင်ဘရွှေမှာလည်း စိတ်ထဲတွင် ရူးမတတ်ဖြစ်ပြီးလျှင် မခင်ကြည်နှင့်အတူ ရော၍ငိုပြန်လေ၏။ ၎င်းနောက် မောင်ဘရွှေလည်း မိမိ၏လည်ကို အတင်းပတ်ရစ်လျက်ထားသော မခင်ကြည်၏ လက်များကို ဖြည်ကာ "မခင်ကြည် လွှတ် ... လွှတ် ... အခု မင်းနဲ့ကျုပ် ဘာမှ မဆိုင်တော့ဘူး"

မခင်ကြည်သည် အလွန်ထိတ်လန့်သောအမူအရာနှင့် –

"အလို ဘုရားရေ၊ မဟုတ်တာ မပြောပါနဲ့ ကိုဘရွှေ"

http://www.cherrythitsar.org



"ဘယ်နှယ့်မဟုတ်ရမလဲ မခင်ကြည်။ ကျုပ် စိတ်က ဖြတ်လိုက်ပြီ"

မခင်ကြည်သည် ရှိုက်ကြီးငင်ကြီး ငိုလျက် –

"တော်ပါပေတယ် ကိုဘရွှေရယ်၊ စိမ်းကားရက်စက်ပါပေတယ်။ ရှင် ကျွန်မအပေါ်မှာ ဘယ်လိုအပြစ်မျိုးတွေ့လို့လဲရှင် ကိုဘရွှေ၊ ရှင်ကျွန်မ အသည်းကို ကွဲအောင်လုပ်တာပေါ့လေ"

ကိုဘရွှေသည် ဆွဲထားသောလက်ကို အတင်းဖယ်လျက် –

"ကျုပ် စိတ်က မရဘူးဆိုရင် မရဘူး မခင်ကြည်။ ကျုပ်စိတ်ကို ကောင်းကောင်း မသိသေးဘူးနော်။ အလို ... အချိန်တောင် နီးနေပါပကော။ ဒီအိမ်ကြီးလည်း ခင့်နာမည်နဲ့ ထားတယ် မဟုတ်လား။ ခင့်မှာ လက်ဝတ်လက်စားတွေလည်း အပြည့်အစုံရှိတယ်။ ရွှေရှိတယ်၊ သေတ္တာထဲမှာလည်း သုံးဖို့ ငွေနှစ်ထောင်ကျော်ကျော် ရှိသေးတယ်။ ဒီဟာတွေ မင်းယူပြီး ငါစစ်ထဲမှာပဲ သေသေ၊ ပြန်ပဲလာလာ မင်းသဘောအတိုင်း လုပ်ရစ်ပေတော့ ကျုပ်က ခွင့်ပေးပြီ ... ကြားရဲ့မဟုတ်လား ခင်"

ဤကဲ့သို့ ပြောဆိုလျက်ရှိစဉ် ချွေးဒီးဒီးကျလျက်ရှိသော မြန်မာစစ်သားတစ်ယောက်သည် အိမ်ပေါ်သို့ ပြေးတက်လာပြီးလျှင် မောင်ဘရွှေအား ထုံးစံရှိသည့်အတိုင်း အရိုအသေပြုပြီးသော်

"ရထားထွက်တော့မယ် ဆရာ။ ၁၀မိနစ်ပဲ လိုတော့တယ်"

"အေးကွယ် လာမယ်" ၄င်းနောက် မခင်ကြည်ဘက်သို့လှည့်ကာ "ကိုင်း ... မျက်နှာသာဝအောင်ကြည့်လိုက်တော့၊ ကျုပ်သွားပြီ ခင်"

အထက်ပါအခြင်းအရာများ ဖြစ်ပျက်ခဲ့သည်မှာ ၆ လကျော်ကျော်ခန့်မျှ ကြာရှိခဲ့လေ၏။ ကျွန်ုပ်တို့သည် မခင်ကြည်၏ ဆိုးသွမ်းသော ကံကြမ္မာ အကြောင်းများကို ဤမျှလောက် ရေးသားဖော်ပြပြီး ဖြစ်လေရာ စာဖတ်သူ အပေါင်းတို့မှာ မခင်ကြည်သည် မည်မျှလောက် ဒုက္ခရောက်ရှာသည်ကို အထူး ထပ်မံ၍ ရေးသားရန်မလိုပေ။ ဇာတ်လမ်းကို ကြည့်ရှုခြင်းအားဖြင့် သိနိုင်ပေ၏။

မခင်ကြည်မှာ ဤကဲ့သို့ မောင်ဘရွှေနှင့် မချိတင်ကဲ ပြတ်စဲခွဲခွာ၍ သွားသောနေ့၌ စစ်ကဲကတော်ကြီးမမပုနှင့် ဒေါ်ညွန့်တို့မှာ ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ဖူးမျှော်နေသောအခါနှင့် ကြုံကြိုက်သဖြင့် မသိရှာကြ

http://www.cherrythitsar.org



ပေ။ သို့သော်လည်း ဘုရားမှပြန်၍ လာကြသောအခါ မခင်ကြည်မှာ မည်သည့်အရာမျိုးမဆို ပြောရန်ရှိက ဝမ်းထဲတွင် မထားတတ်ဘဲ ထုတ်ဖေါ်ပြောဆိုတတ်သဖြင့် ၎င်းတို့သိကြရသောအခါ မင်းကတော်ကြီးနှင့် ဒေါ်ညွန့်တို့မှာ ယူကြုံးမရ ပူပင်ကြလျက် ယောကျ်ားတို့မည်သည် မည်မျှလောက်ပင် စိတ်သဘောထား ထက်သန်ကြီးရင့်သည်ဖြစ်စေ ဤအရာမျိုးတွင် သည်းညည်းမခံနိုင်ကြသဖြင့် တစ်ရှူးထိုး ထင်မိထင်ရာ ပြုလုပ်တတ်ကြောင်း၊ သို့သော်လည်း အလွန်ပင် စိတ်ကျေလွယ်သဖြင့် မောင်ဘရွှေလည်း ထိုနည်းအတူ မခင်ကြည်အပေါ်တွင် အထင်မှားမိသည်များကို မကြာမီ ကျေနပ်ရန်ရှိကြောင်း စသည်ဖြင့် မခင်ကြည်အား အားပေးစကားပြောကြားကြလေကုန်၏။

မခင်ကြည်မှာ မောင်ဘရွှေနှင့် လက်ထပ်သည်မှစ၍ လင်ယောကျ်ားအပေါ်တွင် မိမိ၏ဝတ္တရား မပျက်ကွက်စေရဘဲ ချစ်ခင်ကြည်ဖြူ၍ လာခဲ့လေရာ၊ မောင်ဘရွှေသည် ဤမျှလောက် သေးငယ်သော အပြစ်ကလေးကို မြင်ရုံနှင့် မိမိ တောင်းပန် ပြောဆိုသည့်စကား နားမထောင်ဘဲ စစ်ထဲသို့ လိုက်ခါနီးတွင် ပြတ်ပြတ်တောက်တောက် ပြောသွားသည်များကို အဖန်တလဲလဲ အောက်မေ့ကာ တစ်ဖန် မောင်တင်ဦးနှင့် ဖြစ်ပျက်တွေ့ဆုံခဲ့သောအကြောင်းများကို စဉ်းစားလိုက်ပြန်သောအခါ ယောကျ်ားများ၏သစ္စာမရှိခြင်းကိုလည်းကောင်း၊ ၎င်းတို့၏ လျင်မြန်သောစိတ်မှာ ဤနေရာတွင် သည်းမခံနိုင်ဟု ဆိုရငြားသော်လည်း မိမိမှာ အကယ်စင်စစ် အပြစ်မရှိသည့် အကြောင်းများကို ပြန်ပြောင်းစဉ်းစားလိုက်သောအခါ စိတ်ကျေနပ်သည်ဖြစ်စေ အထင်လွဲသည်ဖြစ်စေ၊ ၎င်းအား တစ်ဖန်ဆက်ဆံ ပေါင်းသင်းခြင်းကို မပြုတော့ဘဲ၊ ယခုဘဝတွင်လည်း နောက်ထပ်၍ အိုးအိမ်မထူဘဲ နေတော့အံ့ဟု စိတ်နှလုံးကို ဒုံးဒုံးချခါ ယောကျ်ားများကို စိတ်နာလျက်ရှိရာလေသတည်း။

တစ်နေ့သ၌ မခင်ကြည်သည် မိမိ၏ဆိုးသွမ်းသော ကံကြမ္မာကိုသာ အောက်မေ့လျက်ရှိစဉ် စာပို့ပြာတာတစ်ယောက်သည် စာတစ်စောင်ကို လာရောက်ပေးလေ၏။ မခင်ကြည်သည် စာကို ရုတ်တရက် မဖွင့်သေးဘဲ စာအိတ်တွင် ရိုက်နှက်လျက်ရှိသော တံဆိပ်နှင့် လိပ်စာတပ်လျက်ရှိသော လက်ရေးကို သေချာစွာ စစ်ဆေးကြည့်ရှုလျက်ရှိရာ စာတိုက်တံဆိပ်မှာ

http://www.cherrythitsar.org



**'မက်ဆိုပိုတေးမီးရား' စစ်မြေပြင် 'ဘက်ဂဒက်' မြို့တော် စစ်ဘက်ဆိုင်ရာ စာတိုက်မှ တံဆိပ်ဖြစ်လျက် လက်ရေးမှာမူ မောင်ဘရွှေ၏ လက်ရေး မဟုတ်ချေ။ မခင်ကြည်သည် လက်ရေးကို အတန်ကြာအောင် ကြည့်လျက် တစ်စုံတစ်ခုကို စဉ်းစားကာ သက်ပြင်းချလျက် စာအိတ်ကို ဖောက်လိုက်လေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။**

*ဘက်ဂဒက်မြို့တော်*
*မက်ဆိုပိုတေးမီးယားစစ်မြေပြင်*
*သူနာကြည့်ရှုရေးဆိုင်ရာတပ်*
*နံပါတ်(......)*

*မခင်ကြည်*

*ယခုရေးလိုက်သောစာသည် မခင်ကြည်လက်ကို မှချရောက်ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ မခင်ကြည်နှင့်ကျုပ်မှာ တစ်ယောက်နှင့်တစ်ယောက် မှချစင်စစ် ချစ်ခင်ခဲ့ကြသည်မှန်သော်လည်း ပေါင်းသင်းဆက်ဆံကြရန် အကြောင်းမပါသဖြင့် ဤမျှလောက်နှင့်ပင် တင်းတိမ်ရောင့်ရဲခဲ့ကြရပေတော့မည်။ တစ်ယောက်နှင့်တစ်ယောက် အထင်မှားခဲ့ကြသည်များကို သည်းခံ၍ အရင်က ချစ်ခင်နှစ်သက် ဖြစ်ပျက်တွေ့ဆုံခဲ့ကြရသည်များကို မေ့ရစ်ပါလေ။*

*သို့သော် ကျုပ်မှာ မခင်ကြည်အား မည်သည့်အခါမျှ မမေ့နိုင်။ အချစ်ဦးကို မည်သည့်အရီးပင် ဆွေးစေကာမူ မေ့လျော့ရိုးထုံးစံမရှိသဖြင့် မခင်ကြည်၏မျက်နှာကလေးသည် စစ်မြေပြင်သို့ပင်လိုက်၍ အရိပ်အရောင်ပြသကဲ့ သို့မှတ်ထင်ရပါသည်။ သို့သော် လူတို့၏ နဖူးစာမှာ တစ်ယောက်ကိုတစ်ယောက် မည်မျှလောက်ပင် ခွဲလမ်းချစ်ခင်စေကာမူ 'ကံ'စီမံရာကို ခံကြစမြဲဖြစ်သဖြင့်လည်း လွတ်လွတ်လပ်လပ် မဟုတ်တော့ဘဲရှိသဖြင့် ဤဘဝတွင် မျှော်လင့်ခြင်း ကင်းမဲ့လျက် မခင်ကြည်အပေါ်တွင် ခွဲလမ်းသော ဥပါဒါန်တရားကို ကြိုးစား၍ ဖြေရပါတော့မည်။*

*ကျုပ်မှာ မခင်ကြည်၏မျက်နှာကို နောက်ဆုံးကြည့်ပြီးနောက် ဤကမ္ဘာလောကကြီးတွင် မိမိအားချစ်ခင်နှစ်သက်သူ ဆွေမရှိမျိုးမရှိ*

http://www.cherrythitsar.org



*မိမရှိ၊ ဘမရှိ ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်သဖြင့် စိတ်အပျက်ကြီးပျက်ပြီးလျှင် စစ်ဘက်သို့လိုက်ပါ၍ သွားချေပြီ။ သို့သော်ကျုပ်မှာ စစ်ထဲသို့မလိုက်မီ ဘဏ်တိုက်တွင် စာရေးလုပ်စဉ်က မခင်ကြည်အား လက်ထပ်ထိမ်းမြားရန်အတွက် ရည်ရွယ်၍ ကျစ်လျစ်သိပ်သည်းစွာ စုဆောင်းထားခဲ့သောငွေ ၂၅၀၀ိ မှာ ရန်ကုန်မြို့ဘဏ်တိုက်တွင် အပ်နှံ၍ထားခဲ့ရာ ယခုအခါမှာ ကျုပ်၌ အသုံးမဝင်၊ အကယ်၍စစ်မြေပြင်က မသေမပျောက် မြန်မာပြည်သို့ ပြန်ရောက်ခဲ့သော်လည်း ကျုပ်မှာ ယောကျ်ားဖြစ်သဖြင့် တစ်ဝမ်းတစ်ခါးလုရန်ကို မည်သည့် နေရာမှာမဆို လုပ်ကိုင်စားသောက်နိုင်ပါသဖြင့် အထက်အဆိုပါငွေကို မခင်ကြည်အား ပေးလိုသဖြင့် ရန်ကုန်သို့ မခင်ကြည်ကိုယ်တိုင် သွားရောက်ထုတ်ယူပါ။ ဘဏ်တိုက်ကိုလည်း စာရေးလိုက်ပါပြီ။*

*တင်ဦး*

မခင်ကြည်သည် မောင်တင်ဦး၏စာကို အထပ်ထပ်ဖတ်ပြီးလျှင် မိမိ၏အဖြစ်အပျက်မှာ အကယ်စင်စစ်ပင် ဖြစ်လေသလော။ သို့မဟုတ် အိမ်မက်ပင်လောဟု စဉ်းစားမိလေ၏။ မောင်ဘရွှေမှာ မိမိ၏ လင်ယောကျ်ားဖြစ်သဖြင့် ချစ်ခင်စုံမက်ရမည် ဝတ္တရားရှိသော်လည်း မောင်ဘရွှေအပေါ်တွင် ချစ်ခင်သော အချစ်စိတ်မှာ မိခင်၏စကားကို နားထောင်ပြီးလျှင် မယား၏ဝတ္တရားရှိသည့်အတိုင်း ချစ်ရသောအချစ်စိတ်ဖြစ်၍ မောင်တင်ဦးအပေါ်မှာ ချစ်ခဲ့သော စိတ်မှာ အပေါ်ယံကသာ ဖြစ်ပေါ်လာသော အချစ်မဟုတ်ပဲ အလိုအလျောက် ဖြစ်ပေါ်လာပြီးလျှင် ရိုးတွင်းခြင်ဆီမှ စိမ့်၍ ဖြစ်လာသောအချစ်ဖြစ်ခဲ့လေရာ ယခုအခါမှာ အကယ်၍ မောင်ဘရွှေ မောင်တင်ဦး နှစ်ယောက်စလုံးပင် စစ်ပွဲမှာ မသေမပျောက် ပြန်၍ရောက်ခဲ့လျှင် မိမိလင်အခွင့်ပေးပြီး ဖြစ်သည့်အတိုင်း မောင်ဘရွှေအား ဆက်လက်၍ မပေါင်းသင်းဘဲ မောင်တင်ဦးနှင့်သာ အေးအတူပူအမျှ ဆင်းရဲချမ်းသာ ညီမျှစွာ နေပါတော့အံ့ဟု အကြံပြုမိရှာပြန်လေသတည်း။

ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသည့်အတိုင်း ထိုအချိန်အခါ၌ မောင်ဘရွှေ ဝင်သော မြန်မာခြေလျင်တပ်နှင့် မောင်တင်ဦးပါဝင်သော လူနာစောင့် စစ်တပ်တို့မှာ တစ်ခုနှင့်တစ်ခု နီးကပ်စွာ မက်ဆိုပိုတေးမီးရား၊ စစ်မြေပြင်ဝယ်

စခန်းချလျက် ရှိကြကုန်၏။ မြန်မာပြည်တွင် ဖြစ်ပျက်ခဲ့သော အကြောင်းတို့မှာ ဤမြန်မာနိုင်ငံတွင်မက၊ စစ်မြေပြင်အရပ်သို့ပင် လိုက်၍ တွေ့ဆုံကြရန် ဖန်တီးသကဲ့သို့ မောင်တင်ဦးနှင့် မောင်ဘရွှေတို့မှာ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံကြရန်ကြောင်းတို့မှာ ကံအားလျော်စွာ ပေါ်ပေါက်ခဲ့လေ၏။

ညဥ့်တစ်ညဥ့်၌ မောင်ဘရွှေ ပါဝင်သော စစ်တပ်သည် ဘက်ဂဒက်မြို့၏မြောက်ဘက်တွင် ၁၀ မိုင်ခန့် ဝေးကွာသော အရပ်၌ စခန်းချလျက်ရှိစဉ် ညဥ့် ၁ ချက်တီးကျော်ကျော်အချိန်ခန့်တွင် ရန်သူတို့သည် တိတ်တဆိတ် ချောင်းမြောင်းကာ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် အပြင်းအထန် တိုက်ခိုက်လေ၏။ ဤကဲ့သို့ ၁၅ မိနစ်ခန့် ယှဉ်ပြိုင်တိုက်ခိုက်ကြရာ၊ နှစ်ဖက်စလုံး ထိခိုက်နာကျင် ကျဆုံးကြ၍ နောက်ဆုံး၌ ရန်သူတို့မှာ မခံမရပ်နိုင်ဘဲ လူ ၃၀ ကျော်ခန့်မျှ ကျဆုံးပြီးလျှင် နောက်သို့ ဆုတ်ခွာသွားလေ၏။

မောင်တင်ဦးတို့စစ်တပ်မှာ ခရီးမိုင်ခန့်မျှသာဝေးသဖြင့် များမကြာမီ ရောက်လာလေရာ မောင်တင်ဦးမှာ ဒဏ်ရာရရှိသော လူနာများအားရှာဖွေကြည့်ရှုလျက်ရှိစဉ် မိမိအနီးတွင် လဲနေသော မြန်မာစစ်ဗိုလ်တစ်ယောက်အား ပွေ့ချီပြီးနောက် တန်းစင်ပေါ်သို့ တင်လေ၏။ ၎င်းနောက် မောင်တင်ဦးလည်း ၎င်း၏မျက်နှာကို ခပ်မှိန်မှိန် ထွန်းလင်းလျက်ရှိသော လရောင်တွင် ရုတ်တရက် မြင်လိုက်လေရာ၊ ထိုသူအား မြင်ဖူးသကဲ့သို့ အတန်ကြာ စဉ်းစားပြီးနောက်

"ခင်ဗျား ဘယ်သူ … ကို … ကို … ဘရွှေ မဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားကော ဘယ်သူလဲ"

"ကျွန်တော့်မျက်နှာ သေသေချာချာ ကြည့်စမ်းပါ။ ဘယ်သူလဲလို့"

ကိုဘရွှေသည် အတန်ငယ်စဉ်းစားပြီးနောက် –

"ကိုတင်ဦးဆိုတာ မဟုတ်လား။ အင်း … ခင်ဗျားနဲ့ ကျုပ်နဲ့ ဒီတစ်ခါ လာတွေ့ရပြန်ပြီ။ ဒီလိုတွေ့ရတာဟာ အင်မတန် ကုသိုလ်ထူးလွန်းလို့ပဲ မိတ်ဆွေ" လက်ကို ဆွဲလျက် "မိတ်ဆွေ အရင်းလိုပဲ သဘောထားတော့နော်"

http://www.cherrythitsar.org



"သိပ်ပြီး စကားမပြောပါနဲ့ဗျာနော်။ ကိုဘရွှေ ခင်ဗျား ဒဏ်ရာက နည်းနည်းကြီးတယ်"

ကိုဘရွှေသည် ဒဏ်ရာကို လက်ဖြင့်ဖိလျက် –

"မထူးတော့ပါဘူးဗျာ။ ကိုတင်ဦးရယ် ကျုပ်သေရမှာပါပဲ။ ဒီလို ကျုပ်သေခါနီးမှာ ကျုပ်အကြောင်းကိုပြောပြီး မှာစရာရှိတာ မှာပြီးသွားရရင် ကျုပ်အသက်ဖြောင့်ဖြောင့် ထွက်နိုင်မယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ဆိုတော့ ရည်းစားလုဘက်ဆိုပါတော့လေ" သက်ပြင်းချလျက် "ကိုတင်ဦး ကျုပ်လည်း စကားများများပြောဖို့ အချိန်မရှိဘူးဗျနော်။ ခင်ဗျားနား ... ကျုပ်ပါးစပ်နား တဆိတ်ကပ်စမ်းပါဗျာ၊ အဲ ... ဟုတ်ပြီ ... ဟုတ်ပြီ။ ခင်ဗျားကို ကတိတစ်ခု ထားစေချင်တယ်"

"ကတိထားရမယ် ဟုတ်လား။ ဘယ်လိုကတိထားရမှာလဲဗျ"

"ခင်ဗျားမသေလို့ ရန်ကုန်ကို ပြန်ရောက်တဲ့အခါကျတော့ မိန်းကလေး နှစ်ယောက်ကို ထိန်းသိမ်းစောက်ရှောက်ရမယ်။ ကိုင်း ... ခင်ဗျား သဘောတူနိုင်မယ် မဟုတ်လား။ တာဝန်လေးတဲ့ အလုပ် မဟုတ်ပါဘူးဗျာ၊ ဝန်ခံလိုက်ပါ။ သေခါနီးဆဲဆဲမှာ မှာထားခဲ့တဲ့စကား ဆိုတာ လိုက်နာဖို့ သင့်ပါတယ်"

"ကိုင်း ... ခင်ဗျားပြောတဲ့အတိုင်း လိုက်နာမယ်"

"ကျေးဇူးပေါ့ဗျာ" မောသဖြင့် ရေတစ်ခွက်တောင်း၍ သောက်ပြီး နောက် "ခင်ဗျားမျက်နှာ ကျုပ်ကြည့်ရုံနဲ့ သစ္စာရှိတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိတယ်။ ကိုင်းလေ ... အချိန်လည်း နီးပါပြီ။ ဘုရား ... ဘုရား ... ကျွတ် ... ကျွတ် ... ကျွတ် ... မိန်းကလေးတစ်ယောက်က မခင်ကြည် ပေါ့ဗျ။ ကျုပ်မိန်းမလေ။ အဲ ... သူ့ကို ခင်ဗျား တစ်သက်လုံး စောင့်ရှောက် ရမယ်။ ဒီလောက်ပြောရင် သိရောပေါ့ မိတ်ဆွေ"

"နောက်တစ်ယောက်ကတော့ ဘယ်သူလဲဗျ"

"ဒီလိုဗျ၊ ကျုပ်မှာ ခင်တွယ်စရာ နှမဝမ်းကွဲကလေး တစ်ယောက် ရှိသေးတယ်။ သေခါနီးမို့ အမှတ်တရပေါ့ဗျာ။ နာမည်က မအေးသွင်တဲ့ ရန်ကုန်ဘဏ်တိုက်တစ်တိုက်မှာ စာရေးလုပ်ပြီးနေတယ်လို့ အရင်ကဖြင့် ကြားရတာပဲ။ သူ့ရာဇဝင်တော့ ပြောနေဖို့ အချိန်မရှိဘူး။ အမယ်လေး ...

http://www.cherrythitsar.org



နာလှချေရဲ့နော်၊ မခင်ကြည် ... မခင်ကြည်ရေ၊ ကျုပ်ဖြင့် မနေရတော့ဘူး။ ကိုင်း ... ကိုတင်ဦး ခင်ဗျားမှာ ခဲတံနဲ့ စက္ကူကလေးများ ပါရဲ့လား”

“အသင့်ပါပဲဗျာ ပါပါတယ်၊ နေပါဦး ဒီဟာထက် မတော်တဆ ကျုပ်သေသွားရင်ကော”

“အမယ်လေးဗျာ ... ပူပန်နေလိုက်တာ။ ဒီဟာထက် ကံတရား ပေါ့။ ကိုင်း ... ကိုင်း ... ခင်ဗျားက ရေး၊ ကျုပ်ပြောမယ်။ အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်ဆူဗေဒါ မောင်ဘရွှေသည် အောက်ပါ သက်သေများရှေ့၌ မြန်မာပြည်တွင် ကျန်ရစ်ခဲ့သော ကျွန်ုပ်ပိုင်ပစ္စည်းများနှင့် တကွ မခင်ကြည်၊ မအေးသွင်နှစ်ယောက်တို့ပါ ကျွန်ုပ်ကိုယ်စားလှယ် အဖြစ်ဖြင့် ထိန်းသိမ်းကြည့်ရှုရစ်စေရန် အပ်ခဲ့ပါသည်။ ကိုင်း ... ကိုင်း ... ကလောင်တံပေး ကျုပ်လက်မှတ်ထိုးမယ်”

ဆူဗေဒါမောင်ဘရွှေသည် ရန်သူ၏လက်နက်ဖြင့် ကျဆုံးပြီး နောက် ၁၅ ရက်ခန့်မျှ ကြာရှိခဲ့လေလျှင် မောင်တင်ဦးသည် ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိသော အင်္ဂလိပ်စစ်တပ်တစ်တပ်၏နောက်၌ အဖော်များ နှင့်အတူ အလုပ်ဝတ္တရားကို ဆောင်ရွက်လျက်ရှိစဉ် ရုတ်တရက် ပခုံးမှခါး တိုင်အောင် ပူပြင်းစွာ သွေးများစီးဆင်းလာကြောင်းကို သိရသဖြင့် မိမိမှာ ရန်သူ၏လက်နက် ထိမှန်လေပြီဖြစ်ကြောင်း သိရှိရလေ၏။ ထိုခဏ၌ မောင်တင်ဦးမှာ မည်သည့်အရာကိုမျှ မမြင်တော့ဘဲ မတ်တတ်ကလဲ၍ သွား ပြီးလျှင်သတိမေ့လျော့သွားလေ၏။

သတိရ၍ ကြည့်လိုက်သောအခါ ဖြူစင်သန့်ရှင်းသော အိပ်ရာ များနှင့် အနီး၌ ဆရာမများကို မြင်လေ၏။

ကျွန်ုပ်တို့သည် မောင်တင်ဦး၏အကြောင်းကို အကျဉ်းအားဖြင့် ဖော်ပြမည်ဆိုလျှင် မောင်တင်ဦး၏ ပခုံးတွင် ထိမှန်သော ဒဏ်ရာမှာ သေစေလောက်သော ဒဏ်ရာမဟုတ်သဖြင့် ဘက်ဝဒက် ဆေးရုံတွင် တစ်လ ခန့်မျှ ကုသပြီးသော် ခွင့်တစ်လမျှ ခံယူပြီးနောက် မြန်မာပြည်သို့ ပြန်လေ၏။

ရန်ကုန်သို့ရောက်လျှင် မိတ်ဆွေဟောင်း အသိအကျွမ်းများကိုမျှ နှုတ်မဆက်နိုင်ဘဲ မိတ္ထီလာသို့ လိုက်လာခဲ့လေ၏။ မခင်ကြည်နေသော အိမ်သို့ရောက်လျှင် မခင်ကြည်နှင့် မင်းကတော်ကြီး မမပုတို့ကို အဆင်

http://www.cherrythitsar.org



သင့်တွေ့ရသဖြင့် မောင်တင်ဦးမှာ မိမိ၏အဖြစ်အပျက်များနှင့်တကွ မောင်ဘရွှေ၏ အကြောင်းများပါ အစမှအဆုံးတိုင် ပြောကြားလေရာ၊ မခင်ကြည်မှာ မျက်ရည်ကလေး တလယ်လယ်နှင့် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ အံ့ဩခြင်းတို့သည် တစ်ခါတည်း စုပေါင်းလျက် မျက်တောင်မှုမခတ်ဘဲ နားထောင်ရှာလေ၏။

မခင်ကြည်နှင့် မောင်တင်ဦးတို့မှာ နှစ်ယောက်တည်း ကျန်ရစ်သောအခါ မောင်တင်ဦးသည် အိတ်ထဲမှ မောင်ဘရွှေ လက်မှတ်ထိုးလျက်ပါရှိသော စာကို ထုတ်၍ပြလေရာ မခင်ကြည်သည် မောင်တင်ဦး မျက်နှာကို ကြည့်ကာ သက်မကြီးချလျက် "ဒီဟာ ကိုတင်ဦး ဘယ်လိုသဘောရသလဲ"

"ခင် စီရင်ချက်ချသလိုပေါ့"

"အမယ်လေး အခုမှ အသစ်လုပ်ပြီး မေးနေပြန်ပါပြီ။ ကိုင်း ... လွန်ခဲ့တဲ့ဟာတွေ မေ့လိုက်ကြစို့။ အို ... ဒါထက် ကျွန်မတို့ အဖြစ်တွေဟာ အင်မတန် ထူးဆန်းသနော်။ ကြည့်ပါဦး ... မအေးသွင်ကလေးဟာ လက်စသတ်တော့ ကိုဘရွှေနှမ တစ်ဝမ်းကွဲကလေးပါကလား"

"ခင့်ယောင်းမကလေးပေါ့"

မခင်ကြည်သည် မျက်စောင်းထိုးလျက် –

"ဟင်း ... ခနဲ့တဲ့တဲ့ ပြောမနေနဲ့နော်"

"အို ... ဆုတ်စမ်းပါ။ နာပါတယ်၊ ခနဲ့တာ မဟုတ်ဘူး။ တကယ်ပြောတာ"

မောင်တင်ဦးနှင့် မခင်ကြည်တို့မှာ သင့်လျော်ရုံသော လူကြီးများအား ပင့်ဖိတ်ကာ လက်ထပ်ထိမ်းမြားကြပြီးနောက် မောင်ဘရွှေအား ရည်မှန်းကာ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းသွတ်ခြင်း၊ ပရိတ်ရွတ်ခြင်းကို ပြုပြီးလျှင် အမျှအတန်း ပေးဝေကြလေ၏။ ၄င်းနောက် စိတ်လက်ဖျော်ဖြေရန် ရန်ကုန်မြို့သို့ လိုက်လာခဲ့ကြပြီးလျှင် မောင်တင်ဦးလည်း ဘဏ်တိုက်သူဌေးကြီးအား မိမိ၏ဇာတ်ဝတ္ထုကို ပြောပြရာ ဘဏ်တိုက်သူဌေးကြီးမှာ လွန်စွာပင် ဝမ်းမြောက်လျက် ယခင်ကအလုပ်ကို ထပ်မံရရှိလေ၏။

၄င်းနောက် မအေးသွင်အကြောင်းကို မေးမြန်းကြည့်ရှုရာ မအေးသွင်မှာ လွန်ခဲ့သည့်လကပင် အလုပ်မှထွက်သွားကြောင်း မည်သည့်

http://www.cherrythitsar.org



ရပ်ကွက်မှာ နေထိုင်သည်မသိကြောင်းဖြင့် ကြားသိရလေ၏။ မောင်တင်ဦးလည်း မအေးသွင်နေသော တိုက်သို့ တစ်ဖန်သွားရောက်ရှာဖွေရာ မအေးသွင်ကို မတွေ့ရတော့ဘဲ ၄င်းနေရာ၌ စာအုပ်ဆိုင်တစ်ဆိုင်သာ ဖွင့်လှစ်ရောင်းချလျက် ရှိကြောင်းကို တွေ့ရလေ၏။

မောင်တင်ဦးလည်း လွန်စွာ အကြံရခက်သဖြင့် မခင်ကြည်နှင့် တိုင်ပင်ကာ သတင်းစာအမျိုးမျိုးတွင် ကြော်ငြာလေရာ ၅ ရက်မြောက်နေ့၌ "ညနေနံပါတ် ၂ ရထားမှာကြိုပါ အေးသွင်"ဟု ကြေးနန်းတစ်စောင်ကို ရရှိလေ၏။

မောင်တင်ဦးနှင့် မခင်ကြည်တို့သည် မအေးသွင်ရောက်မည့်နေ့၌ ကောင်းမွန်စွာ ဝတ်စားကြပြီးလျှင် အငှားမော်တော်ကား တစ်စီးဖြင့် ဘူတာရုံကြီးသို့ သွားရောက်ကြိုဆိုကြလေ၏။

"ကိုတင်ဦး၊ ဟိုစက်ကင်းကလပ်ထဲမှာ သူငယ်တစ်ယောက်နဲ့ သူငယ်မတစ်ယောက် ရှေ့သွားနောက်လိုက် ညီလိုက်တာ ... ကြည့်စမ်း"

"ဘယ်မှာလဲခင်ရဲ့။ အလို ... မအေးသွင်တို့ပဲ မဟုတ်လား"

"ဟုတ်တယ် ကိုတင်ဦးရေ၊ ဟုတ်တယ် ... မအေးသွင် ... မအေးသွင်"

"ဟိုသူငယ်က ယောကျ်ားထင်ပါရဲ့"

"ဒီဟာနဲ့ပဲ တူတယ်။ ဟော ... ဆင်းလာကြပြီ"

မောင်တင်ဦးနှင့် မခင်ကြည်တို့သည် မအေးသွင်အား ပြေး၍ ဖက်ကာ နှုတ်ဆက်ကြပြီးနောက် မောင်တင်ဦးလည်း မအေးသွင်နှင့်အတူ ပါလာသူ၏ မျက်နှာကိုကြည့်ကာ "အိုင်ဆေး၊ ခင်ဗျားကိုဘသန်း မဟုတ်လား ... ဟောဒီမှာ ခင်ရေ၊ မအေးသွင်ယောကျ်ား ကိုဘသန်းဟာ ကျုပ်တို့ ကျောင်းနေတုန်းက အတူတူပေါ့။

ကြည် ။ ။ (ပြုံးလျက်) "သြော် ... ဟုတ်လား လက်စသတ်တော့ အားလုံး ကျောင်းနေဖက် သူငယ်ချင်းတွေကိုး"

◈◈◈

http://www.cherrythitsar.org

# ချစ်ပန်းငုံ

တစ်နေ့သော မိုးဥတုညနေချမ်းအချိန်ဝယ် မိုးသက်နှင့် လေပြည်ကလေး ရောစပ်ကာ ကျ၍လာစပြုလေရာ ဧရာဝတီမြစ်ရေသည် စည်မျက်နှာကဲ့သို့ ငြိမ်သက်လျက်ရှိရာ လှိုင်းလုံးများသည် တဖြည်းဖြည်း ကြီး၍လာပြီးလျှင် မြစ်အတွင်း သွားလာလျက်ရှိကုန်သော လှေငယ်တစ်စင်းတို့သည် ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ကြီးဖြင့် ပက်ပင်းပါတွေ့ကြုံရမည့် အရိပ်လက္ခဏာကို ပြလေ၏။ ရေကြောင်းခရီးဖြင့် သွားလာကြရကုန်သော သူတို့မှာ ကုန်းလမ်းခရီးဖြင့် သွားလာရသည်ထက် အဆပေါင်းများစွာ ပိုမိုသော ဘေးဥပါဒ်အမျိုးမျိုးတို့ဖြင့် တွေ့ကြုံတတ်ကြသည်ဖြစ်ရာ သပိတ်ကျင်းမြို့ အထက်မနီးမဝေးသောနေရာတွင် လှေကြီးတစ်စင်းသည် မြစ်လယ်တွင် အလွန်ကြီးသော လှိုင်းလုံးများအထဲတွင် ရုံးရင်းဆန်ခတ်ဖြစ်လျက်နေသည်ကို တွေ့ရလေ၏။ လေသည် တဖြည်းဖြည်း ပြင်းထန်၍လာလေရာ လှိုင်းများသည်လည်း ကြီးသည်ထက် ကြီး၍လာလေ၏။ လှေသူကြီးသည် မိမိတတ်အားသမျှ ကြိုးစားပြီးလျှင် လှေကို ငြိမ်သက်နိုင်သမျှ ငြိမ်သက်စေရန် ကြိုးစားပါသော်လည်း မိမိ၏လှေမှာ ရေကြောင်းခရီးသွား

သူတို့ များစွာကြောက်ရွံ့ကြသော 'လေနီကြမ်း' တွင် မိပြီဖြစ်သောကြောင့် တစ်ကြောင်း၊ ကမ်းနှင့်လည်း လွန်စွာ ဝေးကွာလှသည်ဖြစ်၍ မိမိ၏ကြိုးပမ်းခြင်းမှာ အချည်းအနှီးပင် ဖြစ်ရာလေ၏။ ပြင်းထန်သော လေလုံးကြီးများသည် ကြီးစွာသောအသံဖြင့် ရွက်တိုင်များကို ရိုက်ခတ်ကျကုန်လျက် လှေ၏ဘေးတစ်ဖက်တစ်ချက်မှ လှိုင်းတံပိုးများသည် လှေနံကိုဖေါက်ခွဲ၍ သွားလုနီးပါးတိုက်ခတ်ကြလေရာ လေ မကြာမီက ငြိမ်သက်သောရေပြင်တွင် အေးချမ်းလှသော သခွားခွံကဲ့သို့ ဟိုမှဤမှ ယိမ်းယိုင်လှုပ်ရှားကာ နစ်မြုပ်တော့မည့်ဆဲဆဲ ရှိလေ၏။

ထိုအချိန်မှာ နေဝင်စပြုပြီဖြစ်၍ မိုးကလည်းသဲပြန်၊ လေကလည်း ပြင်းထန်စွာ တိုက်ခတ်လျက်ရှိပြန်ဖြစ်ရကား၊ လျှပ်ပြက်လိုက်သောအခါများ၌ ထိုမှ ဤမှပြေးလွှားလျက်ရှိကုန်သော လှေသားများကို မြင်ရလေ၏။ ထိုကဲ့သို့ရှိစဉ် မိုးကြိုးထစ်သံကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးတစ်ခုကို ကြားလိုက်ရပြီးနောက် လှေရွက်တိုင်အပေါ်တည့်တည့်တွင် ဝင်းခနဲ မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရွက်တိုင်အဖျားသည် ပြတ်၍ လေထဲတွင်ပါသွားပြီးလျှင် လှေ၏လက်ဝဲဘက်ပဲ့တွင်လည်း မိုးကြိုးပစ်လိုက်သော အပေါက်မှ ရေဝင်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ လှေသူကြီးလုပ်သူမှာ စိတ်ကိုလုံးလုံး လျှော့လိုက်ပြီဖြစ်၍ ငယ်သားများအား မည်သည့်ပစ္စည်းကိုမျှ ခင်တွယ်၍မနေဘဲ မိမိကိုယ်ကိုမိမိ အားပြုလျက် ကိုယ်လွတ်ရုန်းရန်အကြောင်း၊ ကမ်းခြေမှာလည်း များစွာမကွာဝေးလှသဖြင့် ရေကူးကျင်လည်သောသူများ ဖြစ်ကြသည့်အတိုင်း စိတ်ကိုမလျှော့ဘဲ ကမ်းသို့ရောက်အောင် ကူးခတ်ရန်အကြောင်း၊ ယောကျာ်းတို့မည်သည် ဘေးဥပါဒ်အန္တရာယ်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြုံရသောအခါ အသက်သေဆုံးသည့်တိုင်အောင် စိတ်ကိုမလျှော့ရန် အကြောင်းများဖြင့် အမျိုးမျိုး ပြောဆိုအားပေးပြီးသော် လှေကြုံစီး မောင်နှမနှစ်ယောက်ဘက်သို့ လှည့်၍ "တယ်ပြီး ကံဆိုးတဲ့ မောင်နှမနှစ်ယောက်ကွယ်၊ မင်းတို့ပါတဲ့ အခေါက်မှ ဒီလိုဖြစ်ရတယ်ဆိုတာ ကျုပ်ဖြင့်ဝမ်းနည်းလို့ပဲ မပြီးနိုင်ဘူးကွယ်။ ခုမှဖြင့် မောင်သိန်းတန်၊ မောင်တို့အထည်အလိပ်တွေ တပ်မက်ပြီးမနေနဲ့တော့၊ ကိုယ်လွတ်သာ ရုန်းကြပေတော့ဟေ့။ သြော် ... မောင်သိန်းတန်အတွက်က တော့ ကိစ္စမရှိလှပေဘူး။ မသိန်းဟန်ကလေးအတွက်က ခက်သေးတယ်။

http://www.cherrythitsar.org



အလို … ဘုရား … ဘုရား။ မဖြစ်ဘူးဟော့။ နစ်ပြီ … နစ်ပြီ၊ ခုန်ချ … ခုန်ချ”

လှေနစ်မြုပ်သွားပြီးသည့်နောက် အတန်ကြာသောအခါ လှေသူကြီး ဦးအောင်မြို့သည် ရွက်တိုင်ကြိုးတစ်ခုကို ရသဖြင့် မိမိကိုယ်ကို ဖေါ်ကာ ကမ်းခြေသို့ကူးခတ်လျက်ရှိလေရာ မိမိ၏အနီးတွင် လူတစ်ယောက် ပေါ်၍ လာသည်နှင့် ဆံပင်ကို လှမ်း၍ဆွဲလိုက်လေ၏။ ထိုသူမှာ နစ်တော့မည့် ဆဲဆဲရှိနေသဖြင့် မိမိအား ကယ်ဆယ်သူကို ကြောက်အားနှင့် အားကုန်ဖမ်းလိုက်လေရာ လှေသူကြီးမှာ မိမိကိုယ်ကို မဟန်နိုင်ဘဲ နှစ်ဦးစလုံးပင် နစ်မြုပ်၍သွားလေ၏။ သို့သော်လည်း ဦးအောင်မြို့မှာ ရေကူးတွင်များစွာ ကျင်လည်လှသည်လည်း တစ်ကြောင်း၊ ရေမှာလည်း လွန်စွာမနက်လှသဖြင့် တစ်ဖန်အားယူ၍ ကမ်းဆီသို့ ကူးခတ်ပြန်လေရာ မကြာမီကမ်းသို့ ရောက်လာ၍ မိမိကယ်ဆယ်သူမှာ အခြားမဟုတ် မသိန်းဟန်ဖြစ်ကြောင်းကို တွေ့ရလေ၏။

ထိုအခါ မသိန်းဟန်သည် သတိမေ့လျော့၍ နေရှာသည်ဖြစ်၍ ဦးအောင်မြို့မှာ မိမိ၏သမီးအရင်းကလေးကဲ့သို့ ယုယပိုက်ထွေးကာ မီးဖိုပေးခြင်း၊ အသက်ရှူနိုင်ရန် ခြေလက်များကို နှိမ့်တုံ့မြင့်တုံ့ ပြုလုပ်ခြင်း၊ နှာမှုတ်ခြင်း၊ ရေများကို အန်အောင် ပြုလုပ်ခြင်းစသည်တို့ကို ပြုလုပ်ရှာလေရာ မသိန်းဟန်မှာ မကြာမီပင် ကောင်းစွာသတိရ၍ လာပေ၏။ ထိုအခါ မသိန်းဟန်က ငိုယိုလျက် ဦးအောင်မြို့၏ ခြေကိုဖက်ကာ –

“ဖေဖေ ကယ်ပေလို့သာ ကျွန်မချမ်းသာရာ ရပေတော့တယ်ရှင်၊ ဖေဖေ့ကျေးဇူးဟာဖြင့် ဒီတစ်သက်မှာ မပြောနဲ့ဦး၊ နောက်ဘဝတောင် ဆပ်ရင်ကျေနိုင်မယ် မဟုတ်ဘူး၊ ဩော် … ဒါနဲ့ မောင်ကြီးတစ်ယောက်ဖြင့် ဆုံးရှာပြီထင်ပါရဲ့ ဖေဖေရယ်”

“မပြောတတ်ဘူး သမီးရယ်၊ အဖေကမ်းကိုရောက်ခါနီးမှာ သမီးကို အဆင်သင့်တွေ့တာနဲ့ ဆံပင်ကိုလှမ်းပြီးဆွဲလိုက်တာပဲ၊ မငိုပါနဲ့သမီးရယ် တိတ်ပါ၊ သူလည်း ရေကူးအကျင်လည်သားပဲ မနစ်နိုင်ပါဘူး။ တံငါလှေကလေးတွေလည်း ဒီအခါမှာ ရှိပါတယ်။ မနက်ကြတော့ ထောက်လှမ်းကြည့်ကြတာပေါ့”

http://www.cherrythitsar.org



“ဒီလောက်လှိုင်းတွေ လေတွေကြားမှာ ကမ်းရောက်အောင် ကူးနိုင်ရှာမယ်မထင်ပါဘူး ဖေဖေရယ်’

“အို ... ဒါတော့ သူ့ကံနဲ့ သူ့ကြောင်းတရားပေါ့ကွယ်။ သေကံမရောက် သက်မပျောက်တဲ့။ မသေနိုင်ပါဘူး၊ မီးသာလှုံပါ၊ အဝတ်ကလေးတွေ ခြောက်အောင် ...”

“ရွာကလည်း အင်မတန် ဝေးတယ်ထင်ပါရဲ့ ဖေဖေရယ်”

“ဝေးလှမယ် မထင်ပါဘူး သမီးရယ်။ အမောပြေတော့ သွားကြတာပေါ့။ ဟိုရှေ့က မီးကလေးလက်လက်တော့ မြင်တယ်။ တဲတစ်တဲနဲ့ တူပါရဲ့”

ထိုအချိန်၌ကား မိုးစဲပြီဖြစ်၍ လရောင်ကလေးသည် ဆိတ်ငြိမ်သော ရေပြင်ပေါ်တွင် ကျရောက်ကာ အနီးရှိ တောတောင်များကို အရောင်ဟပ်လျက် ရှိလေ၏။ ဦးအောင်မြို့သည် သစ်ရွက်ခြောက်များနှင့် ထင်းအနည်းငယ်ကို စုဆောင်းကာမီးဖိုလျက် မသိန်းဟန်၏ အဝတ်များ ကောင်းမွန်စွာ ခြောက်သည့်တိုင်အောင် မီးလှုံစေပြီးသော် အဝေးမှမီးလက်လက်မြင်သော နေရာသို့ တဖြည်းဖြည်း လျှောက်၍လာကြရာ မကြာမီ တံငါတဲကလေးတစ်ခုသို့ ရောက်လာကြလေ၏။ ထိုတဲ၌ကား တံငါသည် လင်မယားနှင့် သမီးကလေးတစ်ယောက် နေထိုင်ကြသဖြင့် ဦးအောင်မြို့လည်း မိမိတို့မှာ လှေမှောက်၍ အားကိုးရာမဲ့ဒုက္ခသည်များဖြစ်သဖြင့် ဤတဲတွင် တစ်ညဉ့်မျှ တည်းခိုပါရမည့်အကြောင်းဖြင့် ပြောဆိုလေရာ၊ တံငါသည် လင်မယားမှာ စိတ်သဘောထားကောင်းသူများဖြစ်ကြသည့်အတိုင်း ဆင်းရဲသည်မှန်သော်လည်း ဦးအောင်မြို့နှင့် မသိန်းဟန်တို့အား သူတို့မှာရှိသ၍ ထမင်းဟင်းအကျန်များကျွေးမွေးခြင်း၊ အိပ်ရာနေခင်းများကိုပေးခြင်း၊ ခြောက်သွေ့သောအဝတ်များကို လဲလှယ်စေခြင်း စသည်ဖြင့် အိမ်ရှင်တို့ဝတ္တရားအတိုင်း ကောင်းမွန်စွာပြုစုရှာလေသည်။ မသိန်းဟန်သည် မီးလင်းဖိုကလေးအနီး အဝတ်စုတ်များဖြင့် ခင်းထားသော အိပ်ရာလေးပေါ်တွင် အိပ်ကာ မိမိအသက်အားကယ်သူ လှေသူကြီး ဦးအောင်မြို့အားလည်းကောင်း၊ မိမိအား ကောင်းမွန်စွာ ပြုစုရှာပေးသူ၊ တံငါသည် သားအမိ ၃ ယောက်တို့အားလည်းကောင်း စိတ်ထဲတွင် အတိုင်းမသိအောင် ကျေးဇူးတင်လျက် “ဩော် ... မောင်ကြီးတစ်ယောက်ဖြင့် ချမ်းသာပါစေဆိုတာ

http://www.cherrythitsar.org



ဆုတောင်းရတော့တာပဲ၊ ငါ့မှာဖြင့် သူတော်ကောင်းနတ်ကောင်းမဆိုတာလို သူတော်ကောင်းနဲ့ချည်းတွေ့ရတာပဲ။ တံငါသည် လင်မယားကြည့်လိုက်ရ ပြန်လည်း ဆင်းရဲလိုက်တာနော်။ အိပ်ရာတောင် ကောင်းကောင်းခင်းစရာ မရှိရှာဘူး။ ဆင်းရဲတာတောင် ဟိုဟာလေး စားလိုက်ပါဦး။ ဒီဟာလေး စားလိုက်ပါဦးနဲ့။ လောကွတ်ကောင်းလိုက်ကြတာ" စသည်ဖြင့် မိမိ၏ အဖြစ်အပျက်များကို ပြန်လှန်တွေးတောကာ မကြာမီပင် အိပ်ပျော်၍သွားရှာလေ၏။

ထိုမောင်နှမနှစ်ယောက်အကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေသေးသည်ဖြစ်ရာ၊ ၎င်းတို့မှာ အောက်ပုသိမ်မြို့ဇာတိ ဖြစ်ကြ၍ အထက်မြစ်ရိုးတစ်လျှောက်တွင် ကုန်များကို အစုန်အဆန် တင်ပို့ရောင်း ဝယ်နေသူ လှေသူကြီးတစ်ဦး၏ သားသမီးများ ဖြစ်ကြလေသည်။ မိဘနှစ်ပါး သေဆုံးကြပြီးနောက် ဥစ္စာပစ္စည်းများမှာလည်း လျော့ပါးပျက်စီးလျက် ရှိရကား မောင်သိန်းတန်မှာ ကျောင်းထွက်ပြီးသော် မိမိဖခင်၏ခြေရာကို နင်းမည်ဟု အစိုးရအမှုထမ်းအလုပ်၌ စိတ်ပါသူမဟုတ်ရကား၊ မိမိတို့ လှေပိုင်ဖြင့် သွားလာနိုင်သော်လည်း သူတစ်ပါး၏ လှေများကို ငှားရမ်း၍ အောက်မြို့ကျေးရွာများမှ ကုန်များကို တင်ဆောင်ပြီးလျှင် အထက်မြစ်ရိုး တစ်လျှောက်တွင် ရောင်းချခြင်း အထက်က ကုန်များကို တစ်ဖန်ပြန်၍ တင်ပြီးလျှင် အောက်ရွာများတွင် ရောင်းချခြင်းဖြင့် လူးလာတုံ့ပြန် သွားလာ ရောင်းဝယ်လျက်နေသူဖြစ်လေ၏။ အသက်အရွယ်မှာ ၂၀ ကျော်ကျော်မျှသာ ရှိသေးသော်လည်း အရောင်းအဝယ် အပြောအဆိုမှစ၍ များစွာ လည်ဝယ်သူ ဖြစ်ရကား၊ ၎င်းနှင့် သိကျွမ်းသူမှန်သမျှတို့မှာ မောင်သိန်းတန်အား မချစ်သူဟူ၍ မရှိသလောက်ပင် ရှိလေ၏။

ဤကဲ့သို့ ကုန်ရောင်းကုန်ဝယ် ခရီးသွားလာသောအခါများ၌ မသိန်းဟန်မှာ မိမိမောင်နှင့်အတူ အစဉ်မပြတ် လိုက်ပါတတ်သဖြင့် တစ်ခါတစ်ရံ မောင်သိန်းတန်က "ဟန်ရယ် ကိုကိုသွားတဲ့အခါ အလကား ဒုက္ခခံပြီး လိုက်မလာပါနဲ့။ အိမ်မှာလည်း လူတွေအရှိသားပဲ နေရစ်တာပေါ့"ဟု ပြောဆိုသောအခါ မသိန်းဟန်သည် ငိုယိုလျက်

"မနေချင်ဘူး မောင်ကြီးရယ်၊ မောင်ကြီး မရှိရင် ဟန် နေလို့ကို မဖြစ်ဘူး။ ပြီးတော့လည်း လမ်းမှာ အနေအထိုင် အသွားအလာ အစား

http://www.cherrythitsar.org



အသောက်မှစပြီး၊ ဟန် မပါရင် မောင်ကြီး ဆင်းရဲလိမ့်မယ်။ ဒီတော့ ဒီမောင် နှမနှစ်ယောက်ဟာ ဘယ်ခွဲလို့ဖြစ် နိုင်ပါ့မလဲ မောင်ကြီးရယ်။ သေလည်း အတူ ရှင်လည်း အတူတူပေါ့" စသည်ဖြင့် သနားဖွယ်ရာ ပြောဆိုလေ့ရှိ သောကြောင့် မောင်သိန်းတန်မှာ မိမိနှမငယ်အား ခရီးသွားတိုင်းလိုလိုပင် ခေါ်သွားတတ်လေ၏။

မောင်သိန်းတန်နှင့် မသိန်းဟန်တို့မှာ အမြွှာမွေးဖြစ်ရကား၊ ၄င်းတို့ မှာ ကိုယ်အမူအရာ နှုတ်အမူအရာ၊ မျက်နှာနေပုံ၊ စကားပြောပုံ၊ သွားပုံ လာပုံမှစ၍ အစစအရာရာ၌ လွန်စွာပင် တူလှပေသည်ဖြစ်ရာ တစ်ဦးနှင့် တစ်ဦး မည်မျှလောက်တူပါသနည်းဆိုလျှင် အကယ်၍ မောင်သိန်းတန် အား မိန်းမကလေးကဲ့သို့ ဝတ်ဆင်ထားမည်ဆိုက မောင်သိန်းတန်နှင့်ရွေး၍ ရမည် မဟုတ်ချေ။

ဤအသက်အရွယ်သို့တိုင်လျှင် အခြားသော ယောကျ်ားပျို ကလေးများမှာ သားမယားပင် မယူသေးသော်လည်း လူငယ်တို့ဘာဝ ရည်းစားသနာ ရှိကြစမြဲ ဖြစ်သော်လည်း မောင်သိန်းတန်မှာ ရည်းစားရှိမည် ဝေးစွ၊ ရည်းစားထားခြင်း၏ အဓိပ္ပာယ်ကိုမျှ ကောင်းစွာ မရိပ်မိသေးဘဲ ရှိလေရာ၊ နှမဖြစ်သူ မသိန်းဟန်မှာလည်း မိမိ၏မောင် မောင်သိန်းတန် ကဲ့သို့ပင် ဤအရာမျိုးတွင် နားမလည်သေးသူ ဖြစ်လေ၏။ တစ်ခါတစ်ရံ မောင်သိန်းတန်သည် မိမိ၏ သူငယ်ချင်းများမှာ ကိုယ်စီကိုယ်င သားမယား ယူကာ 'လူတစ်လုံး' လုပ်၍ နေကြသည်ကို မြင်သဖြင့် အားကျသလိုလို ရှိသော်လည်း သားမယားကို ယူလိုက်ချေက နှမကလေးမသိန်းဟန်မှာ အနေအထိုင် အသွားအလာမှစ၍ ယခုကဲ့သို့ မချောင်ချိဘဲ အကယ်၍ ယောင်းမနှင့် မတည့်ပြန်က သာ၍ပင် ဒုက္ခရောက်ချေတော့မည်ဟု အောက် မေ့မိလေ၏။ ထို့အတူ မသိန်းဟန်သည်လည်း မိမိနှင့် ကျောင်းနေဘက် သူငယ်ချင်းများမှာ ယောကျ်ားသနာဟူ၍ ယခုအချိန်၌ သားတစ်ယောက်စီ ရလျက် ရှိကြကြောင်းကို တွေ့မြင်ရသောအခါ မိန်းကလေးတို့ဓမ္မတာ၊ အားကျသလိုလို ရှိသော်လည်း ယောကျ်ားယူလိုက်ချေက ယခုကဲ့သို့ ချစ် လှစွာသော မောင်ကိုပြုစုကျွေးမွေး၍ လွတ်လပ်စွာ နေနိုင်တော့မည် မဟုတ် သည့်ပြင် အကယ်၍ မိမိ၏ လင်ယောကျ်ားသည် မောင်သိန်းတန်နှင့် မသင့် မြတ်ပါက သာ၍ပင် ဒုက္ခရောက်ချေတော့မည်ဟု စိတ်ကူးမိပြန်သဖြင့်

http://www.cherrythitsar.org



ထိုမောင်နှမနှစ်ယောက်တို့၏ ချစ်ခြင်းမေတ္တာနှင့်တူသော ပန်းသည် ပွင့်စမပြုသေးသကဲ့သို့ မောင်သိန်းတန်၊ မသိန်းဟန် အမြွှာမောင်နှမမှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ သွားပုံလာပုံ တူရုံမျှမက စိတ်သဘောထားမှာပင် ခွဲခြား၍ မရနိုင်အောင် တူလှပေ၏။

ယခုအခေါက်၌မူ မောင်သိန်းတန်မှာ ပြည်မြို့မှ ဆန်နှင့်ငါးပိများကိုဝယ်၍ တင်ပြီးသော် ပခုက္ကူ–မြင်းခြံ–ညောင်ဦးစသော မြို့များ၌ ရောင်းချပြီးနောက် ကုန်များတွင် ရောင်းချပြီးသည်နှင့် မန္တလေးမြို့သို့ လာရောက်ခဲ့လေရာ၊ ယခင်အပတ်များက မန္တလေးမြို့မှ အထက်သို့မတက်ဘဲ အောက်သို့ ပြန်၍ စုန်စမြဲဖြစ်သော်လည်း ယခုအပတ်၌ အထက်တကောင်းမြို့တွင် ကုန်ရောင်းကုန်ဝယ် ကောင်းလှသည်။ သတင်းအရနှင့် ခရီးစရိတ်ပင် ကျေစေတော့ဟု မန္တလေးမြို့မှ မြောက်ပြင်ပုဆိုးများကို အနည်းငယ် ဝယ်ယူခဲ့ပြီးလျှင် တကောင်းမြို့သို့အသွားတွင် ဤကံဆိုးလှသော မောင်နှမနှစ်ယောက်တို့မှာ လိုရာသို့မရောက်ဘဲ လှေပျက်ခဲ့ရခြင်း ဖြစ်လေသည်။

နံနက်လင်းသော် မသိန်းဟန်လည်း လှေသူကြီး ဦးအောင်မြို့နှင့်အတူ တံငါသည်လင်မယားအား နှုတ်ဆက်၍ ထွက်ခဲ့ကြပြီးလျှင် အနီးရှိ တံငါသည်များနှင့်တကွ ရွာစဉ်တစ်လျှောက်တွင် မိမိ၏မောင် မောင်သိန်းတန်အကြောင်းကို လိုက်လံရှာဖွေမေးမြန်းကြသော်လည်း အနည်းငယ်မျှ သတင်း အစအန မရသည်နှင့် စိတ်ပျက်လျက်ရှိကြကုန်၏။ မသိန်းဟန်တို့တည်းခိုနေထိုင်ခဲ့သော တံငါတဲမှာ သပိတ်ကျင်းမြို့နှင့် ခရီးမိုင်ခန့်မျှသာကွာဝေးလေရာ လှေသူကြီးဦးအောင်မြို့လည်း မသိန်းဟန်အား လမ်းတွင်အမျိုးမျိုး အားပေးစကားပြောကာ သပိတ်ကျင်းမြို့သို့ ခေါ်ကျင်လျှောက်ခဲ့ကြရလေ၏။ ဦးအောင်မြို့မှာ သပိတ်ကျင်းမြို့၌ မိမိနှင့်အသိ ပွဲစားတစ်ဦးရှိသဖြင့် ထိုသူအား အားထားပြီးလျှင်လာခဲ့လေရာ မသိန်းဟန်က "ဒါဖြင့်အဖေဟာ သပိတ်ကျင်းမှာပဲ တစ်လ ကိုးသတင်း နေဦးမှာပေါ့လေ၊ ကျွန်မဖြင့် မနေနိုင်ပေဘူးရှင်၊ မန္တလေးကိုပဲ ပြန်ချင်တယ်"

"ဒီဟာတော့ သမီးသဘောပေါ့။ မန္တလေးမှာ အသိအကျွမ်းများရှိလို့လား"

"အသိအကျွမ်းတော့ မရှိပါဘူးရှင်။ နို့ပေမဲ့ မြို့ကြီးပြကြီးဆိုတော့ အစားအသောက် အနေအထိုင်မှစ၍ ချောင်ချိတာပေါ့အဖေရယ်"

http://www.cherrythitsar.org



"ငါ့သမီးက နုကနုနယ်သနဲ့ကွယ်။ ပြီးတော့လည်း အပျိုအရွယ် ကလေး ဖြစ်ပြန်ဆိုတော့ အလုပ်အကိုင်ဆိုပေမဲ့ နေရာတိုင်းမှာ လုပ်လို့ မတော်ပေဘူးကွယ့်"

ဤကဲ့သို့ စကားတပြောပြောနှင့်ပင် အတန်ကြာလတ်သော် သပိတ်ကျင်းမြို့သို့ ရောက်လာခဲ့ကြလေရာ ဦးအောင်မြို့၏မိတ်ဆွေဖြစ်သူ ပွဲစားနှင့်ပင် အခန့်သင့် တွေ့ရလေ၏။ ထိုသူလည်း ဦးအောင်မြို့တို့၏ အကြောင်းကို ကြားလေသည်။ မသိန်းဟန်အား များစွာကရုဏာသက် လျက် အိမ်တွင် အလိုရှိသလောက် စားသောက် နေထိုင်ရန် ပြောလေရာ ၂ ရက် ၃ ရက်မျှ ကြာလတ်သော် မသိန်းဟန်မှာ လိမ္မာသော မိန်းကလေး တစ်ယောက် ဖြစ်သည့်အတိုင်း ပွဲစားကတော်အား ထမင်းဟင်းချက်ပြုတ် ရေး၌လည်းကောင်း၊ အိမ်ထောင်သိမ်းဆည်းမှုများ၌လည်းကောင်း၊ စိတ် ရောကိုယ်ပါ ကူညီလုပ်ကိုင်လျက် ပွဲစားလင်မယားမှာ မသိန်းဟန်အပေါ် မှာ သမီးအရင်းကဲ့သို့ မှတ်ထင်လျက် ရှိကြကုန်၏။ ဤကဲ့သို့ တစ်သီတင်း ခန့်မျှကြာလေသော် မသိန်းဟန်မှာ ချမ်းသာစွာ စားသောက်နေထိုင်ရသော် လည်း မောင်သိန်းတန်အတွက် စိတ်မချမ်းသာနိုင်ဘဲ ရှိရှာလေ၏။ မောင် သိန်းတန်သည် အကယ်၍ မိမိ၏မျက်စိအောက်တွင် သေဆုံးသွားခဲ့ပါမူ ဤမျှလောက် ပူပန်ရမည်မဟုတ်။ ယခုမှာကား မောင်သိန်းတန်သည် လှေ ပျက်ရာတွင်ပင် သေဆုံးလေပြီလော၊ သို့မဟုတ် မိမိကဲ့သို့ပင် တစ်နေရာရာ ၌ အသက်ရှင်လျက် ရှိလေသလော စသည်ဖြင့် အဘယ်အခါမှ မခွဲခဲ့ဘူး သော မောင်အတွက် စိတ်မအေးနိုင်ဘဲ ရှိရကား၊ လက်ထဲတွင် ငွေကြေး အနည်းငယ် စုဆောင်းရရှိသောအခါ၌ အမြို့မြို့သို့သွားရောက်ခါ မောင် သိန်းတန်အား ရှာဖွေမည်ဟု အောက်မေ့မိလေ၏။

တစ်နေ့သ၌ မသိန်းဟန်သည် ထမင်းစားပြီးစ ဖြစ်သည်နှင့် အိမ် ရှေ့ခန်းတွင်း ထိုင်ကာ သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိရာ တစ်ခု သော နေရာသို့ရောက်လျှင် ထိုစာကြောင်းများကို ၂ ခေါက် ၃ ခေါက်မျှ ပြန်လှန်ဖတ်ရှုလျက် ၄င်းကြော်ငြာကို ကတ်ကြေးဖြင့် ညှပ်ယူ၍ အိတ်တွင်း သို့ ထည့်ထားလိုက်လေ၏။ ထိုနေ့၌ ဦးအောင်မြို့သည် တကောင်းမြို့သို့ သွားရမည်ဖြစ်၍ မသိန်းဟန်အား "သမီး ဘာမှိုင် မှိုင်ပြီး စဉ်းစားနေသလဲ ကွယ့်။ ဒီအိမ်မှာ နေရတာ မပျော်လို့လား"

http://www.cherrythitsar.org



"ပျော်ပါတယ်အဖေရယ်၊ နို့ပေမဲ့ ကျွန်မမောင်ကြီးအတွက် စိတ်မကောင်းတာ တစ်ခုပါပဲ။ အဖေ တကောင်းကို သွားတော့မယ်ဆို"

"အေးကွယ် သွားရလိမ့်ဦးမယ်၊ အဖေရှိပေမဲ့ ဘာအားငယ်စရာရှိသလဲ သမီးရယ်၊ သူတို့လည်း ကောင်းရှာပေသားပဲ"

"ကောင်းရှာပါတယ် အဖေရယ်၊ နို့ပေမဲ့ သူတို့အိမ်မှာ စားသောက်လာလိုက်တာ ရက်လည်း အတော်ကြာပြီ အဖေရဲ့။ ဒီတော့ ကျွန်မက အင်မတန် အားနာတတ်တယ်။ သူတို့ထမင်းကိုလည်း ကြာကြာစားပြီး မနေချင်ဘူး။ ပြီးတော့လည်း မောင်ကြီးကို မတွေ့တွေ့အောင် ရှာချင်တဲ့ စိတ်က ကျွန်မ စိတ်ထဲမှာ အမြဲစွဲပြီးနေတာပါပဲရှင်။ ဒီတစ်သက်မှာတော့ သေပဲ သေပြီလား၊ ရှင်ပဲရှင်ပြီလားဆိုတာ သေသေချာချာ မသိရသမျှတော့ ကျွန်မ ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူးရှင်၊ ဒီတော့ သည်နေရာမှာ မြဲအောင် မနေနိုင်သေးဘူးရှင်။ ကျွန်မလည်း မကြာခင် သွားရလိမ့်မယ်ထင်တယ်"

ဦးအောင်မြို့လည်း မိမိ၏ အိတ်ထဲမှ ငွေစက္ကူ ၁၀ တန် ၅ ချပ်ကို လက်ဖြင့်ကိုင်ကာ

"ဒီငွေဟာ အဖေ့မှာရှိတဲ့ငွေကို တစ်ဝက်ခွဲပြီး သမီးကို ပေးတာပဲ။ သွားတာတော့ ဟုတ်ပါရဲ့ သမီးရယ်၊ အပျိုအရွယ်ကလေးဆိုတော့ ကိုယ့်ကို ကိုယ်သာ အုပ်ထိန်းပြီး အပြောအဆို အသွားအလာမှစ၍ ဆင်ခြင်ပေတော့ သမီးရယ်။ အဖေလည်း သမီးကို စောင့်ရှောက်ပြီး တစ်သက်လုံး နေမပေးနိုင်သေးဘူးနော်" ဟု ငွေကိုပေးလေရာ မသိန်းဟန်မှာ သူတစ်ပါး၏ငွေကို မယူလိုသော်လည်း ဦးအောင်မြို့က အတင်းအကြပ်ပေးသည်လည်းတစ်ကြောင်း၊ မိမိမှာလည်း အသုံးလိုသည့်အခါနှင့် ကြုံကြိုက်လျက်ရှိရကား၊ ယူ၍ထားလိုက်လေ၏။ ဦးအောင်မြို့လည်း ပွဲစားနှင့် ပွဲစားကတော်များအား မသိန်းဟန်အတွက် စိတ်မချနိုင်သဖြင့် အတန်တန်မှာ ထားပြီးသော် ထိုနေ့ပင် တကောင်းမြို့သို့ ထွက်သွားလေ၏။ ထိုနေ့တစ်နေ့လုံး မသိန်းဟန်သည် သတင်းစာတစ်စောင်တွင် တွေ့ရှိရသော ကြော်ငြာ စာရွက်ကလေးကို အိတ်ထဲမှ မကြာမကြာ ထုတ်၍ကြည့်ကာ "သြော် ... ဦးအောင်မြို့ ဦးအောင်မြို့ ငါ့အပေါ်မှာ အင်မတန်ကောင်းပါပေတယ်နော်၊ ဒီက ပွဲစားနဲ့ ပွဲစားကတော်ကလည်း ကိုယ့်အပေါ်မှာ သမီးအရင်းလို ချစ်လည်း

http://www.cherrythitsar.org



ချစ်ရှာကြပါပေတယ်။ သူတို့ကလည်း မပျော် ပျော်အောင် ဂရုစိုက်ရှာကြ။ နို့ပေမဲ့ ကိုယ့်စိတ်ကိုက အငြိမ်မနေနိုင်သေးဘူး။ ဟိုမြို့သွားချင်သလို၊ ဒီမြို့ သွားချင်သလို ဖြစ်ပြီးနေတုံး၊ ဒီကြော်ငြာကလေး တွေ့ရတော့ ရေငတ်တုန်း ရေတွင်းထဲကျဆိုတာလို သွားရရင်တော့ နေရာကျမှာပဲ။ အင်း ... နေဦး။ စဉ်းစားဖို့ တစ်ချက်ကတော့ ဒီပွဲစားနှင့်ပွဲစားကတော်ဟာ ငါ့အပေါ်မှာ သမီး အရင်းမက ချစ်နေလေတော့ အသာအကြည့် ခွင့်တောင်းလို့တော့ရမှာ မဟုတ်ဘူး၊ တိတ်တိတ်သွားမှပဲ တော်မယ်" ဟု ကြံစည်အောက်မေ့ကာ မသိန်းဟန်မှာ နံနက်စောစောတိုင်း အိပ်ရာမှထ၍ ဆွမ်းချက်စမြဲ ဖြစ်သဖြင့် ပွဲစားနှင့်ပွဲကတော်အား မိမိအပေါ်တွင် စောင့်ရှောက်ကြည့်ရှုသည့်အတွက် အထူးကျေးဇူးတင်ကြောင်း၊ ယခုအိမ်မှထွက်၍ သွားရခြင်းမှာလည်း မိမိ၏ ပျောက်ဆုံးနေသောမောင်ကို ရှာဖွေရန်ဖြစ်သည့်ပြင် ဤကဲ့သို့နှုတ်အားဖြင့် အခွင့်မပန်ဘဲ ထွက်သွားခြင်းသည် ရိုင်းရာပင်ကျသော်လည်း မလွှဲမကင်း သာ၍ ပြုလုပ်ရခြင်းဖြစ်သည့်ပြင် မိမိအားလည်း ဒုက္ခခံ၍ လိုက်လံရှာဖွေ ခြင်းကို မပြုရန်အကြောင်းများကို စာတစ်စောင်ရေးသား၍ အိပ်ရာခန်း မှန်တင်ခုံပေါ်တွင် တင်၍ထားခဲ့ပြီးသော် လွယ်အိတ်ကလေးတစ်လုံးကို လွယ်ကာ၊ အိမ်မှထွက်ခဲ့၍ မြစ်ဆိပ်သို့ ရောက်ခဲ့လေ၏။ မြစ်ဆိပ်သို့ရောက် လျှင် မန္တလေးသွား အစုန်သင်္ဘောကို ရှာဖွေမေးမြန်းပြီးသော် သင်္ဘောပေါ် သို့တက်၍ ဒုတိယတန်းအခန်းတစ်ခုကို ယူပြီးနောက် စိတ်ပမ်းကိုယ်ပမ်း ရှိသည်နှင့် အိပ်ရာပေါ်တွင် ပစ်လှဲလိုက်ရာ တစ်ခါတည်း အိပ်ပျော်ခြင်းသို့ ဆိုက်ရောက်လေ၏။

မန္တလေးမြို့ မင်္ဂလာဈေးရပ်တွင် နေထိုင်သော အမိန့်တော်ရ မောင်မောင်တင်သည် ဆေးပြင်းလိပ်ကို ခပ်မှန်မှန်ရှူရှိုက်၍ "ဩော် ... သတင်းစာထဲမှာ ကိုယ်ထည့်ပြီးထားတဲ့ ကြော်ငြာလေးဟာလည်း ကနေ့ ရက်စိပြီးသွားလို့ မပါပေဘူး၊ လျှောက်တဲ့လူလည်း တယ်ပြီးတော့ မများလှ ပါဘူး။ ၇ ယောက်၊ ၈ ယောက်လောက် ရှိပါတယ်။ ဩော် ... သူ့ခမျာ များကလည်း ရှေ့နေက ကြော်ငြာတော့ ရှေ့နေစာရေးလုပ်ဖို့လို့ အောက်မေ့ ရှာကြတယ် ထင်ပါရဲ့။ ကိုယ်ကတော့ အိမ်မှာတိုင်ပင်ဖော် တိုင်ပင်ဘက်၊ တောက်တိုမယ်ရလည်း ခိုင်းရအောင် တိုးတိုးဖော်ပဲ ရစေတော့လို့ တစ်လ ကို ၄၀ ကျပ်လောက် ပေးပြီး စာရေးကလေးတစ်ယောက် ထားမယ်လို့

http://www.cherrythitsar.org



အောက်မေ့မိပါတယ်။ အခုလာတဲ့ လျှောက်လွှာတွေဟာဖြင့် ဘယ်ဟာမှ ကို တယ်ပြီး သဘောမကျသေးဘူး”ဟု သူရိယသတင်းစာ တစ်စောင် ကိုကိုင်ကာ စဉ်းစားလျက်ရှိစဉ် တံခါးကို ခေါက်သံကြားသည်နှင့် အစေခံ အား “ဟေ့ … မောင်ဘိုးသာ တံခါးဖွင့်လိုက်စမ်းကွယ်”ဟု ပြောသည်နှင့် အစေခံဘိုးသာလည်း တံခါးကိုထ၍ဖွင့်ရာ၊ အသက် ၂၀ ခန့်ရှိ ရုပ်ရည်ချော မောသော သူငယ်တစ်ယောက်သည် အခန်းအတွင်းသို့ ဝင်လာလေ၏။

မောင်မောင်တင်လည်း စကားပြောသောအခါများ၌ မည်သူ့အား မဆို ဖော်ဖော်ရွေရွေ ပြောဆိုတတ်သည့်အလျောက် “မောင်က ဘာကိစ္စပါ လဲ မောင်၊ ဝတ်ပုံ စားပုံကြည့်ရတော့ဖြင့် အောက်သားခပ်ဆန်ဆန်ပဲ၊ မန္တလေးကတော့ဖြင့် မဟုတ်ဘူး မှတ်တယ်”

“မန္တလေးသား မဟုတ်ပါဘူးခင်ဗျာ။ နောင်တော်ထင်တဲ့အတိုင်း အောက်သားပါပဲ၊ ကျွန်တော်လာတဲ့ ကိစ္စကတော့ သူရိယသတင်းစာ ထဲမှာထည့်ပြီး ကြော်ငြာတာကိုတွေ့ရတာနဲ့၊ နောင်တော့်ဆီမှာ အလုပ် အကိုင်ကလေးများ ရလို့ရငြား လာခြင်းဖြစ်ပါတယ် နောင်တော် ခင်ဗျာ”

“သြော် … ကြော်ငြာစာတွေ့လို့ ဒီအလုပ်ကို လိုချင်တာနဲ့ လာ တယ်ဆိုပါတော့”

“မှန်ပါတယ် နောင်တော် ခင်ဗျာ”

အမိန့်တော်ရ မောင်မောင်တင်လည်း ဆေးပြင်းလိပ်ကို တစ်ဖန် မီးညှိကာ သောက်ရှုရင်း ထိုသူငယ်၏ နူးညံ့ပျော့ပျောင်းမှု၊ ကောင်းမွန်ပြေ ပြစ်သော ရုပ်လက္ခဏာတို့ကိုလည်းကောင်း၊ သူငယ်၏ သေးသွယ်နုနယ် သော ခြေလက်အင်္ဂါများကိုလည်းကောင်း၊ သိမ်မွေ့နူးညံ့သော ကိုယ်အမူ အရာ၊ နှုတ်အမူအရာတို့ကိုလည်းကောင်း စကားပြောရင်း အတန်ကြာ အောင် ကြည့်ရှုအကဲခတ်ပြီးလျှင် –

“အလုပ်ကတော့ မများလှပါဘူးမောင်ရယ်၊ ကျုပ်မှာ ရှေ့နေ စာရေးတွေလည်း ရှိပါတယ်။ ရုံးကိစ္စနဲ့ ပတ်သက်တာများကို မောင် လုပ် ဖို့မရှိပါဘူး။ အိမ်မှာပဲ အမြဲနေပြီး ကျုပ်က စာဘာအရေးခိုင်းရင် ရေးဖို့၊ ပြန်သင့်တဲ့စာ ပြန်ဖို့၊ တိုက် (Type) နဲ့ ကူးဖို့ရှိတာ ကူးဖို့၊ ဒီ့ပြင် တိုလီမိုလီ ကလေးတွေ လုပ်ဖို့ပေါ့ မောင်ရယ်၊ ဒီအလုပ်ကိုတောင် လျှောက်ထားတဲ့လူ ၄–၅ယောက် ရှိတယ် မောင်ရဲ့။ နို့ပေမဲ့ ကိုယ်က တစ်ယောက်မှ သဘော

http://www.cherrythitsar.org



မကျဘူး၊ မောင့်ကျတော့မှပဲ မျက်နှာမြင်လျှင် မြင်ခြင်းပဲ ဘာကြောင့်လည်း မသိဘူး၊ ကိုယ့်ညီအရင်းလို အောက်မေ့ပါတယ်ကွယ်။ ဒီဟာ မောင်သဘောကျရင်လည်း လုပ်ဖို့ပဲ။ လခကတော့ ၄၀ ကျပ်ရမယ်ကွယ့်။ ဘယ်နှယ့်လည်း လုပ်နိုင်ပါ့မလား"

"လုပ်ပါ့မယ်ခင်ဗျာ၊ ဒီအလုပ်ကို ကျွန်တော် လုပ်နိုင်ပါတယ်"

"မောင်က ဘယ်အရပ်ဇာတိလဲ၊ နာမည်က ဘယ်သူလဲကွယ့်"

"ကျွန်တော့်ဇာတိက ပြည်ကပါခင်ဗျာ၊ နာမည်ကတော့ မောင်သိန်းတန်ပါတဲ့"

"အင်း ... မောင်သိန်းတန် ... ဟုတ်လား။ နာမည်ကလေးကလည်း ကောင်း၊ ရုပ်ကလေးကလည်း ချော ... နေပါဦး၊ မောင်က မိဘနဲ့ စိတ်ဆိုးပြီး လာသလား"

"ကျွန်တော့်မှာ မိဘမရှိပါဘူးခင်ဗျာ။ နှမတစ်ယောက်သာ ရှိပါတယ်"

၄င်းနောက် မောင်သိန်းတန်လည်း မောင်မောင်တင်မေးသမျှ မေးခွန်းများကို ဖြေဆိုပြီးနောက် မိမိမှာ မိဘမရှိသဖြင့် ရောက်လိုရာ ရောက်ပေတော့ဟု ငွေကြေးအနည်းငယ်နှင့် မန္တလေးသို့ လာရောက်ခဲ့လေရာ ကြော်ငြာစာကို တွေ့၍ ကိုယ်တိုင်လာရောက် လျှောက်ထားခြင်းဖြစ်ကြောင်း၊ အလုပ်ဝတ္တရားများကိုလည်း ကြိုးစား၍ကျေပွန်အောင် လုပ်ကိုင်ဆောင်ရွက်ပါမည့်အကြောင်းဖြင့် ပြောဆိုကာ ရှိလေလျှင် မောင်မောင်တင်က –

"နေပါ ဦး ... မောင်သိန်းတန်ရဲ့။ မောင်အခုလာခဲ့တာ ပြည်ကပဲ တိုက်ရိုက်လာခဲ့သလား"

"မဟုတ်ပါဘူးခင်ဗျာ။ သပိတ်ကျင်းက လာခဲ့ပါတယ်"

"ဒါဖြင့် ဘယ်မှာတည်းသလဲ"

"ကျွန်တော် အာဠဝီလမ်းက ... ဟိုတယ်မှာ တည်းပါတယ်ခင်ဗျာ"

"ကိုင်း ... ဒါဖြင့် မောင့်ပစ္စည်းကလေးများကိုသာ ရွှေ့ပေတော့၊ ဟိုအနောက်ဖက်က အခန်းလေးဟာ ကျူပ်စာဟောင်းပေဟောင်းတွေထားတဲ့ အခန်းကလေးပဲ၊ မဖွင့်တာတောင်ကြာလှပြီ၊ ဖုန်တွေဖြင့် လက်လေး

http://www.cherrythitsar.org



သစ်ထက် နည်းမယ် မဟုတ်ဘူး။ ကဲ ... ကဲ ... ဘိုးသာဆီကသာ သော့ တောင်းပြီး အခန်းကို ရှင်းလင်းပြီး နေပေတော့"

"ကောင်းလှပါပြီခင်ဗျာ"

နောက်တစ်နေ့နံနက်စာ စားသောက်ကြပြီးနောက် မောင်မောင်တင်သည် ပက်လက်ကုလားထိုင်ပေါ်တွင် အညောင်းဆန့်ကာ ဆေးပြင်းလိပ်ကို ပါးစောင်တွင်ခဲလျက် သတင်းစာကြည့်နေရာမှ စားပွဲတစ်ခုတွင် လက်နှိပ်စက်ရိုက်နေသော မောင်သိန်းတန်အား မကြာမကြာ စောင်း၍ ကြည့်ကာ –

"ဒီသူငယ် ကြည့်ရတာ တယ်ပြီး မိန်းမလိုမိန်းမရှာ နိုင်ပါတယ်။ လုံချည်ဝတ်ထားတာကလည်း ခြေဖျားထိလို့၊ အခုလို ခေါင်းပေါင်းမပါဘဲ နောက်ကနေများ ကြည့်ရင် တကယ့်မိန်းမကလေးပဲ"ဟု စဉ်းစားရင်း "ဟေ့ ... မောင်သိန်းတန်"

ရိုသေလှသော အမူအရာဖြင့် "ဘာကိစ္စပါလဲ အမိန့်တော်ရမင်း ခင်ဗျာ"

ပြုံးရယ်လျက် "အမိန့်တော်ရမင်း မခေါ်စမ်းပါနဲ့ကွယ်၊ မနေ့ည က မင်း ခေါ်သလို ကိုကိုတင်ဆိုတာက သာပြီးကောင်းပါသေးတယ်"

ခေါင်းငုံ့လျက် "ဟုတ်ကဲ့ ခင်ဗျာ"

"ဘုံဘေကို စာရေးလိုက်ပြီလားဟေ့"

"ရေးလိုက်ပြီခင်ဗျ။ သတင်းစာကို နောက်ထပ် ၁ နှစ်ပို့ပါဦး။ မဂ္ဂဇင်းကိုတော့ ၆ လသာ စာရေးသွင်းထားပါ၊ ငွေလည်း ၂၅၀ ကျပ် လောက်ပဲ စာတိုက်က မန်နီအော်ဒါနဲ့ တင်လိုက်ပြီဆိုတဲ့အကြောင်းကို ရေး လိုက်တယ် ခင်ဗျာ"

မောင်မောင်တင်လည်း သတင်းစာကို ဖတ်မြဲဖတ်လျက် "အေး ကွယ် ရေးပြီးရင်လည်း စာတိုက်သွားပြီး ထည့်လိုက်တာပေါ့။ နေပူတယ် ဟေ့၊ ရထားစီးသွား" ဟု ဆိုကာ ဆေးလိပ်ငွေ့များကိုသာ ကြည့်ပြီးလျှင် တစ်စုံတစ်ခုသော အရာကို နက်နဲစွာ စိတ်ကူး၍ နေဘိသကဲ့သို့ နေလေ၏။

အမိန့်တော်ရ မောင်မောင်တင်မှာ အင်္ဂလိပ်ကျောင်းမှ အိုင်အေ အထက်တန်းကို အောင်မြင်ပြီးနောက် အစိုးရဘက်တွင် ခေတ္တမျှဝင်ရောက် ထမ်းဆောင်ခဲ့လေရာ၊ အမျိုးအနွယ်ကောင်းသဖြင့် ၅ နှစ်ကြာသော် မြို့အုပ်

http://www.cherrythitsar.org



၏ ရာထူးကို ရရှိခဲ့လေ၏။ သို့သော်လည်း ထိုရာထူးမှာ နာမည်ကြီး သလောက် အနှစ်အရသာမရှိဘဲ သူတစ်ပါးတို့၏ လခစားမည်သည်မှာ လွတ်လပ်စွာ နေထိုင်သွားလာရခြင်း မရှိဘဲ၊ မျက်နှာလို မျက်နှာရ အစိုးရ ကြီးများအား ရှိခိုး၊ ဒူးထောက်ပြုလုပ်သူများသာလျှင် ကြီးပွားထွန်းကားစမြဲ ဖြစ်ရကား မောင်မောင်တင်မှာ အမိအဖတို့၏ အမွေအနှစ် ဥစ္စာပစ္စည်းတို့ကို အတန်ငယ် ဆက်ခံရရှိသည်လည်းတစ်ကြောင်း၊ မိမိ၏အမိအဖများမှာ မြန်မာဘုရင်ရှိစဉ်က အမှုတော် ထမ်းဆောင်ခဲ့ဖူးသဖြင့် မဟုတ်လျှင် ဒုတိယ တန်း ရှေ့နေစာမေးပွဲကို အောင်မြင်ပြီးနောက် ရှေ့နေလုပ်ငန်းဖြင့် မန္တလေး မြို့တွင် အသက်မွေးခဲ့လေ၏။ ယင်းကဲ့သို့ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေး ခဲ့ပါသော်လည်း အများအားဖြင့် ရှေ့နေရှေ့ရပ်တို့မည်သည် အမှုမှန်သည် ဖြစ်စေ၊ မှားသည်ဖြစ်စေ ပိုက်ဆံကြေးငွေရခြင်းသာလျှင် ပဓာနဖြစ်သည်ဟု သဘောမထားဘဲ မမှန်ကန်ဘဲ၊ ဉာဏ်လီဆယ်၍ ပြုလုပ်သော 'ဆင်မှု' အမှားများ၌ တရားလိုဘက်မှ မည်မျှပင် အခကြေးငွေ ပေးကမ်းငှားရမ်းခြင်း ကို ပြုပါသော်လည်း အမှုကို လက်မခံဘဲ၊ ငြင်းဆန်သည်သာဖြစ်လျက် တစ်ခါတစ်ရံ ပိုက်ဆံကြေးငွေရှိသော သူတို့၏ ညှင်းပန်းနှိပ်စက်ခြင်းကို ခံရရှာသော၊ ဆင်းရဲနွမ်းပါးသူတို့အား ပိုက်ဆံကြေးငွေကို ပဓာနမပြု၊ တစ်ပြားတစ်ချပ်မှာ မရရှိပါဘဲလျက် မိမိကိုယ်တိုင် နှိပ်စက်ခြင်းကို ခံရ သည်ဟု ထင်မှတ်ကာ အစမှအဆုံးတိုင် လိုက်လံလျှောက်လဲခြင်းကို ပြု တတ်ပေ၏။ သို့ဖြစ်ရကား မောင်မောင်တင်မှာ မေတ္တာသက်သက် လိုက်ရ သော အမှုများကများပြီးလျှင် ပိုက်ဆံရသော အမှုက နည်းပါးလျက် ရှိရ ကား၊ ဝင်ငွေနည်းပါးလှသည်ဖြစ်သော်လည်း မိဘ၏အမွေအနှစ်ဖြစ်သော ပစ္စည်းဥစ္စာ၊ လယ်ယာချောင်းမြေတို့မှ မိမိသုံးစားလောက်အောင် ဝင်ငွေကို ရရှိသည်တစ်ကြောင်း၊ မိမိမှာလည်း သားမယားမရှိ၊ သုံးဖြုန်းမည့်သူလည်း မရှိသဖြင့် ရသမျှနှင့်ပင် ရောင့်ရဲတင်းတိမ်ကာ စိတ်တွင်အနည်းငယ်မျှ အနှောင့်အယှက်မရှိဘဲ လွတ်လပ်ငြိမ်းချမ်းစွာ နေထိုင်ခဲ့လေ၏။

မောင်မောင်တင်မှာ ရှေ့နေပင်ဖြစ်သော်လည်း များစွာသော အခြားရှေ့နေတို့ကဲ့သို့ မြို့အုပ်ဝန်ထောက် အရေးပိုင်စသော မင်းတို့ကို ပျူပျူငှာငှာ သွားလာ ဝင်ထွက်၍ ခယဝတ်တွားခြင်းကိုမပြု အမှုသည်များ အားလည်း ပလူးပလဲ လုပ်ခြင်းမရှိ၊ ဥစ္စာရှိသည် မရှိသည်ကို ပဓာနမပြု၊

http://www.cherrythitsar.org



ရှိသေထိုက်သူကို ရှိသေခြင်း၊ ခေါ်သင့်ပြောသင့်သူကိုသာ ခေါ်ဝေါ်ပြောဆိုခြင်း၊ မှန်ကန်သောအလုပ်ကို ပြုလုပ်မှု နှစ်သက်ခြင်း၊ လိမ်လည်ကောက်ကျစ် ချွဲပြစ်သော သူတို့ကို မုန်းတီးခြင်း၊ အမှုအခင်းများ လိုက်လံလျှောက်လဲရာ၌လည်း မှန်ကန်သောအဖြစ်သို့ရောက်အောင် မည်သူ့အားမျှ မျက်နှာမလိုက်ဘဲ ရွတ်ရွတ်ချွံချွံ လိုက်ပါလျှောက်လဲတတ်ခြင်း စသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရကား၊ မကောင်းသော အလေ့အကျင့်ရှိသော သူယုတ်မာတို့မှာ မောင်မောင်တင်အား မုန်းတီးကြသော်လည်း သူတော်ကောင်းများမှာ မောင်မောင်တင်၏ ဂုဏ်ကျေးဇူးကို ချီးကျူးလျက် ရှိကြကုန်၏။

မောင်သိန်းတန်မှာ မောင်မောင်တင်၏ အိမ်သို့ရောက်သည်မှာ တစ်လခွဲခန့်ကြာသော် လူငယ်တို့မည်သည် နောက်ရောက်သောသူကို လက်ဦးရှိရင်းစွဲသူက မနာလိုမရှုစိမ့်မြဲရှိရကား၊ မောင်မောင်တင် ခိုင်းစေ၍ထားသော 'ဘိုးသာ' နှင့် ထမင်းချက်သမား 'ဘိုးချင်း'တို့သည် တစ်နေ့သော နေ့လယ်ခင်း၌ နောက်ဖေးမီးဖိုခန်းထဲတွင် ရေနွေးကြမ်းသောက်ရင်း စကားပြောဆိုလျက် ရှိကြကုန်၏။

"ဟေ့ ... ဘိုးသာရဲ့၊ မင့်အကောင်က တယ်ဟန်ကြီး ပန်ကြီး လုပ်ပါလားကွယ့်၊ အင်္ဂလိပ်စာကလေးကလည်း တတ်၊ ရုပ်ကလေးက လည်း ချောတော့၊ တို့ဆရာက ချစ်တာပဲ ထင်ပါရဲ့"

"အင်္ဂလိပ်စာ ၇ တန်းအောင်တာများ လူထဲထည့်ပြီး ပြောမနေပါနဲ့ကွယ်။ ငါတောင် ငယ်ငယ်က ၄ တန်းထိအောင် သင်ခဲ့ဖူးပါတယ်။ နောက်တော့ ကျောင်းထွက်ပြေးလွန်းလို့ ကျောင်းက နုတ်ထားရတယ်။ နေပါဦး ... ဒီအကောင်ကလေးကြည့်ရတာ မင်းဘယ့်နှယ်ထင်သလဲ"

"ဘယ်နှယ့်ထင်ရမလဲ သူငယ်ချင်းရဲ့။ ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူးကွယ်၊ နေပုံထိုင်ပုံ၊ သွားပုံ ထူးဆန်းလွန်းလို့ ကြည့်ပါလား၊ ရေချိုးရင်လည်း တို့နဲ့အတူတူ မချိုးဘူး။ ထမင်းစားလည်း အတူတူမစားဘူး။ အဝတ်အစား တစ်ခါတစ်ခါ လဲနေလိုက်တာ ရှင်ဘုရင်တစ်ခါထွက်၊ ပဲကြီးတစ်လှေချက်ဆိုသလို နှစ်နာရီ သုံးနာရီကြာတယ်။ တစ်ခါတလေ အခန်းတံခါးကို အကြာကြီး ပိတ်ပြီး ထားတယ်"

"ဒါတော့ သူ့ဝါသနာပါလို့ ထင်ပါရဲ့ကွယ်။ ပြီးတော့ ဒါက ကိစ္စမရှိဘူး မောင်။ မင်းတို့ ငါတို့လည်း သူလာမှ မျက်နှာကောင်းကို

မရဘူး မောင်ရေ့။ သူကလည်း ဆရာ့အလိုက်ကို အင်မတန် သိတတ်တာ ကိုး၊ ရုံးသွားခါနီးရင် ပဝါနဲ့ အင်္ကျီနဲ့ ပုဆိုးနဲ့ အဆင်ချင်းလိုက်အောင် တွဲပြီး ထားတယ်။ ပြန်လာရင် ပုဆိုးတွေအင်္ကျီတွေကို ခေါက်ထားတယ်။ အို ... ကုန်ကုန်ပြောလိုက်မယ်ကွယ်၊ တို့ဆရာကလည်း ချစ်မယ်ဆိုရင် ချစ်ပေမှာပေါ့ ဘိုးသာရဲ့”

“အင်း ... ဟုတ်တော့ ဟုတ်ပါရဲ့ကွယ်၊ နို့ပေမဲ့ တို့အကြိမ်း ခံရတာက ခက် ...” ဟု စကားမှ မဆုံးမီ၊ မီးဖိုတွင်းသို့ မောင်သိန်းတန် ဝင်လာ၍ “တကတည်းဗျာ ... ဘာများစကားကောင်းနေကြသလဲ မသိဘူး။ ကျွန်တော့်ကိုတောင် လက်ဖက်ရည်သောက် မခေါ်ကြဘူး”ဟု ကြားဖြတ်၍ ပြောလိုက်သဖြင့် မောင်ဘိုးချင်းမှာ မျက်နှာအနည်းငယ် ပျက်၍ သွားသော်လည်း မောင်ဘိုးသာက စကားဖာ၍ “ကျုပ်တို့ဆရာ ပိုးနေတဲ့ မမြနု အကြောင်းကို ပြောနေရတယ်ဗျ၊ ဒီကောင်မကလေး မရတာနဲ့ ကျုပ်တို့ကို မာန်နေတာက ခက်တယ်”ဟု ပြောလိုက်လေ၏။ ထိုစကားကိုကြားလျှင် မောင်သိန်းတန်လည်း ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ဣန္ဒြေဆယ်၍ “သြော် ... ဒီအကြောင်းလား၊ ကျွန်တော်တို့ဆရာက တကယ့်တကယ် မကြံပေလို့ပေါ့ခင်ဗျာ။ လိုချင်ရင် ရနိုင်ပါတယ်”

ဟု ပြန်၍ပြောကာ သုံးဦးသားတို့မှာ အခြားစကားများကို ရယ်မောပြောဆိုလျက် ရှိကြကုန်၏။

ဤကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် –

“ဟေ့ ... မောင်ဘိုးသာ လာစမ်းပါဦး ကွယ့်”ဟု အိမ်ရှေ့ခန်းမှ မောင်မောင်တင်ခေါ်သံကို ကြားလိုက်ရသည်နှင့် မောင်ဘိုးသာလည်း ကပျာကယာ ထ၍ သွားလေ၏။

အိမ်ရှေ့ခန်းသို့ရောက်လျှင် မောင်မောင်တင်သည် စာအိတ်ကလေးတစ်ခုကိုကိုင်ကာ “ဒီဟာကလေးသွားပြီး ပေးချေစမ်းပါဦးကွယ်၊ ပြီးတော့လည်း ပါးစပ်က ပြောလိုက်ပါဦး။ ကျွန်တော်တို့ဆရာမှာဖြင့် မမနု အတွက် မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တဝေဝေနဲ့ သေရပါတော့မယ် လို့”

“ဘယ်ကိုလဲဆရာ၊ မမြနုကို ပေးဖို့စာပဲ မဟုတ်လား”

http://www.cherrythitsar.org



"အေးကွယ် ဟုတ်ပါတယ်၊ ဒီတစ်ခါ ငါ့တပည့်ကြိုးစားလိုက်ပါဦးကွယ်။ မသနား သနားအောင်၊ မင်းကလည်း ပြောမှပေါ့ကွယ့်။ တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုတာလို၊ ငါမတတ်ပေမဲ့ ငါ့တပည့်က တတ်နိုင်သမျှ လိမ့်မှပေါ့ကွယ့်"

"ပြောတော့ပြောတာပဲ ဆရာ။ နို့ပေမဲ့ သူကိုကခေါင်းမာတော့ ကျွန်တော်လည်း မပြောတတ်ပါဘူး ဆရာရဲ့"

"အေးကွယ် ... သွားသာသွားပါ။ ဘယ်လိုလဲ ခေါင်းမာပေတဲ့ ပြောပါများရင် အောင်ရောပေါ့"

မောင်ဘိုးသာ ထွက်သွားလေလျှင် မောင်မောင်တင်သည် လက်ပေါ်တွင် မေးထောက်ကာ မှိုင်လျက် "ဩော် ... မမြနု ... မမြနု ဒီလောက်တောင် ခေါင်းမာတဲ့မိန်းမကလေးများ လောကမှာရှိသေးသနော်၊ ကိုယ့်ရုပ်လည်း ဒီလောက် ညံ့ဖျင်းတဲ့ ရုပ်မဟုတ်ပါဘူးဗျာ၊ ဒီဟာနဲ့များ ခုလောက်ဖွဲ့ကောင်းနေတာ၊ တစ်ခါမှ မတွေ့ဖူးပါဘူး"စသည်ဖြင့် မိမိပြောဆို၍ မရသော မမြနုဆိုသော သူငယ်မကလေးအကြောင်းကို စဉ်းစားလျက်ရှိစဉ် အမှုသည်များ ရောက်လာသည်နှင့် အမှုအကြောင်းကို မေးမြန်းကာ လက်ခံစကားပြောဆိုလျက်ရှိလေ၏။

ထိုညဥ့် မောင်မောင်တင်သည် အိမ်ရှေ့လသာခန်းတွင် ထိုင်ကာ မောင်သိန်းတန်အား ခေါ်ပြီးလျှင် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီးသော် –

"ငါ့ညီ အလုပ်လုပ်ရတာများ ပျော်ရဲ့လားကွယ်"

"ပျော်ပါတယ်ကိုကိုရယ်၊ ဒီလိုချောင်ချောင်ချိချိ စားသောက် နေထိုင်ပြီး လခရနေတဲ့နေရာကိုမှ မပျော်ရင်၊ ကျွန်တော့်ထက် မိုက်တာဘာရှိသေးသလဲ"

"အေးကွယ် ပျော်တယ်ဆိုတာ ဝမ်းသာပါရဲ့။ နို့ ငါ့ညီ ကိုကိုနဲ့ နေလာတာ နှစ်လနီးပါးရှိပြီ။ ကိုကို့အကြောင်း ဘာများသိသလဲ"

မောင်သိန်းတန်သည် ပြုံးလျက် "ဘာသိရမှာလဲ ကိုကိုရဲ့။ ကိုကိုဟာ အင်မတန် ဖြောင့်မတ်တဲ့စိတ်ရှိတယ်။ အမှုလိုက်တာတောင် ဉာဏ်နှင့်လီဆယ်ပြီး အမှုအခင်း ဖြစ်လိုတဲ့ အမှုသည်များက ဘယ်လောက်ပဲ ငွေပေးပေး မလိုက်ဘူး။ ဆင်းရဲနွမ်းပါးပြီး သူတကာ အနိုပ်စက်ခံရတဲ့

http://www.cherrythitsar.org



လူများဘက်ကဆိုရင် ငွေကို ပဓာနမပြုဘဲ လိုက်တတ်တယ်။ ကျွန်တော့် အပေါ်မှာတော့ ညီအရင်းမက ကောင်းရှာတယ်။ ဒီအကြောင်းတွေ သိတာပေါ့ ကိုကိုရဲ့”

“ကိုကို့မှာ ရည်းစားတစ်ယောက်ရှိတယ်ဆိုတာ ငါ့ညီ မသိဘူး မှတ်တယ်။ ငါ့ညီကို မပြောရသေးဘူးကိုကွယ့်။ ကိုကိုလည်း တစ်နေ့ ပြောမယ်၊ တစ်နေ့ ပြောမယ်နဲ့ ကိုယ့်စိတ်ကိုယ် မလုံတာနဲ့ ပြောပဲ မပြောဖြစ်နိုင်ဘူး”

မောင်သိန်းတန်သည် မျက်နှာပျက်လျက် –

“အဟုတ်လား ကိုကိုရယ်”

“အဟုတ်ပေါ့ ညီရယ်။ သူ့အတွက် စိတ်ပင်ပန်းလိုက်ရတာ။ မပြောနဲ့တော့၊ တစ်ခါတစ်ခါ ကိုကိုမှိုင်နေတာဟာ တခြားကြောင့် မဟုတ်ဘူး။ သူ့အတွက်ကြောင့်ပဲကွယ့်။ စစ်ကဲကြီးသမီး မမြနုတဲ့ကွဲ့။ အသက်ကတော့ အစိတ်လောက်ရှိပါပြီ။ ဒီသူငယ်မကို ကိုကိုကြံစည်နေတာ တစ်နှစ်ကျော်ကျော်လောက် ရှိပါပြီ ညီရယ်။ ဘယ်တော့မှ စကားကို လက်မခံဘူး”

“ကိုကို့ကို သူကမကြိုက်ဘူးတဲ့လား။ ဒီလိုလူမျိုးကိုမှ မကြိုက်ရင် ဘယ်လိုဟာမျိုး ... တယ် ... ပြောရင်း ဆိုရင်း ဒေါသဖြစ်”

“နေပါဦး ... ငါ့ညီက ဒေါသမကြီးစမ်းပါနဲ့ဦး၊ မကြိုက်ဘူးလို့လည်း ပွင့်ပွင့်လင်းလင်း ပြောတာမဟုတ်ဘူး၊ စဉ်းစားပြီးနေရတာနဲ့ အချိန်ကုန်နေတာပဲကွဲ့၊ အဲဒီတော့ ငါ့ညီကို အခုတိုင်ပင်လိုတာက တခြား မဟုတ်ပါဘူးကွယ်၊ ငါ့ညီလဲ ဒီအသက်ဒီအရွယ် ရောက်ရင်ဖြင့် ရည်းစားသနထားဖူးရင် ဒီလိုနေရာမှာ ကျွမ်းကျင်ရဲ့ဆိုပြီး ဒီအမှုမှာ တတ်နိုင်သမျှ ဆောင်ရွက်ပေးစမ်းပါ မောင်သိန်းတန်ရယ်”

“နောက်တနင်္ဂနွေနေ့ကျတော့သာ ငါ့ညီကိုယ်တိုင်သွားပြီး အကျိုးသင့် အကြောင်းသင့်ဆိုသလို ပြောဆိုစေ့စပ်ပေးစေချင်တာပါပဲ ကွယ်။ ကိုကိုက အမှုလိုက်သာကောင်းတယ်၊ ဒီအရာမျိုးမှာဆိုတော့ မကျွမ်းကျင်ဘူးဗျာ့”

မောင်သိန်းတန်သည် မပြောချင်ပြောချင်နှင့် –

“ဒါဖြင့်လည်း ဆောင်ရွက်ပေးရတာပေါ့ ကိုကိုရယ်”

http://www.cherrythitsar.org



"ကျေးဇူးပါပဲညီရယ်၊ ကိုကိုဖြင့် ဒီလောက်ခေါင်းမာတာ တွေ့ဖြင့်တွေ့ဖူးပါဘူးကွယ်။ အခုဖြင့် ယောကျ်ားသနာယူဖို့ စိတ်မရှိဘူး၊ ဝတ်ကြောင်ကို လွတ်အောင်ရုန်းပြီး ပတ်ကတုံးနဲ့ ပျော်တော့မယ်ချည်းပဲ ပြောနေတယ်"

"အလကား ... ဟာတွေပါကိုကိုရယ်၊ သူတို့ကြိုက်တာနဲ့ မတွေ့သေးလို့ပါ။ မိန်းမဆိုတာ သူတို့ကြိုက်ပေမဲ့ မကြိုက်ဟန်ဆောင်တာတွေရှိတယ်။ မကြိုက်ဘဲနဲ့ ကြိုက်ဟန်ဆောင်တာတွေ ရှိတယ်။ အင်မတန်မူယာမာယာ များတာကလား ကိုကိုရယ်၊ တယ် ... ကိုကိုက မသိဘူးနော်"

မောင်မောင်တင်သည် ပြုံးလျက် –

"ငါ့ညီက လူသာငယ်တယ်၊ မြာပေါ်မှာတော့ အတော်လည်မယ့်လက္ခဏာပဲ။ မောင်တို့လို ရုပ်ချောကလေးဆိုတော့ ပေါပေမှာပေါ့ မောင်ရယ်။ ရုပ်ကလေးကိုက မင်းသားရုပ်ကလေးကျပြီး လှလည်း လှပေတာကိုး မောင်ရဲ့"

"ဒီလောက် မမြှောက်စမ်းပါနဲ့ ကိုကိုရယ်။ ကျွန်တော် တစ်ခါမှ ရည်းစားမထားဖူးသေးပါဘူး၊ အခုဖြင့် တစ်ယောက် ..."

"အခုဖြင့် မောင့်မှာ တစ်ယောက်ရှိတယ်ဆိုတာပေါ့လေ"

မောင်သိန်းတန်သည် ခေါင်းငုံ့လျက် –

"ဟုတ်ကဲ့"

"အလဲ့ ... ကိုယ့်လူက တယ်လာပါကလား ဘယ်ကဟာလဲဟေ့ ... မောင်သိန်းတန် ပြောစမ်းပါကွယ်။ ဟိုဘက်အိမ်က မြို့အုပ်မင်း တူမစုစု လားဟေ့"

"ဘယ်ကလာ ဟုတ်ရမလဲ ကိုကိုရဲ့"

"ဒါဖြင့် ဘယ်သူလဲကွယ်"

"အခုတော့ မပြောနိုင်သေးဘူး၊ မန္တလေးကပါပဲ"

"ဒါဖြင့် ဘယ်အရွယ်လောက်ရှိပြီလဲဟေ့"

'ကိုကိုတို့အရွယ်ပဲ၊ မျက်နှာပေါက်တောင် ကိုကိုနဲ့ ခပ် ဆင်ဆင်"

"ဟင် ... ဟုတ်နိုင်ပါ့မလားကွယ်၊ မောင်သိန်းတန်ရယ်"

"ဟုတ်ပါတယ်ကိုကိုရယ်၊ ကျွန်တော် မဟုတ်တာ မပြောတတ်ပါဘူး"

http://www.cherrythitsar.org



"အေးကွယ်၊ တနင်္ဂနွေနေ့ကျရင်တော့သာ ငါ့ညီ သွားလိုက်ပါဦး" ဟု ပြောကာ ညဥ့်နက်လာသည်နှင့် စကားလက်စပြတ်၍ သွားလေ၏။

ထိုနေ့မှစ၍ မောင်မောင်တင်သည် မိမိပိုးပန်းကြံစည်လျက်ရှိသော မမြနုအကြောင်းနှင့် ပတ်သက်၍ တိုင်ပင်ပြောဆိုရန်ဟူသမျှကို မောင်သိန်းတန်နှင့်အတူ တိုင်ပင်ကာ မိမိသည် မမြနုအပေါ်တွင် မည်မျှလောက် ချစ်ခင်ကြောင်း ချစ်ခင်တည်းဟူသောမေတ္တာကို မြင်နိုင်မည်ဆိုက မိမိ၏ရင်ကိုပင် ခွဲ၍ပြနိုင်ကြောင်းဖြင့် စိတ်ထဲတွင် ရှိသလောက် ပြောရှာလေ၏။ ကျွန်ုပ်တို့သည် မောင်မောင်တင်အိမ်တွင် စာရေးကလေးအဖြစ်ဖြင့် နေရှာသော မောင်သိန်းတန်အကြောင်းကို ယခုအခါ ဖွင့်လှစ်ရေးသားရန် အချိန်တော်ပြီဖြစ်၍ ရေးသားရမည်ဆိုသော် မိသိန်းဟန်သည် တကောင်းမြို့မှ မန္တလေးသို့ သင်္ဘောဖြင့် စီးနင်းလိုက်ပါပြီးနောက် မန္တလေးမြို့သို့ ရောက်ရှိသောအခါ သင်္ဘောက ဆင်းလျှင်ဆင်းခြင်း ဈေးချိုတော်သို့ သွားရောက်၍ ယောကျ်ားဝတ်မန္တလေး လုံချည်၊ ရှပ်အင်္ကျီ၊ တိုက်သက္ကလတ်ရင်စိအင်္ကျီ၊ ခေါင်းပေါင်းမှစ၍ ယောကျ်ားများ၏ အဝတ်အစားများကို စုံလင်စွာဝယ်ပြီးသော် သင့်လျော်သော နေရာတစ်ခု၌ မိမိဝတ်ဆင်နေသော အဝတ်များနှင့် လဲလှယ်၍ ယောကျ်ားကဲ့သို့ ဝတ်ဆင်ပြီးနောက် ဟိုတယ်ဆိုင်သို့ လာရောက်ခဲ့လေ၏။

မန္တလေးမြို့ကြီးပေါ်တွင် အကယ်၍သာ မိန်းမကလေး တစ်ယောက်တည်း သွားလာလည်ပတ်၍ နေမည်ဆိုက၊ စိုးရိမ်ကြောင့်ကြဖွယ်ရှိရကား၊ မသိန်းဟန်မှာ လိမ္မာသော မိန်းမကလေးတစ်ယောက် ဖြစ်သည့်အတိုင်း ယောကျ်ားကဲ့သို့ ကျနစွာ ဝတ်စားဆင်ယင်လျက်ရှိလေရာ၊ ငယ်စဥ်ကပင် အင်္ဂလိပ်ကျောင်း၌ ၇ တန်း အောင်သည့်တိုင်အောင် ပညာသင်ကြားခဲ့ဖူးသည့်အပြင် ဟိန္ဒူဘာသာ၌လည်း အတော်အတန်လောက်သာ ကျွမ်းကျင်ခဲ့ဖူးသည်ဖြစ်ရကား မည်သည့်နေရာတွင်မဆို ဝင်ထွက်သွားလာ၍ လွယ်ကူသည့်အလျောက် နောက်ဆုံး၌ အမိန့်တော်ရ မောင်မောင်တင်အိမ်တွင် အလုပ် လုပ်ကိုင်၍ နေခြင်းဖြစ်လေရာ မသိန်းဟန်မှာ ဤကဲ့သို့ ယောကျ်ားလေး အဝတ်အစားများကို ဝတ်ဆင်လိုက်သောအခါ ရုပ်ရည်သည် တစ်မျိုးတစ်မည် ပြောင်းလွဲ၍သွားပြီးလျှင် သွားဟန်လာဟန် ပြောဆိုဟန်တို့မှာ ၎င်း၏ မောင်ဖြစ်သူ မောင်သိန်းတန်နှင့် များစွာတူလေသည်။

http://www.cherrythitsar.org



ဤမျှတင်မကသေး အဝတ်အစားများ ဝတ်ဆင်ချုပ်လုပ်သော အခါများ၌လည်း မိမိ၏မောင် မောင်သိန်းတန်ဝတ်နေကျ အဆင်မျိုးကို ချုပ်လုပ်ဝတ်ဆင်ပြီးလျှင် ပေါင်းပုံ ထုပ်ပုံမှစ၍ မိမိ၏ မောင်ကဲ့သို့ 'စတိုင်ကျ'အောင် ဝတ်ဆင်တတ်သဖြင့် အကယ်၍သာ မောင်သိန်းတန်နှင့် ယခင်ကသိကျွမ်းဖူးသော သူတစ်ယောက်သည် တွေ့မြင်ခဲ့ပါက မသိန်းဟန်ဟူ၍ မထင်မှတ်ဘဲ မောင်သိန်းတန်အစစ် ဖြစ်သည်ဟု မှတ်ယူပေလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် မသိန်းဟန်မှာ မောင်သိန်းတန်၏ ဝတ်ပုံစားပုံ၊ သွားပုံလာပုံကို ယခင်ကထက် မတူတူအောင် အတုခိုးရုံမျှမက မိမိ၏အမည်ကိုလည်း မောင်သိန်းတန်ဟူ၍ မှည့်ဆိုထားသည် ဖြစ်ရကား ထိုအမြွာမောင်နှမကို ယှဉ်ပြိုင်၍ ရမည်ဆိုလျှင် မည်သူကမောင်၊ မည်သူသည်နှမဖြစ်သည်ဟု ခွဲခြားမသိနိုင်အောင်ပင် ရှိချေ၏။

မိမိခိုင်းစေ၍ထားသော စာရေးကလေးမောင်သိန်းတန်သည် ယောကျ်ားကလေးမဟုတ်ဘဲ မိန်းမပျိုကလေးဖြစ်ကြောင်းကို မသိရှာသူ အမိန့်တော်ရမောင်မောင်တင်သည် နေ့စဉ်ရက်ဆက် မိမိ၏အချစ်ဓါတ် ဖြစ်ပျက်ပုံ အလုံးစုံကို ကလေးသည်မိခင်အား မိမိအလိုရှိသောအရာကို 'ပူစာ'ဘိသကဲ့သို့ စိတ်ထဲတွင်ရှိသမျှ စီကာစဉ်ကာ ဖွင့်လှစ်ပြောဆိုလျက်ရှိလေရာ မိန်းကလေး မိန်းမငယ်တို့မည်သည် လှပသောယောကျ်ားပျိုတို့နှင့် နှစ်ကိုယ်ယှဉ်တွဲလျက် ဆိတ်ငြိမ်သောအခါများဝယ် နေထိုင်ရဖန်များလတ်သော် မေတ္တာဓာတ် 'ချစ်ပန်းငုံ'သည် နေအရှိန်ကို ခံစားရသော ကြာပန်းကဲ့သို့ တစ်စထက်တစ်စ ရင့်သန်ပွင့်ကား၍ လာဘိသကဲ့သို့ မမြနှအတွက် ရတက်ပွားကာ ခံစားရသော မောင်မောင်တင်၏ ဒုက္ခဝေဒနာကို တို့သည် အကယ်၍ မမြနုအတွက် မဟုတ်ဘဲ၊ မိမိအတွက်ဖြစ်ပါက မောင်မောင်တင်၏ ဝေဒနာကို လျင်မြန်စွာ ပျောက်အောင်ကုသနိုင်မည်ဟု အောက်မေ့မိလေ၏။ "မောင်သိန်းတန်ရယ် မင်းရုပ်လောက်များ ကိုကို ချောမယ်ဆိုရင်ကွယ်၊ မမြနုကို ဒီလောက်ကြာအောင် မပြောရပါဘူး"ဟူ၍ မောင်မောင်တင် ပြောသောစကားများကိုလည်းကောင်း၊ မကြာမကြာပင် မောင်မောင်တင်သည် အနားသို့ခေါ်ကာ တစ်ခါတစ်ခါ သေးသွယ်ပျော့ပျောင်းသော လက်ကလေးများကိုကိုင်လျက် မိမိ၏ချောမောလှပကြောင်းကို ချီးမွမ်းကာ ချစ်ခင်ယုယကြောင်းများကို ပြောဆိုခြင်းများ စဉ်းစားလိုက်

http://www.cherrythitsar.org



သောအခါ ငယ်စဉ်ကမိမိစောင့်စည်းခဲ့သမျှသော မိန်းမတို့ဣန္ဒြေသည် တာရှည်စွာမျိုသိပ်၍မျှ ထားနိုင်ပါမည်လားဟု တွေးမိလေ၏။ သို့ဖြစ်ရကား ယောကျ်ားကဲ့သို့ ဝတ်ဆင်ထားသော မသိန်းဟန်မှာ မိမိ၏ဆရာ မောင်မောင်တင်ကိုပင် မေတ္တာသက်ဝင် ချစ်ခင်စုံမက်လျက် ရှိရှာလေ၏။ ဤကဲ့သို့ ဖြစ်ရခြင်းကိုလည်း ကျွန်ုပ်တို့သည် အပြစ်ဆိုရန် မရှိလှချေ။ အဘယ်ကြောင့်ဆိုသော် အပျိုအရွယ် မိန်းမငယ်တို့ ဓမ္မတာ၊ နီးကပ်စွာ ရင်းနှီးနေထိုင်ရသူကို စွဲမြဲတတ်သည်တစ်ကြောင်း၊ မောင်မောင်တင်မှာလည်း အရုပ်ဆိုးသော လူတစ်ယောက် မဟုတ်သည့်အပြင် သဘောပြည့်ဝသော သူတစ်ယောက် ဖြစ်သည်ကို မိမိကိုယ်တိုင် သိရှိရသောကြောင့်တစ်ကြောင်း၊ အားကိုးရာမဲ့ဖြစ်၍နေသည့်အတွင်း မိမိကဲ့သို့ မောင်မောင်တင်က မေတ္တာမျှခဲ့ပါလျှင် ရှေ့အဖို့၌ ပျော်ရွှင်ချမ်းသာစွာ နေထိုင်နိုင်မည်အကြောင်းများကို သိသောကြောင့်တစ်ကြောင်း၊ မောင်မောင်တင်၏ အပေါ်တွင် တစ်နေ့ထက်တစ်နေ့ မေတ္တာသက်ဝင်ကာ ဖွင့်၍လည်း မပြောဝံ့ရှာဘဲ ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားကာ အတွင်းဆွေးဆွေး၍သာ နေရှာခဲ့လေ၏။

တနင်္ဂနွေနေ့တိုင် ရောက်လတ်သော် မောင်သိန်းတန် အမည်ခံသူ မသိန်းဟန်သည် မမြနုထံ မိမိ၏ဆရာအတွက် လူပျိုလှည့်သွားရန် သွားရောက်ရမည်ဖြစ်ရာ မိန်းမတို့မည်သည် မိမိချစ်ခင်သောသူကို အခြားမိန်းမတစ်ယောက်က ချစ်ခင်လိုသော မျက်စိဖြင့် စေ့စေ့ကြည့်သည်ကိုမျှ မခံနိုင်အောင်ရှိရာ၊ ယခုမှာမူ မိမိချစ်ခင်သောသူ မောင်မောင်တင်ကို မမြနုနှင့် စေ့စပ် ပြောဆိုပေးရမည် အလုပ်ဖြစ်ရကား၊ "သြော် ... ကိုကိုတင် ... ကိုကိုတင် ငါ့ကိုမှ ခိုင်းလေခြင်းနော်"ဟု သက်ပြင်းချကာ သွားခါနီး၌ အဝတ်အစားများကို ကောင်းမွန်စွာ လဲလှယ်ဝတ်ဆင်ပြီးသော် မိမိကိုယ်ကို 'ယောကျ်ားဟန်'ကျနိုင်သမျှကျအောင် စတိုင်ထုတ်ပြီးနောက် မမြနုအိမ်ဆီသို့ ထွက်သွားလေရာ မောင်မောင်တင်လည်း သွားခါနီးတွင် အထပ်ထပ်မှာ ကြားရာလေ၏။ မသိန်းဟန်မှာ မပြုလိုသော အမှုဖြစ်သော်လည်း 'သူ့ဆန်စားရဲမှ'ဟူသော စကားအတိုင်း မိမိမှာ မောင်မောင်တင်၏ အခိုင်းအစေမျှသာ ဖြစ်၍မလွှဲသာလွှဲသာပင် သွားရောက်ရခြင်း ဖြစ်လေသည်။

မမြနုမှာ စစ်ကဲကြီးတစ်ဦး၏ သမီးဖြစ်လေရာ မိမိအဖစစ်ကဲကြီးသေဆုံးသောအခါ အမွေအနှစ်များစွာ ရရှိခဲ့သဖြင့် ရွာတိုင်စျေးအနီး တိုက်

http://www.cherrythitsar.org



တစ်လုံးတွင် ချမ်းသာစွာ နေထိုင်ခဲ့လေသည်။ မိဘမရှိရှာသဖြင့် အဒေါ် ဦးလေးတို့နှင့် နေထိုင်ရရှာသော်လည်း မိန်းမကလျှေ့ကို စောင့်ရှောက်ထိန်းသိမ်းလျက် ခန့်ငြားတည်ကြည်စွာ နေထိုင်တတ်သည်ကလည်းတစ်ကြောင်း၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံသည့်ပြင် ရုပ်အင်္ဂါမှာ ယောကျ်ားပျိုတို့၏စိတ်ကို ယိုဖိတ် ညွတ်လောက်အောင် လှပယဉ်ကျေးရကာ ဓာတ်သိသော ယောကျ်ားပျိုတို့မှာ မမြနုအား များစွာပိုးပန်းလျက် ရှိကြကုန်၏။ သို့သော်လည်း မမြနုမှာ အရင်ကလို လက်ထပ်ခြင်းကို မပြုမူ၍ ဤအရာမျိုးသည်ကား စဉ်းစားဆင်ခြင်၍ ပြုလုပ်မှသာ သင့်လျော်မည်ဟု မြန်မာစာပေကျမ်းဂန်များကို အတော်အတန် လေ့လာသင်ကြားခဲ့ဖူးသည့်အပြင် အသက်မှာလည်း ၂၂ နှစ်ခန့်မျှသာ ရှိပြီဖြစ်၍ ဤအချိန်အရွယ်သို့ရောက်အောင် မိန်းမကလေးများမှာ အပျိုဖြစ်စ ၁၄ နှစ် ၁၃ နှစ် စသော ကုမ္မာရီအရွယ် မိန်းမငယ်များကဲ့သို့ အပြောအဟောကောင်းရာ၊ တန်းတန်းစွဲ ချစ်ကြိုက်တတ်ခြင်းမရှိဘဲ အရာရာ၌ စဉ်းစဉ်းစားစား ပြုလုပ်တတ်ရကား မည်သူ့အားမျှ ချစ်ပါသည်၊ ကြိုက်ပါသည်ဟူ၍မရှိဘဲ အထိုက်အလိုက်သာ လက်ခံပြောဆိုခြင်းကို ပြုလေ၏။ သို့ဖြစ်ရကား ချေချောင့်ငုံဖြင့် သူတကာ၏နားဝယ် ပျားရည်ဖြင့် သွန်းလောင်းဘိသကဲ့သို့ သာယာနာပျော်ဖွယ် ပြောဆိုတတ်ခြင်း၊ လှပယဉ်ကျေး ကြွယ်ဝချမ်းသာခြင်းစသော မမြနု၏ဂုဏ်သတင်းတို့မှာ လေပြေနှင့်ရောစပ်၍လာသော ပန်းရနံ့ကဲ့သို့ တပြန့်ပြန့်မွှေးကြိုင်လျက်ရှိရကား အရပ်ထဲမှ ကာလသားများမှာ မိမိတို့ပိုးပန်း၍ အားမရနိုင်သည့်အပြင်၊ ကာလသားတို့ ထုံးစံအတိုင်း အခြားအရပ်မှ လာရောက်လှည့် ပတ်သူတို့ကို မနာလို မုန်းတီးလျက်ရှိကုန်၏။

မောင်မောင်တင်မှာ ပထမ၌ မမြနုအား အမှတ်မဲ့ပင် နေခဲ့သော်လည်း တစ်နေ့သ၌ မမြနု၏ဦးလေးဖြစ်သူမှာ လယ်နှင့်ပတ်သက်၍ အမှုအခင်းတစ်ခု ဖြစ်ပွားပြီးလျှင် မိမိအားငှားရမ်းသဖြင့် မမြနုတိုက်သို့ တစ်ခေါက်ရောက်ခဲ့လေရာ မမြနုမှာ မောင်မောင်တင်အား သဘောရိုးဖြင့် အိမ်ရှင်တို့ဝတ္တရားအတိုင်း ဧည့်ခံစကားပြောဆိုခြင်းကို ပြုရကား၊ မောင်မောင်တင်မှာ ထိုအခါမှ စ၍ မမြနုတိုက်သို့ အခါအခွင့် ကြုံကြိုက်တိုင်း သွားရောက်လှည့်ပတ်ခါ ပိုးပန်းကြံစည်ခဲ့လေ၏။

သို့သော်လည်း မောင်မောင်တင်မှာ မည်သည့်အခါမျှ မမြနု၏

http://www.cherrythitsar.org



"ချစ်ပါသည်၊ ကြိုက်ပါသည်"ဟူသော ဝန်ခံချက်ကို မရသည့်ပြင် မိမိက စာပေးလွှတ်လိုက်သော အစေခံ မောင်ဘိုးသာအား "ရှင် နောက်တစ်ခါ ကျွန်မ တိုက်ကို ဒီအကြောင်းနှင့် ပတ်သက်ပြီး မလာခဲ့ပါနဲ့၊ ဒီဟာ ကျွန်မ နောက်ဆုံး စကားပဲ" ဟု ပြောလိုက်သည်နှင့် နောက်ထပ်၍ မောင်ဘိုးသာ အား မလွှတ်ဝံ့၍ မောင်သိန်းတန်အား စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

မောင်သိန်းတန်အမည်ခံသူ 'မသိန်းဟန်' သည် မမြနုတိုက်သို့ ရောက်လတ်သော အိမ်ရှေ့ခန်းကော်ဇောပေါ်တွင် ထိုင်ကာ အိမ်၏ အခြေ အနေကို အကဲခတ်လျက်ရှိလေ၏။ ထိုအခါ မမြနုသည် အခန်းတွင်းရှိ ကြေးခုတင်ပေါ်တွင် အိပ်ကာ သတိပဋ္ဌာန်စာအုပ်ကို ဖတ်လျက်ရှိလေရာ အစေခံမကလေးသည် အခန်းတွင်းသို့ ဖြည်းညှင်းစွာ ဝင်လာ၍ ရှိသေသော အမူအရာဖြင့် "မမလေး အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက် စောင့်နေပါ တယ်"

"ဘယ်သူလဲ ဟိုရှေ့နေအိမ်ကလူ လာပြန်ပြီထင်တယ်။ မမလေး အိပ်နေတယ်ပြောလိုက်ပါအေရယ်။ ကိုဘိုးသာဆိုတဲ့ လူကြီး မဟုတ်ဘူး လား"

"မဟုတ်ဘူး မမလေးရဲ့၊ သူကတစ်ယောက် လှကလှသနဲ့"

"အေး ... ဟုတ်လား။ ဒါဖြင့် ခဏနေပါဦး။ ကျွန်မတို့မမလေး လာပါလိမ့်မယ်။ ကွမ်းစားပါဦးလို့ပြောလိုက်"

တစ်ခဏမျှကြာလတ်သော် မမြနုသည် အခန်းပြင်ဘက်သို့ ထွက် လာ၍ မောင်သိန်းတန်အား အကျိုးအကြောင်း မေးမြန်းကာ စကားပြောဆို လျက် ရှိကြကုန်၏။ တစ်နာရီခန့်မျှလောက် စကားပြောဆိုကြပြီးနောက် မမြနုလည်း မောင်သိန်းတန်အား ကော်ဖီနှင့်မုန့်များကို တိုက်ကျွေးပြီးလျှင် မောင်သိန်းတန်လည်း ယောကျ်ားကလေး၏ 'လေ'ကို တတ်နိုင်သမျှ အတု ခိုးလျက် စီးကရက်ကို တစ်ဖွာနှစ်ဖွာ ရှူရှိုက်ပြီးလျှင် –

"ကိုင်းလေ ... ကျွန်တော်ပြောတာ နားထောင်ပါ။ နုနုကို ဒီ လောက်တောင်စွဲပြီး သဲသဲမဲမဲ ချစ်ကြိုက်နေတဲ့လူကို မပယ်ကောင်းပါဘူး ဗျာ။ ဒီ့အပြင် ကိုကိုတင်ဟာ လူရိုးလူကောင်းတစ်ယောက် ဖြစ်ပြီး တည် ကြည်မြင့်မြတ်တဲ့ စိတ်သဘောရှိတယ်ဆိုတာ ကျွန်တော် ဝန်ခံပါမယ်။ နုနုရယ် စိတ်ကူးမလွဲပါနဲ့"ဟု ပြောဆိုလေရာ မမြနုလည်း အနည်းငယ်

ပြုံးရယ်လျက် "ရှင်က ရှင့်ဆရာကို အင်မတန် မြှောက်သပေါ့လေ။ သူက ကျွန်မကိုမှဘာပြုလို့ ဒီလောက်တောင် တမ်းတမ်းစွဲချစ်ရတာလဲရှင်။ ကျွန်မ လောက် ချောတာတွေ အနန္တော–အနန္တရှိပါတယ်"

"သြော် ... ဖြစ်ရလေ နုနုရယ်။ သူမပြောနဲ့ဦး။ ကျွန်တော်တောင် အနယ်နယ် အရှာရှာက ရောက်လာခဲ့တာ။ နုနုတို့လိုအရွယ်နဲ့ တကယ် တကယ် အနား ကပ်ပြီး ကြည့်ရင် စီစီခံတာမတွေ့ပါဘူး။ ကြည့်စမ်းပါဦး၊ အသားကလေးများ ဘယ်လောက်ညက်ညောသလဲ၊ အပြောကလည်း အပြောအဆိုကောင်း၊ လက်ချောင်းကလေးများ ကြည့်ဦးမလား၊ ဖယောင်း တိုင်ကျနေတာပဲ။ မျက်လုံးက လေးရွဲပုံ၊ မျက်ခုံးကလေးချိုပုံ၊ နှာတံကလေး"

"တော်ပါ ကိုသိန်းတန်။ လူကို ဒါလောက် မမြှောက်စမ်းပါနဲ့။ ရှင်တို့ အောက်သားများဟာ အမြှောက်အစားမှာတော့ ကောင်းကောင်း လည်တဲ့ လူတွေပါပဲ။ အရင်တုန်းကတော့စာတွေ့၊ ကိုသိန်းတန်နဲ့ကြမှ၊ ငါတွေ့ဖြစ်နေပြီ၊ နေပါဦး ကိုသိန်းတန်။ အရင်က သားမယားမရဘူးနော် ဟုတ်စ"

"မရပါဘူးဗျာ၊ တကတည်း စစ်လိုက်တာ ... ညနေတောင် စောင်းပြီ နုနုရဲ့၊ ဆရာမျှော်လှရော့မယ်"

"တကတည်းရှင် အရင်လိုလိုက်တာ၊ နုနုနဲ့ စကားပြောနေရတာ ပျင်းလို့လား၊ ရှင့်ဆရာကို ဒီလောက်တောင်ပဲ ကြောက်ရသလား"

"ကြောက်ရပါပေကော နုနုရယ်။ သူတို့ဆီမှာလခစားကလေး လုပ်နေရတော့၊ သူ့တာဝန်များ ကျေပွန်အောင် လုပ်မှပေါ့။ ကိုင်းလေ ... ကိုကိုတင်ကိုသာ စကား သေချာအောင် ပြောစမ်းပါဦး"

"တယ်ပြီးလည်း ခက်တာကိုး။ ကိုသိန်းတန်ရယ်၊ ရှင်လည်း လူ ပါးပဲ။ ဒါလောက်ပြောရင် ရိပ်မိလောက်ပါပြီရှင်။ ကဲ ... ကဲ ကျွန်မကတစ်ခု ပြောမယ်။ သူ့အကြောင်းနဲ့ ပတ်သက်တဲ့စကားဆိုရင် ကျွန်မလက်မခံဘူး။ ဒီ့ပြင်လူဆိုရင် ကျွန်မလက်ခံပါ့မယ်၊ ရှင်အခုပြောနေတာ ရှင့်ဆရာအတွက် မဟုတ်ဘူးလား။ ကိုင်း ... ကိုင်း ရှင့်ဆရာကို ဖယ်ထားလိုက်။ သူ့အတွက် မပြောနဲ့။ တခြားလူအတွက်ဆိုရင် ဘယ်သူ့အတွက်ပဲ ပြောပြော။ ကျွန်မ ပြောတာ နားလည်ပြီမဟုတ်လားရှင်"။

http://www.cherrythitsar.org



မောင်သိန်းတန်မှာ မမြနုသည် မိမိအား ယောကျ်ား ထင်မှတ် လျက် မြင်လျှင်မြင်ခြင်း မေတ္တာသက်ဝင်လျက် ရှိကြောင်းကို ပထမကပင် ရိပ်မိခဲ့ရာ၊ ယခုမှမူ စောင်းပါးရိပ်ခြေ ဖွင့်လှစ်၍ပင် ပြောချေပြီဖြစ်၍ "သြော် ... မမြနု ... မမြနု၊ ငါ့ကိုမှ လာပြီး စုံမက်ရလေခြင်း မမြနုရယ်၊ မြွေနှင့် မြွေခြင်းမှ ခြေကို မြင်ရတယ်ဆိုတာလို မိန်းမချင်းမို့ မြင်စကတည်းက ကိုယ့်အပေါ်မှာ မေတ္တာ ရှိပြီဆိုတာ သိပါရဲ့။ နို့ပေမဲ့ ကျွန်မလည်း ရှင်တို့လို ထမိန်ဝတ်တဲ့ မိန်းမမျိုးမို့ အကျိုးအကြောင်းကို ဖွင့်ပြောလိုက်စမ်းချင်ပါဘိ တယ်၊ နို့ပေမဲ့ ငါ့အချစ် ကိုကိုတင်ကို သူမကြိုက်တာလည်း ခပ်ကောင်း ကောင်းပဲ"ဟု တစ်ကိုယ်တည်းပြောဆိုကာ မမြနုအား နှုတ်ဆက်၍ ထွက်ခဲ့ လေရာ မမြနုလည်း မောင်သိန်းတန်အား နောက်တနင်္ဂနွေနေ့တွင် လာ ရောက်ပါက စကားတစ်ခွန်း ထပ်မံပြောဆိုရန် ကျန်ရှိသေးသည်ဖြစ်၍ ထိုနေ့၌ ဆက်ဆက်လာရောက်ပါမည့်အကြောင်းဖြင့် အတန်တန် မှာထား လိုက်ရှာလေ၏။

အိမ်သို့ရောက်လျှင် မောင်မောင်တင်လည်း အကျိုးအကြောင်းကို မေးမြန်းလေရာ မောင်သိန်းတန်မှာ မမြနုသည် မိမိအပေါ်တွင် မေတ္တာ သက်ဝင်လျက်ရှိသည့် အကြောင်းများကိုသာ ချန်လှပ်၍ လုံးဝဥဿုံ ပြော ပြလေ၏။ ဤကဲ့သို့ မအောင်မြင်ခဲ့ကြောင်းကို ကြားရသောအခါ မောင် မောင်တင်မှာ ယခင်ကထက်ပင် စိတ်ပျက်လျက် "နေရာတော့ ကျမယ် မထင်ပါဘူးညီရယ်၊ ဒီလောက်များ ခဲယဉ်းတဲ့မိန်းမ–ကိုကိုဖြင့် စိတ်ဖြတ် လိုက်ချင်ပါပြီ။ ကိုင်း ... ကိုင်း ရှိစေတော့။ နောက် တနင်္ဂနွေနေ့ကိုမှ စကားမသေချာရင် ကိုကိုသူ့အပေါ်မှာ တစ်ခါတည်း ဖြတ်လိုက်မယ်။ ကိုင်း ... ငါ့ညီကော သဘောကျရဲ့ မဟုတ်လား"

"ကျပါတယ် ကိုကိုရယ်၊ မိန်းမပဲ ရှားတာလိုက်လို့ သူ့ထက်သာ တာ ရှာပြီး ယူနိုင်ပါတယ်။ ကိုကိုတို့လို ရုပ်ရည်နဲ့၊ ပညာဂုဏ်နဲ့ ပူစရာ မရှိပါဘူး"

"အေးကွယ် ငါ့ညီကလည်း ဒီလိုပဲအားပေးဦးမှပေါ့။ နေပါဦး၊ အရင်တစ်ခါ ပြောဖူးပါတယ်၊ ငါ့ညီမှာ နှမကလေးတစ်ယောက် ရှိတယ် ဆို"

"ရှိတယ်ကိုကိုရဲ့၊ ကျွန်တော်နဲ့ အမြွှာမွေးပေါ့"

"ဒါဖြင့် ညီညီနဲ့ တူမှာပဲနော်"။

"တူဆို ကိုကိုနှယ်၊ ကျွန်တော်မိန်းကလေးလိုများ ဝတ်လိုက်ရရင် သူနဲ့ ခွဲရမှာတောင် မဟုတ်ဘူး၊ အခု ကျွန်တော်လည်း ဟိုရောက်ဒီရောက်နဲ့ အခြေမရှိ၊ အနေမရှိ လေလွင့်နေတာ သူ့အတွက်ကြောင့်ပေါ့ ကိုကိုရယ်။ သတင်းလည်း ဘယ်မှမရဘူး၊ လေ့ပျက်တုန်းကတည်းက သေရှာပြီ ထင်ပါရဲ့ ကိုကိုရယ်"

"မပြောကောင်းတာတွေ ပြောမနေစမ်းပါနဲ့ကွယ်။ ကိုကိုလည်း တတ်နိုင်သမျှ ကူညီပြီးရှာပေးပါ့မယ်။ အခုလည်း ကိုကို စုံစမ်းတုန်းပါပဲ။ နိုင်ငံဆိုတာ အကျယ်ဝန်းသားကလား ညီရဲ့။ သူလည်း ငါ့ညီလိုပဲ ကယ်ဆယ်တဲ့သူများနဲ့တွေ့ပြီး တစ်နေရာရာမှာ အလုပ်အကိုင်ရှာဖွေပြီး လုပ်ကိုင်နေချင် နေပါလိမ့်မယ်။ တိတ်ပါကွယ် … တိတ်ပါ၊ ငါ့ညီက မျက်ရည်ကလည်း အင်မတန် လွယ်သကိုးကွယ့်။ ကိုကိုရှိသားပဲ ဘာအားငယ်စရာ ရှိသလဲ"

ထိုညသည်ကား လသာသောညဥ့်ဖြစ်ရကား၊ လွန်စွာပင် စိတ် နှလုံး ကြည်နူးဖွယ်ရာကောင်းလေရာ၊ မောင်မောင်တင်သည် အိမ်ရှေ့ဝရန်တာတွင်ထိုင်ကာ ပန်းရနံ့ဖြင့် ရောပြွန်းကာ တိုက်ခတ်သောလေညှင်းများကို ရှူရှိုက်လျက် –

"မောင်သိန်းတန် တစ်နေ့ဆိုတဲ့ ဘောလယ်လေးဆိုပြီး စန္ဒရားလေး ညှိစမ်းပါကွယ်။ လကလေးကလည်း သာပါဘိနဲ့၊ အင်မတန် လွမ်းစရာ ကောင်းသဟော့"

"မတီးပါရစေနဲ့ ကိုကိုရယ်၊ ကျွန်တော်လည်း 'ပီယာနို'ကို ကောင်းကောင်း မနိပ်တတ်ပါဘူး။ ပြီးတော့လည်း ဒီသီချင်းကို ဆိုမှဖြင့် ငိုချင်ပြီးလာလွန်းလို့ပါ"

"မင်းကလည်း ကိုကို့လိုပဲ လွမ်းစရာများလူရှိလို့လား"

"ရှိတာပေါ့ကိုကိုရဲ့"

"သြော် … သိပြီ၊ တစ်နေ့က ပြောတာလား၊ မင်းရည်းစားက ကိုကိုတို့အရွယ်လောက် ရှိပြီဆို။ အံ့သြပါရဲ့မောင်ရယ် … နေပါဦး၊ ဘယ်အရပ်ကလဲကွယ့်၊ ပြောစမ်းပါငါ့ညီရယ်၊ ကိုကိုနဲ့ကော သူနဲ့မတွေ့ပေးဘူးလား"

http://www.cherrythitsar.org



"သိပေါ့ကိုကိုရယ်၊ ကိုကိုအသိဆုံးပေါ့၊ ကိုကိုကသာ ပြောပေးမယ်ဆိုရင် ကျွန်တော်ချက်ချင်းရနိုင်တယ်"

မောင်မောင်တင်သည် ဆေးပြင်းလိပ်ကိုကိုက်ကာ စဉ်းစားလျက်

"အသက်ကလည်း ကိုကိုတို့အရွယ်ရှိပြီ၊ ကိုကိုနဲ့လည်း သိတယ်။ ဟာ ... မင်းစကားက တယ်ပြီး ဝေ့လည်လည်နိုင်တာကိုးကွယ့်။ ကိုင်းကွယ် ... ဒီအကြောင်း ထားလိုက်ကြဦးစို့။ မင်းမှာလည်း လွမ်းရမယ့်လူရှိတယ်ဟုတ်လား။ ပြီးတော့ ကိုကိုမှာလည်း လွမ်းရမယ့်လူရှိတယ်။ ဒီတော့ နှစ်ယောက်စလုံး လွမ်းရအောင်ဟာ။ တစ်နေ့က ဘောလယ်ကလေးဆိုပြီး တီးလိုက်စမ်းပါကွယ် ငါ့ညီရယ်"

ထိုအခါ မောင်သိန်းတန်မှာ မိမိနဂိုကပင် ဤတေးကို တီးလိုသော စိတ်ရှိသည့်အပြင် မောင်မောင်တင်ကလည်း အတန်တန်တောင်းပန်လျက်ရှိသည်နှင့် စန္ဒရားကို စည်းဝါးကိုက်အောင် ကြိုးညှိပြီးလျှင် အောက်ပါဘောလယ်ကို မကျယ်တကျယ် ဆိုကာ၊ ခလုတ်များကို ဖြည်းညှင်းစွာ စ၍ နှိပ်စ ပြုလေ၏။

**ဘောလယ်**

**ချစ်ကြိုးရှက်လိမ်–ရှက်လိမ်။ ချစ်စံအိမ်ကွန့်မှာလ၊ ချစ်သူကို လွမ်းတာကြောင့် ကျွမ်းချစ်မှုပွေ၊ ချစ်မဝ–ချစ်ရတာတွေ ချစ်ပါစေကြောင်း ကိုလေး ... တောင်း ချစ်ဆုခြွေ။**

**သည်မယ်မှာ ဆွေးစေဖို့ ချစ်ရေးတာရှည်၊ အချစ်ကလေး ရှောင်မသွေပါနဲ့။ နောင်အရှည်ပေါင်း ချစ်ပါစေကြောင်းရယ်နှင့် ချစ်ဟောင်းငယ်ဖေါ်၊ ချစ်မပျက် နှစ်သက်ရာကျော်၊ ချစ်ပျော်ပျော် သုံးမယ်လေး ... ဘုန်းချစ်လျက်နော်။ ချစ်ပန်းငုံဖူးရိုန်မို့၊ ချစ်ဦးမောင်တော် ချစ်မြူးယောင်ခေါ်လို့၊ ချစ်မောင်တော်တစ်ပါး ပြုတော်မူအားပါပေ့။ သနားမညှာ ဘုန်းမောင်တွက်တာ၊ ဘဝင်မှာ အေးတယ်လေး ... ဆွေးရတက်ဖြာ။**

**သိရှာပဲဟာမို့၊ အသည်းမှာနာ ချစ်ပန်းငုံစေတနာကြောင့် သွေမခွါ နိုင်ပဲ ချစ်အာရုံစွဲတာမို့ ချစ်သဲမှာပူ၊ ချစ်မာ ချစ်ရတဲ့သူ ချစ်ဆုဆုပွက် အောင်လေး.... စွဲငြိလျက်ဆူး။**

အထက်ပါ ဘောလယ်ကိုသီဆိုကာ စန္ဒရားကို အသံညှို၍ တီးလေရာ၊ မောင်သိန်းတန်မှာ မိမိ၏အဖြစ်အပျက်များကို အကယ်ပင် သီဆို

http://www.cherrythitsar.org



လျက် ရှိရကား အချစ်ဓာတ်တို့သည် ဆိတ်ငြိမ်သာယာသော ညအခါဝယ် သာယာ နာပျော်ဖွယ်ကောင်းသော တီးမှုတ်သံကို ကြားရသောအခါ ဆီထိသော ဂွမ်းအသွင် မီးကင်သောပျားဖယောင်းကဲ့သို့ ပီတိဓာတ်လှုံ့ဆော်လျက် ရှိသည့်အပြင် မိမိချစ်ခင်သော မောင်မောင်တင်မှာ အနီးတွင်ပင် ရှိသည်ဖြစ်၍ လှိုက်လှိုက်လှဲလှဲ ကြားရသူ စွဲလောက်အောင် ဆွဲငင်ရစ်ကျော့၍ သီဆိုလေရာ မောင်မောင်တင်မှာ ချစ်ခင်သည့် မေတ္တာသွေးကြောင့် အတွင်းဆွေး ဆွေး၍နေသူဖြစ်သည်လည်းတစ်ကြောင်း၊ မောင်သိန်းတန်၏ ဘောလယ်သံမှာ 'ပီယာနို'သံနှင့် တစ်ထပ်တည်းထွက်၍ လာပြီးလျှင် လွန်စွာပင် သာယာလှသည်နှင့် မကြာမီ ပက်လက် ကုလားထိုင်ပေါ်တွင် အိပ်ပျော်၍သွားလေ၏။

နောက်တနင်္ဂနွေတိုင် ရောက်လတ်သော် မောင်သိန်းတန်မှာ မမြနုအိမ်သို့ လာရောက်ခဲ့လေရာ မမြနုမှာ ယခင်ကထက်ပင် လောကွတ်ပျူငှာပြုကာ နှစ်ဦးသားတို့မှာ ရှေးအထက်ကထက် အကျွမ်းတဝင် ပြောဆိုလျက် ရှိကြကုန်၏။ ၎င်းနောက် မမြနုက မောင်သိန်းတန်အား ဤမန္တလေးမြို့၌ နေထိုင်ရသည်မှာ ပျော်ပါ၏လောဟု မေးမြန်းလေရာ "ပျော်တယ်လို့တော့ ဘယ်ဟုတ် လိမ့်မလဲ နုနုရယ်၊ လူဆိုတာ ပျော်ရာမှာမနေ တော်ရာမှာ နေရမယ်ဆိုတာလို အလုပ်အကိုင် အခွင့်အလမ်းတည့်ရာမှာ နေကြရတာပေါ့။ အခုဖြင့် သူ့ထမင်းစားပြီး တစ်လကို လခကလေး ၄၀ ကျပ်ရတော့ နည်းနည်းပါးပါးဖြင့် စုဆောင်းမိပါရဲ့။ တစ်လကို ၄၀ ကျပ်သာဆို မကရှာပါဘူး။ နုနုရယ် အဝတ်အစားများလည်း ဝယ်ပြီးဝတ်ရတယ်မရှိပါဘူး"

"ဩော် ... ဒါနဲ့ မေးရဦးမယ်၊ ကိုသိန်းတန်နှမကလေး ပျောက်နေတယ်ဆိုတာ အခုထက်ထိ သတင်းအစအန မရသေးဘူးထင်ပါရဲ့"

"မရသေးပါဘူး နုနုရယ်၊ ကျွန်တော်ဖြင့် ရှာတွေ့မယ် မထင်ပါဘူး။ သတင်းမရပုံထောက်တော့ဖြင့် ... ဩော် ... တစ်ခုတော့ ရှိတယ်။ ကျွန်တော်တို့ မောင်နှမဟာ အမြွှာမွေးဖြစ်လေတော့ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က သိတယ်"

"ဥပမာ တကယ်လို့ သူ့မှာ အသည်းအသန် ဒုက္ခရောက်ရင် ကျွန်တော်လည်း ဒုက္ခရောက်ရတာပဲ။ သူနေထိုင် မကောင်းဖြစ်ရင် ကျွန်တော်လည်း နေထိုင်မကောင်းချင်ဘူး။ ဒါဟာ အခုမှ မဟုတ်ဘူးနုနုရဲ့။ ငယ်ငယ်

http://www.cherrythitsar.org



လေးကတည်းကပဲ တစ်နေ့ညကတောင် အိပ်မက်ထဲမှာ သူမန္တလေး ရောက်လာသလိုလို မြင်လိုက်ရသလိုလိုပဲ။ ဒီဟာတွေ တွေးလိုက်ပြန်တော့ လည်း အသက်တော့ဖြင့် မသေဘဲ၊ တစ်နေ့နေ့ဖြင့် တွေ့ရနိုး နိုးထင်မိ တယ်။ ဒီက မောင် လုပ်တဲ့လူမှာဖြင့် မျက်ရည်နဲ့မျက်ခွက် ဘယ်တော့မှ အေးကွက်မတွေ့ပါဘူး နုနုရယ်"

"ယောကျ်ားပဲရှင်၊ ဒီလောက်လည်း တွေးပြီး ပူပန်မနေပါနဲ့။ ကျွန်မသဘောမှာဖြင့် သတင်းစာထဲမှာ ထည့်ပြီးကြော်ငြာရရင် မကောင်း ပေဘူးလား"

"ကျွန်တော်လည်း စိတ်တော့ဖြင့် ကူးနေတာပဲ"

"ဪ ... ဒါနဲ့ မေးရဦးမယ်။ ကိုသိန်းတန်နှမကလေးနာမည်က ဘယ်သူလဲရှင့်၊ ကျွန်မမေ့သွားလို့"

"မသိန်းဟန်တဲ့"

"အမြွှာမောင်နှမဆိုတော့ ရုပ်ခြင်းလည်း ရွေးမရအောင် တူရှာလိမ့် မယ်နော်၊ တွေ့စမ်းချင်ပါဘိတော့တယ်ရှင်၊ ရုပ်ကလေးက အင်မတန်လှမှာ ပဲနော်၊ သနားစရာရှင်။ သူ့ခများမှာ သူတော်ကောင်းနဲ့တွေ့ပါစေဆိုတာ ကျွန်မက ကူပြီး ဆုတောင်းရမှာပဲ"

"ကျွန်တော် ဒီလောက်ပဲ ရုပ်ချောလို့လားဗျ"

"ပြောမှ ပြောတတ်ပလေတယ် ကိုသိန်းတန်ရယ်၊ ကျွန်မဖွင့်ပြော မယ်နော်။ ယောကျ်ားကလေးများ ချောတယ်ဆိုတာ အပေါ်ယံက အဝေး ကြည့်ပြီးချောပြီး ကြမ်းကြမ်းတမ်းတမ်းတွေသာများကြတယ် ကိုသိန်းတန် ရဲ့။ ကိုသိန်းတန်တို့ချောပုံကတော့ မိန်းကလေးအမူအရာနဲ့ မိန်းမချောချော တာမို့ ပြောလို့ပြောတာ မဟုတ်ပါဘူး ကိုသိန်းတန်ရယ်။ ယောကျ်ားချော ကလေးတွေ တွေ့ဖူးပါပြီ။ ကိုသိန်းတန်လို အပြစ်ကင်းလေအောင် ချော တာ ..."

ဤကဲ့သို့ စကားမဆုံးမီ မောင်သိန်းတန်သည် ကြားဖြတ်၍ "ဒီ စကား ထားလိုက်ကြဦးစို့ မမြနု။ ကိုကိုတင်တရားကိုသာ ဒီကနေ့ ဘယ် လိုစီရင်ချက် ချမယ်ဆိုတာ အမိန့်ရှိပေတော့"

"အရင်တစ်ခေါက်က ကျွန်မပြောတဲ့စကား မေ့ပြီလား ကိုသိန်း တန်ရဲ့"

http://www.cherrythitsar.org



"ဘယ်စကားလဲ" မသိယောင်ဆောင်၍ မေးသည်။

"သြော် ခက်လိုက်တာနော်၊ ရှင့်ကိုကိုတင်အတွက်ဆိုရင် ရှင် တောင် အိမ်ကို မလာပါနဲ့လို့ ကျွန်မပြောပြီးပါပကော၊ တခြားလူအတွက် ပြောပါလို့ဆိုတာ၊ ဒီလောက်ပဲ ကျွန်မမေတ္တာရှိတဲ့လူ ရှားသလားရှင်။ ကိုင်း ရှင် ကိုကိုတင် ကလွဲရင် ဘယ်သူ့အတွက်ပဲပြောပြော"

"ခက်ပြန်ပါပြီဗျာ၊ မယောင်ရာဆီလိမ်းဆိုတာလို"

"သြော် ... ကိုသိန်းတန်၊ ကိုသိန်းတန် ... ပြောရပါတော့မယ်ရှင်၊ ကျွန်မဟာ ဒီအသက်အရွယ် ရောက်အောင် အပျိုကြီးလုပ်နေခဲ့။ ဘယ်အခါ ကမှ ချစ်တယ်၊ ခင်တယ်၊ မေတ္တာရှိတယ်ဆိုတာ မသိခဲ့ရိုးမှန်ပါတယ် ကို သိန်းတန်ရယ်။ ကျွန်မဟာ ရှင့်ကိုကိုတင်အပေါ်မှာတောင် နည်းနည်းမှ စိတ်မညွတ်မိဘူးဆိုတာ ရှင်အသိပါ ကိုသိန်းတန်။ အခုတော့ ရှင့်မျက်နှာ ကလေးကို မြင်လိုက်ရ ... အရင်က ဣန္ဒြေဆယ်ခဲ့သမျှ အချည်းနှီးဖြစ်ပြီး မြိုသိပ်ပြီး ထားခဲ့သမျှဟာတွေ ဖွင့်ရခြင်းဖြစ်ပါတယ် ကိုသိန်းတန်ရယ်" ဟု ယခုကာလတွင် 'ကြာ'ဟုခေါ်သော အမူအရာအလျဉ်းမပါဘဲ မိမိစိတ် တွင်း ရှိသမျှတို့ကို ဟုတ်မှန်သည့်အတိုင်း ပြောဆိုလေရာ၊ မောင်သိန်းတန် မှာ "သြော် ... မမြနု ... မမြနု အကြောင်းမသိရှာလို့ ငါ့အပေါ်မှာ မေတ္တာ သက်ဝင်မိ၊ သနားစရာဖြစ်နေ ရှာပြီနော်"

ဟု ဝမ်းထဲက အောက်မေ့ကာ မမြနုသည် မိန်းမပင်ဖြစ်သော် လည်း ချစ်စကား ကြိုက်စကားကို စတင်၍ မိမိ၏ပြောဆိုသည်ကို အပြစ် မတင်ဘဲ မိမိသည်လည်း မောင်မောင်တင်အပေါ်တွင် ဤကဲ့သို့ပင် ဖြစ်ပေ သည်ဟု အပြစ်တင်ရမည့်အစား သနားချစ်ခင်သောစိတ် ပေါ်ပေါက်လျက် 'မိန်းမချင်း ကိုယ်ချင်းစာ' ဆိုဘိသကဲ့သို့ အတိုင်းထက်အလွန် ကရုဏာ သက်မိလေ၏။

မိမိမျက်နှာပျက်၍ သွားသည်ကို သိမည်စိုး၍ မောင်သိန်းတန် လည်း စီးကရက်ကို မီးညှိကာ ကုလားထိုင်ပေါ်မှထ၍ "ဒီလိုပြောတာ ကျွန် တော်ကလည်း နုနုအပေါ်မှာ နည်းနည်းမှ အပြစ်မဆိုလိုပါဘူး နုနုရယ်။ မိန်းကလေးများဟာ ဣန္ဒြေရှင် ဖြစ်လို့သာ စောင့်စည်းခဲ့ရတာ။ ကိုယ်နှစ် သက်တာနဲ့ တွေ့ပြီလားဆို၊ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော် ဒိဋ္ဌသိရ လို့၊ နို့ပေမဲ့ ဖြစ်နိုင်မယ် မထင်ပါဘူး နုနုရယ်။ မောင်လိုနှမလို ချစ်တာက

http://www.cherrythitsar.org



ကောင်းပါတယ်။ အို ... ကုန်ကုန်ပြောလိုက်မယ် နုနုရယ်။ ကျွန်တော် နုနုကို ဘယ်နည်းနှင့်မှ မယူနိုင်ဘူး”ဟု တစ်ဖန် မျက်နှာထားကိုပြင်လျှင် ပြုံး၍ပြောပြီးနောက် မမြနုမျက်နှာကိုမျှ မကြည့်ဘဲ ထွက်၍လာခဲ့လေရာ၊ မမြနုမှာ အံ့သြခြင်းမက အံ့သြ၍ ကျန်ရစ်ခဲ့လေ၏။

မောင်သိန်းတန်သည် မမြနုအိမ်မှ ထွက်၍လာပြီးနောက် လမ်းထောင့်တစ်ခုသို့ ချိုး၍ မြင်းရထားတစ်စီးကို လှမ်း၍ခေါ်နေစဉ် လူတစ်ယောက်သည် ယိမ်းယိုင်ကာ မိမိအနီးသို့ ရောက်လာပြီးလျှင် “ဟေ့ အကောင် ... မင်း အောက်သားလား၊ မင်းက မင်းကိုယ်မင်း လူလည်လုပ်ပြီး တို့အရပ်ထဲက မမြနုကိုလာပြီး ပိုးတာပေါ့လေ”

“မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော့်ကို အမိန့်တော်ရ မောင်မောင်တင်က ...”

“ဘယ်က အမိန့်တော်ရ ... ငါမသိဘူး။ အေးကွယ် ဒီတစ်ခါ ချမ်းသာပေးလိုက်ဦးမယ်။ ငမိုးတဲ့ကွ အရပ်ထဲမှာ ဗိုလ်မထားဘူး။ နောက် တစ်ခါ လာတာမြင်ရင် မင်းခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်ပြီသာပဲ မှတ်ထား”

ဤကဲ့သို့ ကြိမ်းဝါးခြင်းကို ခံရရှာလေရာ မောင်သိန်းတန်အမည်ခံသူ မသိန်းဟန်မှာ ယောကျ်ားကဲ့သို့ပင် ဝတ်ဆင်နေရရှာသော်လည်း ယောကျ်ားသွေးမရှိ များစွာကြောက်ရွံ့ရှာလျက် မြင်းရထားပေါ်သို့ လျင်မြန်စွာ တက်ပြီးလျှင် အိမ်သို့ပြန်ခဲ့လေ၏။ မြင်းရထားသည် မင်္ဂလာဈေးရပ်သို့ ပြန်လာခဲ့လေ၏။ မင်္ဂလာဈေးရပ်သို့ ရောက်ခါနီး လမ်းဆုံတစ်ခုသို့ ရောက်လတ်သော် နောက်မှနေ၍ “မောင်သိန်းတန် ... ဟေ့ မောင်သိန်းတန်” ဟု ခေါ်လိုက်သံကို ကြားရသဖြင့် ရထားကုလားအား ခေတ္တရပ်ရန် အမိန့်ပေးလိုက်ရာ မြင်းရထားရပ်သည်တွင် လူတစ်ယောက်သည် ရထားဘေးသို့ ကပ်လာ၍ “ဟေ့ ... မောင်သိန်းတန် မင်းတယ်ပြီး တော်တဲ့လူကွယ်၊ ငါ့မှာ ဒီနေရာကထိုင်ပြီး စောင့်ရတာ တစ်နာရီလောက်ရှိပြီကွယ့်။ မင်း သွားချင်ရာသွားလို့ တော်နိုင်ပါ့မလားကွယ်၊ မောင်သိန်းတန်ရယ်”ဟု ပြောလေရာ မောင်သိန်းတန်မှာ ထိုသူကို မည်သည့်အခါမျှ မမြင်ဖူးသဖြင့် ကြက်သေသေကာ တွေဝေလျက် ရှိလေ၏။

“လူမှားလို့ ဖြစ်ပါလိမ့်မယ် ခင်ဗျာ”

http://www.cherrythitsar.org



"မင်းရှုးလာသလားကွ၊ ကိုင်းကွယ် ဆင်းရင်လည်း ဆင်းပါ၊ သဘော်ာဆိပ်က အဖေါ်တွေက မျှော်ကြလှရော့မယ်၊ နေပါဦး ... မင်းအခု ဘယ်ကိုသွားဦးမလို့လဲ"

"ကျွန်တော့်အိမ်ကို ကျွန်တော် ပြန်မလို့ပေါ့ခင်ဗျာ"

"တယ်ပြီးနောက်တဲ့ လူကိုကွယ့်၊ လူကိုအရူးဖြစ်အောင် ..."

ဤကဲ့သို့ ပြောဆို၍မှ စကားမဆုံးမီ အစိုးရစာသင်တစ်ယောက်နှင့် ပုလိပ် အမှုထမ်းတစ်ယောက်သည် အနီးရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်မှ လျင်မြန်စွာ ထွက်လာပြီးလျှင် စာသင်လုပ်သူလည်း မိမိ၏လက်အောက်သားများအား "ဒီလူပေါ့ကွယ့်၊ (၄၀၆) နဲ့ ထွက်ပြေးနေတဲ့ ကိုကျော်မြဆိုတာ"ဟု ပြောဆိုကာ ပုလိပ်သားများအား ဖမ်းဆီးရန် အမိန့်ပေးလေရာ ကိုကိုကျော်မြဆိုသူမှာ မကြာမီပင် လက်ထိပ်ခတ်ပြီး ဖြစ်လေ၏။ ထိုသူလည်း တရွေ့ရွေ့မောင်းနှင်၍ ထွက်သွားသော မြင်းရထားပေါ်မှ မောင်သိန်းတန်ကိုကြည့်ကာ "တယ်ပြီး တော် တဲ့လူကွယ်၊ သူ့ကိုစောင့်ပြီးနေရလို့ လူမှာ အဖမ်းလည်း ခံရသေးတယ်။ လူကိုလည်း သူက အရူးလုပ်သေးတယ်၊ အေးကွယ် ... မင်းနဲ့ငါနဲ့တော့ သိကြရောပေါ့"ဟု ကြိမ်းဝါးပြောဆိုလျက်ပင် ပုလိပ်များနောက်သို့ပါ၍သွားလေရာ မောင်သိန်းတန်လည်း ရထားကို လျင်မြန်စွာ မောင်းရန်အမိန့်ပေးပြီးလျှင် အိမ်သို့ ဆိုက်ရောက်ခဲ့လေ၏။

မောင်သိန်းတန်၊ မသိန်းဟန် အမွှာမောင်နှမတို့မှာ လှေပျက်၍ တစ်ယောက်နှင့်တစ်ယောက် ကွဲခဲ့သည်မှစ၍ ယခုတိုင် မောင်သိန်းတန်၏ အကြောင်းကိုမှတ်၍ မသိန်းဟန်၏အဖြစ်အပျက်များကိုသာ ဖေါ်ပြ၍လာခဲ့လေရာ၊ မသိန်းဟန်၏မောင် မောင်သိန်းတန်မှာ တံငါလှေတစ်စင်းက ကယ်ဆယ်၍ မသိန်းဟန်ကဲ့သို့ အသက်ချမ်းသာခြင်းကို ရခဲ့လေ၏။ တံငါသည်များတွင် အကြီးအကဲဖြစ်သူ 'ကိုကျော်မြ'ဆိုသူသည် လူဆိုးတစ်ယောက်ပင် ဖြစ်သော်လည်း မောင်သိန်းတန်ကို များစွာချစ်ခင်သည့်အလျောက် မောင်သိန်းတန်မှာ ထိုသူများ၏ အသက်မွေးမြူခြင်းကို များစွာ မကြိုက်မနှစ်သက်သည်လည်းတစ်ကြောင်း၊ မိမိ၏ နှမမသိန်းဟန်သည်လည်း သေသည်ရှင်သည် မသိရ၍ အရပ်ရပ်သို့ နှံ့စပ်အောင်ရှာဖွေမည်ဟု

http://www.cherrythitsar.org



ကိုကျော်မြနှင့်အတူ ထိုနေ့ပင် မန္တလေးမြို့သို့ ကံအားလျော်စွာ ရောက်ရှိခဲ့လေ၏။

သဘော်ပေါ်တွင် ဝန်စည်စလည်များကို အသိအကျွမ်းများအား ခေတ္တခဏမျှ ကြည့်ရှုရန် အပ်နှံခဲ့ပြီးသော် မန္တလေးမြို့ပေါ်တွင် ကိုကျော်မြနှင့်အတူ လိုက်လံရှာဖွေခဲ့ပြီးနောက် မင်္ဂလာဈေးအနီးတွင် မောင်သိန်းတန်သည် ကိုကျော်မြအား ခေတ္တမျှစောင့်ဆိုင်းနေရန် မှာကြားထားခဲ့ပြီးသော် မြင်းရထား တစ်စီးငှားကာ မသိန်းဟန်အား မိမိတစ်ယောက်တည်း ရှာဖွေဦးမည်ဟု ပြောကာ၊ ထွက်လာခဲ့လေ၏။ ထိုအခါ လူတစ်ယောက်သည် မြင်းရထားမှ မြင်းဇက်ကို အတင်းဝင်၍ ဆွဲလေ၏။ မောင်သိန်းတန်လည်း မြင်းရထားပေါ်မှ လျင်မြန်စွာ ခုန်ဆင်းပြီးသော် –

"ဟေ့ ... အကောင် ဒီဟာ ဘာသဘောလဲ"

"မင်းတယ်ပြီး လူပါးဝတဲ့ အကောင်ပါကလား အခုပဲ မင်းကို သတိပေးလိုက်သေးတယ်၊ တစ်ခါပြန်လာပြန်ပြီလား၊ ဒီဟာ ငါ့ကို မင်းက မကြောက်လို့ သက်သက်မဲ့ ...."

"မင်းကိုဘာပြုလို့ ငါကကြောက်ရမှာလဲ၊ လာကွယ် သတ္တိသိရအောင်"

ဟု ပြောကာ ထိုသူအား လက်သီးဖြင့် မေးရိုးဆီသို့ ချိန်ရွယ်လျက် ပြင်းထန်စွာ ထိုးသတ်လိုက်လေရာ လူဆိုးငမိုးမှာ မြေပေါ်သို့ တစ်ခါတည်း လဲကျသွားလေ၏။

ထိုအခါ မောင်သိန်းတန်လည်း အင်္ကျီလက်များကို ပင့်ကာ၊ နောက်ထပ်ရိုက်နှက်ဦးမည့်ဟန် ပြင်လျက်ရှိစဉ်၊ အနီးရှိ တိုက်တစ်လုံးမှ လှပသော မိန်းမပျိုလေးတစ်ယောက်သည် ထွက်လာ၍ "ဖြစ်မှဖြစ်ရလေ ကိုသိန်းတန်ရယ်၊ လာပါဦးရှင် အိမ်ထဲပြန်ဝင်ပါဦးရှင်၊ ဒီအကောင်ဟာ ကိုသိန်းတန်ကို ဒီလို နှောင့်ယှက်လိမ့်မယ်ဆိုတာ အသိသားနဲ့ ကျွန်မ သတိမပေးလိုက်လို့ ဖြစ်ရတာပါရှင်"

စသည်ဖြင့် မိမိအား အတင်းခေါ်ငင်လျက်ရှိသဖြင့် မောင်သိန်းတန်မှာ "ဘယ့်နှယ်လဲ ဒီမိန်းမ ငါ့ကို ဘယ်တုန်းကများသိလို့ ဒီလောက် ဖော်ဖော် ရွေရွေ လုပ်ရပါလိမ့်မလဲ။ ဟယ် ... မတတ်နိုင်ပါဘူး။ သူကသိလို့ ခေါ်မှဖြင့် ငါဘာပြုလို့ မလိုက်ဝံ့ရမှာလဲ"ဟု အောက်မေ့ကာ ထိုမိန်းမပျို

http://www.cherrythitsar.org



ခေါ်ရာသို့ လိုက်ပါသွားလေ၏။ မောင်သိန်းတန်လည်း ဣန္ဒြေမပျက်စေဘဲ မမြနု ပြောသောစကားများကိုသာ အကဲခတ်၍ ပြန်လှန်၍ ပြောဆိုလျက်ရှိလေရာ မောင်သိန်းတန်နှင့် မမြနုတို့မှာ သမီးရည်းစားအဖြစ်သို့ ရောက်ကြပြီးဖြစ်လေ၏။

မောင်သိန်းတန်လည်း မမြနု၏အကြောင်းကို အကဲခတ်ဦးမည် ဟု မမြနုတို့အိမ်မှ ထွက်ခဲ့ပြီးနောက် သင်္ဘောပေါ်သို့သွားရောက်ကာ မိမိ၏ အထုပ် အပိုးများကို ယူပြီးလျှင် မော်တော်ကားတစ်စီးကိုငှား၍ ဟိုတယ်ဆိုင်သို့ မောင်းနှင်သွားလေ၏။ ဟိုတယ်ဆိုင်သို့ရောက်လျှင် အခန်းတစ်ခုကိုယူ၍ ညစာ ထမင်းစားသောက်ပြီးနောက် အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့လေရာ အချို့သူများသည် မိမိအား ရိုသေသော အမူအရာဖြင့် ဆလန်ပေး၍ သွားသည်ကိုလည်းကောင်း၊ အချို့မှာ မိမိအားပြုံး၍ သွားသည်ကိုလည်းကောင်း၊ အချို့မှာ မိမိ၏အမည်ကိုခေါ်၍ နှုတ်ဆက်ကာ သွားကြသည်ကိုလည်းကောင်း တွေ့ရသဖြင့် "ဘယ်နှယ့်လဲ သူတို့ မန္တလေးမြို့သူမြို့သားတွေဟာ မသိဘဲနဲ့ နှုတ်ဆက်ကြသလား၊ ဒါလည်း မဟုတ်သေးဘူး။ တချို့ကဖြင့် ငါ့နာမည်တောင် သိလို့ ခေါ်တဲ့လူကမရှား၊ ညနေကလည်း မိန်းမတစ်ယောက်က အိမ်ထဲကိုခေါ်ပြီး မသိဘဲနဲ့၊ လောကွတ်ပျူငှာ လုပ်လိုက်တာ မပြောနဲ့တော့၊ ဒင်းတို့တစ်တွေဟာ ရူးများပဲ နေကြသလား။ ဒီလိုမှမဟုတ်ရင်လည်း ဒင်းတို့တစ်တွေဟာ စုန်းအတတ်ကို ကောင်းကောင်းကြီးတတ်ကြလို့ပဲ"ဟု ထင်မိထင်ရာ စိတ်ကူး၍ လျှောက်လာခဲ့ရာ ကျောက်သွေးတန်းသို့ ရောက်လာခဲ့လေ၏။ ထိုအခါ မြန်မာပြည်ပိုးထည် ကုမ္ပဏီတိုက်ရှေ့တွင် အငြိမ့်တစ်ခု ကပြနေသည်ကို တွေ့ရသဖြင့် လက်ကိုင်တုတ်ကလေးကိုထောက်ကာ အငြိမ့်ပွဲကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုလျက်ရှိစဉ် လူတစ်ယောက်သည် မိမိပခုံးကို နောက်က ပုတ်လိုက်ပြီးလျှင် "အိုင်ဆေး ကိုသိန်းတန် အိမ်ခန်းထဲမှာ ခင်ဗျားစာကြည့် ပြီးနေသလားမှတ်တယ်။ လက်စသတ်တော့ ခင်ဗျားက ဒီရောက်နေတာကိုး ဗျ"ဟု ရယ်မောပြောဆိုလိုက်ရာ မောင်သိန်းတန်လည်း "ဟုတ်ကဲ့ ကျုပ် အခုပြန်မလို့" ဟု ထိုသူ၏ စကားကို ရော၍ပြောလိုက်ပြီးလျှင် ရထားတစ်စီးပေါ်သို့ လျင်မြန်စွာ တက်ပြီးနောက် စိတ်ထဲတွင် စိမ့်၍ကြောက်လာသည်နှင့် အငြိမ့်ပွဲကို ဆက်လက်၍ မကြည့်ဘဲ ဟိုတယ်သို့ပြန်ခဲ့လေ၏။

http://www.cherrythitsar.org



ယခု မောင်သိန်းတန်အား နှုတ်ဆက်သောသူမှာ အခြားမဟုတ်၊ ရှေ့နေမောင်မောင်တင်အိမ်မှ မောင်ဘိုးသာဖြစ်၍ မိမိ၏အိမ်တွင် နေထိုင်သူ မောင်သိန်းတန် ဖြစ်သည်ဟု ထင်မှတ်၍ နှုတ်ဆက်ခေါ်ငင်ခြင်း ဖြစ်လေသည်။

ဟိုတယ်ဆိုင်သို့ ရောက်သောအခါ မောင်သိန်းတန်သည် အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ မမြနုဆိုသော မိန်းမပျိုတစ်ယောက်သည် မိမိအား မသိဘဲနှင့် ချစ်ကြိုက်လျက်ရှိကြောင်းများကို စဉ်းစားကာ "သူပြောပုံ ထောက်လိုက်တော့ ကိုကိုတင်ဆိုတဲ့ လူတစ်ယောက်ဆီမှာ စာရေးလုပ်နေတဲ့လူနဲ့ ငါနဲ့ လူမှားပြီး ငါ့ကို သူ့ရည်းစားထင်လို့ မကြာခင်ဘဲ လက်ထပ်ဖို့ကိစ္စ ပြီးမြောက်ဖို့အကြောင်းကို ပြောလိုက်တယ်။ ဒီကိုကိုတင် ဆိုတဲ့လူကလည်း သူပြောပုံကဖြင့် သူ့ကိုမရမက ကြံစည်ပိုးပန်းနေတဲ့ လက္ခဏာပဲ၊ နေပါဦး၊ သူကြိုက်နေတဲ့ ရည်းစား မောင်သိန်းတန်ဆိုတဲ့ လူနဲ့ငါနဲ့ ရုပ်ချင်း ဒီလောက်ပဲတူရသလား။ ရုပ်ချင်းတူတာ ထားလိုက်ပါဦးတော့၊ နာမည်ချင်းတူပြီးနေတာက သာပြီး အံ့ဩစရာကောင်းသေးတယ်။ ဟယ် ... ဘယ်သူပဲဖြစ်ဖြစ် စဉ်းစားနေဖို့ မရှိပါဘူး။ အခုနေခါ ငါ့မှာလည်း အားကိုးရာမဲ့ဖြစ်နေတဲ့အခါ 'အချိုရှာသကာနဲ့ အပျိုရှာကညာနဲ့တွေ့'ဆိုတာလို ဒီလိုကော်ပေါက်ကို တိုးမိတုန်း ဖွတ်နှစ်လိုက်ရတော့မှာပဲ။ မတတ်နိုင်ဘူး။ နောင်ခါလာနောင်ဈေးပေါ့။ တွေးနေလို့လည်း ရမယ် မဟုတ်ပါဘူး" အောက်မေ့လျက် အတော်ညဥ့်နက်မှ အိပ်ပျော်သွားလေ၏။

ရှေ့နေမောင်မောင်တင်မှာ နောက်တစ်နေ့၌ မြင်းခြံမြို့ရှိ မိမိ၏သူငယ်ချင်း မြို့အုပ်တစ်ယောက် သေဆုံးကြောင်း ကြေးနန်းတစ်စောင်ရရှိ၍ မြင်းခြံမြို့သို့ အရေးတကြီးလိုက်ပါ သွားရလေ၏။ မောင်သိန်းတန်မှာ မောင်မောင်တင်အိမ်၌ အရပ်ရပ် အိမ်မှုကိစ္စများကို စီမံဆောင်ရွက်လျက်ကျန်ရစ်ခဲ့လေရာ မောင်သိန်းတန်လည်း ယမန်နေ့က မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အောက်မေ့ကာ မမြနုအိမ်သို့ သွားရောက်လည်ပတ်ရန် မဝံ့သည့်ပြင် သွားလိုသောဆန္ဒလည်း မရှိသဖြင့် အိမ်ထဲ၌ပင် ငြိမ်းချမ်းစွာ နေခဲ့လေ၏။

နောက် ၃ ရက်မျှကြာရှိသောအခါ မောင်မောင်တင်သည် မြင်းခြံမြို့မှ ပြန်လာလေရာ မပြန်မီတစ်နေ့ကပင် မောင်သိန်းတန်ထံသို့ မိမိ ပြန်

http://www.cherrythitsar.org



လာမည်ဖြစ်၍ ဘူတာရုံသို့ လာရောက်ကြိုဆိုရန် ကြေးနန်းပေးပို့လိုက်လေ၏။ မီးရထားသည် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်လေလျှင် ခရီးသည်တို့သည် အသီးသီး ရထားပေါ်မှဆင်းကာ မြင်းရထား၊ ဓာတ်ရထား၊ မော်တော်ကားပေါ်သို့ တက်ကြကုန်လျက် ဘူတာသို့ လာရောက်ကြိုဆိုသူများမှာလည်း မိမိတို့ အသိအကျွမ်းများကို ရှာဖွေခေါ်ငင်ကြကုန်လျက် မီးရထားကူလီတို့သည်လည်း ဝန်စည်စလယ် အထုပ်အပိုးများကို ထိုမှ ဤမှ ယူဆောင်ကုန်လျက် ဘူတာရုံ သမံတလင်း တစ်ခုလုံးသည် ရှုပ်ယှက်ခတ်လျက် ရှိလေ၏။ မောင်မောင်တင်သည် ဒုတိယတွဲပေါ်မှ ရုတ်တရက် မဆင်းသေးဘဲ မောင်သိန်းတန်၏အလာကို စောင့်ဆိုင်းကြည့်ရှုကာ တပည့် မောင်ဘိုးသာမှာလည်း တွဲရှေ့တွင်ရပ်ကာ၊ အထုပ်များကို ကူလီဖြင့် ချလျက်ရှိစဉ် မောင်သိန်းတန်သည် တုတ်ကောက်တစ်ချောင်းကို ဖော့ရမ်းကာ စကြံသမံတလင်းပေါ်တွင် အေးချမ်းစွာ လမ်းလျှောက်လျက်ရှိသည်ကို မြင်ရလေ၏။ (ထိုသူမှာ မသိန်းဟန်၏ မောင်အရင်း မောင်သိန်းတန် ဖြစ်လေသည်။)

အစေခံမောင်ဘိုးသာလည်း မိမိတို့အိမ်တွင်နေသော မောင်သိန်းတန် ထင်မှတ်သဖြင့် ထိုသူထံသွားပြီးလျှင် "ခင်ဗျား ဘာလုပ်နေတာလဲဗျ၊ တယ်ခွကျတဲ့လူဗျာ၊ ခင်ဗျာ့ ဆရာကဖြင့် မျှော်လှပြီဗျာ့"

"ခင်ဗျား ဘယ်ကလူလဲ။ ကျုပ်ကို သိလို့လား။"

မောင်ဘိုးသာလည်း မျက်လုံးပြူးလျက် –

"ခင်ဗျားဘာဖြစ်လာတာလဲ ကိုသိန်းတန်"

"ဘာမှမဖြစ်ပါဘူးဗျာ။ ကျုပ်ဘာသာကျုပ် လမ်းလျှောက်နေတာ ခင်ဗျား ကျုပ်ကိုမသိဘဲနဲ့ ..."

"ဟာ ... ဟာ ခင်ဗျားရူးနေပြီမှတ်တယ်။ ခင်ဗျား ကျုပ်တို့ကို ကြိုရအောင် လာတယ် မဟုတ်လား"

"ဘာပြုလို့ ခင်ဗျားတို့ကို ကြိုရမှာလဲ"

"တယ်ရူးတဲ့လူပဲ"

"ခင်ဗျားသာ အရူး၊ ကျုပ်အရူးမဟုတ်ဘူး။ သွားဗျာ ကျုပ် သွားစရာ ရှိသေးတယ်။ ခင်ဗျားနဲ့စကားပြောနေဖို့ အချိန်မရှိဘူး"ဟု ပြောပြောဆိုဆိုနှင့်ပင် ဘူတာရုံအပြင်ဘက်သို့ လျင်မြန်စွာ ထွက်သွားလေရာ။

http://www.cherrythitsar.org



မောင်ဘိုးသာလည်း "နေပါဦးဗျာ့၊ ဘယ်သွားမလို့လဲ"ဟု အတန်တန် ခေါ်ပါသော်လည်း မရဘဲ ထိုသူသည် မကြာမီ လူကြားထဲတွင် ပျောက်ကွယ်၍ သွားလေ၏။

မောင်မောင်တင်မှာ တွဲပေါ်မှဆင်းခါနီးတွင် မိမိနှင့်တစ်တွဲတည်း ပါလာသော ဘိုတစ်ယောက်နှင့် စကားပြောနေသဖြင့် များစွာ အမှတ်မထားဘဲ ရှိလေရာ မောင်ဘိုးသာလည်း ပြန်လာ၏။ မောင်မောင်တင်အား မောင်သိန်းတန်၏အကြောင်းကို ပြောသောအခါ "ဟုတ်မယ် မထင်ဘူး ကွယ်၊ သူ သွားစရာရှိလို့ သွားတာထင်ပါရဲ့ ပြန်လာပါလိမ့်မယ်"

'မဟုတ်ဘူးဆရာ၊ ပြန်လာမှာမဟုတ်ဘူး။ ကျွန်တော်တို့ သွားတုန်း ဒီသူငယ် စိတ်နောက်သွားတယ်ထင်တယ်"

"မတော်တာတွေကွယ် ... မဟုတ်တာ"

"ဒါဖြင့် သက်သက်မဲ့ ကျွန်တော်ကို ဘာပြုလို့ အရှုးလုပ်ရတာ လဲ"

"မင်းကို ကစားတာထင်ပါရဲ့ မောင်ဘိုးသာရယ်။ သူ့ စောင့်မနေ ပါနဲ့တော့။ ကိုင်းဟေ့ ... အချိန်မရှိဘူး၊ ရထားတစ်စီးသာ ရှာပြီး တင်ပေ တော့"

ဘူတာရုံအပြင်ဘက်သို့ရောက်၍ မောင်မောင်တင်တို့၏ မြင်းရထားသည် ထွက်မည်ပြုစဉ် 'မောင်သိန်းတန်'အမည်ခံသူ မသိန်းဟန်သည် ရထားတစ်စီးဖြင့် ရောက်လာခဲ့လေရာ၊ ထိုမောင်သိန်းတန်လည်း မောင်မောင်တင်နှင့် မောင်ဘိုးသာ တို့ကို မြင်သည်နှင့်တစ်ပြိုင်နက် မိမိရထားကို လျင်မြန်စွာ ရပ်စေ၍ ရထားပေါ်မှ ဆင်းပြီးလျှင် "ကျွန်တော် နည်းနည်း အလာနောက်ကျသွားတယ် ကိုကိုရယ်၊ ဒီလို ဖြစ်ရတာလည်း ကျွန်တော့် အပြစ်မဟုတ်ပါဘူး ကိုကိုရယ်။ ကျွန်တော့်နာရီက နှေးပြီး နေလို့ဖြစ်ရတာ ပါ"ဟု ပြောလေရာ မောင်ဘိုးသာလည်း မိမိတို့အား တစ်ပတ်ရိုက်သည် ထင်၍ "မပြောပါနဲ့ဗျာ၊ ခင်ဗျားက ကျွန်တော့်ကို သက်သက်မဲ့ အရှုးလုပ် သွားတာပါ"

"မဟုတ်ပါဘူး ကိုဘိုးသာရယ်။ ကျွန်တော်က ခင်ဗျားကို ဘာပြု လို့ အရှုးလုပ်ရမှာလဲဗျ"

http://www.cherrythitsar.org



“အခုပဲ ခင်ဗျားကျုပ်တို့ကို ကြိုအောင်လာတာ မဟုတ်ဘူးဆိုပြီး ထွက်သွား၊ အခုပဲ အဝတ်အစားလဲပြီး တစ်ခါပြန်လာ၊ တတ်လည်း တတ်နိုင်တဲ့ လူပဲဗျာ၊ အံ့သြပါရဲ့”

“ကျွန်တော် အခုမှပဲ လာရပါတယ် ကိုဘိုးသာရယ်၊ ဘယ် အဝတ်အစားမှလည်း မလဲရသေးပါဘူး၊ နေပါဦး ... အခုမြင်းခြံကပြန်မှ ကိုဘိုးသာ ဘာဖြစ်လာတာလဲ”

ဤကဲ့သို့ ပြောဆိုလျက်ရှိစဉ် မောင်မောင်တင်လည်း ၎င်းတို့ ပြောဆိုနေကြသည်ကို များးစွာဂရုမပြုဘဲ “အေးကွယ် လမ်းလယ်ခေါင်မှာ စကားပြောမနေကြပါနဲ့၊ ပြောစရာရှိရင် အိမ်ကျမှပြောကြတာပေါ့”ဟု ပြောဆိုခါ မောင်သိန်းတန်၏ ရထားပေါ် အချို့ပစ္စည်းများကိုခွဲ၍ တင်စေပြီးသော် အိမ်သို့ရှေ့ရှုမောင်းနှင့်ခဲ့ကြလေ၏။

မသိန်းဟန်သည် မောင်မောင်တင်အား မိမိ၏အကြောင်းအရာများကို ဖွင့်လှစ်ပြောပါတော့မည်ဟု တစ်ခါတစ်ခါ စိတ်ကူးမိသော်လည်း အကယ်၍ မောင်မောင်တင်သည် မိမိချစ်ခင်သကဲ့သို့မချစ်ခင်လျှင် လွန်စွာပင် ရှက်ဖွယ်ကောင်းသည်ကို စဉ်းစားမိ၍တစ်ကြောင်း၊ ယောကျ်ားများသည် အများအားဖြင့် မိမိတို့ကိုယ်တိုင် ခဲခဲယဉ်းယဉ်း ကြံစည်၍ရသောမိန်းမများကိုသာ နှစ်နှစ်သက်သက် အသက်ထက်ဆုံး ပေါင်းသင်းတတ်ကြသဖြင့် မိမိအပေါ်တွင် အထင်အမြင်သေး၍ သွားမည်ကို စိုးရိမ်သောကြောင့် တစ်ကြောင်း မပြောဖြစ်ဘဲ မိမိ၏အချစ်ကိုသာ မြိုသိပ်၍ ထားခဲ့ရရှာလေ၏။

မောင်မောင်တင်မှာ မမြနုအပေါ်တွင် စိတ်ဖြတ်ပြီဆိုသော်လည်း မီးလောင်ကျွမ်းသောနေရာသည် မီးမရှိသည့်တိုင်အောင် အပူငွေ့သည် ရတ်တရက် မပြောင်းသေးဘဲရှိသကဲ့သို့၊ တစ်ခါတစ်ခါ စိတ်လည်၍လာပြီးလျှင် မောင်သိန်းတန်အား ညဥ့်အခါများ၌ အိမ်ရှေ့ဝရန်တာသို့ခေါ်ပြီးနောက် “ဘယ်နှယ့် ညီညီရဲ့၊ ချစ်တဲ့စိတ်များဟာ မင်းအရင်တစ်ခါ ပြောဖူးတာ ဘာနဲ့ တူတယ်”ဟု မေးမြန်းလေရာ မောင်သိန်းတန်လည်း သက်ပြင်းချကာ “ကိုကိုကလည်း ဒီအကြောင်းကိုချည်း မေးနေတာကိုး။ ဒီဟာတွေ မေးမှဖြင့် ဘာပြုလို့မှန်း မသိဘူး၊ ကျွန်တော်ဖြင့် ဝမ်းနည်းပြီး ငိုချင်သလိုလိုဖြစ်ဖြစ်လာတာပဲ၊ ကျွန်တော် ပြောပြီးပါပကော။ ပန်းဖူးပန်းငုံများဟာ အထဲမှာ ပိုးဝင်နေမှဖြင့် ဒီပိုးကောင်ကို ထုတ်မပစ်သမျှ အထဲက တဖြည်း

http://www.cherrythitsar.org



ဖြည်းစားပြီး တစ်နေ့ထက်တစ်နေ့ ပန်းငုံဟာ ညှိုးနွမ်းပြီး လာတာလိုပဲ။ ယောကျ်ားပျို မိန်းမပျို ကလေးများဟာလည်း ဘာနဲ့တူသလဲဆိုတော့ ပန်းငုံနဲ့တူတယ်ကိုကိုတင်ရဲ့၊ အချစ်တည်း ဟူသော မေတ္တာပန်းခတတ် အစွဲသန်မှ ဖြင့် မခံနိုင်ရှာဘူး ကိုကိုရယ်၊ တစ်နေ့ထက် တစ်နေ့တရွေ့ရွေ့ ပိန်ချုံးပြီး ဗုံးခနဲ လဲရှာကြတာပဲ"စသည်ဖြင့် ဖြေဆိုရှာလေ၏။ ထိုအခါ မောင်မောင်တင်လည်း ဟုတ်ပါပေကြောင်းဖြင့် ဝန်ခံပြီးသော် "ဒီဟာတွေကြောင့် ညီညီကို ချစ်တာပဲ၊ ကိုကိုဖြင့် ဘာပြုလို့မှန်းမသိပါဘူး မောင်သိန်းတန်ရယ်၊ မင်းမျက်နှာကလေးကို မြင်ကတည်းက ရေးကရေစက်ကြောင့်လားဖြင့်မသိ ညီအရင်းမျှမက ချစ်ခင်မိပါတယ်"ဟု ပြောသောအခါ မောင်သိန်းတန်မှာ အနည်းငယ် ဝမ်းမြောက်ဘိသကဲ့သို့ရှိပြီးလျှင် မျက်နှာသည် ရွှင်လန်း၍လာသော်လည်း၊ မိမိ၏ အဖြစ်အပျက်များကို ပြန်လှန်အောက်မေ့မိပြန်သောအခါ အနည်းငယ် ရွှင်လန်း၍လာသော မျက်နှာကလေးသည် တစ်ဖန်ပြန်၍ ညှိုးနွမ်းသွားပြန်လေ၏။

တစ်ညသ၌ မောင်ဘိုးသာသည် လည်ပတ်ရာမှ ပြန်၍လာပြီး လျှင် အိမ်ရှေ့ခန်း၌ မောင်မောင်တင်တစ်ယောက်သာရှိကြောင်း တွေ့ရလေ လျှင်

"ဆရာ့ကို ကျွန်တော်တစ်ခု အစီရင်ခံချင်လို့ပါ ဆရာ ရယ်"

"ဘာများပြောမလို့လဲ မောင်ဘိုးသာရဲ့၊ ပြောစရာရှိရင် ပြောတာပေါ့ကွယ်"

"မောင်သိန်းတန်ကလေးတစ်ယောက် ဘယ်သွားသလဲ ဆရာ"

"အိပ်ပြီ ထင်ပါရဲ့ကွယ်"

"ကျွန်တော်ပြောချင်တာက သူ့အကြောင်းကို ပြောပြချင်လို့ ဆရာရဲ့ ဆရာ့တပည့်က လူကြည့်တော့ မခုတ်တတ်တဲ့ကြောင်လို ဆရာကသာ မသိတယ်၊ အင်မတန် လာတဲ့သူငယ်ပါကလား"

"ဘာပြုလို့လဲကွဲ့၊ မောင်ဘိုးသာရဲ့ ပြောစမ်းပါဦး"

"ဆရာ မကြားသေးဘူးလား၊ အဟုတ် မကြားသေးဘူးလား ဆရာ"

"မကြားရသေးပါဘူးကွယ်၊ ဘာဖြစ်လို့လဲ"

"ဆရာ့တပည့်ဟာ မမြနုနဲ့ ဖြစ်နေတယ် ဆိုပါကလား"

http://www.cherrythitsar.org



မောင်မောင်တင် မျက်နှာပျက်၍ သွားသော်လည်း ဣန္ဒြေဆယ်၍

"အို ... ဟုတ်ရဲ့လား ... မင်း မမြနုက ရုပ်ချောတယ်မက်တာကိုး ကွယ့်။ ကြိုက်မယ်ဆိုရင်လည်း ကြိုက်ပေမှာပေါ့ကွယ့်၊ မောင်သိန်းတန်တို့ လို ရုပ်မျိုးက လည်း ယောကျ်ားထဲမှာ ရှာမှရှားပေတာကို မောင်ရဲ့။ နေပါဦး ... ဒီ အကြောင်းကို မင်းဘယ်က ကြားပြီးလာသလဲ"

သူတို့အရပ်ထဲက မိုးသီးညီ သာအိကပြောလို့ ကျွန်တော် သိ တယ်။ နေ့တိုင်းလိုလိုပဲ မမြနုတို့တိုက်ကို လာတာ ဟုတ်ပါတယ် ဆရာ ရယ်။ ဒီအကောင်ဟာ ကျွန်တော့်ကိုညာပြီး မပြောဝံ့ပါဘူး။ ဒီတော့ ငါမွေး တဲ့မျောက် ငါ့ခြောက်ဆိုတာလို ဆရာ့လူ ဆရာ့ပြန်ပြီး တစ်ပတ်ရိုက်တာ ကျွန်တော်က မခံချင်လို့ ပြောတာပါဆရာရယ်။ ကျွန်တော့်ကိုလည်း တလွဲ မထင်ပါနဲ့"

မောင်မောင်တင်သည် မျက်နှာကို အတည်ထားလျက် –

"အေးကွယ် ဒီအတိုင်း မှန်ရင်ဖြင့် ဟုတ်တာပေါ့"

"ဟုတ်ပါလိမ့်မယ် ဆရာရယ်။ အကောင်ကလေးကို ကြည့်စမ်း ပါလား။ သေသေချာချာ ကြည့်မှ 'ကြာရုပ်'ဆရာရဲ့"

ထိုည၌ မောင်မောင်တင်မှာ အိပ်၍မပျော်နိုင်အောင်ပင် ရှိရှာလေ ၏။ မောင်သိန်းတန်အပေါ်၌ မိမိအလိုလိုက်ခဲ့သမျှသည် မှားလေပြီဟု အောက်မေ့မိလေ၏။

မိမိအပေါ်တွင် ဤကဲ့သို့ တစ်ပတ်ရိုက်၍သွားသည်ကို မခံနိုင် အောင် ပင်ရှိရကား မောင်သိန်းတန်ကို မိမိကိုယ်တိုင် ဒဏ်ပေးမည်ဟု စဉ်းစားမိသော်လည်း မောင်သိန်းတန်၏ ရိုးဖြောင့် တည်ကြည်ပြီးလျှင် ချစ်စဖွယ်ကောင်းလှသော မျက်နှာကလေးကို မြင်ယောင်လျက် မောင် မောင်တင်မှာ ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသူတစ်ယောက် ဖြစ် သည့်အတိုင်း မိမိကိုယ်တိုင် မျက်စိနှင့်မြင်မှသာလျှင် ယုံကြည်တော့မည်ဟု စိတ်ကိုပိုင်းဖြစ်ကာ နောက်တစ်နေ့၌ ကိုယ်တိုင်သွားရောက်စုံစမ်းရန် ကြံ စည်မိလေ၏။

နောက်တစ်နေ့ညသို့ မောင်မောင်တင်သည် မမြနုတိုက်ရှိရာသို့ ရုပ်ဖျက်ထွက်ခဲ့လေ၏။ တိုက်အနီးသို့ ရောက်လတ်သော် တစ်ခုသော မှောင်ရိပ်တွင် ကပ်ကာ စောင့်ဆိုင်းလျှက်ရှိလေရာ ထိုည၌မှာ အလွန်မှောင်

http://www.cherrythitsar.org



မိုက်သော ညဥ့်ဖြစ်သဖြင့် လူသွား လူလာအနည်းငယ် ပြန်ပြီးလျှင် လမ်းမီးတိုင်များမှ အလင်းရောင်သည် မမြနုတို့ တိုက်ရှိရာသို့ မရောက်ဘဲ ရှိလေ၏။ တိုက်၏ အထက်၌ တိုက်၏နံဘေးဘက် ပြတင်းပေါက် တစ်ခုသည် ဖွင့်၍ထားပြီးလျှင် ဇာခန်းဆီးချလျှက်ရှိလေရာ အတွင်းမှ ထိန်လင်းလျက်ရှိသော ဓာတ်မီးရောင်သည် ထင်ရှားစွာ ထွက်ပေါ်လျက်ရှိရကား မောင်မောင်တင်သည် ၎င်းပြတင်းပေါက်ကို မကြာမကြာပင် လှမ်း၍ကြည့်ရှုကာ စောင့်ဆိုင်းလျက် ရှိလေ၏။ တစ်ခဏမျှကြာလတ်သော် မမြနုသည် ပြတင်းပေါက်တွင် တစ်ခဏမျှ ထွက်ပေါ်၍လာပြီးလျှင် တိုက်နံဘေး မှောင်မိုက်ထဲသို့ ကြည့်ပြီးနောက် တစ်ဖန် ပြတင်းပေါက်မှ ပျောက်ကွယ်၍ သွားပြန်လေ၏။

တစ်နာရီကျော်ကျော်ခန့်မျှ ကြာလတ်သော် မောင်မောင်တင် သည် သစ်ပင်အကွယ်တွင် စောင့်ဆိုင်းလျှက်ရှိရာမှ ခြေသံလိုလို ကြားရ သဖြင့် ကြည့်လိုက်ရာ မိမိအနီးသို့ ဖြတ်ပြီးလျှင် မမြနုတိုက်ရှိရာသို့ ရှေ့ရှုလာနေသူ တစ်ယောက်ကို မြင်ရလေ၏။ ထိုသူမှာ ဓာတ်တိုင်ရှိရာသို့ မျက်နှာမူလျက် ရှိသောကြောင့် ဓာတ်မီးရောင်တွင် မောင်သိန်းတန်၏ မျက်နှာကို မြင်ရလေ၏။ (ယခုလာသူမှာ မသိန်းဟန်၏ မောင်အရင်း မောင်သိန်းတန်ပင်ဖြစ်လေသည်)

မောင်မောင်တင်လည်း မောင်သိန်းတန်အား ကြည့်ရှုလျက်ရှိစဉ် မိမိ၏ စာရေးမောင်သိန်းတန်ဟု ထင်မှတ်ရသောသူသည် တိုက်နံဘေး မှောင်ရိပ်သို့ လျင်မြန် စွာဝင်၍သွားပြီးသော် တိုက်ပြတင်းပေါက်ရှိရာသို့ မှောင်ရိပ်မှ လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်ပိတ်ချည် ပြုလုပ်လေလျှင် အဆိုပါ ပြတင်းပေါက်၌ မမြနု၏မျက်နှာသည် လက်နှိပ်ဓာတ်မီးရောင်၌ လျှပ်စစ်တမျှ လျင်မြန်စွာ ထွက်ပေါ်၍လာပြီးနောက် ပြတင်းပေါက်သည်လည်း မှောင်ကျ၍သွားသဖြင့် မောင်မောင်တင်မှာ မောင်ဘိုးသာ၏ ပြောချက်များသည် မှန်လေပြီဟု ဆက်လက်၍ ကြည့်ရှုမနေဘဲ ထိုနေရာမှ ထွက်ခဲ့၍ လမ်း၌ သူငယ်ချင်းတစ်ယောက်တွေ့သည်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ပြီးလျှင် တစ်နာရီမျှ စကားပြောဆိုကြပြီးနောက် ရထားတစ်စီးဖြင့် အိမ်သို့ ပြန်ခဲ့လေ၏။

http://www.cherrythitsar.org



မောင်မောင်တင်လည်း အိမ်သို့ရောက်လျှင် အဝတ်အစားများကို မျှ မလဲနိုင်သေးဘဲ မောင်သိန်းတန်ရှိရာ အခန်းသို့သွားပြီးလျှင် ကြည့်ရှုလေရာ အတွင်းမှနေ၍ ကလန့်ထိုးထားသည်ကို တွေ့ရသဖြင့် မိမိစိတ်တွင် မဝေခွဲနိုင်အောင်ရှိလျက် "ဘယ့်နှယ့်လဲ ငါ့မျက်စိနဲ့တပ်အပ်မြင်ရတာ သူ အမှန်ပဲ၊ ဩော် ... ငါကလည်း လက်ဖက်ရည်ဆိုင်မှာ ကိုဘထွန်းနဲ့ စကား ပြောပြီးနေတာ ၁ နာရီလောက်ကြာတာကိုး၊ ငါ့အရင်များ သူရောက်နှင့် သလား"စသည်ဖြင့် အောက်မေ့ကာ ထမင်းချက်သမား မောင်ဘိုးချင်းကို ခေါ်၍မေးမြန်းသောအခါ မောင်ဘိုးချင်းလည်း မောင်သိန်းတန်မှာ ဘယ်ကို မျှ မသွားကြောင်း၊ အိပ်ခန်းထဲတွင် စာကြည့်၍နေသည်ကို မိမိကိုယ်တိုင် မြင်ရကြောင်းကို ပြန်ပြောသဖြင့် မောင်မောင်တင်မှာ မဝေခွဲနိုင်လောက် အောင်ပင် ရှိလေ၏။ သို့သော်လည်း မမြနု တိုက်နံဘေးတွင် ကပ်၍ လျှောက်သွားသည်ကို မိမိမျက်စိဖြင့် တွေ့မြင်ခဲ့ရသည်ကတစ်ကြောင်း၊ မောင်ဘိုးသာပြောသော စကားများကိုလည်း ယုံကြည်ခဲ့ပြီဖြစ်၍ မောင်သိန်း တန်မှာ မောင်ဘိုးချင်းအလစ်တွင်သွား၍ မိမိ မရောက်ခင်ပြန်၍ ရောက် သည်ဟု မှတ်ထင်ခဲ့လေ၏။

မဟုတ်မမှန်သော အရာတို့မည်သည် မည်မျှလောက်ပင် ကြာ မြင့်စွာ ဖုံးအုပ်၍ထားသော်လည်း တစ်နေ့နေ့၌ ဟုတ်မှန်သော အခြေအနေ သို့ ရောက်ရခြင်းသည် လောက၏ ဓမ္မတာဖြစ်သည့်အလျောက် မသိန်း ဟန်၏လျှို့ဝှက်ဖုံးအုပ်ခြင်းတို့မှာ ပေါ်ပေါက်၍လာရန် အကြောင်းများ သည် ဖြစ်ပေါ်၍ လာခဲ့လေ၏။

နောက်တစ်နေ့၌ မောင်မောင်တင်သည် မောင်သိန်းတန်အား မိမိ အနီးသို့ ခေါ်ပြီးလျှင် မျက်နှာကို ခပ်ပြုံးပြုံးထားလျက် "ထိုင်ပါဦး ညီရဲ့၊ ငါ့ညီ ကိုကို့ကို ချစ်ရဲ့လား"

"ချစ်ပါတယ် ကိုကိုရယ်"

"ငါ့ညီမှာ ရည်းစားရှိတယ်ဆို"

မောင်သိန်းတန် မျက်နှာကို အောက်ချလျက် –

"ရှိတော့ရှိပါတယ်၊ နို့ပေမဲ့ မဖြစ်နိုင် ..."

"ဘာပြုလို့ မဖြစ်နိုင်ရမှာလဲကွယ့် ယောကျ်ားပဲ"

"မဖြစ်နိုင်လို့ပါ ကိုကိုရယ်"

http://www.cherrythitsar.org



"ကိုကိုတော့ ဖွင့်ပြီးမပြောချင်ဘူးလေ"

"မဖြစ်နိုင်လွန်းလို့ပါ ကိုကိုရယ်"

"ဘာဖြစ်နိုင်မလဲကွယ်။ ကိုကို့ရည်းစားကို ငါ့ညီက လုတာကိုး ကွယ့်။ သြော် ... မောင်သိန်းတန် ... မောင်သိန်းတန် ကိုယ်ကတော့ စာ ရေးကလေးဆိုပေမဲ့၊ ဟယ် ... ငါ့မှာ ညီတစ်ယောက်ရတာပဲလို့ ထင်မှတ်ပြီး ပြောစရာဆိုစရာ တိုင်ပင်စရာ ရှိတာ ဖွင့်ပြီးပြောတယ်။ အခုတော့"

မောင်သိန်းတန် ရုတ်တရက် အသံများထွက်အောင် ငိုပြီးလျှင်

"အင်း ... အစကတော့ အထင်သားပဲ၊ ကျွန်တော်ဟာ မမြနုနဲ့ ကြိုက်ပြီးနေတယ် ထင်သပေါ့။ ထင်လည်း ထင်ပေမှာပဲ၊ ထင်စရာကိုး။ ကိုကို့ကို ပြောရင် ယုံမှာ မဟုတ်ဘူးနော်၊ ကျွန်တော့် ဝမ်းထဲမှာ ခွဲပြလိုက် ချင်ပါဘိ ကိုကိုရယ်"

"သြော် ... ကိုကိုပြောမိတာ နည်းနည်းလွန်သွားပြီ ထင်တယ်။ တိတ်ပါ ညီရယ်၊ မငိုပါနဲ့။ ငါ့ညီလိုချင်တယ်ဆိုရင် ကိုကိုက အခွင့် ..."

"ကိုင်း ... ကိုကိုတင် ချိုတယ်ခါးတယ် ဘာမှ ကျွန်တော် အထူး မပြောပါဘူး။ ဘယ်သူဟာ သူတော်ကောင်းလည်းဆိုတာ ဟိုကျတော့ သိလိမ့်မယ်၊ လာ ... သွားကြမယ်"ဟု ဆိုကာ "ဟယ် ... မတတ်နိုင်ပါဘူး၊ ဟိုကျမှပဲ ဘွင်းဘွင်းကြီး ပေါ်ချင်ပေါ်ပါစေတော့"ဟု စိတ်ထဲ၌ အောက်မေ့ လျက် မောင်မောင်တင်အား မမြနုတိုက်သို့ လိုက်ပါရန် အတင်းခေါ်ငင် လျက် ရှိလေ၏။

မောင်မောင်တင်မှာ စိတ်တစ်မျိုး ပေါ်ပေါက်၍ လာပြန်လေ၏။ ထိုအကြောင်းသည်ကား အခြားမဟုတ်၊ ယမန်နေ့ညက မောင်သိန်းတန်မှာ မိမိမျက်စိအောက်တွင်ပင် မမြနုတိုက်ပေါ်သို့ အချက်ပေး၍ တက်သွား ကြောင်း ဖြစ်လေသည်။ သို့ဖြစ်၍ မောင်မောင်တင်မှာ စိတ်တစ်မျိုးပေါ် ပေါက်၍ လာကာ အစေခံ မောင်ဘိုးသာကို အပါခေါ်၍ မမြနုတိုက်သို့ ရထားတစ်စီးဖြင့် ရောက်ရှိခဲ့ကြလေ၏။

မမြနုမှာ မောင်မောင်တင်တို့အား ကောင်းမွန်စွာ ဧည့်ခံခြင်းကို ပြုရှာလေ၏။ မောင်သိန်းတန်မှာ မောင်မောင်တင်၏ နောက်နားတွင်ကပ်၍ ထိုင်ပြီးလျှင် မမြနုကို ကြည့်ရှုသောအခါများ၌ မျက်နှာအိုလျက် ရှိလေ၏။ မမြနုမှာ မောင်မောင်တင်ကိုပင် ဧည့်ခံ၍ စကားပြောဆိုရပါသော်လည်း

http://www.cherrythitsar.org



မိမိမျက်စိများကို မောင်သိန်းတန် မျက်နှာမှ လွှဲဖယ်၍မရနိုင်သကဲ့သို့ ရှိရကား၊ မောင်မောင်တင်လည်း ဤအကြောင်းများကို မြင်ရသောအခါ မောင်သိန်းတန်နှင့် မမြနုတို့မှာ အမှန်ပင် ချစ်ကြိုက်နေကြပြီဟု ယုံကြည်မိလေ၏။ မမြနုကလည်း မိမိ၏ရည်းစားဟု ထင်မှတ်ရသော မောင်သိန်းတန်မှာ မောင်မောင်တင်ကို ကြောက်ရွံ့၍သာ မျက်နှာကို တစ်မျိုးပြင်၍ ထားသည်ဟု မှတ်ထင်မိလေ၏။ တစ်ခဏမျှ ကြာလတ်သော် မောင်မောင်တင်လည်း မောင်သိန်းတန်ဘက်သို့ လှည့်ပြီးလျှင် "ဘယ်နှယ့်လဲ မောင်သိန်းတန် မင်းရှင်းလင်းပြီး"ဟု စကားကို ရှေ့သို့မဆက်မီ လူတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာသဖြင့် အိမ်ရှေ့ခန်းရှိ သူများလည်း နောက်လာသူအား ကြည့်ရှုလိုက်ရာ ကြောက်ရွံ့သော စိတ်၊ အံ့ဩသောစိတ်တို့သည် ရောပြွမ်းလျက်၊ တစ်ယောက်သောသူမျှ စကားမပြောနိုင်ဘဲ ပါးစပ်ကိုဟကာ ကြက်သေသေလျက် ရှိကြကုန်၏။ အဘယ့်ကြောင့်ဆိုသော် နောက်လာသောသူသည် မောင်မောင်တင်အနီးတွင် ထိုင်၍နေသော မောင်သိန်းတန်နှင့် အသားအရေ၊ မျက်ခုံးမျက်လုံး၊ နှာခေါင်း၊ ပါးစပ်မှစ၍ ချွတ်၍ စွတ်ထားဘိသကဲ့သို့ တစ်သဝေမတိမ်း တူလှသည်ဖြစ်ရာ နောက်ရောက်လာသူ မောင်သိန်းတန်နှင့် မောင်မောင်တင်အနီးရှိ မောင်သိန်းတန်တို့အား မျက်နှာကို တစ်လှည့်စီ ကြည့်ရှု၍ နေကြကုန်၏။

မောင်သိန်းတန်နှစ်ယောက်တို့မှာလည်း မောင်မောင်တင် မမြနု တို့ကဲ့သို့ပင် တစ်ယောက်မျက်နှာတစ်ယောက် အတန်ကြာ မျက်တောင်မျှ မခတ်ဘဲ ကြည့်ရှုလျက်ရှိရာမှ ရှေ့နေစာရေး မောင်သိန်းတန်သည် နောက်ရောက်လာသူ မောင်သိန်းတန်ထံသို့ အတင်းပြေးဝင်ကာ "အမယ်လေး ... အခုမှ တွေ့ရတော့တယ် မောင်ကြီးရယ်၊ ဟန်ဖြင့် မောင်ကြီးသေပြီလို့ ထင်ခဲ့တာ၊ ကျွန်မတို့ အကြောင်းထူးလေခြင်းရှင်" ဟု ဟစ်အော်ကာ ဝမ်းမြောက်လွန်းအားကြီး လှသည်ဖြစ်၍ ကြမ်းပေါ်သို့ မေ့မြောကာ ပျော့ခွေ၍ လဲကျသွားလေ၏။

မောင်သိန်းတန်သည် ထိုအခါမှ မိမိအဖြစ်အပျက် အလုံးစုံကို ပြန်၍ပြောလေရာ နားထောင်သူများမှာ အံ့ဩ၍ မကုန်နိုင်အောင် ရှိလေ၏။ မသိန်းဟန်အား မမြနု၏ အိပ်ခန်းတွင်းသို့ ယူဆောင်ခဲ့ကြပြီးလျှင် များမကြာမီ သတိရလာ၍ မမြနု၏ အဝတ်အစားများကိုဝတ်ကာ အပြင်သို့

http://www.cherrythitsar.org



ထွက်ခဲ့လေရာ ခဏချင်းတွင် မိန်းကလေးအဖြစ်သို့ ပြောင်းလဲ၍သွားသည်ဟု ထင်မှတ်ရလေ၏။ မောင်မောင်တင်မှာလည်း မိမိ၏စာရေးကလေး မောင်သိန်းတန်သည် ယောကျ်ားကလေးဘဝမှ မိန်းကလေးဘဝသို့ တစ်ခဏချင်း ပြောင်းလဲသွားသဖြင့် ဤအဖြစ်အပျက်များသည် တကယ် ဟုတ်မှဟုတ်ပါမည်လော၊ သို့မဟုတ် ငါသည် အိမ်မက်ပင် မက်၍နေသလောဟု အနီးပတ်ဝင်းကျင်သို့ လှမ်း၍ကြည့်ရှုမိလေ၏။

ထိုအခါ မမြနုသည် မျက်နှာပျက်လျက် အခန်းတွင်းသို့ဝင်၍ သွားလေရာ မောင်သိန်းတန်လည်း လိုက်ပါ၍သွားလေ၏။ မသိန်းဟန်ကလေးမှာမူ မျက်ရည်များ မဆည်နိုင်ဘဲ ကုလားထိုင်တစ်လုံးပေါ်တွင် ကျန်ရစ်ရှာခဲ့သဖြင့် မောင်မောင်တင်လည်း အနီးသို့သွားရောက်ကာ ကုလားထိုင်လက်ရန်းကို လက်ထောက်လျက် "ကိုကိုတင်နဲ့ မသိန်းဟန်မှာ တွေ့စကတည်းက ညီရင်းအစ်ကိုကဲ့သို့ ချစ်ပြီးလာခဲ့ကြတာ မှန်တယ်နော်။ ဒီလောက်ကြာအောင်များ ရုပ်ဖျက်ပြီး ကိုကိုတင်နဲ့ နေထိုင်ခဲ့တာတွေ၊ ကိုကိုကလည်း မသိန်းဟန်ကလေးမျက်နှာကို မြင်ကတည်းက မိန်းမလိုမိန်းမရှာချောတဲ့ ဟာကလေးမို့ ကိုကိုက အသည်းစွဲ ချစ်တယ်လို့ ပြောခဲ့မိတာတွေ၊ မသိန်းဟန်ကလည်း ကိုကို့အပေါ်မှာ ချစ်တယ် ခင်တယ် ပြောခဲ့တာတွေကို ပြန်ပြီးစဉ်းစားလိုက်တော့ အရင် ယောကျ်ားလေး အဖြစ်နဲ့ နေခဲ့တုန်းကထက် ဆယ်ဆတန်ပိုးတိုး၍ ယခုချစ်ခင်မြတ်နိုးမည် အမှန်ဖြစ်ပါတယ် မသိန်းဟန်ကလေးရယ်၊ မသိန်းဟန်ကသာ ကိုကို့ကို ချစ်ပါတယ်ဆိုတဲ့အကြောင်းကို ထုတ်ဖော်ပြီးပြောမယ်ဆိုရင်ဖြင့် မသိန်းဟန်မှာ မောင်တည်းဟူသော အုပ်ထိန်းခြင်းရှိသည့်အလျောက် ကိုသိန်းတန်ထံမှ ခွင့်တောင်းပြီး မကြာခင်တောင်းရမ်းပြောဆိုခြင်းကို ပြုပါ့မယ် မသိန်းဟန်ရယ်"ဟု မောင်မောင်တင်မှာ ငယ်ရွယ်သော လုလင်ပျိုတို့ကဲ့သို့ ကန့်ကလျအမူ အရာမပါစေဘဲ မိမိစိတ်တွင်း၌ရှိသမျှကို ဟုတ်မှန်သည့်အတိုင်း စိတ်အား ထက်သန်စွာ ပြောလေရာ မသိန်းဟန်မှာ ကျွန်ုပ်တို့ သိရှိခဲ့သည့်အတိုင်း ယခင်တွေ့စကပင် မောင်မောင်တင်အပေါ်၌ မေတ္တာ ရှိရင်းစွဲရှိသည်တစ်ကြောင်း မိမိ၏ ကျေးဇူးရှင်လည်း မှန်သဖြင့်၊ မည့်သည့်နည်းနှင့်မျှ ငြင်းပယ်ခြင်းကို မပြုနိုင်ဘဲ ရှိရှာလေ၏။

မကြာမီအတွင်း မောင်သိန်းတန်နှင့် မမြနုတို့သည်လည်းကောင်း၊

http://www.cherrythitsar.org



ရွှေနေ မောင်မောင်တင်နှင့် မသိန်းဟန်တို့သည်လည်းကောင်း၊ ထိမ်းမြား လက်ထပ်၍ပြီးစီးကြကုန်ပြီဖြစ်ရာ ဤအမြွှာမောင်နှစ်မတို့မှာ အံ့ဖွယ်သရဲ အလွန့် အလွန် တူပါပေကြောင်းဖြင့် ချီးမွမ်းခြင်းကို ခံကြရကုန်၏။

**ဒဂုန်မဂ္ဂဇင်း**
**၁၉၂၆၊ ဖေဖော်ဝါရီလ။**

◈◈◈

# သုံးပွင့်ဆိုင်အချစ်

လွန်ခဲ့သော 'မန်းရာပြည့်ပွဲတော်' ချိန်က ကျွန်ုပ်သည် မန္တလေးမြို့သို့ ရောက်ရှိခဲ့ရာ ထိုအခါက အိမ်တိုင်းလိုပင် ဧည့်သည်များ ပြည့်ကျပ်နေသဖြင့် စာရေး၍ ခေါ်သော မိတ်ဆွေသင်္ဂဟများကိုပင် တောင်းပန်ကာ မီးရထားဟိုတယ်၌ တည်းခိုခဲ့၏။ တစ်နေ့သော ညနေစောင်း၌ ဧည့်ခန်းတွင် သတင်းစာ တစ်စောင်ကို ဖတ်လျက်ရှိရာ အချိန်မှာ ညနေစောင်းမီးရထားများ ဝင်ချိန်ဖြစ်သဖြင့် ဟိုတယ် ဧည့်ခန်းနှင့် ကောင်တာတွင် လူများ အတော်ရှုပ်လျက် ရှိ၏။ ကျွန်ုပ်ရှေ့၌ ကြိမ်ကုလားထိုင် နှစ်လုံးလပ်လျက်ရှိရာ အသက် ၂၀ ကျော်ခန့်ရှိ ရုပ်ရည်သားနားသော လူငယ်တစ်ယောက်သည် လက်တွင်သားရေအိတ်တစ်လုံးကို ဆွဲကိုင်လျက် ကျွန်ုပ်ရှေ့မှ အတန်ငယ်ဦးညွှတ်သွားပြီးလျှင် ကုလားထိုင်လွတ်တစ်လုံးကို ဝင်၍ထိုင်ပြီးနောက် အခြားကုလားထိုင်တစ်လုံးပေါ်တွင် သားရေအိတ်ကို တင်ထားလိုက်၏။ လူအများသွားလာရာ မီးရထားဘတ်စ်ကား သဘော်ာမှစ၍ ယာဉ်အမျိုးမျိုးများ၊ ရုပ်ရှင်ရုံ၊ ဘူတာရုံ၊ ဟိုတယ်မှ စ၍ အများနှင့် သက်ဆိုင်သည့် နေရာများ၌ လူများသည် ဂုဏ်ကြီးခြင်း၊ အသက်အရွယ်ကြီးခြင်း စသော ရိုသေ ကိုင်းရှိုင်းအပ်သော ဂုဏ်အင်္ဂါများကို ပဓာဏ မထား၍သော်

http://www.cherrythitsar.org



လည်းကောင်း၊ သတိရဟန်မတူသောကြောင့်သော်လည်းကောင်း 'ငါ လည်း ပိုက်ဆံပေးတာပဲ' ဟူသော မျက်နှာထားမျိုး အမူအရာမျိုးကိုသာ အများအားဖြင့် တွေ့ခဲ့ဖူးသဖြင့် ဤသူငယ်၏ အမူအရာကို မြင်ရသောအခါ စိတ်ထဲက ချီးကျူးမိ၏။

သူငယ်သည် ခရီးပန်း၍ မောပန်းလာဟန်ဖြင့် အတွင်းရှပ်အင်္ကျီ အပေါ် ကြယ်သီးတစ်လုံးကို ဖြုတ်လိုက်ပြီးလျှင် ခြေပစ်လက်ပစ်ထိုင်ကာ လိမ္မော်ရည်တစ်ခွက်ကိုမှာ၍ သောက်လျက်ရှိ၏။ ကျွန်ုပ်သည် သတင်းစာ ကို ချ၍ ထိုသူငယ်ဘက်သို့ မျက်နှာကိုတည့်တည့်လှည့်လိုက်သောအခါမှ သူငယ်၏ မျက်နှာမှာ ကျွန်ုပ်နှင့်အလွန်ခင်မင်ရင်းနှီးသော လူတစ်ယောက် ၏ မျက်နှာနှင့် အတော်ပင်တူကြောင်း သတိပြုမိ၏။

ကျွန်ုပ်ကောင်းစွာ သတိရပေပြီ။ ကျွန်ုပ်နှင့်အလုပ်စပ်ဖက် ကျွန်ုပ် နှင့် အလွန် ခင်မင်ရင်းနှီးသော ဦးမြတ်စိုး၏ မျက်နှာပင်ဖြစ်၏။ ထိုအခါ ကျွန်ုပ်က ပြုံးလျက် -

"မောင့်နာမည် မောင်ခင်စိုး မဟုတ်လား"

အံ့အားသင့်လျက် - "ဟုတ်ပါတယ် ဦးခင်ဗျာ"

"ဦးမြတ်စိုးရဲ့သား"

ပို၍ အံ့ဩစွာ - "မှန်ပါတယ်၊ ဒါဖြင့် ကျွန်တော့်မေမေလည်း ဦးသိမှာပေါ့"

"သိတာပေါ့ကွယ်၊ မသင်းလှိုင် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်းငယ်ငယ်တုန်းက ဦးကယူပြီးတောင် ခဏမွေးစားရသေး တယ်၊ မင်းတို့နဲ့ ခွဲခဲ့ရတာ နှစ်ပေါင်း ၃၀ ရှိပြီကွယ့်၊ မင့်အမေကော ကျန်း ကျန်းမာမာ ပဲလား"

"ဟုတ်ကဲ့ သူလည်း ပါတယ် ဦးရဲ့။ ဒီကို အခုပဲလာပါလိမ့်မယ်"

"တွေ့ရတာ ဝမ်းသာသကွယ် ... မင့်မျက်နှာမြင်ရတော့ ငါ့ သူ ငယ်ချင်း ကိုမြတ်စိုးကို သွားပြီးသတိရတယ်။ ဩော် ... ကိုမြတ်စိုး ... ကိုမြတ်စိုး၊ ငယ်ငယ်ရွယ်ရွယ်နဲ့"

စကားမှ မဆုံးသေးမီ အသက် ၅၀ ခန့်ရှိ ရုပ်ရည်ခံ့ညား ချောမော သော မိန်းမကြီးတစ်ယောက်သည် ဝန်စည်စလယ်များ ထမ်းသော အလုပ်

http://www.cherrythitsar.org



သမားတစ်ယောက်နှင့်အတူ ရှေ့မှ ဝင်လာသဖြင့် မောင်ခင်စိုးက ဝန်စည်စလယ်များကို နေရာချထားပေးလေရာ ဒေါ်သင်းလှိုင်သည် ကျွန်ုပ်အား တစ်ချက်မျှပြုံး၍ နှုတ်ဆက်ပြီးနောက် ကျွန်ုပ်တို့စားပွဲဦးပင် ဝင်၍ ထိုင်လေ၏။ မောင်ခင်စိုးသည် ကျွန်ုပ်မျက်နှာကို တစ်လှည့် သူ့မိခင်မျက်နှာကို တစ်လှည့်ကြည့်လိုက် ပြီးနောက် မိတ်ဆက်ပေးရန် မလိုသည့်အတိုင်း မျက်နှာကို အခြားဘက်သို့ လွှဲလိုက်၏။

နှစ်ပေါင်း ၃၀ ကျော်မျှသော အချိန်သည် ဒေါ်သင်းလှိုင်၏ ရုပ်ဆင်းသွင်ပြင်ကို အနည်းငယ်မျှသာ ယိုယွင်းပျက်စီးအောင် တိုက်ခိုက်နိုင်သော တန်ခိုးသတ္တိရှိသကဲ့သို့ လွန်စွာပင် အရွယ်တင်လျက်ရှိ၏။ ပါးတစ်ဖက်တစ်ချက်တွင် အရေတွန့်သည် ဆိုရုံမျှတွန့်လျက် မည်းမှောင် ဝင်းလက်သော မျက်ခုံးနှင့် မျက်လုံးအစုံတို့မှာ မဆိုစလောက်မျှ အညိုရောင်သန်းကာ ကိုယ်လက် အသားအရေတို့မှာ အရွယ်နှင့်မလိုက်အောင် ပြည့်ဖြိုးနုပျိုလျက်ရှိလေသည်။ သနပ်ခါးရောင် ဘန်ကောက်လုံချည်နှင့် နံ့သာနုရောင်နိုင်လွန်လက်ရှည်ကို ဝတ်ထားပြီးလျှင် လက်ဝဲဘက်လက်သူကြွယ်တွင် မြအစစ်ကို စိန်ခြယ်၍ ထားသော ၅ ရတီခန့်ရှိ လက်စွပ်တစ်ကွင်းကိုလည်း ဝတ်ထားသဖြင့် နုပျိုလှပခြင်းထက် ခံ့ညား၍ ကျက်သရေရှိခြင်းက ပို၍ နေလေသည်။ ပြုံးချိုရွှင်ပြသော မျက်နှာအမူအရာမှာ ဘဝ၏ အခက်အခဲများကို ရင်ဆိုင်ခဲ့ရဟန်ဖြင့် ရင့်ကျက်သော ဣန္ဒြေရှိခြင်း၊ သိက္ခာရှိခြင်း လောကဓံတရားကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင် ဖုံခြင်းစသော ရုပ်လက္ခဏာများ ပေါ်လွင်၍ နေလေသည်။

မသင်းလှိုင်က –

"အခုလို မမျှော်လင့်ဘဲ ကံအားလျော်စွာ လာတွေ့ရတာ သိပ်ဝမ်းသာတာပဲ ကိုတင်မြင့်ရယ်၊ အံ့ဩဖို့လည်း ကောင်းတယ်၊ ဒါထက်အခု ဘယ်မှာ နေသလဲ"

"ရန်ကုန်မှာ နေတယ် မသင်းလှိုင်"

"အိမ်ထောင်နဲ့နော်"

"မရှိတော့ပါဘူး မနှစ်ကပဲ ဆုံးသွားတယ်"

"ဟုတ်ပါတယ်၊ ကျွန်မလည်း သတင်းသန့်သန့်ကြားပါတယ်၊ ဆုံးတာတော့ မသိဘူး။ ဖြစ်မှဖြစ်ရလေ ကိုတင်မြင့်ရယ်"

http://www.cherrythitsar.org



"ဒီလိုပေါ့လေ၊ လောကကြီးမှာ ဖြစ်ချင်သလို ဖြစ်ကြတာပဲ၊ မမျှော်လင့်ဘဲ ဖြစ်ချင်ဖြစ်တယ်၊ မျှော်လင့်ပြီး လွဲချင်လည်း လွဲတာပဲ၊ ကံစီမံတဲ့အတိုင်းပေါ့ မသင်းလှိုင်"

"အလုပ်အကိုင်ကော ဘာများလုပ်နေသလဲ"

"သတင်းစာတိုက် တစ်တိုက်မှာ ရှယ်ရာဝင်ပြီး ကိုယ်တိုင်လည်း တိုက်တစ်တိုက်မှာ အယ်ဒီတာလုပ်နေတယ်"

"ဟုတ်ပါတယ်လေ၊ ကိုတင်မြင့်နဲ့ ဒီအလုပ်ကိုက်ပါတယ်၊ အစကတည်းက ကိုတင်မြင့်က စာပေအောင်မတန် ဝါသနာပါတာပဲ"

"ဒီကအကြောင်းချည်း မေးနေတယ်၊ ကိုယ့်အကြောင်းလည်း ကိုယ်ပြောပါဦး"

ဒေါ်သင်းလှိုင်က ကျွန်ုပ်နှင့်ခွဲခွာခဲ့သည့်အချိန်မှ စ၍ ရှေးဦးစွာ မန္တလေးမြို့တွင် ပိုးထည်ဆိုင်တစ်စက်ဆိုင်ဖွင့်၍ နေထိုင်ခဲ့ကြောင်း၊ ထိုအခါက မောင်ခင်စိုးမှာ ၆ နှစ်သားအရွယ်မျှသာရှိသေး၍ ဖားသားလဖုန်းကျောင်းတွင် ထား၍ ပညာသင်ခဲ့စေကြောင်း၊ အခါလည်ကျော်ကျော်ခန့်ကြာသောအခါ စပါးဈေးကျသဖြင့် အရောင်းအဝယ် ဆုတ်ယုတ်လာပြီးလျှင် သိသိသာသာကြီး ရှုံးပါးလာသဖြင့် ဆိုင်ကို တစ်ခါတည်း ဖြုတ်လိုက်ရကြောင်း၊ သို့ဖြစ်ရခြင်းမှာ အလုပ်ကို မကျွမ်းကျင်သဖြင့်တစ်ကြောင်း၊ စပါးဈေးကျသဖြင့် တိုင်းပြည်တစ်ပြည်လုံး အရောင်းအဝယ် ဆုတ်ယုတ်လာသောကြောင့်တစ်ကြောင်း ဖြစ်ရကြောင်း၊ ဆိုင်ကို ဖြုတ်ပြီးနောက် မိမိနှင့် ညီမဝမ်းကွဲတော်စပ် သူနှင့်အတူ ပြင်ဦးလွင် သွားရောက်နေထိုင်ကြောင်း၊ ညီမဝမ်းကွဲ၏ ယောကျ်ားမှာ သတ္တုတွင်း ကုမ္ပဏီများတွင် အစုရှယ်ယာ များထည့်၍ လုပ်ကိုင်သူဖြစ်၍ မိမိက အစုများ ပါဝင်ပြီးလျှင် အစုစပ်လုပ်ကိုင်ခဲ့ကြောင်း၊ ဤသို့လုပ်ကိုင်ခဲ့ရာ ၅ နှစ် ၆ နှစ် ခန့်ကြာရှိကြောင်း၊ ထိုအချိန်အတွင်း ပထမ နှစ်နှစ် သုံးနှစ်အတွင်းငွေ ၁၀၀၀ဝ ကျော်ခန့် မြတ်သော်လည်း နောက်ဆုံး နှစ်နှစ်တွင် ၁၅၀၀ဝ ခန့်ပြန်၍ ရှုံးသွားကြောင်း၊ ထိုအလုပ်မှတစ်ဖန် သာမန်ငွေချေးသော အလုပ်သို့ ကူးပြောင်းလုပ်ခဲ့ရာ၊ ယင်းအလုပ်မှာ လုံးလုံးလျားလျား ဝင်ငွေမရှိခဲ့သော်လည်း နည်းနည်းနှင့် မှန်မှန်ရသော အလုပ်ဖြစ်သဖြင့် စိတ်ချမ်းသာမှု ရကြောင်း၊ သို့နှင့် ထိုအလုပ်ကို ဆက်လက်လုပ်ကိုင်ခဲ့ရာ အတိုးအညွန့်များပင် စုပေါင်းမိ

http://www.cherrythitsar.org



သောအခါ အရင်း ပြန်၍ ဖြစ်လာသဖြင့် ယခုအချိန်အထိ ဤအလုပ်နှင့်ပင် သားအမိ နှစ်ယောက် အေးချမ်းစွာ နေထိုင်ခဲ့ကြောင်း၊ မောင်ခင်စိုးမှာလည်း ၁၀ တန်းအောင်မြင်ပြီးနောက် ကျောင်းမှထွက်ပြီးလျှင် မိမိနှင့် 'ဆိုးတူ ကောင်းဖက်' လုပ်ကိုင်လျက် ယခုအချိန်အထိ အိမ်ထောင်မပြုသေးဘဲ မိခင် ကို လုပ်ကျွေးသမှုပြုနေကြောင်းဖြင့် ပြောပြရာ ကျွန်ုပ်က ချီးကျူးမိ၏။

မောင်ခင်စိုးသည် သီးသန့်အခန်းများကို ယူ၍ ဝန်စည်စလယ် များ အိပ်ရာအိပ်ခင်းပစ္စည်းများကို နေသားတကျ ရှိစေပြီးသော် ကျွန်တော် တို့စကား လက်ဆုံကျနေသည်ကို အနှောင့်အယှက်မပေးလိုသည့်ဟန်ဖြင့် ညနေပွဲအမီ ရုပ်ရှင်သွားဦးမည်ဟု သူ့မိခင်ထံ ခွင့်တောင်းပြီးလျှင် အဝတ် အစားလဲ၍ ထွက်သွားလေ၏။

သို့နှင့် ကျွန်ုပ်တို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆို လျက် ရှိကြရာ ဒေါ်သင်းလှိုင်မှာ မည်သည့်အကြောင်းအရာကိုပင် အာရုံစူး စိုက် ပြောဆိုစေကာမူ တစ်နေရာရာတွင် သူ၏ခင်ပွန်းဖြစ်သူ ဦးမြတ်စိုး အကြောင်းကို တစ်နည်းနည်းအားဖြင့် သွယ်ဝိုက်ထည့်သွင်း၍ ပြောတတ် သဖြင့် ယခုအချိန် အထိ သူ၏ ငယ်ချစ်လင်ကို မမေ့သေးကြောင်း ထင်ရှား လှ၏။

ကျွန်ုပ်တို့ ပထမဦးစွာတွေ့ဆုံခဲ့ရသည်မှာ နှစ်ပေါင်း ၃၀ ခန့်မျှပင် ရှိပြီးဖြစ်၍ အဖြစ်အပျက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*

၁၉၂၈ ခု ၂၉ ခုနှစ်က စီးပွားရေးစိတ်အားထက်သန်သော လူရွယ် သုံးယောက်တို့သည် နာဂတောင်တန်းခရိုင် ဟုမ်းမလင်းမြို့နှင့် မိုင် ၃၀ခန့် ကွာဝေးသော တောကြီးတစ်ခုအတွင်း စိုက်ခင်းပျိုးခင်းကောင်းသော နေရာ ဒေသများကို ရှာဖွေပြီးလျှင် ဧက ၇၀၀ ခန့် ပတ္တာခံ၍ တောကြီးကို တပည့် တပန်းများဖြင့် ခုတ်ထွင်ရှင်းလင်းလျက် ရှိကြလေ၏။ နှစ်နှစ်အတွင်း ဧက ၅၀၀ ခန့် ရှင်းလင်းပြီး၍ နောက်ဆုံးနှစ်တွင် ကျန်ဧက ၂၀၀ ခန့်ပြီးစီးပြီး နောက် လက်ဖက်ပင်များကို ဧက ၂၀၀ ခန့်ပင် စိုက်ပျိုးနိုင်ခဲ့လေသည်။

မိတ်ဆွေ သုံးယောက်တို့သည်ကား ပထမကိုမြတ်စိုး၊ ဒုတိယ ကျွန်ုပ် (မောင်တင်မြင့်)၊ တတိယ ကိုထွန်းကျော် ဖြစ်လေသည်။ ကျွန်ုပ်နှင့် ကိုမြတ်စိုးတို့မှာ ငယ်စဉ်ကပင် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်၍

http://www.cherrythitsar.org



တစ်ယောက်အကြောင်း တစ်ယောက်သိပြီး ဖြစ်ကာ တတိယလူ ကိုထွန်းကျော်မှာ မန္တလေးမြို့တွင် ကျွန်ုပ်တို့အလုပ်များ စတင်တည်ထောင်စဉ်အခါကမှ သိကျွမ်းရသူ ဖြစ်လေသည်။ လက်ဖက်များ မထွက်မီပင် ကျွန်ုပ်တို့ကုမ္ပဏီသည် မန္တလေးမြို့ 'အိန္ဒိယပြည်လစ်ဖတန် လက်ဖက်ခြောက်ကုမ္ပဏီ' ၏ မြန်မာပြည်ကိုယ်စား လှယ်ကြီးနှင့် ဆက်သွယ်မိကြရာ ကာလကတ္တားမြို့မှ လက်ဖက်ခြောက်ကုမ္ပဏီ ဒါရိုက်တာ လူကြီးတစ်ဦးကိုယ်တိုင်လိုက်လာ၍ ကျွန်ုပ်တို့ လက်ဖက်ခင်းကို မြင်သောအခါ ကျွန်ုပ်တို့ ကုမ္ပဏီကို ငွေထုတ်ပေးရန်နှင့် စိုက်ခင်းမှ ထွက်သမျှ လက်ဖက်များကို သူတို့၏နည်းစနစ်အရ အချိုသောက်လက်ဖက်ခြောက်များ ပြုလုပ်သောစက်၊ ဤနေရာ၌ တည်ထောင်ပြီးလျှင် ကျွန်ုပ်တို့ ကုမ္ပဏီက အုပ်ချုပ်ရန်အကြောင်း၊ စက်ကို သူတို့က တည်ထောင်ပေးမည်ဖြစ်၍ ကုန်ရိုင်း လက်ဖက်စိုများအပေါ်၌ ကန့်သတ်သော ဈေးနှုန်းရမည့်ပြင် လက်ဖက်ခြောက် ပြုလုပ်သည့် စက်ကို ကြီးကြပ်အုပ်ချုပ်ရခြင်းနှင့် သယ်ယူတင်ပို့ရခြင်းများအတွက်ကော်မရှင် အခကြေးငွေများ ရမည်ဖြစ်ကြောင်းနှင့် နားလည်မှု ရရှိကြလေ၏။

သို့နှင့် နောက်တစ်နှစ်ခွဲဦးပေါက်၌ပင် အိန္ဒိယကုမ္ပဏီသည် မန္တလေး ကိုယ်စားလှယ်ကြီးမှတစ်ဆင့် ကျွန်ုပ်တို့အား ဘဏ်တိုက်မှ ငွေနှစ်သောင်းကျော်မျှ 'ကြိုတင်ပေးငွေ' အဖြစ် ထုတ်ပေးခဲ့ပြီးလျှင် လက်ဖက်ခြောက်ပြုလုပ်သော စက်ကိုလည်း တည်ဆောက်ပေးခဲ့လေသည်။ ထိုအခါ ကျွန်ုပ်တို့ကလည်း လွန်ခဲ့သော ၃–၄ နှစ်အတွင်းက ငွေအား လူအား ဉာဏ်အားထုတ်ခဲ့သည့် ကြိုးပမ်းမှုများမှာ ပင်ပန်းကျိုးနပ်ရလေတော့၏။

ယခင် သုံးနှစ်အတွင်းက ကျွန်ုပ်တို့သည် နွားတင်းကုပ်ကဲ့သို့ တဲကြီးတစ်ခုထိုးပြီးလျှင် 'ကောယား'ရွာမှ ထမင်းချက်သမားတစ်ယောက် ငှား၍ ထား၏။ ကျွန်ုပ်အား ဝတ်ကြီးဝတ်ငယ်ပြုစုရန် ၁၂ နှစ်သား အရွယ်ရှိသူငယ်လေး တစ်ယောက်ကိုလည်း ငှားထား၏။ ယခုကား စီးပွားရေးအခြေအနေအရ အတော်အတန် တောင့်တင်း လာပြီဖြစ်၍ ထိုတင်းကုပ်ကြီးနေရာ၌ပင် သွပ်မိုး ပျဉ်ထောင်အိမ်ကြီးတစ်လုံးဆောက်ပြီးလျှင် နေထိုင်ခဲ့ကြလေသည်။ ကျွန်ုပ်နေသော ခြံကြီးနှင့် လက်ဖက်ခင်းများမှာမြို့သို့သွားသော လှည်းလမ်းတစ်လမ်း သာရှိ၍ ထိုလမ်းသည်ပင် မိုးအခါများ၌ သွား

http://www.cherrythitsar.org



၍ မရသလောက် ရှိခဲ့၏။ တောလည်း အတော်ထူထပ်သဖြင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ချေငယ်၊ စိုင်ဆတ်များ ကျားသစ်၊ ဝက်ဝံစသော သားရဲ တိရစ္ဆာန်များ ပေါများလှ၏။ သို့နှင့် ကျွန်ုပ်တို့မှာ ရိုင်ဖယ်တစ်လက်စီ ခြောက်လုံးပြူးသေနတ်တစ်လက်စီကို လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ရခဲ့ရာ ယင်းကဲ့သို့ သေနတ်လိုင်စင်များ ရရန်လည်း အိန္ဒိယ လက်ဖက်ခြောက် ကုမ္ပဏီ မန်နေဂျာက ထောက်ခံကူညီခဲ့လေသည်။

ထိုအခါက ကျွန်ုပ်တို့မြန်မာလူမျိုးများမှာ ခရိုင်တောရွာတစ်ခုမှ နေ၍ ရန်ကုန်တွင် ကျောင်းနေရခြင်း၊ အလုပ်လုပ်ခြင်း၊ ဗန်းမော်၊ ကသာ၊ မြစ်ကြီးနား စသော အလွန်အထက်ကျသော နေရာများသို့ သွားရောက်၍ ပစ္စည်းဥစ္စာ ရှာဖွေခြင်း အလုပ်များကိုပင် စွန့်စားရသော အလုပ်များဟု ထင်မှတ်နေသေးသော အချိန်ဖြစ်၍ ဤတောကြီးမြက်မည်းထဲတွင် ကျွန်ုပ် တို့ သုံးယောက်လာ ရောက်နေထိုင်သည်ကို မြို့မှ မိတ်ဆွေများက ကျွန်ုပ် တို့အား 'မိုက်ရူးရဲ' များ ဖြစ်ကြောင်းဖြင့် ပြောစမှတ်ပြုကြလေသည်။

ထိုအခါက ကျွန်ုပ်တို့မှာ အသက်အရွယ်အားဖြင့် နုပျိုငယ်ရွယ်သူ များဖြစ်၍ စိတ်မြန်ကိုယ်မြန် ဖျတ်လတ်သွက်လက်တုန်း အရွယ်များဖြစ်ကြ ပြီးလျှင် ကျွန်ုပ်က ၂၅ နှစ်၊ ကိုမြတ်စိုးက ၂၇ နှစ် ဖြစ်၍ ကိုထွန်းကျော်မှာ ၂၃ နှစ်သာ ရှိသေး၍ ကျွန်ုပ်တို့အထဲတွင် အငယ်ဆုံးဖြစ်လေသည်။ ဤဝေး လံသော အရပ်သို့ စိတ်တူသဘောတူစွန့်စားလာရောက်ကာ အလုပ်လုပ် ဖက်များ ဖြစ်ကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် ရုပ်ရည်အားဖြင့် လည်းကောင်း၊ စိတ်သဘောထားအားဖြင့်လည်းကောင်း မတူကြချေ။ ကို မြတ်စိုးမှာ တုတ်တုတ်ခိုင်ခိုင်ရှိ၍ အသားမဖြူမညိုဖြစ်၏။ စိတ်သဘော ထားကောင်းသော်လည်း ပြောလွယ်ဆိုလွယ်ရှိ၏။ အလုပ်ကို ကောင်းစွာ နားလည်၍ အရောင်းအဝယ်ဘက်တွင် ကျွမ်းကျင်၏။ မိမိစိတ်ကို ချက်ချင်း ပိုင်းဖြတ်နိုင်စွမ်း ရှိပြီးလျှင် တစ်စုံတစ်ရာပြုလုပ်ရန်ရှိက ခြေမြန်လက်မြန် ရှိလှ၏။ ကျွန်ုပ်မှာ အရပ်မြင့်၍ အသားဖြူ၏။ မျက်စိများစွာ မသန်ဘဲ ခွန်အားဗလလည်း နည်း၏။ အလုပ်တစ်ခုကို အတော်ပင် စဉ်းစားပြီးမှ ပြုလုပ်လေ့ရှိ၏။ ကိုထွန်းကျော် မှာမူ အသားလတ်ဖြစ်၍ အရပ်မနိမ့်မမြင့် ဖြစ်၏။ ဖျတ်လတ်သွက်လက်၏။ နှာခေါင်း အနည်းငယ်ပြားလျက် မည်း နက်တောက်ပြောင်သော မျက်လုံးများရှိ၏။ အပေါင်းအသင်း ကောင်း၏။

http://www.cherrythitsar.org



စိတ်ရှည်သော်လည်း မိမိစိတ်ထဲမှ အကြံကို ဖွင့်ပြောလေ့ မရှိဘဲ အလွန်သိုသိပ်တတ်၏။ သို့ဖြစ်၍လည်း ကိုမြတ်စိုးက ပါတနာလုပ်ငန်းကြီးတစ်ခုလုံးကို စီမံအုပ်ချုပ်သူအဖြစ်ဖြင့်လည်းကောင်း၊ ကျွန်ုပ်က ပြင်ပဆက်သွယ်ရေး သယ်ယူပို့ဆောင်ရေးနှင့် အကြံပေးသူအနေဖြင့်လည်းကောင်း၊ ကိုထွန်းကျော်က အဆောက်အဦးနှင့် လုပ်သားများကို အုပ်ချုပ်ထိန်းသိမ်းသူအဖြစ်ဖြင့်လည်းကောင်း အသီးသီးတာဝန်ခွဲဝေကာ ဆောင်ရွက်လျက်ရှိကြ၏။

ဒုတိယနှစ်အတွက် ကျွန်ုပ်တို့သည် အိန္ဒိယကုမ္ပဏီနှင့် အသစ်ထပ်မံ ချုပ်ဆိုရလေရာ ထိုနှစ်မှာ အရောင်းအဝယ် ညံ့ဖျင်း၍ လက်ဖက်ခြောက်ဈေးများလည်း ကျဆင်းလျက်ရှိသောကြောင့် ကန်ထရိုက်လက်ဖက်ခြောက်အပေါ်၌ ဈေးလျော့ရသည့်ပြင် 'ကြိုတင်ငွေ' အဖြစ်ဖြင့်လည်း ငွေ ၅၀၀၀ိ သာ ရရှိတော့၏။ သို့နှင့် ကျွန်ုပ်တို့ ကုမ္ပဏီမှာ လုပ်သားအနည်းငယ်မျှ ဖြုတ်ချပစ်ရပြီးလျှင် စိုက်ခင်းကိုလည်း ဧက ၅၀ ခန့် လျော့ပေါ့စိုက်ရ၏။

ထိုအချိန်တွင် ကိုမြတ်စိုးသည် ငွေကြေးထပ်မံရှာဖွေရန်ဟု ပြောကာ သူ၏ ဇာတိဖြစ်သော မော်လမြိုင်သို့ ခေတ္တပြန်သွားရာ ရက်သတ္တသုံးပတ်မျှ ကြာရှိပြီးနောက် ပြန်လာသောအခါ ငွေကြေးပါ၍ မလာသော်လည်း မိန်းမချော မသင်းလှိုင်ကို လက်ထပ်၍ ခေါ်လာခဲ့လေသည်။

လူပျိုကြီး သုံးယောက်လွတ်လပ်စွာ နေထိုင်ခဲ့သည့်အနက် တစ်ယောက်က အိမ်ထောင်ကျ၍ မိန်းမကို ခေါ်လာသောအခါ ကျွန်ုပ်တို့ ဘဝမှာ တစ်မျိုးတစ်မည် ပြောင်းသွားသကဲ့သို့ ဖြစ်တော့၏။ ချုပ်ချယ်မှုပင်မရှိ စေကာမူ စိတ်၏ ကြပ်တည်း ကျဉ်းမြောင်းမှုတစ်မျိုးကို ခံစားနေရဘိသကဲ့သို့ ရှိ၏။ ကျွန်ုပ်တို့ လက်ရှိ နေထိုင်သောအိမ်မှာလည်း ရခါစ ဇနီးမောင်နှံအတွက် မနေလောက်သကဲ့သို့ ဖြစ်သောကြောင့် ကိုက် ၅၀ ခန့်အကွာတွင် သုံးပင် နှစ်ခန်း အိမ်ငယ် အကြမ်းတစ်ဆောင်ဆောက်လုပ်ရန်စီစဉ်ရလေ၏။ အစားအသောက်အတွက်မှာ ယခင်က ကျွန်ုပ်တို့ယောကျ်ားချည်းနေသလောက် မဆင်းရဲတော့ဘဲ အချိန်မှန်ကန်စွာနှင့် ဖွယ်ဖွယ်ရာရာဖြစ်၍လာတော့၏။ ကိုမြတ်စိုးမှာ အလုပ်ပိတ်သော တနင်္ဂနွေနေ့များတွင် ထိုင်းလူမျိုးတပည့်တစ်ယောက်နှင့် သေနတ်ပစ်ထွက်လေ့ရှိရာ ချေငယ်စိုင်ဆတ်များသာမက တစ်ခါတစ်ရံ တောဝက်များပင် ရလာတတ်၏။ ထို

http://www.cherrythitsar.org



အခါမျိုး၌ ကျွန်ုပ်တို့မှာ မြို့မှ ရှားပါးစွာ ဝယ်ယူ သိမ်းထားသော ဝီစကီ အနည်းငယ်စီမျှဖြင့် ဝက်သားခြောက်များ ဝက်ခေါက်ကင်များကို မြိန်ရှက်စွာ စားသောက်ရလေသည်။

ရက်သတ္တ နှစ်ပတ် ကျော်ကျော်မျှ အကြာတွင် အသစ်စက်စက် ဇနီးမောင်နှံတို့ နေရန်အိမ်ကလေးမှာ ပြီးစီးသွားပြီဖြစ်၍ ကျွန်ုပ်နှင့် ကိုထွန်းကျော်တို့ လှူ့ဆော်တိုက်တွန်းချက်အရ လက်ထပ်ပွဲရော၊ အိမ်တက်မင်္ဂလာပါပူးတွဲပြီးလျှင် အထူးတည်ခင်းသော ညစာဖြင့် မင်္ဂလာအခမ်းအနားတစ်ခု ကျင်းပ၍ စားသောက်ကြ၏။ ထိုညစာစားပွဲ၌ ဝက်ပေါင်ခြောက်၊ ဝက်သားချိုချဉ်ကြော်၊ ဒေါင်းသားဟင်း၊ ဆတ်သားကြော်များဖြင့် သတို့သမီးဖြစ်သူ မသင်းလှိုင်က မော်လမြိုင်သူပီပီ ကောင်းစွာ ချက်ပြုတ်တည်ခင်းဧည့်ခံလေသည်။

ညစာစားသောက်ကြပြီးနောက် ရွက်ဖျင်ကုလားထိုင်တစ်လုံးစီဖြင့် ဝရန်တာကလေးသို့ ထွက်ကာ ဆေးတံများကို ခဲရင်း စကားစမြည် ပြောဆိုလျက် ရှိကြကုန်၏။ နေ့စဉ်အဖြစ်အပျက်များမှစ၍ ရောက်တတ်ရာရာ စကားများကို ပြောဆိုလျက်ရှိကြရာမှ အလုပ်အကိုင်အကြောင်းများသို့ ရောက်လာလျက် ကျွန်ုပ်တို့ အစုစပ်လုပ်ငန်းတွင် ယခုနှစ်အဖို့ ငွေကြေးများ ကျပ်တည်းလျက် ရှိကြောင်းများကို စကားစပ်မိလေ၏။ ထိုအခါ ကိုမြတ်စိုးသည် ဆေးတံသောက်နေရာမှ ဆေးတံကို ချ၍ စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် –

"အခုနေအခါ ကျုပ်တို့ထဲက တစ်ယောက်ယောက် ဒီနေ့ည သေသွားပြီဆိုပါတော့၊ ကျန်တဲ့ နှစ်ယောက်တော့ ဒုက္ခပဲဗျို့။ ဘာဖြစ်လို့လဲ သိလား၊ အဲဒီသေတဲ့ လူရဲ့ အမွေစားအမွေခံတွေက သူ့အစုအတွက် ငွေချက်ချင်းအမ်းရမယ်၊ ငွေလက်ငင်းလိုချင်တယ်ဆိုရင် ကျုပ်တို့ဘာနဲ့ သွားအမ်းမလဲ၊ ကျုပ်တို့ ကုမ္ပဏီမှာ ငွေသားလက်ငင်းပေးဖို့ မရှိဘူးဗျ၊ ဒီတော့ ကျုပ်တို့ သုံးနှစ် သုံးမိုး အဆင်းရဲ အပင်ပန်းခံပြီး လုပ်ခဲ့ရတဲ့ ဒုက္ခတွေဟာ ဘယ်နေရာမှာသွားပြီး အကျိုးရှိတော့မှာလဲ"

"နိမိတ်မရှိ နမာမရှိ မဟုတ်တာဗျာ၊ ကြိကြိဖန်ဖန် ဘာဖြစ်လို့ ကျွန်တော်တို့အထဲက သေရမှာလဲ"

http://www.cherrythitsar.org



"ဒီဟာဘယ်သူမှ မပြောနိုင်ဘူး ကိုထွန်းကျော်။ ဒါသေခြင်းတရားကို ဘယ်သူမှ လွန်ဆန်နိုင်တာ မဟုတ်ဘူး မဟုတ်လား"

"ဒါကတော့ ဟုတ်ပါတယ်။ နို့ပေမဲ့ ခင်ဗျားတို့ ကျွန်တော်တို့လည်း ငယ်ငယ်ရွယ်ရွယ်ရှိကြသေးတယ် မဟုတ်လား"

"ကျုပ်က အဖြစ်ကိုပြောတာ ကိုထွန်းကျော်။ တကယ်လို့ မတော်တဆဖြစ်ခဲ့လို့ရှိရင် ကျန်တဲ့နှစ်ယောက်မှာ နစ်နာမှာ စိုးလို့ ပြောတာ"

ထိုအခါမှ ကျွန်ုပ်က ကြားဝင်၍ –

"ဟုတ်ပါတယ်လေ။ ကိုမြတ်စိုးကလည်း ငွေရေးကြေးရေးနဲ့ ပတ်သက် ပြီး ရှေ့အတွက် စိတ်ပူလို့ ပြောတာပဲ။ ဒီတော့ ကျုပ်တို့ ဒီလိုမဖြစ်ရအောင် ဘယ်လိုနည်းကာကွယ်မယ်ဆိုတာ စဉ်းစားကြရုံပေါ့"

"နည်းလမ်းတစ်ခုရှိတယ်လေ၊ ဒီနည်းလမ်းကို ကျုပ်စဉ်းစားထားတာ အတော်ကြာပြီ။ ခင်ဗျားတို့ ကျုပ်တို့အားလုံး သုံးယောက်စလုံး အသက် အာမခံထားပြီး အကယ်၍သေရင် လျော်ကြေးကို ကျုပ်တို့ ကုမ္ပဏီကို ပေးရမယ်လို့ဆိုရင် တစ်ယောက်ယောက်သေသွားရင် အဲဒီသေတဲ့လူရဲ့ အမွေစားအမွေခံရဲ့ အကျိုးခံစားခွင့်ကို အသက်အာမခံကုမ္ပဏီက မုချဝယ်မယ်။ ဒီလိုဆိုရင် ကျုပ်တို့ ကုမ္ပဏီမပျက်ဘဲနဲ့ကျန်တဲ့ ပါတနာ နှစ်ယောက်လည်း ဆက်လက်ပြီး အလုပ်လုပ်သွားနိုင်မယ်"

ကိုမြတ်စိုးမှာ အရောင်းအဝယ်တွင် ကျွမ်းကျင်ရုံမျှမက အင်္ဂလိပ်ကုမ္ပဏီကြီးများနှင့် ဆက်သွယ်ရေး အသက်အာမခံ ကုမ္ပဏီများက သေသူ၌ အဖိုးတန်အစုရှယ်ယာများရှိက ဝယ်ယူခြင်းစသော နိုင်ငံခြား ကုမ္ပဏီကြီးများ၏ အကြောင်းကို ကောင်းစွာသိပြီးဖြစ်သဖြင့် ပြောကြားခြင်း ဖြစ်၏။ သို့နှင့် ကိုမြတ်စိုး၏အကြံပေးချက်ကို ကျွန်ုပ်တို့ နှစ်ယောက်က သဘောတူကြရတော့၏။ ထို့နောက် ကိုမြတ်စိုးက ဤကိစ္စအတွက် မန္တလေးမြို့ရှိ ကိုယ်စားလှယ်ကြီးမှတစ်ဆင့် ရန်ကုန်မြို့ခိုင်လုံသော အသက်အာမခံကုမ္ပဏီတစ်ဦးနှင့် စကားကမ်းလှမ်းဆက်သွယ်ရန် ကိစ္စများကို ကျွန်ုပ်က ကြည့်ရှုဆောင်ရွက်ရန် ကျွန်ုပ်အား တာဝန်လွှဲအပ်လေ၏။

ဤသို့လျှင် ကျွန်ုပ်တို့သည် တစ်ယောက်လျှင် ကျပ် ၁၅၀၀၀ စီဖြင့် အသက်အာမခံထားကြလေရာ ယင်းကိစ္စအတွက် မန္တလေးမှ တစ် ဆင့် ရန်ကုန်သို့ ကျွန်ုပ်ကိုယ်တိုင် လိုက်၍ ဆောင်ရွက်ရ၏။

http://www.cherrythitsar.org



ထိုအချိန်များအတွင်း ကျွန်ုပ်တို့ဘဝမှာ အလွန်သာယာစိုပြေလျက်ရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း ကိုမြတ်စိုးနှင့် မသင်းလှိုင်တို့ စိတ်ချမ်းမြေ့ပျော်ရွှင်သလောက် ကျွန်ုပ်မှာ မသင်းလှိုင်အတွက် ချစ်ဒုက္ခဝေဒနာကို ခံစားလျက်ရှိနေခဲ့ရ၏။ ကိုထွန်းကျော်မှာမူ ကျွန်ုပ်ထက်ပင်ကဲသေး၏။

မကြာမီ မသင်းလှိုင်မှာ ယောကျ်ားကလေးတစ်ယောက် ဖွားမြင်ခဲ့လေသည်။

မသင်းလှိုင်၏ လှပယဉ်ကျေး မြင်သူငေးလောက်သော ရုပ်အဆင်းကို ပထမမြင်ရသည့်အချိန်မှ တစ်လအတွင်း၌ပင် ကျွန်ုပ်မှာ မသင်းလှိုင်အား ချစ်ကြိုက်မိတော့၏။ ကျွန်ုပ်သာမဟုတ်၊ ကိုထွန်းကျော်မှာလည်း ထိုနည်းအတူ ဖြစ်တော့၏။ ကျွန်ုပ်တို့မှာ တောကြီးထဲတွင် မိန်းမဟူ၍ မမြင်ရဘဲ သုံးလေးနှစ်မျှ အလုပ်လုပ်၍ နေရပြီးနောက် ရုတ်တရက် မိန်းမချောတစ်ယောက်ကို ယခုကဲ့သို့ နီးနီးစပ်စပ်တွေ့ရသောအခါ ဤကဲ့သို့ ဖြစ်ရခြင်းဖြစ်လေရာ လောကဝတ်ပျက်၍ သစ္စာဖောက်သည်ဆိုလျှင် ခံရပေတော့မည်။ သဘာဝအားဖြင့် ကြည့်ခဲ့သော် ရာခိုင်နှုန်း ၇၅ ခန့်ပင် ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ယူဆရန်ဖြစ်လေသည်။

သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အချင်းချင်းလည်း မပြော၊ မသင်းလှိုင်ကိုလည်း ကိုယ်အမူအရာအားဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း အသိမပေးခဲ့ချေ။ သူတစ်ပါး၏ မယားအားချစ်ကြိုက်သည်ဆိုခြင်းမှာ လောကဝတ်ကို ဖောက်ဖျက်ကာ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ရာရောက်သော်လည်း ရိုင်းပြသော မနောကံကိုကားဆီးတား၍ မရနိုင်အောင် ရှိခဲ့၏။ ကိုထွန်းကျော်မှာ ကျွန်ုပ်ထက် လွန်ကဲလျက် ရှိလေသည်။ မသင်းလှိုင်ကမူ ကျွန်ုပ်တို့၏ အတွင်းစိတ်ကို ထိုးဖောက်၍ မြင်ဟန်လက္ခဏာရှိ၏။ သို့သော် မိန်းမများမှာ ဤနေရာမျိုးတွင် လွန်စွာအကင်းပါးသည့်အလျောက် ကျွန်ုပ်ရိပ်မိလောက်သော အမူအရာမျိုးကို မည်သည့်အခါမျှ မပြဖူးချေ။ ကျွန်ုပ်နှင့် ကိုထွန်းကျော်ကွာခြားချက်မှာ ကျွန်ုပ်က အတော်အတန်တရားနှင့် ဖြေနိုင်၍ ကိုထွန်းကျော်မှာမူ မသင်းလှိုင်အား တစ်ဖက်သတ်ချစ်ကြိုက်နေသည့် ဒုက္ခဝေဒနာကို ကျိတ်မှိတ်ခံစားနေရဟန် တူလေသည်။

http://www.cherrythitsar.org



ကိုမြတ်စိုးသည် ရတ်တရက် ဝမ်းကိုက်ရာမှ အစာအိမ်အတွင်း မခံမရပ်နိုင်အောင်၊ နာသော ရောဂါဖြစ်လာ၏။ ပထမ၌ မှိုဟင်းကို စားမိ၍သာ ဤသို့ဖြစ်ရသည်ဟု ယူဆကာ အိမ်တွင်ရှိသော လျက်ဆားများ၊ လေဆေးများ တိုက်သော်လည်း မသက်သာလှချေ။ အချိန်မှာ မိုးရာသီဖြစ်သဖြင့် အဆက်မပြတ် ရွာသွန်းလျက်ရှိသော မိုးများကလည်း ရာသီဥတုကို ပို၍ ထိုင်းမှိုင်းစေပြီးလျှင် ရောဂါကို ပို၍ တိုးစေဟန်လက္ခဏာရှိ၏။ အခက်အခဲတစ်ခုမှာ ဟုမ္ဗလင်း၌သာ ဆရာဝန်ရှိသဖြင့် ဆရာဝန်ကို သွားရောက်ပင့်ဆောင်သော်လည်း မိုးရာသီအတွင်း ဤခက်ခဲသော ခရီးကိုလိုက်ပါမည်မဟုတ်ချေ။ ထို့ပြင် လမ်းပန်းအဆက်အသွယ်ကို ပို၍ ခက်ခဲစေသော အရေးပေါ် အကြောင်းတစ်ခုလည်း ရှိသေး၏။ ယင်းမှာ ကျွန်ုပ်တို့ ခြံကြီးနှင့် ၁၀ မိုင်ခန့်ဝေးသော နေရာ၌ လမ်းကို ဖြတ်၍နေသော ချောင်းတစ်ချောင်းရှိရာ ထိုချောင်းမှာ မိုးသည်းထန်စွာ ရွာသည့်အခါတိုင်း ရေလျှံ၍ နေတတ်သဖြင့် ဖြတ်ကျော်၍ မရချေ။ အကယ်၍ ဖြတ်လိုက မိုးစဲပြီးသည့်နောက် သုံးနာရီခန့်ကြာအောင် စောင့်ဆိုင်းနေမှသာ ရေများ ကျဆင်းသွားတတ်လေသည်။

ကိုမြတ်စိုး၏ အစာအိမ်ထဲမှ နာသောရောဂါမှာ အစဉ်မဟုတ်ဘဲ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါမှသာ အလူးအလဲဖြစ်တတ်၍ တော်သေး၏ဟု အောက်မေ့ရ၏။ ထိုအတွင်း ကျွန်ုပ်နှင့် မသင်းလှိုင်တို့သည် ၎င်းအား ကြပ်မတ်ပြုစုလျက်ရှိကြရာ ရောဂါမှာ လျော့ပါးသွားသည်မရှိဘဲ တစ်ကြိမ်ထက် တစ်ကြိမ် ဆိုး၍သာလာတော့၏။ အရေးအကြောင်းရှိလျှင် ကျွန်ုပ်သာ သူတို့အိမ်ဘက်သို့ ကူးသွားရပြီးလျှင် ကိုယ်ဖိရင်ဖိ ပြုစုကူညီရ၏။ နောက်ဆုံးတွင် မိုးကုန်သည်နှင့် တစ်ပြိုင်နက် မြို့သို့ပို့ရန် အားလုံးသဘောတူကြ၏။ သို့နှင့် ကျွန်ုပ်တို့လည်း မိုးကုန်သည်နှင့် တစ်ပြိုင်နက် မြို့သို့ပို့ရန် စီစဉ်ကြလေသည်။ ကိုမြတ်စိုးမှာ အလွန်စိတ်ဆောင်သူတစ်ယောက်ဖြစ်၍ ရောဂါသက်သာလျှင် မြင်းစီး၍ သွားနိုင်ကြောင်း၊ သို့ဖြစ်၍ မြင်းနှင့်သွားရန် အကြံပေး၏။ သို့သော် ကျွန်ုပ်က လှည်းနှင့်သွားရန် အကယ်၍ မိုးကုန်စလှည်းမပေါက်သောနေရာရှိက ထမ်းစင်ဖြင့် အသင့်သယ်ဆောင်နိုင်ရန် ထမ်းစင်ထမ်းမည့်သူများကိုပင် မသင်းလှိုင်နှင့် တိုင်ပင်၍ အသင့်စီစဉ်ထား၏။

http://www.cherrythitsar.org



ကိုထွန်းကျော်မှာ တစ်ခါတစ်ရံ ကိုမြတ်စိုးအနီးသို့ ဝတ်ကျေဝတ် ကုန်မျှ လာရောက်တတ်သဖြင့် ကျွန်ုပ်က ကိုမြတ်စိုးအား မကြာမီ ဆေးရုံသို့ ပို့ရမည့်အကြောင်း ပြောပြပြီးနောက် ကျွန်ုပ်က –

"ဟေ့လူ ကိုထွန်းကျော်၊ ခင်ဗျား သိပ်နေနိုင်တာပဲဗျာ၊ ကိုမြတ်စိုး ရောဂါက မသေးဘူးဗျ၊ စိုးရိမ်ရတယ်၊ သူဟာ ကျုပ်တို့ရဲ့ မိတ်ဆွေ၊ ကျုပ်တို့ ရဲ့ အလုပ်ကြီးကို အုပ်ချုပ်တဲ့လူဆိုတာ ခင်ဗျားသိဖို့ ကောင်းတယ်"

ကိုထွန်းကျော်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ ပြန်၍ မပြောချေ။ ခေါင်းငုံ့လျက်သာ ရှိလေသည်။ နောက်နာရီဝက်ခန့်ကြာမှ အလုပ်သမားဖိုမင် ရုံးခန်းမှ ပြန်လာပြီးလျှင် ကျွန်ုပ်အား –

"နေပါဦး ကိုတင်မြင့်ရဲ့၊ ကိုမြတ်စိုး ဆေးရုံပို့တော့ သူ့မိန်းမလိုက် သွားမှာလား"

"လိုက်ရမှာပေါ့ ကိုထွန်းကျော်၊ သူ့မိန်းမပါမှာပေါ့"

"ကောင်းပါလေရဲ့ဗျာ၊ ပါတာပဲ ကောင်းတယ်၊ ဒီသူငယ်မ ဒီမှာ ကျန်နေရစ်ရင် ကျုပ်ကိုယ်ကျုပ် စိတ်မချဘူးဗျ၊ ကောင်းတယ် ကောင်း တယ်၊ ပါသွားတာပဲ ကောင်းတယ်"

ထိုစကားတစ်ခွန်းသည်သာလျှင် မသင်းလှိုင်အား ချစ်ခင်သည့် အကြောင်းနှင့် ပတ်သက်၍ ကိုထွန်းကျော်၏ နှုတ်မှ ထွက်သော အစွမ်း ကုန် ဖွင့်ဟဝန်ခံလုနီးနီး အဓိပ္ပာယ်သက်ရောက်သည့် စကားဖြစ်လေသည်။

မြို့သို့ မပို့မီ တစ်နေ့၌ ကိုမြတ်စိုး၏ ရောဂါမှာ နောက်ဆုံးတစ် ကြိမ် ထ၍လာရာ ရောဂါ၏ အသွင်အပြင် နိမိတ်လက္ခဏာများကို ကြည့် ခြင်းဖြင့် အူတွင် အတက်ပေါက်သည့် ရောဂါမျိုးဖြစ်ရမည်ဟု ကျွန်ုပ် ခန့်မှန်းမိ၏။ သို့နှင့် မသင်းလှိုင်နှင့် တိုင်ပင်ပြီးလျှင် ဆရာဝန်အား ကြိုတင် အကြောင်းကြားထားရန်နှင့် ခွဲစိတ်ကုသရန် လိုအပ်က အဆောတလျင် ခွဲနိုင်ရန် ကိရိယာတန်ဆာပလာများကိုပါ ပြင်ဆင်ထားပါရန် ဆရာဝန်ထံ စာတစ်စောင်ရေး၍ 'ခြေမြန်' တစ်ယောက်ကို မြို့သို့ ချက်ချင်း စေလွှတ် လိုက်၏။

မိုးများအနည်းငယ်ပြတ်သွားလျှင်ပင် လက်ဖက်ရွက် အညွန့် ကလေးများမှာ တွန့်လိမ်နီမြန်းလာစပြုရာ ယင်းတို့အား လုပ်အားအမြောက် အမြားဖြင့် ခူးဆွတ်ပြီးနောက် 'တံလျှောက်' များသွယ်၍ စက်ရုံသို့ ပို့ရ၏။

http://www.cherrythitsar.org



ထို့နောက် ဖောင်းကြွစေသော စားပွဲပြင်မှ ကြွလာ ယင်းတို့မှ တစ်ဆင့် 'ရီလာ' ဘီးလုံးများဖြင့် အခြောက်ခံသော စက်ကိရိယာများဆီသို့ ပို့ရလေသည်။ ဤသို့ဖြင့် စက်ရုံကို ၂၄ နာရီလုံး စောင့်ကြပ် ကြည့်ရှုရသော အချိန်ဖြစ်သဖြင့် ကျွန်ုပ်တို့မှာ လွန်စွာအလုပ်များလျက်ရှိကြကုန်၏။

နောက်တစ်နေ့နံနက် ၁၀ နာရီခန့်တွင် ကျွန်ုပ်တို့လွှတ်လိုက် သော 'ခြေမြန်သမား' သည် မြို့မှ ပြန်ရောက်လာရာ မြို့တွင် ဆရာဝန်ကြီး မရှိကြောင်း၊ ဆရာဝန်ကြီးသည် မိုင်းတောင်းရွာရှိ ခရစ်ယာန် သာသနာပြု ဌာနသို့ အရေးကြီးသော ကိစ္စတစ်ခုဖြင့် သွားရောက်နေရာ နှစ်ရက် သုံးရက် အတွင်းမှ ပြန်ရောက်လာမည် ဖြစ်ကြောင်းဖြင့် သိရ၏။ သို့နှင့် မတတ်သာလျှင် လမ်းပန်းမကောင်းစေကာမူ ကိုမြတ်စိုးအား တစ်နည်းနည်းဖြင့် ပို့မှ ဖြစ်တော့မည်ဟု အချိန်ကို စောင့်ဆိုင်းလျက်ရှိကြကုန်၏။ ကိုမြတ်စိုးမှာ အလွန်စိတ်ဆောင်သူတစ်ယောက်ဖြစ်သည့်အတိုင်း ဝေဒနာမခံစားရသော အချိန်များ၌ ထူထူထောင်ထောင်ပင် သွားလာနေထိုင်တတ်၏။

*

တစ်နေ့သော ညနေစောင်း၌ ကျွန်ုပ်သည် နောက်ဆုံးစိုက်သော စိုက်ခင်းကို ကြည့်၍ မြင်းနှင့် ပြန်လာရာ တောင်ပူစာကလေးအတက်တွင် ကျွန်ုပ်၏ ဘောင်းဘီနှင့် ရှပ်အင်္ကျီမှာ ချွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိသဖြင့် မြင်းကို ခေတ္တရပ်ကာ ချွေးများကို သုတ်လျက်ရှိလေ၏။ ကုန်းမြင့်ကလေး မှာ ကျွန်ုပ်တို့ အိမ်ခြံစည်းရိုးအရှေ့ဘက်စွန်းမှာ တစ်ခေါ်သာသာလောက်သာ ဝေး၏။ ဤသို့ မြင်းကို ခေတ္တရပ်၍ ချွေးများသုတ်လျက်ရှိစဉ် ကျွန်ုပ်တို့အိမ်ဆီမှ သေနတ်သံတစ်ချက်ကြားလိုက်ရပြီးလျှင် ယင်းနောက်မှ ပဲ့တင်ထပ်ဟည်းသွားသော အသံကို ဆက်လက်ကြားရပြန်၏။ ကျွန်ုပ်၏ စိတ်ထင်မှာ ကိုထွန်းကျော်သည် လက်တည့်စမ်း၍သော်လည်းကောင်း၊ ခြံနောက်ဖေးရှိတောထဲသို့ ဖြတ်သန်းလာသော သားကောင် တစ်စုံတစ်ရာ ကိုသော်လည်းကောင်း ပစ်ခြင်းဖြစ်ရမည် ဟု တွေးလိုက်မိ၏။

တောင်ပူစာထိပ်သို့ ရောက်သောအခါ ကျွန်ုပ်တို့အိမ်ကို ကောင်းစွာ မြင်ရပြီဖြစ်၍ အိမ်ရှေ့တွင် လူများစုရုံးနေသည်ကို တွေ့မြင်ရ၏။ သို့နှင့် ကျွန်ုပ်လည်း တစ်စုံတစ်ရာ ဖြစ်လေပြီလောဟု တွေးတောကာ မြင်းကို ခပ်မြန်မြန် နှင်ခဲ့၏။ ခြံဝသို့ရောက်လျှင် အလုပ်သမားများ လက်ဖက်ခူး

http://www.cherrythitsar.org



သော ပလောင်မများသည် ကျွန်ုပ်တို့အိမ်ပေါက်၌ ဝိုင်းအုံစုရုံးကာ ခြောက် လုံးပြူးသေနတ်ကိုပင် အလုပ်သမား နှစ်ယောက် သုံးယောက်က လက် ဆင့်ကမ်းကာ ကိုင်တွယ်ကြည့်ရှုလျက်ရှိနေကြလေပြီ။ ယင်းတို့မှာ သေနတ် ၏အကြောင်းကို နားမလည်သည့် အလွန်ရိုးသားသော ရှမ်းနှင့်ပလောင် လူမျိုးများ ဖြစ်လေသည်။ သေနတ်အနီးတွင် ကိုထွန်းကျော်သည် ဦးခေါင်း မှလည်းကောင်း၊ ကိုယ်အထက်ပိုင်းမှလည်းကောင်း သွေးများ တသွင်သွင် ကျကာ လဲကျလျက်ရှိသည်ကို တွေ့ရ၏။ သို့နှင့် ကျွန်ုပ်လည်း လူအုပ်ကို တိုးဝှေ့ပြီးနောက် သေနတ်ကို ဆွဲယူလိုက်၏။

ကိုထွန်းကျော် အလောင်းအနီး၌ကား သွေးများအိုင်ထွန်းလျက်ရှိ ၏။ အလောင်းကို နီးနီးကပ်ကပ်ကြည့်ရှုရာတွင် ကိုထွန်းကျော်၏ လက်ဝဲ ဘက် မေးရိုးမှာ ပြုတ်ထွက်လျက်ရှိသည်ကို မြင်ရ၏။ ကျွန်ုပ်လည်း အလုပ်သမားများအား ကိုထွန်းကျော်၏ အလောင်းကို ပွေ့ချီစေ၍ မျက်နှာ ကို အဝတ်ဖုံးကာ အိမ်ရှေ့ဝရန်တာ၌ပင် ခုံတစ်ခုပေါ်သို့တင်၍ ထားစေ၏။ ထို့နောက် ဟုမ်းမလင်းဂါတ် ဌာနပိုင်ထံ ကျွန်ုပ်တွေ့မြင်သလောက် အဖြစ် အပျက် အကျိုးအကြောင်းကို အတိုချုပ်မျှ ရေးသားပြီးလျှင် ခြေမြန်သမား တစ်ယောက်ကို ချက်ချင်းစေလွှတ်လိုက်လေ၏။

နောက်တစ်နေ့ မွန်းတည့်အချိန်လောက်တွင် ဟုမ်းမလင်းရဲဌာနမှ မှူခင်းထောက်လှမ်းခြင်း သက်ဆိုင်ရာရဲအရာရှိ ဦးအုန်းမောင်သည် ဆရာ ဝန်ကြီးနှင့်အတူ ရောက်လာရာ ထိုအခါမှ ဦးမြတ်စိုး၏ ရောဂါကို ဆရာ ဝန် စစ်ဆေးခွင့်ရသဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ကိစ္စပြီးစီးသွား၏။

ကျွန်ုပ်မှာ စက်ရုံတစ်ခုလုံးကို တစ်ယောက်တည်း အုပ်ချုပ်နေရပြီ ဖြစ်သည့်ပြင် ကိုထွန်းကျော်ကိစ္စကလည်း ဖြစ်နေသဖြင့် ကိုမြတ်စိုးအား ဆရာဝန်က စမ်းသပ်သောအခါ ကျွန်ုပ် မလိုက်နိုင်တော့ချေ။ သို့သော် ကိုထွန်းကျော်၏ အလောင်းကို စစ်ဆေးကြသောအခါ တစ်ချိန်လုံး ကျွန်ုပ် ရှိနေ၏။ ဆရာဝန်နှင့် စုံထောက်အရာရှိအား ကိုထွန်းကျော်၏ အကြောင်း ကို ပြောပြရန်လည်း ဝတ္တရားအရ လိုအပ်၏။

ကျွန်ုပ်မှာ ဦးအုန်းမောင်အား ကိုထွန်းကျော် မသေမီက အပြုအမူ အနေအထိုင်များကိုလည်းကောင်း၊ သေမည့်နေ့တွင် ကိုထွန်းကျော်မှာ တစ် နေ့လုံး မှိုင်၍ နေပုံများကိုလည်းကောင်း တစ်စုံတစ်ရာ ချဲ့ထွင်ခြင်း ထင်မြင်

http://www.cherrythitsar.org



ချက် ပေးခြင်းမပြုဘဲ ပြောပြရ၏။ ဆရာဝန် စစ်ဆေးပြီးသောအခါ စုံထောက် ဦးအုန်းမောင်က

"ဘယ်နဲ့လဲ ဒေါက်တာ၊ အမှုကတော့ ကိုယ့်ကိုယ်ကို ပစ်သတ်တဲ့ အမှု ဖြစ်ကြောင်း ထင်ရှားတယ်မဟုတ်လား"

ဆရာဝန်။ ။"ကိုထွန်းကျော်ဟာ သူ့ကိုယ်သူ သတ်သေတယ် ဆိုတာကို ခင်ဗျားတို့ လက်ခံရင် ကိုထွန်းကျော်ဟာ သူ့မျက်နှာတစ်ခြမ်းလုံး ပြုတ်ထွက်သွားအောင် ဟောဒီမှာရှိတဲ့ ခြောက်လုံးပြူးသေနတ်နဲ့ သူ့ကိုယ်သူ ပစ်တယ်၊ ဒီနောက် ကံအားလျော်စွာ အင်မတန် ပြင်းထန်တဲ့ ရိုင်ဖယ်နဲ့ သူ့အသည်းကို ထုတ်ချင်းခတ်သွားအောင် ပစ်ပြန်တယ်ဗျာ။ နို့ပေမဲ့ သူ့အဝတ်အစားမှာ ယမ်းငွေ့ကျွမ်းနေတဲ့ အစအနတော့ မရဘူးနော်။ ဒီနောက် နောက်ဆုံး ကြိုးစားပြီး ပုလိပ်တွေ တွေးတောမရဘဲ ရှုပ်ထွေးအောင် ရိုင်ဖယ်ကို ကိုယ်ယောင် ဖျောက်ပစ်လိုက်တယ်ဗျာ။ အဲဒီအချက်တွေကို ခင်ဗျားတို့ ယုံကြည်ရလိမ့်မယ်"

ထို့နောက် ကျွန်ုပ်အား အနီးအနားတွင် ရိုင်ဖယ်သေနတ်များ တွေ့ပါသလောဟု မေးမြန်းရာ ကျွန်ုပ်က မတွေ့ကြောင်းနှင့် ထွက်ဆိုရလေ၏။ ထိုအခါ ဆရာဝန်က ဆက်လက်၍ စုံထောက်ဦးအုန်းမောင်အား –

"ဒီတော့ ဒီအမှုဟာ မိမိကိုယ် မိမိသတ်သေတဲ့ အမှုပဲဆိုတဲ့ ရှုထောင့်က ကြည့်ရင် ကျုပ်ပြောတဲ့ အချက်တွေကို ခင်ဗျားယုံကြည်ရလိမ့်မယ်။ နို့ပေမဲ့ ကျုပ်က ဆရာဝန်တစ်ယောက်ပဲဟာ၊ အမှုမှန်ဖြစ်အောင် စုံထောက်ဖို့တော့ ခင်ဗျားတာဝန်ပဲ"

ဆရာဝန်သည် ကိုထွန်းကျော်၏ အသည်းတွင်းသို့ အပေါက်ငယ်တစ်ခုဖြစ်၍ ဝင်သွားသော ဒဏ်ရာနှင့် နောက်ဖက်တွင် အပေါက်ကျယ်သော ဒဏ်ရာကို ပြလေသည်။

ဦးအုန်းမောင်မှာ မိတ်ဆွေတစ်ယောက်ကဲ့သို့ ရင်းနှီးသော အသွင်အပြင်ရှိလျက် အစိုးရအရာရှိတစ်ယောက်ပီပီလည်း ဣန္ဒြေသိက္ခာနှင့် ပြည့်စုံပြီးလျှင် တည်ငြိမ်အေးဆေးသော အမူအရာရှိပေသည်။

"ခေါင်းက ဒဏ်ရာကတော့ ကိုယ်တိုင်လုပ်လို့ ဖြစ်တာလို့ ဆိုမယ် မဟုတ်လား ဒေါက်တာ"

http://www.cherrythitsar.org



"ဖြစ်နိုင်ပါတယ်။ နို့ပေမဲ့ ကိုထွန်းကျော်ဟာ သူ့ ကိုယ်သူ သတ်သေတယ်လို့ ထင်အောင် တစ်ယောက်ယောက်က အနားကပ်ပြီး ကိုယ့်ကိုယ်ကို ပစ်နိုင်မယ့်အကွာအဝေးလောက်ကနေပြီး ပစ်မယ်ဆိုရင်လည်း ဖြစ်နိုင်လောက်တယ် ဦးအုန်းမောင်။ ဒီတော့ ခင်ဗျား သဘောအတိုင်းပဲ စဉ်းစားပြီး ယူပေတော့"

"ဒီဒဏ်ရာ နှစ်ချက်အနက် ကိုထွန်းကျော်ဟာ ဘယ်ဒဏ်ရာကို ပထမရသလဲ"

"ဒီဟာတော့ ကျုပ်မပြောနိုင်ဘူး။ အလောင်းကို ခွဲစိတ်စစ်ဆေးပြီးမှ ပြောနိုင်စရာရှိတယ်၊ ဒါတောင် ပြောချင်မှလည်း ပြောနိုင်မယ်"

"နို့ပေမဲ့ ဒီဒဏ်ရာ နှစ်ချက်အနက်တစ်ချက် တစ်ချက်က သေလောက်တဲ့ ဒဏ်ရာဖြစ်ရမယ်၊ ဒီလို မဟုတ်လား ဒေါက်တာ။ ဒီတော့ သေတဲ့ ဒဏ်ရာဟာ ဘယ်ဒဏ်ရာလဲ ဒေါက်တာ"

"နှစ်ချက်စလုံး သေလောက်တဲ့ ဒဏ်ရာချည်းပါပဲဗျာ၊ ဒီဒဏ်ရာ နှစ်ချက်အနက် ဘယ်ဒဏ်ရာပဲရရ မုချသေမှာပဲ။ နို့ပေမဲ့ ကျုပ်တစ်ခုအတိအကျပြောနိုင်တာက ကိုထွန်းကျော်ဟာ ဒီဒဏ်ရာ နှစ်ချက်စလုံးကို ရတဲ့အခါမှာ အသက်ရှင်နေရမယ်။ သို့သော် ဒဏ်ရာတစ် ချက်ရတဲ့အချိန်နဲ့ တခြားဒဏ်ရာတစ်ချက်ရတဲ့အချိန်ဟာတော့ အလွန်ဆုံး စက္ကန့်ပိုင်းလောက်ပဲ ခြားလိမ့်မယ်"

ထိုအခါ စုံထောက်ဦးအုန်းမောင်သည် ကျွန်ုပ်ဘက်သို့လှည့်၍ မည်သူ့၌ အရှိန်ပြင်းထန်သော ရိုင်ဖယ်သေနတ်များ ရှိပါသနည်းဟု မေးမြန်းရာ ကျွန်ုပ်က ကျွန်ုပ်တို့ သုံးယောက်စလုံး၌ပင် တစ်လက်စီရှိကြောင်းဖြင့် ဟုတ်မှန်သည့်အတိုင်း ဖြေဆိုလိုက်၏။ ယင်းတို့အား တစ်လက်စီ စစ်ဆေးလိုကြောင်း ပြောသဖြင့် ကျွန်ုပ်တို့အခန်းဗီရိုထဲတွင် ရှိနေသော ကိုထွန်းကျော် ရိုင်ဖယ်နှင့် ကျွန်ုပ်၏ ရိုင်ဖယ်ကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးလေသည်။ ကျွန်ုပ်တို့ သေနတ်ပြောင်းများ၌ ဖုန်များ အလိမ်းလိမ်း ကပ်လျက်ရှိသည်ကို တွေ့ရ၏။ ပြောင်းဝမှ ယမ်းငွေ့စော်လည်း မနံချေ။ ထို့နောက် ကိုမြတ်စိုးအိမ်မှ ရိုင်ဖယ်ကိုလည်း သွားရောက်စစ်ဆေးရာ ယင်းမှာလည်း လွန်ခဲ့သော ရက်ပေါင်း အတော်ကြာမှစ၍ အသုံးမပြုခဲ့ကြောင်း ထင်ရှားစွာ တွေ့ရလေသည်။

http://www.cherrythitsar.org



ကျွန်ုပ်တို့ အိမ်ကြီး၏ ရှေ့မျက်နှာစာဘက် လက်ဝဲလက် ခပ်ကျကျတွင် ချောက်ကမ်းပါးပြတ်တစ်ခုရှိ ချုံများ ဝါးရုံများနှင့် တခြားသစ်ပင်ကြီးငယ်များ ပေါက်ရောက်လျက်ရှိရာ ဦးအုန်းမောင်သည် ရိုင်ဖယ်ကျည်ဆံ လာသောဘက်ကို သိနိုင်ရန် ကျည်ဆံကို မြေကွက်လပ်နှင့်တကွ ချောက်ကမ်းပါးပြတ်သို့ဆင်း၍ ရှာစေ၏။ လူ ၁၀ ယောက်ခန့် နှစ်နာရီကျော်ကျော်မျှ ရှာဖွေသော်လည်း မတွေ့ရသဖြင့် နောက်ဆုံးတွင် လက်လျှော့လိုက်ရ၏။

"သေနတ်ကိုကော မရှာတော့ဘူးလား"

"ကျုပ်တို့က အခုမှ အကြံရပြီး ရှာရတာ၊ ပစ်တဲ့လူက နာရီပေါင်း ၂၀ လောက်အချိန်ရတဲ့အတွင်း စဉ်းစဉ်းစားစားဝှက်ပြီးရောပေါ့။ ပြီးတော့ တစ်ဖက်တစ်ချက်မှာ တောကနက်ပြီး နွံအိုင်တွေကလည်း ရှိတော့ ရိုင်ဖယ်မပြောနဲ့ စက်သေနတ်တောင်လုံအောင် ဝှက်ထားဖို့မခဲယဉ်းဘူး။ ဒါထက် ကိုထွန်းကျော်မှာ ရန်သူများရှိလား"

"မရှိပါဘူးဗျာ။ ကျုပ်သိသလောက်တော့ ..."

"မိန်းမများနဲ့ကော အရှုပ်အရှင်းရှိသလား"

"မရှိပါဘူး ဦးအုန်းမောင်၊ ရှိရင်ဘယ်နည်းနဲ့မဆို ကျုပ် သိရမယ်။ ဒါတော့ ထည့်ပြီး မစဉ်းစားနဲ့တော့"

ထို့နောက် ကိုထွန်းကျော် သေလျှင် သူ၏ အစုစပ်ရှယ်ယာကို မည်သူက ပိုင်ဆိုင်မည်နည်းဟူသော အရေးကြီးသော မေးခွန်းများသို့ ရောက်လာ၏။

"ကိုထွန်းကျော်သေသွားတော့ ခင်ဗျားတို့ ကုမ္ပဏီမှာ သူပိုင်တဲ့ အစုစပ်ရှယ်ယာ အကျိုးအမြတ်ကို ဘယ်သူခံစားရမလဲဗျ"

"ဒီလိုဗျာ၊ ကျွန်ုပ်တို့မှာ အသက်အာမခံ ကိုယ်စီရှိလေတော့ အသက်အာမခံထားတဲ့ ၁၅၀၀၀ ကျပ်ကိုတော့ သူ့အမေရဖို့ပေါ့။ ကျုပ်တို့ ကုမ္ပဏီမှာပါဝင်တဲ့ သူရဲ့ သုံးပုံတစ်ပုံအစုစပ်ကတော့ ကျုပ်နဲ့ ကိုမြတ်စိုး တစ်ဝက်စီခံစားရမယ်။ ကျုပ်တို့ကုမ္ပဏီအစုရှယ်ယာအားလုံးဟာ ကိုမြတ်စိုးနဲ့ ကျုပ်တစ်ဝက်စီ ဖြစ်သွားမှာပေါ့"

"အမှုကတော့ အတော်ရှုပ်ထွေးတဲ့ အမှုပဲဗျို့၊ သို့သော် ဘာပဲဖြစ်ဖြစ် မေးမြန်းစုံစမ်းမှုမှာ ခင်ဗျားအစစ်ခံရလိမ့်မယ်။ ဒီတော့ ရက်ချိန်း

မတိုင်ခင် နှစ်ရက်က တင်ကြိုပြီး ခင်ဗျားဆီ ကျုပ်အကြောင်း ကြားမယ်။ အလောင်းကို ခွဲစိတ်စစ်ဆေးပြီးတဲ့နောက် အရှုပ်အထွေးဟာ ရှင်းများ သွားမလားတော့ မပြောတတ်ဘူး။ ဒါထက် ကျုပ်တို့ အချင်းချင်းမို့ မေးရဦးမယ်။ ဒီကိစ္စမှာ ခင်ဗျားဘယ်လိုထင်သလဲ"

"ကျုပ်တော့ ဒေါက်တာ ထင်မြင်ချက်ကို ထောက်ခံတာပဲ၊ သေနတ်သံ ကြားရတဲ့အချိန်မှာ ကျုပ်ဟာ ဟိုကုန်းမြင့်လေးရဲ့ ဟိုဘက်မှာ ရှိတယ်၊ ဒီကနေပြီး အနည်းဆုံး ကိုက် ၃၀၀ လောက်ဝေးတယ်။ ပြီးတော့ သေနတ်သံ ကြားလိုက်တဲ့အခါတုန်းက သေနတ်သံရဲ့ နောက်မှာ ဆက်ပြီး ပဲ့တင်ထပ်သွားတယ်လို့ ကျုပ်စိတ်ထဲမှာ ထင်မိတာဟာ သေနတ်သံ နှစ်ချက်ဆက်လျက် ကြားရတာ ဖြစ်ကောင်းဖြစ်မှာပဲ။ ဒုတိယသေနတ်သံကို ကျုပ်က ပဲ့တင်သံလို့ ထင်မိတာ ဖြစ်လိမ့်မယ်ဆိုပါတော့ဗျာ၊ တစ်သံနဲ့ တစ်သံ သုံးစက္ကန့်လောက် ခြားမလားမပြောတတ်ဘူး"

"လူတစ်ယောက်သာ ဆိုပါတော့ ကိုထွန်းကျော်ကို ခြောက်လုံးပြူးနဲ့ အနားကပ်ပစ်၊ သေနတ်ကို သူ့အနားမှာ ချထားခဲ့၊ ပြီးတော့ ခပ်ဝေးဝေးရောက်အောင် ပြေးသွား၊ ရိုင်ဖယ်နဲ့ သူ့နှလုံးသားကို ဖောက်အောင် ဒီသေနတ်သံ နှစ်ချက် စပ်ကြားမှာရှိတဲ့ အချိန်ကလေးအတွင်းမှာ လုပ်နိုင်ပါ့မလား"

"ဟာဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး၊ ဒီလိုလုပ်ရင် အနည်းဆုံး ၁၅ စက္ကန့် စက္ကန့် ၂၀ ကြာရမယ်"

"ကျုပ်လည်း ဒီအတိုင်း သဘောရတာပဲ၊ ဒီတော့ ဘာမှ ယုံမှားစရာမရှိဘူး၊ ဒီသေနတ်ဒဏ်ရာ နှစ်ချက်ဟာ တစ်ယောက်တည်းက ပစ်လို့ရတဲ့ ဒဏ်ရာမဟုတ်ဘူး၊ လူတစ်ယောက်စီက ပစ်ရမယ်၊ ထို့အတူပဲ ကိုထွန်းကျော်ဟာ သူ့ခေါင်းကို သူခြောက်လုံးပြူးနဲ့ ပစ်ခွဲရင် ရိုင်ဖယ်ကျည်ဆံမထိခင်ကလေး ပစ်ခွဲတာဖြစ်ရမယ်၊ သို့သော် ခြောက်လုံးပြူး သေနတ်ပေါ်မှာ လက်ရာတွေကလည်း အများကြီးဖြစ်နေတော့ အမှန်ကို ကျုပ်တို့ ဘယ်နည်းနဲ့မှ မသိနိုင်တော့ဘူး။ ဒါကြောင့် ကျုပ်တို့ ရွေးချယ်ရမှာက ကိုထွန်းကျော်ဟာ သူ့ကိုယ်သူ ခေါင်းကို ခြောက်လုံးပြူးနဲ့ ပစ်ခွဲလိုက်တယ်။ ဒီအချိန်လောက်မှာပဲ အခြားတစ်စုံတစ်ယောက်က ရိုင်ဖယ်နဲ့ ပစ်သတ်တယ်။ ဒီလိုမှမဟုတ်ရင်လည်း တစ်မျိုးက သူ့ရဲ့ ရန်သူနှစ်ယောက်ဟာ

http://www.cherrythitsar.org



တစ်ယောက်က အနားကပ်ပြီး ခေါင်းကို ပစ်သတ်တယ်။ တခြားတစ်ယောက် ခပ်လှမ်းလှမ်းကနေပြီး ပစ်သတ်တယ်။ သူတို့ချင်း တခြားစီ လုပ်ကြတယ်၊ နို့ပေမဲ့ အချိန်ကတစ်ချိန်တည်းလိုပဲ၊ ဒီနှစ်ခု ခင်ဗျား ကြိုက်ရာ ရွေးပြီး ယူဆပေတော့"

"နှစ်ခုစလုံး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဗျာ"

"ဒါဖြင့်လည်း ဒီထက်ကောင်းတဲ့ ဒီထက်ခိုင်လုံမယ့် တခြားနည်း တွေးဦးလေ ဦးတင်မြင့်"

အမျိုးမျိုး ကျွန်ုပ်တွေးတောကြံဆ ကြည့်မိ၏။ နှစ်ပေါင်း ၃၀ လုံးလုံး ဤအရှုပ်အထွေးကိုတွေးတောစဉ်းစား၍မရပေ။

*

ကိုမြတ်စိုးမှာ ထိုနေ့၌ပင် ရောဂါတိုးလာသဖြင့် ဆရာဝန်၏ အကြံပေးချက်အရ ခွဲစိတ်ကုသရန် မြို့သို့ နွားလှည်းဖြင့် ပို့ရလေ၏။ ကိုထွန်းကျော် ကိစ္စမဖြစ်ခင်က ကျွန်ုပ်မှာ မြို့သို့လိုက်ပါရန်ဖြစ်သော်လည်း ကိုထွန်းကျော်ကိစ္စကလည်းဖြစ်ပြန် အလုပ်ရှုပ်သော အချိန်ကလည်းဖြစ်ပြန် ဖြစ်သဖြင့် ကျွန်ုပ်တစ်ယောက်တည်းသာ လုပ်ငန်းကြီးတစ်ခုလုံးကို ထိန်းသိမ်းမည့်သူရှိသဖြင့် ကိုမြတ်စိုး နောက်သို့ မလိုက်နိုင်တော့ချေ။ ကျွန်ုပ်၏ ဖျတ်လတ် သွက်လက်သော 'ဖိုမင်'ကိုသာ ဝေယျာဝစ္စများဆောင်ရွက်ရန် မသင်းလှိုင်နှင့်အတူ ထည့်လိုက်ရတော့၏။

နှစ်ရက်မြောက်သောနေ့၌ စုံထောက်ဦးအုန်းမောင်ထံမှ လူသတ်မှု စုံစမ်းစစ်ဆေးမည့် ရက်ချိန်းကို ကျွန်ုပ်ထံ အကြောင်းကြားရန် 'ခြေမြန်ရဲသား' လေးတစ်ယောက်ကို လွှတ်လိုက်ရာ၊ ယင်းကိစ္စအပြင် ကိုမြတ်စိုး၏ အကြောင်း ရေးသားထားသော စာတစ်စောင်လည်းပါလာ၏။ စာကို ဖတ်ကြည့်သောအခါ ဆရာဝန်ထံမှ စာဖြစ်၍ ကိုမြတ်စိုး၏ ရောဂါမှာ အူတွင် အတက်ပေါက်သော ရောဂါဖြစ်ကြောင်း၊ သို့ဖြစ်ရကား သင့်လျော်သော ဆေးဝါးကိုလည်း အချိန်မီ မမှီဝဲရဘဲ ဆေးထိုးနောက်ကျခြင်း၊ အကိုင်အတွယ်ကြမ်းတမ်းခြင်း၊ ခရီးပြင်းလာရခြင်းတို့ကြောင့် အူမ၌ အပေါက်များ ဖြစ်၍ ပြတ်ထွက်ကာ ဆေးရုံတွင် ခွဲစိတ်ပြီးနောက် သတိမေ့သွားရာမှ နှစ်နာရီခန့်အကြာတွင် သေဆုံးသွားပြီ ဖြစ်ကြောင်းနှင့် ပါရှိလေသည်။ ကျွန်ုပ်တို့ သဘောတူရေးသားချုပ်ဆိုခဲ့သော စာချုပ်အရဤလက်ဖက်ခြောက်ခင်း

http://www.cherrythitsar.org



ကြီးနှင့် စက်ရုံအားလုံးပါ ကျွန်ုပ်တစ်ဦးတည်း ပိုင်ဆိုင်ခဲ့လေပြီ။ ထိုခဏ၌ ကျွန်ုပ်၏ စိတ်ထဲတွင် မသင်းလှိုင်အတွက် မျှော်လင့်ချက်ရှိကြောင်း ရုတ်တရက် သတိရသဖြင့် ဝမ်းနည်းခြင်းအပြင် တစ်မျိုးဖြစ်သွားသေး၏။

မွန်းလွဲချိန်လောက်တွင် ကျွန်ုပ်လည်း တပည့်တစ်ယောက်နှင့် အတူ မြင်းတစ်စီးစီဖြင့် မြို့သို့ လိုက်သွားပြီးလျှင် ကိုမြတ်စိုး၏ အသုဘ ကိစ္စကိုလည်းကောင်း၊ ကိုထွန်းကျော်၏ ကိစ္စကိုလည်းကောင်း ကျဉ်းကျဉ်းနှင့် ပြီးစီးအောင် အမြန်ဆောင်ရွက်ရလေသည်။

ကိုထွန်းကျော် သေဆုံးသည့်အမှုတွင် ကျွန်ုပ်က သက်သေခံရ၏။ ဆရာဝန်၏ သက်သေခံချက်မှာ အရေးအကြီးဆုံးဖြစ်ရာ ကျွန်ုပ်၏ သက်သေခံချက်အပြင် အသစ်ထပ်မံ သက်သေထွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် ထောက်လှမ်းစုံစမ်း၍ မရသော လူသတ်မှုအဖြစ်ဖြင့် အမှုကို ပိတ်လိုက်ရလေသည်။

အမှုစစ်ဆေးပြီး နောက်တစ်နေ့ ညနေ၌ ကျွန်ုပ်သည် မသင်းလှိုင် သားအမိနှင့်အတူ အိမ်သို့ပြန်ရောက်၍ မနေတတ်မထိုင်တတ် ဖြစ်နေရာသော မသင်းလှိုင်အား အမျိုးမျိုး အားပေးစကားပြောလျက် ရှိလေ၏။ မသင်းလှိုင်ကမူ ဤနေရာတွင် ဆက်လက်နေထိုင်ရန် မဖြစ်တော့ဘဲ အခိုက်အတန့်အားဖြင့် စိတ်ပြေလက်ပျောက်ဖြစ်စေရန် မန္တလေးမြို့ရှိ မိတ်ဆွေများထံ သွားရောက်နေထိုင်ရန် စိတ်ကို ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်းနှင့် ကျွန်ုပ်အား ပွင့်လင်းစွာ ပြောပြလေ၏။

ကျွန်ုပ်တို့ ကုမ္ပဏီအစုစပ်စာရင်းများ အနည်းဆုံး ခန့်မှန်းချေရအောင် ရှင်းလင်းရန် ရက်သတ္တတစ်ပတ်ခန့် စောင့်ဆိုင်းနေပြီးနောက် မသင်းလှိုင်သည် ပစ္စည်းများနှင့်အတူ လှည်းဖြင့် ဟုမ္မလင်းမြို့မှတစ်ဆင့် မန္တလေးသို့ ဆင်းရန် စီစဉ်လျက်ရှိရာ ကလေးထိန်းရန် အကူအညီ မိန်းမကြီးတစ်ယောက်နှင့် လက်တို လက်တောင်းခိုင်းရန် သူငယ်တစ်ယောက်ကို ကျွန်ုပ်ကပင် ရှာဖွေပေးရ၏။

ထို့ပြင် ကိုမြတ်စိုးအသက်အာမခံထားသည့် ငွေကို ရန်ကုန်မြို့ အသက်အာမခံကုမ္ပဏီမှ ထုတ်ယူရာတွင် ကူညီရန် ကျွန်ုပ်မှာ တာဝန်ရှိသဖြင့် မသင်းလှိုင်အား မန္တလေးသို့ပို့၍ မန္တလေးမှ တစ်ဆင့် ရန်ကုန်သို့ သွားပြီးလျှင် ယင်းကိစ္စအတွက် ဆောင်ရွက်ရန် ကျွန်ုပ်ပါ မသင်းလှိုင်တို့နှင့်

http://www.cherrythitsar.org



အတူ လိုက်ပါရတော့၏။ ကျွန်ုပ်မရှိသည့်အတွင်း အလုပ်ရုံနှင့်တကွ ကုမ္ပဏီကို ကြည့်ရှုအုပ်ချုပ်ရန် ငွေကိုင်စာရေးကြီးနှင့် ဖိုမင်တို့အား ကိုယ်စားလှယ်လွှဲအပ်ထားခဲ့ရ၏။

ထို့နောက် ကျွန်ုပ်တို့လည်း မန္တလေးသို့ မသင်းလှိုင်၏ ဝန်စည်စလယ်များဖြင့် ရောက်လာကြပြီးလျှင် မသင်းလှိုင်၏ အသိမိတ်ဆွေများ အိမ်တွင် တည်းခိုလျက်ရှိလေ၏။ နှစ်ရက်မျှ ဘုရားပုထိုးများကို ဖူး၍ အမောအပန်း ပြေပြီးသော် မသင်းလှိုင်နှင့် ကျွန်ုပ်တို့သည် ရန်ကုန်သို့ ဆင်းခဲ့ကြပြီးလျှင် မသင်းလှိုင်နှင့် အဒေါ်တော်စပ်သူတစ်ယောက် အိမ်တွင် တည်းခိုပြီးနောက် ကိုမြတ်စိုး၏ အသက်ပေါင်ငွေ ကျပ် ၁၅၀၀၀ ကို 'ချိုင်းနားအန်းဒါးရိုက်တား' အသက်အာမခံ ကုမ္ပဏီမှ ထုတ်ယူကြရ၏။ သို့ထုတ်ယူရာတွင် ကိုမြတ်စိုး သေဆုံးကြောင်း ဟုမ္မလင်းမြို့ ဆရာဝန်ထံမှ ဆေးလက်မှတ်ကို ကျွန်ုပ်က အသင့်ယူဆောင်လာသဖြင့်တစ်ကြောင်း၊ ရန်ကုန်မြို့ရှိ အိန္ဒိယပြည်လစ်ဖတန်လက်ဖက်ခြောက် ကုမ္ပဏီမှ ကိုယ်စားလှယ်ကြီးက အထူးဂရုစိုက်၍ ကူညီသဖြင့်တစ်ကြောင်း ကျွန်ုပ်တို့သည် ကိုမြတ်စိုး၏ အသက်အာမခံငွေကို အလွယ်တကူ ထုတ်ယူနိုင်ခဲ့ကြလေသည်။

ယင်းငွေ ၁၅၀၀၀ိ မှာ ကုမ္ပဏီပိုင်ဖြစ်၏။ အဘယ်ကြောင့်ဆို သော် မူလအာမခံထားစဉ်က အာမခံသူသေလျှင် အကျိုးခံစားခွင့်ရသူအဖြစ် ကုမ္ပဏီသို့ ထုတ်ပေးရမည်ဟု ဆိုလေသည်။ သို့ဖြစ်၍ ယင်းငွေကို မသင်းလှိုင်က မပိုင်ဘဲ ကုမ္ပဏီကသာ ပိုင်ဆိုင်ခွင့်ရှိ၏။ ထိုအခါ ကုမ္ပဏီ၏ အစုရှယ်ယာများကို ကျွန်ုပ်နှင့်မသင်းလှိုင် တစ်ဝက်စီပိုင်ဆိုင်၍ အကျိုးအမြတ်ကို တစ်ဝက်စီ ခံစားကြရမည်ဖြစ်လေသည်။ သို့သော် မသင်းလှိုင်သည် ကုမ္ပဏီရှိရှယ်ယာ အားလုံးကို စွန့်လွှတ်မည်ဆိုသော် ယင်းငွေ ၁၅၀၀၀ိ ကို မသင်းလှိုင်အား ပေးရမည် ဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်က ကုမ္ပဏီသည် ရှေ့တွင် တိုးတက်ဖွံ့ဖြိုးနိုင်ရန် အခွင့်အရေးများရှိကြောင်း၊ လက်ဖက်ခြောက်ဈေးသည် ယခုနှစ်များစွာ မကောင်းသော်လည်း ရှေ့နှစ်တွင် အလွန်ကောင်းလိမ့်မည် ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်ကြီးထံမှ လျှို့ဝှက်စွာ သိရှိရကြောင်း၊ ငွေပင်ငွေရင်းကို ခိုင်လုံသောနေရာ တစ်ခု၌ မြှုပ်ထားပြီးလျှင် အတိုးအညွန့်ကိုသာ စားခြင်းသည် တစ်သက်လုံးအတွက် စိတ်ချရသော အလုပ်ဖြစ်ကြောင်းဖြင့် ပြောဆို

http://www.cherrythitsar.org



လေရာ မသင်းလှိုင်သည် ကျွန်ုပ်ပြောသော စကားများကို နားဝင်လျက် ငွေ ၁၅၀၀ဝိ ကို ကုမ္ပဏီသို့ ပြန်သွင်း၍ ကုမ္ပဏီ၏ အမြတ်အစွန်းငွေ ထက်ဝက်ကိုသာ နှစ်စဉ်ထုတ်ယူပါတော့မည်ဟု ဝန်ခံကတိပေးလေသည်။

အမှန်ကို ထုတ်ဖော်ဝန်ခံရမည်ဆိုသော် ဤကဲ့သို့ ကျွန်ုပ်စီစဉ်ခြင်းမှာ အလုပ်နှင့် ပတ်သက်၍ အနည်းဆုံးမသင်းလှိုင်နှင့် အဆက်မပြတ်ရှိနေအောင် စီစဉ်ခြင်းဖြစ်၏။ ကျွန်ုပ်၏ အချစ်မှာ မသင်းလှိုင်အပေါ်တွင် စွဲမြဲလျက်ပင် ရှိနေသေးသော်လည်း ကျွန်ုပ်သည် ထိုအကြောင်းနှင့်ပတ်သက်၍ မသင်းလှိုင်အား အရိပ်အမြွက်မျှ ထုတ်ဖော်ပြောဆိုခြင်းမပြုချေ။ ပြောရန် အခွင့်အရေးလည်းမရှိ၊ ပြောရန်အချိန်လည်း မဟုတ်ပါပေ။ မသင်းလှိုင်အား အလွန်ချစ်ခင်သော သူငယ်ချင်း၏ ကျန်ရစ်သော မုဆိုးမတစ်ယောက်အနေဖြင့်သာ ဆက်ဆံသည့်အနေဖြင့် ဆက်ဆံခြင်းမှာ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်လှည့်ဖြားသကဲ့သို့ ရှိနေတော့၏။ မိမိသိက္ခာကိုပင် ပြန်၍ရှက်မိ၏။

*

ခြံကြီးကို ပြန်ရောက်သောအခါ ကျွန်ုပ်လည်း မိမိစိတ်ကို တတ်နိုင်သမျှ ဖြေကာ လပေါင်းများစွာ အလုပ်လုပ်ကိုင်လျက်ရှိ၏။ တတိယနှစ်တွင် လက်ဖက်ခြောက်ဈေးများ တက်လာသဖြင့် အိန္ဒိယကုမ္ပဏီမှလည်း ငွေအမြောက်အမြားထုတ်ပေးလေရာ ကျွန်ုပ်တို့ ကုမ္ပဏီမှာ တစ်နေ့ထက်တစ်နေ့ ကြီးပွား၍ လာတော့၏။ ၁၂ နှစ်မျှ အကြာ၌ ကျွန်ုပ်တို့ ကုမ္ပဏီမှာ လီမိတက် ကုမ္ပဏီအဖြစ်သို့ရောက်လာ၍ အမြတ်ငွေများမှာလည်း ယခင်ကထက် ဆထက်တံပိုးတိုးတက်လာ၍ ကျွန်ုပ်နှင့်တကွ မသင်းလှိုင်ပါ သာမန်လူလတ်တန်းစားအနေတွင် အဆင့်အတန်းမြင့်စွာ နေနိုင်လောက်သည့်အခြေသို့ ရောက်ရှိလာခဲ့လေသည်။

ကိုမြတ်စိုးနှင့် ကိုထွန်းကျော်တို့ သေဆုံးပြီးသည့်နောက် ၅ နှစ်ခန့်အကြာ၌ ကျွန်ုပ်တို့အိမ်နှင့် နှစ်မိုင်ခန့်အကွာရှိ နွံအိုင်ကြီးတစ်ခုအတွင်းသို့ ကျွန်ုပ်တို့ လက်ဖက်ခြံကြီး နောက်ဖေးဘက် ရေများဝပ်နေသော နေရာမှ ရေများ လျောဆင်းရန် အလုပ်သမားအချို့သည် မြောင်းဖောက်လျက်ရှိစဉ် မြောင်းတူးနေသောနေရာမှ သံချေးများတက်လျက်ရှိသော ရိုင်ဖယ်သေနတ်တစ်လက်ကို ကံအားလျော်စွာ တွေ့ကြရ၏။ သေနတ်မှာ သုံး၍ မရ

http://www.cherrythitsar.org



လောက်အောင် သံချေးတက်၍ နေသော်လည်း သေနတ်ပါရဂူများအတွက် မှာမူ သေနတ်၏ အရင်းအမြစ်ကို သိကောင်းသိနိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း သေနတ်ကို ကောင်းစွာ ထုပ်ပိုး၍ ထင်းရှူးသေတ္တာငယ်တစ်ခု၌ ထည့်ပြီးလျှင် စုံထောက် ဦးအုန်းမောင်ထံသို့ အကျိုးအကြောင်း စာရေး၍ ပို့လိုက်၏။ ထိုအခါက ဦးအုန်းမောင်ထံမှ စာတစ်စောင်ရရှိလေသည်။ စာ၏အဆိုမှာ ယင်းသေနတ်မှာ ကိုထွန်းကျော်အား သေလောက်သည့် ဒဏ်ရာရစေခဲ့သည့် ရိုင်ဖယ်ဖြစ်သည်ဟု ယူဆရကြောင်း၊ သို့သော် အမှုမှာ ပိတ်ပြီးဖြစ်သည့်ပြင် သေဆုံးသူ၏ အဆက်အနွယ်များသည်လည်း တစ်စုံတစ်ရာ ပြောဆိုခြင်း၊ စိတ်ဝင်စားခြင်းမရှိတော့သဖြင့် အနာဟောင်းကို အနာသစ်ဖြစ်ရန် ပြန်၍မဆွလိုတော့ကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်လည်း စိတ်ကျေနပ်လိမ့်မည် မျှော်လင့်ကြောင်းဖြင့် ပါရှိလေသည်။ သို့ဖြစ်၍ မြောင်းဖော်သောနေရာမှ ရိုင်ဖယ်တွေ့သော ကိစ္စမှာ ဤတွင် ပြီးပြတ်သွားလေသည်။

ထိုအချိန်လောက်၌ ကျွန်ုပ်သည် ဆွေမျိုးများရှိရာ ပြည်မြို့သို့ အိမ်မှ ထွက်လာစဉ်အခါမှ စ၍ မရောက်သဖြင့် အလုပ်ကို ဒုတိယမန်နေဂျာ နှင့် လွှဲပြီးလျှင် ရန်ကုန်မြို့သို့ လိုက်ပါလာခဲ့ပြီးလျှင် ပြည်ရထားသို့ ဆက်စီးရန် အလွယ်တကူဖြစ်သော ကန်တော်ကလေး ရပ်ကွက်မန္တလေးလမ်းရှိ အသိမိတ်ဆွေ အိမ်တစ်အိမ်၌ တည်းခိုလျက် ရှိလေ၏။ မသင်းလှိုင်ထံ ကုမ္ပဏီမှ အမြတ်ငွေခွဲဝေတိုင်း ချက်လက်မှတ်များကို တင်ပို့လျက် ရှိနေသော်လည်း လူချင်းမတွေ့ရသည်မှာ ၅ နှစ်ကျော်မျှရှိပြီဖြစ်၍ ကျွန်ုပ်လည်း တည်းခိုအိမ်မှနေ၍ မသင်းလှိုင်ထံ ခေတ္တလူချင်းတွေ့လိုကြောင်း မောင်ခင်စိုးကိုပါ ကြည့်ရှုလိုကြောင်း စာတစ်စောင်ရေးလိုက်ရာ ချက်ချင်းပင် မသင်းလှိုင်ထံမှ အောက်ပါအတိုင်း ပြန်စာရရှိလေ၏။

ကိုတင်မြင့် . . .

ပေးလိုက်သော စာရ၍ အကျိုးအကြောင်းသိရပါသည်။ ကျွန်မအပေါ်တွင် အစစအရာရာစောင့်ရှောက်သည့်အတွက် ကျေးဇူးတင်ပါသည်။ သို့သော် လူချင်းမတွေ့ချင်ပါဟုဆိုလျှင်ကျေးဇူးကန်းသည်ဟု မအောက်မေ့ပါနှင့်၊ မောင်ခင်စိုးတော့ အသက် ၆ နှစ်ရှိပြီ။ စိန်ပေါ ကျောင်းမှာ ထားပါသည်။ သူ့ကိုတော့ ဘုရားကြီးတို့ တိရစ္ဆာန်ရုံတို့

http://www.cherrythitsar.org



ခေါ်သွားနိုင်ပါသည်။ သူ့ကို ပြန်ခေါ်ဖို့ ညနေ ၅နာရီတွင် ကိုတင်မြင့် တည်းခိုသော အိမ်သို့ လူတစ်ယောက်လွှတ်လိုက်ပါမည်။

ကျွန်မ
သင်းလှိုင်

ထိုအခါက ကျွန်ုပ်သည် မောင်ခင်စိုးအား တွေ့သည်ဆိုရုံမျှ တွေ့ခဲ့၍ အကြောင်းတစ်ခုတင်ပြကာ မလည်ပတ်တော့ဘဲ မုန့်ဖိုးငွေ ကျပ် ၁၀၀ ပေးခဲ့ပြီးလျှင် ပြန်လွှတ်လိုက်တော့၏။ ဤလောကကြီးတွင် ကျွန်ုပ် ချစ်ခင်ဖူးသော မိန်းမတစ်ယောက်သည် အခြားယောက်ျားတစ်ယောက်ကို ချစ်ဖူးကြောင်း သက်သေခံပစ္စည်းသည်ကား မောင်ခင်စိုးပင် ဖြစ်တော့၏။ ဤကဲ့သို့ တွေးမိခြင်းသည်ပင် လွန်လှပေပြီ။ သို့သော် အမှန်ပင်ဖြစ်တော့၏။ ရန်ကုန်တွင် ၁၀ ရက်ခန့်မျှ သွားလာလည်ပတ်နေထိုင်သော်လည်း မသင်းလှိုင် နှင့်မတွေ့ချေ။

ပြည်မြို့တွင် တစ်လနီးပါးမျှနေ၍ အပြန်ခရီး၌ သင်္ဘောဖြင့် မန္တလေးသို့ ဆန်တက်ခဲ့၏။ လက်ဖက်ခြံကြီးရှိရာ နေအိမ်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်မှာ ဘဝသစ်ပြောင်းသွားသကဲ့သို့ ယခင်က အဖြစ်အပျက်များကို တစိမ့်စိမ့်တွေး၍ စဉ်းစားရင်းပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော နှစ်များကို တစ်နှစ် ပြီးလျှင် တစ်နှစ်ကုန်လွန်စေခဲ့၏။

ကျွန်ုပ်တို့ ကုမ္ပဏီသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လီမိတက်အဖြစ်သို့ ရောက်၍ အဆမတန် တိုးတက်ကြီးပွားသည့်အခါ၌ ကျွန်ုပ်မှာ ဘဏ်တွင် ငွေကြေးအတော်များများ စုဆောင်းမိပြီဖြစ်၍ မည်သည့် အလုပ်အကိုင်ကိုမျှ မလုပ်ဘဲ တစ်သက်တွင် အေးချမ်းစွာ နေထိုင်သွားနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့၏။ ထိုအခါ ကျွန်ုပ်လည်း အရွယ်အတော် ထောက်လာပြီဖြစ်သဖြင့် လူများသည် အသက်မသေမီ မည်မျှပင် ကြိုးစား၍ အဆင်းရဲ အပင်ပန်းခံကာ စီးပွားရှာသော်လည်း စီးပွားဥစ္စာများသည် မိမိနောက်သို့ မပါဘဲ အခြားသူများလက် ကျန်ရစ်ခဲ့သည်ကို နက်နဲစွာ တွေးတောမိ၏။ ကျွန်ုပ်၏ ပါတနာများဖြစ်သော ကိုမြတ်စိုးနှင့် ကိုထွန်းကျော်တို့ သေဆုံးခြင်းသည် ကျွန်ုပ်အား တရားသံဝေဂရစေရန် သတိပေးသကဲ့သို့ ရှိလေ၏။ သို့နှင့် ၄ လမျှယူ၍ မန္တလေးသို့ ဆင်းခဲ့ပြီးလျှင် ဒုလ္လဘ

http://www.cherrythitsar.org



ရဟန်းခံခြင်း၊ တရားအားထုတ်ခြင်း၊ အလှူဒါနပြုခြင်းများကို ပြုလုပ်လေသည်။

အလုပ်သို့ ပြန်ဝင်ပြီးနောက် မကြာမီပင် ကျွန်ုပ်လည်း အလုပ်တွင် စိတ်မဝင်စားတော့ဘဲ အလုပ်မှ တစ်ခါတည်း ထွက်လိုက်တော့၏။

ထိုနောက် ကျွန်ုပ်သည် ရန်ကုန်သို့ဆင်းခဲ့ပြီးလျှင် မိတ်ဆွေတစ်ယောက်အိမ်တွင် သုံးလခန့် တည်းခိုနေထိုင်ပြီးနောက် အင်းလျားလမ်းတွင် မြေယာတစ်ခုဝယ်ပြီးလျှင် တစ်ထပ်အိမ်ကလေးတစ်လုံးတည်ဆောက်၍ ယခုထိ နေထိုင်ခဲ့လေသည်။

လွန်ခဲ့သော လအနည်းငယ်ခန့်ကပင် ကျွန်ုပ်သည် စာအုပ်ဟောင်းများကို ရှင်လင်းရင်း ဦးထွန်းငြိမ်း အဘိဓာန်စာအုပ်ကြားတွင် ရေပါးစက္ကူအိတ်ကလေးဖြင့် တရိုတသေညှပ်၍ ထားသော စကားဝါပွင့်အခြောက်ကလေးတစ်ခုကို တွေ့ရသဖြင့် မသင်းလှိုင်ကိုပြေး၍ သတိရမိ၏။ သူ၏လှပချောမောသော မျက်နှာကလေး ကွက်ခနဲ သွား၍ မြင်မိ၏။ ထိုပန်းခြောက်ကလေးမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ကျွန်ုပ်နှင့် ကိုထွန်းကျော်တို့အား ညစာခေါ်၍ ကျွေးသော ညတွင် မသင်းလှိုင် ပန်ဆင်ထားရာမှ ကျသွားသဖြင့် ကျွန်ုပ်က အမှတ်မဲ့ ကောက်ယူခဲ့ပြီးလျှင် 'ကျွန်ုပ်ချစ်သူ၏ ပစ္စည်းကလေး' ဟု အမှတ်တရ ထားခဲ့သော ပန်းခြောက်ကလေးဖြစ်လေသည်။

ကျွန်ုပ်၏ အကျိုးပေးကား ဤမျှနှင့် ရောင့်ရဲတင်းတိမ်ရပေတော့မည်။ ဤမျှလောက် ရူးခဲ့မိသည်ကို ကျွန်ုပ်သည်တွေး၍ ရယ်မိ၏။ စကားဝါ ပန်းအခြောက်ကလေးကား နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်၍ အသွေးအရောင် မရှိ၊ အဆင်းအနံ့လည်း မရှိတော့ပြီ၊ သို့သော် မသင်းလှိုင် အပေါ်တွင် ကျွန်ုပ်ထားရှိအပ်သော မေတ္တာသည်ကား အနံ့အရသာနှင့် ပြည့်စုံလျက် ပွင့်လန်း ဝေဆာစွာပင် ရှိနေပေသေး၏။

ကျွန်ုပ်အသက်၏ ထက်ဝက်မျှသော အချိန်မှာ မသင်းလှိုင်အပေါ်တွင် တစ်ဖက်သတ် စွဲလမ်းချစ်ခင်ခဲ့ရသော ကာလအပိုင်းအခြားဖြင့် ပြုန်းတီးသွားခဲ့လေပြီ။

ဤကား ကျွန်ုပ်နှင့် မသင်းလှိုင်တို့ အကြောင်းပင် ဖြစ်တော့၏။

*

http://www.cherrythitsar.org



မန်းရာပြည့် ပွဲတော်ပြီးချိန် နီးကပ်လာပြီဖြစ်၍ ဟိုတယ်မှ ဧည့်သည်များသည် တဖြည်းဖြည်းပြန်စပြုလာ၏။ ကျွန်ုပ်နှင့် မသင်းလှိုင်တို့မှာ ဟိုတယ်တစ်ခုထဲတွင် တည်းခိုနေသော်လည်း တစ်ယောက်နှင့်တစ်ယောက် စောင်းပါးရိပ်ခြည်မျှသာ မြင်ရ၍ အေးဆေးစွာ စကားပြောဆိုခွင့်ကား မရခဲ့ချေ။ ဧည့်ခန်း၌ တစ်ခါတစ်ရံ တွေ့ဆုံသော်လည်း မသင်းလှိုင်သည် ကျွန်ုပ်ကို မြင်လျှင် အကြောင်းတစ်ခုကြောင့် ထွက်သွားတတ်သဖြင့် မသင်းလှိုင်သည် ကျွန်ုပ်အား တွေ့ဆုံစကားမပြောလိုသဖြင့်သာ ရှောင်သွားသည်ဟု ကျွန်ုပ်တွေးမိ၏။ ကျွန်ုပ် မပြန်မီတစ်ညနေ၌မူ ဧည့်ခန်းတွင် အခန့်သင့်တွေ့ဆုံရသဖြင့် ကျွန်ုပ်လည်း မနီးမဝေးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

"ဩော် ... နက်ဖြန် ပြန်ကြတော့မယ်ဆို၊ မောင်ခင်စိုးနဲ့ တွေ့လို့ ပြောတယ်"

"ဟုတ်တယ် ကိုတင်မြင့်၊ ဒီလောက် လည်ရပတ်ရရင် တော်လောက်ပါပြီ။ ဟောဒီသားအတွက်ကြောင့် လာရတာ၊ ကျွန်မအလိုဆိုရင် ရောက်ဖြစ်မှာတောင် မဟုတ်ပါဘူးရှင်"

"ဒီလိုပေါ့လေ၊ ကြုံတောင့်ကြုံခဲပွဲတော်ဆိုတော့ လာမှပေါ့"

"ဟုတ်ကဲ့ ပြီးတော့ လဆန်းရက်မှာဆိုရင် ငွေတိုးကလေး ဘာကလေး တောင်းဖို့ရှိသေးတယ်။ မောင်ခင်စိုးကတော့ ပြန်တောင် မပြန်ချင်သေးဘူး။ ရှင်ကော ဘယ်တော့ ပြန်မလဲ"

"ကျွန်တော်လည်း နက်ဖြန်ညနေပဲ ပြန်မယ်။ ဩော် ... ဒါနဲ့ တွေ့တဲ့အခိုက် ဟိုတုန်းက ကိုမြတ်စိုးဆုံးခဲ့တဲ့ ကိစ္စနဲ့ဆက်ပြီးပြောရဦးမယ် မသင်းလှိုင်ရေ့။ ကိုထွန်းကျော် သေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ငါ့အပေါ် လူတွေဟာ သံသယများဖြစ်လေမလားလို့ အောက်မေ့ဖူးတယ်၊ နို့ပေမဲ့ ငါ့ဟာငါ အလိုလို လိပ်ပြာလန့်တာနဲ့ တူပါရဲ့လို့ အောက်မေ့မိတယ်၊ ဒီဟာနဲ့ ဆက်ပြီးပြောရဦးမယ်၊ ကိုမြတ်စိုးသေတာတောင် ငါ့အပေါ် သံသယမှ ကင်းကြပါ့မလားလို့တောင် တစ်ခါက တွေးမိဖူးတယ် မသင်းလှိုင်"

တည်ကြည်ခက်ထန်သော အသံဖြင့် –

"မဟုတ်တာ ကိုတင်မြင့်ရယ်၊ ဘယ်သူက ဒီလိုဟာမျိုး ထင်ရမှာလဲရှင့်"

http://www.cherrythitsar.org



"ဘယ်သူကမှတော့ ထင်မယ်မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအခါ တုန်းက ကျုပ်စိတ်တွေဟာ ဝေနေပြီး ကိုယ့်စိတ်ကို မလုံဘဲ ကျုပ်ကိုယ် ကျုပ်အပြစ် ရှိနေသလိုတောင် ထင်နေမိတယ်"

ငြိမ်းသက်စွာဖြင့် – "ဘာကြောင့် ရှင့်ကိုယ်ရှင် အပြစ်ရှိတယ်လို့ ထင်နေရတာလဲ"

"ကိုမြတ်စိုးဟာ ကျုပ်နဲ့ အချစ်ဆုံးသူငယ်ချင်း၊ သူ့မိန်းမကိုလည်း ကျုပ်က ကျိတ်ပြီး မေတ္တာရှိနေမိတယ်။ ဒီဟာလောက်ဆိုရင် အကြောင်းလုံ လောက်ပါပြီ"

မသင်းလှိုင်သည် တွေဝေစဉ်းစားကာ ငြိမ်သက်လျက်ရှိလေ၏။ သို့နှင့် ကျွန်ုပ်ကဆက်လက်၍ –

"ဘယ့်နှယ်လဲ ကျုပ်အခုပြောတာလောက်နဲ့ပဲ အကြောင်းလုံ လောက်ပြီ မဟုတ်လား။ ပြီးတော့လည်း မသင်းလှိုင်၊ ကျုပ်တစ်ခုပြောဦး မယ်။ ခင်ဗျားတို့ ကျုပ်တို့နေခဲ့ကြတဲ့နေရာဟာ လူသူမနီးတဲ့ တောကြီးထဲမှာ မဟုတ်လား။ အနီးဆုံးရွာဟာ ၁၁ မိုင် ဝေးတယ်၊ မြို့နဲ့ဆိုရင် မိုင် ၃၀ လောက်ဝေးတယ်။ မိန်းမချောချောဆိုလို့ အိပ်မက်ထဲမှာလောက်ပဲ မြင်ဖူး တယ်၊ အဲဒီလိုနေရာမျိုးမှာ နေရတဲ့လူဟာ စိတ်ကူးအမျိုးမျိုးယဉ်မိတာပဲ မသင်းလှိုင်ရဲ့။ ဒီတော့ ခင်ဗျာ့ကို ကျုပ်စိတ်ထဲက ကျိတ်ပြီး မေတ္တာရှိနေခဲ့ တာဟာ ခင်ဗျာ့ယောကျ်ားသေရင် ကောင်းလေရဲ့လို့ ကျုပ်စိတ်ကောင်းက မကြံပေမဲ့ ခင်ဗျားတို့ ကျုပ်တို့ မသိ မမြင်နိုင်တဲ့ မူလစိတ်ရဲ့ အောက်ထပ် လွှာဖြစ်တဲ့ စိတ်ယုတ်မာက ကြံမိသလား မပြောတတ်ဖူး၊ ဒီလို ဖွင့်ပြော တာကို ခွင့်လွှတ်ပါနော် မသင်းလှိုင်၊ ခင်ဗျား မျက်နှာကို မြင်တဲ့နေ့ကစပြီး ခင်ဗျာ့အပေါ်မှာ ကျုပ်မေတ္တာရှိနေတယ်ဆိုတာ သိတယ် မဟုတ်လား"

"သိပါတယ် ကိုတင်မြင့်ရယ် ... ကျွန်မသိပါတယ်။ ဒါကြောင့် လည်း ရှင့်ကို ကျွန်မ မတွေ့ချင်ဘူးလို့ ပြောတာ မဟုတ်လား။ ကျွန်မဟာ ကိုမြတ်စိုးကို သစ္စာဖောက်ရမယ့် ကိစ္စဆိုလို့ ဘာတစ်ခုမှ မလုပ်ချင်ဘူး။ ကိုထွန်းကျော် သေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရှင့်အပေါ်မှာ လူတွေက သံ သယရှိမလားလို့ ထင်ရင် မှားမှာပေါ့"

"ဒီဟာတော့ မသိဘူး မသင်းလှိုင်၊ ဒါပေမဲ့ ကျုပ်တို့ကုမ္ပဏီမှာ အုပ်ချုပ်တဲ့လူတွေ၊ အလုပ်သမားတွေရဲ့ မျက်နှာကြည့်လိုက်တိုင်း ကိုထွန်း

http://www.cherrythitsar.org



ကျော် သေတာကို ကျုပ်ပယောဂပါတယ် ထင်ကြလေမလားလို့ ကျုပ်စိတ်ကို ကျုပ် မလုံအောင် ဖြစ်မိတယ်။ သူသေတဲ့အတွက် ကျုပ်မှာလည်း အကျိုးခံစားရတာကို မသင်းလှိုင်ရဲ့"

ကျွန်ုပ်က မသင်းလှိုင်မျက်နှာကို တည့်တည့်ကြည့်၍ ပြောလိုက်ရာ မသင်းလှိုင်သည် မျက်လုံးများ ပြူးသွားလျက် သူ၏မျက်နှာမှာ ထိတ်လန့်ခြင်း၊ အံ့ဩခြင်း၊ သနားခြင်းစသော အမူအရာများပေါင်းစပ်ကာ ကျွန်ုပ်အား စိန်းစိန်းကြည့်ရှုလျက် ရှိလေ၏။

သူ့အင်္ကျီလက်ဖျားများမှာ တစ်ခါတစ်ရံ ကျွန်ုပ်ပခုံးစွန်းနှင့်ပင် ထိလု မတတ်ရှိ၏။

"ကျွန်မမသိလို့ပါရှင် ဝမ်းနည်းပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ကိုတင်မြင့် စိတ်ဒုက္ခရောက်ရတယ်ဆိုတာ သိရင် ကျွန်မ ချက်ချင်းလိုက်လာပြီး ဖြစ်တဲ့အတိုင်း အမှန်ကို ပြောပြပါရဲ့ ... တကယ်ပါပဲ၊ နောက်မှ ဘာပဲဖြစ်ဖြစ်"

"ဖြစ်တဲ့အတိုင်းအမှန်ဆိုတာက ကိုထွန်းကျော်သေတဲ့အကြောင်း ပြောတာလား"

မသင်းလှိုင်သည် ဦးခေါင်းကို ဖြည်းညှင်းစွာ ညိတ်လိုက်၏။

စိတ်အားထက်သန်စွာဖြင့် – "ဒါဖြင့် ဘယ်လိုဖြစ်တယ်ဆိုတာ မသင်းလှိုင်သိတာပေါ့"

မသင်းလှိုင်သည် ခေါင်းကို ညိတ်လိုက်ပြန်သည်။

"ဘယ်လိုလဲ မသင်းလှိုင်"

"ကိုမြတ်စိုးဟာ သူသေမယ့်ညမှာ ကျွန်မကို အားလုံးဖွင့်ပြောသွားတယ် ကိုတင်မြင့်ရဲ့"

"ကယောင်ကတမ်းများ ပြောခဲ့တာလား မသင်းလှိုင်ရယ်"

"ဘယ်ကလာပြီး ကယောင်ကတမ်းရမှာလဲ၊ ကောင်းကောင်းကြီး သတိရပါတယ်။ သူသေရမယ်ဆိုတာ သိတယ် ကိုတင်မြင့်ရဲ့။ ဒီတော့ သူလိမ်ပြောမယ် မဟုတ်ပါဘူး"

"ပြောဦး မသင်းလှိုင်"

"အဲဒီနေ့ညနေက သူ့ရောဂါသက်သာနေတာ ထပြီးလမ်းတွေ ဘာတွေလျှောက်၊ ဝရန်တာက ကြိမ်ကုလားထိုင်ပေါ်သွားထိုင်တာနဲ့ ကျွန်မ

http://www.cherrythitsar.org



လည်း သူ ဒီညနေ နည်းနည်းသက်သာသလေဆိုပြီး နောက်ဖက်က လမ်းကလေးမှာ လျှောက်သွားမိတယ်။ ဒီနေရာက ကျွန်မကြိုက်တတ်တဲ့ တောပန်းကလေးတွေ အင်မတန်ပေါတယ်။ ဒါနဲ့ ပန်းတွေကို ရှူးမယ်လုပ်နေတုန်း နောက်က ခြေသံလိုလို ကြားလို့ လှည့်ကြည့်လိုက်တော့ လား ... လား ... နောက်က သူရောက်လာပြီး ကျွန်မကို အတင်းဆွဲလားငင်လားလုပ်ပါလေရောရှင်၊ အကျယ်ချဲ့ မပြောပါရစေနဲ့။ ဒီလောက်ပြောရင် နားလည်ပါတော့ရှင်။ ဒါနဲ့ ကျွန်မလည်း စိတ်ထွက်ထွက်နဲ့ သူ့ပါးကို လက်ဝါးနဲ့ ဖြန်းခနဲ တစ်ချက် ရိုက်လိုက်မိတယ်။ ဒါနဲ့သူလည်း သုတ်သုတ် သုတ်သုတ်နဲ့ ပြန်သွားပြီး ကျွန်မစိတ်ထင် မိနစ် ၃၀ လောက်ကြာမလား မပြောတတ်ဘူး၊ သေနတ်သံတွေ ကျွန်မကြားရတာပါပဲ။ ကျွန်မက နှုတ်ငြိမ်ပြီးသည်းခံနေလို့ပေါ့ရှင်၊ နို့မဟုတ်ရင် သူ့ကိုယ်သူတောင် သတ်သေရမှာ မဟုတ်ဘူး၊ နို့ပေမဲ့ ကျွန်မတို့ မသိတာတစ်ခုက”

ကျွန်ုပ်က ကြားဖြတ်လျက် –

“မသင်းလှိုင်ပြောတာက ကိုထွန်းကျော်ဟာ သူ့ကိုယ်သူပစ်သတ်တယ်လို့ ပြောတာလား။ ဒါဖြင့် သူ့နှလုံးသားကို တည့်တည့် ဖောက်ထွက်သွားတဲ့ ကျည်ဆံကကောဗျာ၊ သူပစ်တဲ့ ကျည်ဆံ မဟုတ်နိုင်ဘူး”

“ဟုတ်ပါတယ်။ နားထောင်ပါဦး၊ ကျွန်မပြောမယ်ပေါ့။ ဒီလိုရှင့်၊ ကိုမြတ်စိုးမှာ သစ်တောဝန်ထောက်တစ်ယောက်က ခဏအပ်ထားတဲ့ ရိုင်ဖယ်တစ်လက်ရှိတယ်။ ရှင်သိလားတော့ မပြောတတ်ဘူး၊ ကိုမြတ်စိုးဟာ အဲဒီအချိန်တုန်းက ဝရန်တာ တစ်ကြိမ်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ရှင်တို့နေတဲ့ အိမ်ခြံ အနောက်ဘက်ထောင့် တောစပ်က တစ်ခါတလေ တောဝက်လာပြီး သစ်ပင်တွေ ဖျက်တတ်တယ်မဟုတ်လား။ အဲဒီတောဝက်များထွက်လာလိုလားငြားဆိုပြီး အဲဒီသေနတ်နဲ့ စောင့်နေတာကို ကိုတင်မြင့်ရဲ့၊ ကိုမြတ်စိုးဟာ နည်းနည်းကလေး ရောဂါသက်သာရင် လှုပ်လှုပ်ရှားရှားလုပ်ချင်တော့တာပါပဲ”

“ဟုတ်ပါတယ် မသင်းလှိုင်”

“အဲဒီလို ဝက်ကို ပစ်မယ်ချောင်းနေတုန်း ကိုထွန်းကျော်ဟာ တောင်ပူစာဘက်က ခပ်သုတ်သုတ်ပြန်လာပြီး အိမ်ထဲဝင်သွားတာ မြင်လိုက်ရသတဲ့ရှင့်။ ဒီနောက် အိမ်ထဲက ချက်ချင်းလိုလိုပဲ ပြန်ထွက်လာပြီး

http://www.cherrythitsar.org



သူ့လက်မှာ ပါလာတဲ့ ခြောက်လုံးပြူးသေနတ်နဲ့ သူ့ကိုယ်သူ ပစ်မလို ဟန်လုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုမြတ်စိုးက အင်မတန် စိတ်လည်း မြန်တယ်။ လက်ကလည်း အင်မတန်ဖြောင့်တဲ့ လူဆိုတော့ သူ့နှလုံးသား ဆီ တည့်တည့်ချိန်ပြီး တစ်ခါတည်း ပစ်ချလိုက်တယ်ဆိုပဲရှင့်။ နို့ပေမဲ့ သူ့ရိုင်ဖယ်က နှစ်စက္ကန့်လောက်နောက်ကျသွားတယ်။ ကိုထွန်းကျော်ဟာ ခြောက်လုံးပြူးနဲ့ သူ့ခေါင်းသူပစ်လိုက်ပြီးပဲ"

"နေပါဦး ... မသင်းလှိုင်၊ ကိုမြတ်စိုးက ဘာကြောင့် ပစ်ရတာလဲ၊ ဘာအကျိုးရှိသလဲ"

"ရှင်ရော ကျွန်မရော မတောင့်မတ မကြောင့်မကြနဲ့ ချမ်းသာနေ တာ ဒီဟာလည်း ပါတာပေါ့၊ ကိုတင်မြင့်ရဲ့။ ကိုမြတ်စိုးဟာ ဒီလိုလုပ်လိုက် ရတဲ့အတွက် စိတ်ထိခိုက်မောလာပြီး ရောဂါပြန်ထလာတယ်။ ဒီနောက် ကျွန်မကို ခေါ်ပြီး ဟောဒီသေနတ်ကို လူမတွေ့နိုင်တဲ့ နေရာသွားပြီး လွှင့်ပစ် လိုက်လို့ သူကပြောတဲ့အခါ ကျွန်မလည်း ရွှံ့အိုင်ကြီးနားက ချုံစပ်မှာ ကျင်းတူးပြီး မြှုပ်လိုက်တယ်"

"ဩော်"

"ကိုမြတ်စိုးဟာ သူသေမယ့် ညမှာ နောက်ဆုံးပြောသွားတာက ကိုထွန်းကျော်ကို သူဒီလို ပစ်လိုက်တာဟာ မုန်းလို့ မဟုတ်ဘူးတဲ့၊ သူ့ ကိုယ်သူ သတ်မယ်ဆိုတာ ဒိဋ္ဌသိလို့ သူများလက်ချက်နဲ့ သေတာဖြစ် အောင် လုပ်လိုက်ရတာပဲတဲ့"

"အဲဒါ နားမရှင်းသေးဘူး မသင်းလှိုင်"

ထိုအခါ မသင်းလှိုင်သည် အနီးအနား၌ လူများရှိလျှင် ကြားသွား မည် စိုးသည့်ဟန်ဖြင့် ကျွန်ုပ်၏ လက်ဝဲဘက်ပခုံးကိုပင် ခပ်ညှစ်ညှစ်ဆုပ် ကိုင်ကာ –

"ဒီလိုလေ ... ကိုမြတ်စိုးကသာ ဒီလိုမပစ်လိုက်ရင် ကိုထွန်းကျော် သူ့ကိုယ်သူသတ်သေတယ်ဆိုတာ ရှင်းနေတယ် မဟုတ်လား။ ဒီလိုဆိုရင် ဘာ ဖြစ်မလဲ သိလား၊ အသက်အာမခံကုမ္ပဏီက ငွေလျော်မှာ မဟုတ်ဘူး။ တစ်နှစ်အတွင်း ကိုယ့်ကိုယ်ကို သတ်သေရင် လျော်ကြေးမပေးဘူး ကိုတင် မြင့်၊ ဒီလိုလျော်ကြေးမရတော့ ကိုထွန်းကျော်ရဲ့ အမေကြီးက သူ့သားရဲ့အစု ကိုရောင်းဖို့ ကျွန်မတို့ကို အတင်းပူဆာမယ် မဟုတ်လား။ ကျွန်မတို့က

http://www.cherrythitsar.org



လည်း ငွေမပေးနိုင်ဘူး။ ဒီအခြေအနေကို သိလို့ ကိုမြတ်စိုးဟာ စက္ကန့်ပိုင်းအတွင်းမှာ ဒီအချက် သတိရပြီး ဒီအကောင်သေမယ့် အတူတူ မထူးဘူး သူများသတ်လို့ သေတာဖြစ်အောင်ဆိုပြီး ပစ်ချလိုက်တာပဲ"

ကျွန်ုပ်၏ ပခုံးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ကာ မသင်းလှိုင်က ကျွန်ုပ်နားနားသို့ ကပ်၍ ပြောလိုက်သည်တွင် မသင်းလှိုင်၏ နူးညံ့သောလက် အတွေ့အထိများသည်လည်းကောင်း၊ အင်္ကျီလက်ဖျားမှ ရေမွှေးနံ့ကလေးသည် လည်းကောင်း၊ ကျွန်ုပ်၏ စိတ်အာရုံကို ဆောင့်၍ ဆွဲလိုက်ဘိသကဲ့သို့ မိုက်ခနဲ ဖြစ်၍သွား၏။ ထို့နောက်မှ အတော်ပင် ကြိုးစား၍ ဣန္ဒြေဆည်လိုက်ရသည်။

"နားလည်ပါပြီဗျ၊ အခုမှပဲ စိတ်ထဲမှာရှင်းတော့တယ်"

"ကိုမြတ်စိုးကို ဘယ်တော့မှ ကျွန်မမမေ့နိုင်ဘူး ကိုတင်မြင့်"

"ဒီဟာတွေ တွေးနေလို့လဲ ဘယ်ပြီးမလဲလေ၊ သြော် ... ဒါထက် အရင်ကလက်စကို ကျုပ်ပြန်မစရဘူးလား မသင်းလှိုင်"

မျက်နှာတစ်မျိုး ပြောင်းသွားလျက် –

"သြော် ... ဒီဟာလား၊ အရှုယ်လွန်ကုန်ကြပါပြီ ကိုတင်မြင့်ရယ်၊ အနာဟောင်းတွေကို ပြန်ပြီး အနာ သစ်ဖြစ်အောင် မလုပ်ချင်ပါနဲ့တော့၊ တရားနဲ့ဖြေကြပါစို့ရဲ့၊ ပြီးတော့ ကျွန်မ သေတဲ့ချိန်အထိ ကိုမြတ်စိုးရဲ့အချစ်ကို သစ္စာမဖောက်တော့ဘူးလို့ သန္နိဋ္ဌာန် ချလိုက်ပြီး ဟော ... မောင်ခင်စိုးတောင် ရပ်ရှင်က ပြန်လာပြီ"

မသင်းလှိုင်သည် သူ၏လက်ယာဘက်လက်တွင် ပတ်ထားသော ကရမက် စိပ်ပုတီးကလေးကို ဖြုတ်ကာ ကျွန်ုပ်မြင်အောင် စိပ်၍နေ၏။

မောင်ခင်စိုးသည် ရုပ်ရှင်မှ ပြန်လာပြီးနောက် ဧည့်ခန်းသို့ ဝင်လာပြီးလျှင် ကျွန်ုပ်တို့အား နှုတ်ဆက်လေ၏။ ထို့နောက် မသင်းလှိုင်သည် နေရာမှ ထလျက် ကျွန်ုပ်အား နောက်ဆုံးပြုံး၍ နှုတ်ဆက်ကာ သားအမိနှစ်ယောက် သူတို့အခန်းရှိရာသို့ ထွက်သွားကြလေသည်။

**မြဝတီမဂ္ဂဇင်း**

**၁၉၆၀ ခုနှစ်၊ ဩဂုတ်လ။**

http://www.cherrythitsar.org

# မြွေမသေ တုတ်မကျိုး

စစ်ကြီးမဖြစ်မီ ၄ နှစ်ခန့်က ပူအိုက်သော ကဆုန်လ၏ တစ်နေ့သော ညဦးအချိန်တွင် ယောကျ်ားတစ်ယောက်သည် မိန်းမနှစ်ယောက်နှင့် ယှဉ်တွဲကာ 'မင်တိုမစ်ရှင်' ဟိုတယ် ဆင်ဝင်အောက်မှ ဧည့်ခန်းသို့ ဝင်လာလေသည်။ ယောကျ်ားမှာ အသက် ၄၀ ၏ ပတ်ဝန်းကျင်၌ ရှိ၍ ခံ့ညားသော ဣန္ဒြေနှင့် ပြည့်စုံပြီးလျှင် ပန်းနုရောင် ခေါင်းပေါင်းနှင့် တောင်ရှည်ပုဆိုး၊ ပိုးသားနက်အင်္ကျီ၊ ပိုးသားရှပ်ဖြူအင်္ကျီ၊ ရှူးဖိနပ်အနက်တို့ဖြင့် သိုက်မြိုက်စွာ ဝတ်ဆင်ထား၏။ သူ၏ လက်ဝဲဘက်မှ မိန်းမမှာ အသက် ၃၀ ခန့်ရှိ၍ သေးသေးသွယ်သွယ်နှင့် မိန်းမချောတစ်ယောက် ဖြစ်လေသည်။ လက်ျာဘက်မှ လိုက်ပါလာသော မိန်းမမှာ ပထမမိန်းမထက် ၅ နှစ်ခန့်မျှ ငယ်ပုံရပြီးလျှင် ကျယ်ဝန်းသော မျက်လုံး၊ ခပ်ချွန်းချွန်းရှိနေသော မေးစေ့၊ နက်မှောင်သော ဆံပင်ရှိလျက် အထူးသဖြင့် ပြုံးရီရီ ရှိနေသော မျက်လုံးများမှာ ယောကျ်ားများ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်သည့် သတ္တိထူးရှိသော မျက်လုံးမျိုးဖြစ်လေသည်။ ကိုယ်လုံးကိုယ်ဖန် တောင့်တင်းလျက် 'ကြာမှူ' ပါသော ရုပ်မျိုးဖြစ်ရာ၊ လှပချောမောခြင်းထက် အမူပါခြင်းနှင့် ဆွဲဆောင်ခြင်းတို့က ပို၍နေလေသည်။ ပါးလွှာသော အင်္ကျီ၊ နုဖတ်ပျော့ပျောင်းသော လုံချည်ကို ဝတ်လျက် ယောကျ်ား၏ လက်ျာဘက် နောက်နားဆီမှ ခပ်ရို့ရို့လိုက်ပါ

http://www.cherrythitsar.org



လာလေရာ ဧည့်ခန်းအတွင်းရှိ နိုင်ငံခြားသားများမှာ ပထမမိန်းမထက် ဒုတိယမိန်းမကို ပို၍ အသိအမှတ်ပြုသူက များလေသည်။

သုံးဦးသားတို့သည် ကျောက်စားပွဲ ဝိုင်းကလေးကို ဝိုင်း၍ထိုင် ကာ ရေခဲစိမ်၍ထားသော လိမ္မော်ရည်တစ်ခွက်စီကို ခပ်ဖြည်းဖြည်း သောက်ပြီးနောက် မိမိတို့ အခန်းရှိရာ အပေါ်ထပ်သို့ တက်သွားကြလေ၏။

ခံ့ညားသော ယောကျ်ားနှင့် သေးသေးသွယ်သွယ် မိန်းမမှာ ဇနီးမောင်နှံဖြစ်၍ မန္တလေးမြို့မှ ခေတ္တ နားခွင့်ယူကာ ရန်ကုန်သို့ အလည်အပတ် ရောက်လာသော လယ်ဝန်ဦးမြသိမ်းနှင့် သူ၏ဇနီး မင်းကတော် မမအုံးတို့ဖြစ်၏။ ဒုတိယမိန်းမချောမှာ သီပေါနယ်မှ မဟာဒေဝီနှင့် ညီအစ်မတော်စပ်သည်ဆိုသော 'ခင်စောမြိုင် ဆိုသူ ဧည့်သည်တစ်ယောက်ဖြစ်လေသည်။ ခင်စောမြိုင်သည် မန္တလေးသို့ ရုံးကိစ္စတစ်ခုနှင့် လာရောက်စဉ် လယ်ဝန်မင်းမှတစ်ဆင့် မင်းကတော်နှင့် အသိအကျွမ်းဖြစ်ခဲ့ဖူး၏။ ယခု ရန်ကုန်သို့ လာရောက်ရာတွင် ကံအားလျော်စွာ မီးရထား ပထမတွဲထဲတွင် အတူတကွ ဆုံမိခဲ့ကြရာ၊ ခင်စောမြိုင်၏ အကြံပေးချက်အရ ဆိတ်ငြိမ်သာယာသော ဤဟိုတယ်ကို ရွေးချယ်တည်းခိုခဲ့ကြခြင်း ဖြစ်လေသည်။

အပေါ်ထပ်ရှိ မိမိတို့အခန်းများသို့ ရောက်သောအခါ မင်းကတော် မမအုံးသည် ခင်စောမြိုင်၏ အခန်းထဲသို့ ဝင်လာ၍ –

"ညီမလေး ... မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ အိပ်ပါတော့မယ် အစ်မကြီး"

"အိပ်လေ ... နက်ဖြန် ခရီးထွက်ရမှာ ဒီကနေ့ည အိပ်ရေးဝမှ ကောင်းတာ ညီမရဲ့။ ဒါကြောင့် ကိုသိမ်းကိုတောင် စောစော အအိပ်ခိုင်းရတယ်"

"အခု သူအိပ်ပြီလား"

"အိပ်ပြီ"

"ဟင် ... ကျွန်မတို့ရောက်တာ ၁၅ မိနစ်တောင် မကြာသေးပါဘူး အစ်မကြီးရယ်"

"သူက ဒီလိုပဲ ခေါင်းချရင် ပျော်တဲ့လူ"

"ဒါကြောင့်လည်း အစ်ကိုကြီးဟာ ကျန်းမာတာပဲ"

http://www.cherrythitsar.org



"ကိုင်း ... မမမ ပြန်မယ် ညီမလေး၊ အိပ်တော့"

"ဟုတ်ကဲ့ မမ"

*

ထိုည ၁၂ နာရီအချိန်ဖြစ်လေသည်။ ဟိုတယ်အခန်းတစ်ခန်းအတွင်း၌ မရမ်းစေ့ရောင် ဓာတ်မီးလုံးကလေးသည် မှုန်မွှားသော အလင်းရောင်ဖြစ်၍ ၁၅ ပေ၊ ၁၀ ပေရှိ အခန်းကလေးကို ထွန်းလင်းစေလျက်ရှိ၏။ ပိုးဘောင်းဘီ တစ်ပတ်ရစ်နှင့် ပိုးရှပ်အင်္ကျီ အပြာနုရောင် ဝတ်ထားသော ယောကျ်ားတစ်ယောက်သည် ပန်းနုရောင်ပိုးတွန့်လုံချည် ဝတ်ထားသော မိန်းမတစ်ယောက်နှင့် စကားပြောဆိုလျက် ရှိလေသည်။

မ ။ ။ "အစ်ကိုကြီးဟာ သူများအပေါ်မှာ သိပ်စေတနာကောင်းတာပဲ။ မြိုင်ဖြင့် အစ်ကိုကြီးလိုလူ တစ်ခါမှ မတွေ့ဖူးဘူး"

ခင်စောမြိုင်သည် ဦးမြသိမ်းပေးသော ကတ္တီပါသေတ္တာကလေးအတွင်းမှ ရွှေဆွဲကြိုးအဆုံးတွင် ဆွဲထားသည့် ၈ ရတီခန့်ရှိ မြကြီးကို လိုချင်တပ်မက်လှသော မျက်လုံးများဖြင့် ကြည့်ရှုကာ ပြောလိုက်သည်။

ကျား ။ ။ "မြိုင် သဘောကျတာပဲ၊ အစ်ကိုကြီးတော့ ကျေနပ်လှပြီ မြိုင်ရေ့"

ဦးမြသိမ်းသည် ခင်စောမြိုင်၏ ဖြူဖွေးသော လက်ကလေးတစ်ဘက်ကို ညင်သာစွာ ဆွဲယူလိုက်ပြီးလျှင် ယုယစွာ နမ်းရှုပ်လိုက်၏။ ထို့နောက် လက်ဖျားမှ လက်မောင်းကိုပါ တဖြည်းဖြည်း ပွတ်သပ်သိမ်းယူလိုက်ပြီးလျှင် အလိုက်သင့် ပါလာသည့် နွဲ့နှောင်းသော ခင်စောမြိုင်၏ ကိုယ်ကလေးကို ပွေ့ချီလိုက်လေသည်။

တိတ်တဆိတ် ချစ်ကြိုက်လျက် ရှိသော သမီးရည်းစားတို့သည် သီးသန့်ငှားထားသော အခန်းတွင် သန်းခေါင်ယံအချိန်၌ လျှို့ဝှက်စွာ တွေ့ဆုံနေကြခြင်း ဖြစ်လေသည်။

"မြိုင့်ကို တွေ့ရပေမဲ့ မယားကြီးကတစ်ဖက်ရှိနေတော့ အားမလိုအားမရ ဖြစ်လိုက်တာ မြိုင်ရယ်"

"ဘာလဲ အစ်ကိုကြီး"

"အစ်ကိုကြီးတော့ သိပ်ချစ်တာပဲ။ ညီမလေးကော ..."

"ချစ်တာပေါ့"

http://www.cherrythitsar.org



မျက်နှာချင်း ပူးကပ်သွားပြန်လေသည်။

"မြိုင်"

"အစ်ကိုကြီး"

"မြိုင့်ကို အစ်ကိုကြီး အဟုတ်ချွဲနေပြီ မြိုင်ရယ်။ မြိုင့်ကို ဟောဒီလို ရင်ခွင်ထဲမှာ အမြဲထည့်ထားချင်တော့တာပဲ"

"အဟုတ်ပဲလား အစ်ကိုကြီးရဲ့"

"အဟုတ်ပဲ ... အဟုတ်ပဲ ... ဒီလောကကြီးမှာ မြိုင့်ကို ရဖို့ ဘာမဆို အစ်ကိုကြီး စွန့်မယ်"

"အစ်ကိုကြီး မယားက ရှိနေသေးတယ်လေ။ ဘယ်တော့မှ သူက အစ်ကိုကြီးကို ကွာမှ မဟုတ်ဘူး။ ပြီးတော့ ကျွန်မမှာလည်း အစ်မတော် ဘုရားက ရှိနေသေးတယ်။ ခဲအိုတော်က လ,စဉ် ရိက္ခာတော် ထောက်သေးတာ ရှိသေးတယ်။ အခုတောင် ၁၅ ရက် ပိုမကြာစေရဘူးဆိုတဲ့ အမိန့်တော်ကြီးနဲ့ လာခဲ့ရတယ်။ အခုလိုဟာများ သိရင် သတ်တောင်ပစ်ရဲ့"

"မြိုင့်အတွက်ဆိုရင် အစ်ကိုကြီး မယားကို အခု စွန့်နိုင်တယ်။ အို ... ဘာပဲဖြစ်ဖြစ်၊ ဒီရှုနှာ ထ,နေတဲ့ မယားကို အစ်ကို ဘယ်နည်းနဲ့မှ ဆက်မပေါင်းဘူး"

"စဉ်းစားပါနော် အစ်ကိုကြီးရယ်။ ဒီလိုဆိုရင် မမလည်း သနားစရာ ဖြစ်နေပါပြီ။ တစ်သက်လုံး ပေါင်းလာတဲ့ မယားကို ဒီလို တောက်တောက်ခါးခါးလည်း လုပ်ဖို့ မကောင်းပါဘူး"

ထို့နောက် တစ်ခဏမျှ ဆိတ်ငြိမ်၍ သွားလေသည်။

အထက်ပါအတိုင်း လျှို့ဝှက်စွာ ချိန်းချက်တွေ့ဆုံနေကြသော သူနှစ်ဦးတို့၏ စကားသံများကို သူစိမ်းတစ်ယောက်က ကောင်းစွာ ကြားနေရ၏။ သူတို့၏ အပြုအမူကို မြင်လည်း မြင်နေရ၏။

စုံထောက် အင်စပိတ်တော် ဦးအုန်းမောင်သည် အသက် ၅၅ နှစ်တွင် တစ်ခါတည်း ပင်စင်ယူလိုက်လေသည်။ နပိုျသန်စွမ်း၍ အလုပ်ကို ဆက်လက်လုပ်နိုင်သေးသော်လည်း ပုလိပ်မင်းကြီးအား နေ့စဉ်နှင့်အမျှ ဆလံပေးရခြင်း၊ သူ့စားပွဲနံဘေးတွင် ၅ မိနစ်၊ ၁၀ မိနစ် စသည်ဖြင့် ကိုယ်ကို ခပ်ရို့ရို့ကလေး ထားကာ အမိန့်ကို နာခံနေရခြင်းစသော နေ့စဉ် ရိုးသုံး အလုပ်များကို ရွံရှာမုန်းတီးခဲ့လေသည်။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူတစ်

http://www.cherrythitsar.org



ယောက်ဖြစ်သည့်ပြင် ကြပ်တည်းကျဉ်းမြောင်းလှသော ရန်ကုန်မြို့ အလယ်ပိုင်းကို စွန့်ပစ်ကာ အစားအသောက်ပါ ရနိုင်သည့် 'မင်တိုမစ်ရှင်' ဟိုတယ်နှင့် အခန်းတစ်ခန်းကို ၃ လမျှ ကြိုတင်ငွေသွင်း၍ ငှားရမ်းကာ နေထိုင်ခဲ့၏။

တစ်ကြိမ်က ဥရောပတိုက်သားများကဲ့သို့ ခံ့ညားစွာ ဝတ်ဆင်ထားသော တရုတ်ကပြား နှစ်ယောက်နှင့် တရုတ်မတစ်ယောက်သည် သူနှင့် အခန်းများကပ်လျက်ရှိသော အခန်း၌ ၁၅ ရက်မျှ တည်းခိုနေထိုင်ခဲ့၏။ ထိုအခါက ဟိုတယ်ရှိ လူများမှာ တစ်စုံတစ်ရာ မသိသော်လည်း ဦးအုန်းမောင်သည် ထိုတရုတ်ကပြားများကို တစ်နေ့ထက်တစ်နေ့ သင်္ကာမကင်း ဖြစ်လာကာ သူနေသော အခန်းနံရံမှ ကပ်လျက် လျှာထိုးပျဉ်ပြားကို အလျား ၂ လက်မ၊ အနံ လက်မဝက်ခန့်ရှိ အပေါက်ငယ်ကလေးတစ်ခု ဖောက်ပြီးလျှင် ချောင်းမြောင်းကြည့်ရှုခဲ့ရာမှ တရုတ်ပြည်မှ မြန်မာပြည်ထဲသို့ ဘိန်းအမြောက်အမြား ခိုးသွင်းခဲ့သော အမှုကြီးတစ်မှု ပေါ်ပေါက်ခဲ့လေသည်။ ထို 'ချောင်းကြည့်ပေါက်' ကလေးမှာ ပျဉ်ချပ်နှစ်ခုကြားတွင် အံ့ဝှက်ကလေးပြုလုပ်ထားရာ၊ ယင်းအံ့ဝှက်ကို ထိုးထားသည့်အခါ အခန်းကာ ပျဉ်နှင့် တစ်သားတည်း ရှိနေလေသည်။ အလိုရှိ၍ ဖွင့်သောအခါလည်း မိမိအလိုရှိသလောက် ဖွင့်၍ရလေသည်။ ထိုအပေါက်ကလေး၏ ကျေးဇူးကြောင့် ဦးအုန်းမောင်မှာ ဘိန်းမှုမှ ဆုငွေ ၂၀၀၀၀ ကျော်ရရှိပြီးဖြစ်ရာ ဟိုတယ်၌ မပူမပင်ရဘဲ ဆက်လက်နေထိုင်နိုင်ခဲ့လေသည်။

ဦးမြသိမ်းနှင့် ရှမ်းကပြားမိန်းမချော ခင်စောမြိုင်တို့ ချိန်းချက်တွေ့ဆုံသော အခန်းမှာ တရုတ်များနေခဲ့သော အခန်းဖြစ်၍ ပင်စင်စား စုံထောက်အင်စပိတ်တော် ဦးအုန်းမောင်သည် သူတို့ပြောသမျှစကားကို ကြားရရုံမျှမက သူတို့၏ အပြုအမူကိုပါ အားလုံးတွေ့မြင်ရလေသည်။

ယင်းကဲ့သို့ သူတစ်ပါး၏ အပြုအမူများကို ချောင်းမြောင်းကြည့်ရှုခြင်းမှာ လူကြီးလူကောင်းမပီသသော အပြုအမူဖြစ်ကြောင်း၊ ဦးအုန်းမောင်သိပြီးဖြစ်၏။ သို့သော် ရာဇဝတ်မှုကျူးလွန်သူ တစ်ယောက်အား ဖမ်းဆီးနိုင်ခြင်း၊ ပြစ်မှုကျူးလွန်မည့်သူကို အချိန်မီ တားဆီးနိုင်ခြင်းတို့မှာ ထိုထက်မွန်မြတ်သော အလုပ်ဖြစ်သည်ဟု ယူဆကာ မိမိစိတ်ထဲတွင် မသင်္ကာသူအများအား ချောင်းမြောင်းကြည့်ရှုခြင်း ဖြစ်လေသည်။

http://www.cherrythitsar.org



ဦးအုန်းမောင်သည် အထက်မြန်မာပြည်တွင် ရှိနေစဉ်က လယ်ဝန် ဦးမြသိမ်းကို အချို့ မင်းခမ်းမင်းနား ပွဲလမ်းသဘင်များ၌ တွေ့မြင်ဖူး၏။ သူ၏ဂုဏ်သတင်းကိုလည်း ကြားဖူး၍ မင်းကတော် နူးညံ့သော စိတ်သဘောရှိသည်ဟူ၍လည်း ကြားဖူးလေသည်။ သို့သော် 'ခင်စောမြိုင်' ဆိုသော ဧည့်သည် မိန်းမကိုမူ အကဲမခတ်နိုင်အောင် ရှိနေသဖြင့် ထိုမိန်းမကိုစ၍ မသင်္ကာခြင်း ဖြစ်လေသည်။

ခင်စောမြိုင်သည် ဆိုဖာပေါ်တွင် ထိုင်နေသော ဦးမြသိမ်း ရင်ခွင်ထဲမှ ရုန်းထွက်လျက် –

"ဒါပဲနော် အစ်ကိုကြီး ..."

"ဒါထက် မင်းကတော် ပါလာတာ၊ သိပ်ဝကျတာပဲ မြိုင်ရယ်"

"ရှင့်မချောက ကျွန်မတို့နှစ်ယောက်ကို ဘယ်လိုများ ထင်မလဲ မပြောတတ်ဘူး"

"ဘယ်လိုထင်ထင်ကွယ် အရေးစိုက်စရာ မဟုတ်ပါဘူး။ ဒါထက် အခု ကောင်းကောင်းနေကောင်းတာ မဟုတ်ဘူး။ ဆရာဝန်တစ်ယောက် ရှာပေးပါလို့ ညီမလေးတောင် ပြောထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဆရာဝန်တစ်ယောက် ကျွန်မ ပြောထားပါပြီ။ ဒေါက်တာ အူစမန်တဲ့။ နက်ဖြန်မနက် ရောက်လာလိမ့်မယ်"

"ဘယ်သူကွယ့်၊ ဒေါက်တာအူစမန် ... ဟုတ်စ၊ မကြားဖူးပါကလား"

"အမ်–ဘီ–ဘီ–အက်(စ)လား"

"မဟုတ်ပါဘူး။ အယ်(လ)အမ်–ပီ ဆရာဝန်ကလေးပါ။ နို့ပေမဲ့ အင်မတန် တော်တဲ့လူ၊ သူ့ဆေးခန်းကို သွားရင် အနည်းဆုံး နာရီဝက်လောက် စောင့်ရတယ်။ ပြီးတော့ ချောင်းဆိုးသွေးပါရောဂါတွေ ဘာတွေကုတဲ့နေရာမှာ ပထမတန်းပဲ။ ဆရာဝန်ကြီးတွေတောင် လက်ဖျားခါရတဲ့လူပေါ့ အစ်ကိုကြီးရဲ့"

"ဩော် ... ဒါထက် နက်ဖြန် ပဲခူးသွားပြီး အစ်ကိုကြီးတို့ ပိုင်တဲ့ လယ်တွေ လိုက်ပြမယ်။ ညီမလေးက တချို့တစ်ဝက် ဝယ်ချင်လို့ဆိုတာ လည်း ညီမလေးနဲ့ ဟိုကျတော့ အေးအေးဆေးဆေး တွေ့ရအောင် အစ်ကိုကြီး ဉာဏ်ဆင်လိုက်တာပဲ"

http://www.cherrythitsar.org



"သိပါတယ် အစ်ကိုကြီး ညဏ်တွေကို ... ကြည့်ပါ့လား လူကို မျက်လုံးကြီးနဲ့ ပြူးကြည့်နေပြန်ပြီ။ တစ်ကိုယ်လုံး ညဏ်ချည်းပဲ။ တက္ကဆီ ငှားပြီးပြီလား အစ်ကိုကြီး"

"ငှားပြီးပါပြီ၊ တယ်လီဖုန်းနဲ့ ငှားလိုက်တယ်။ နက်ဖြန် မနက် ၇ နာရီ ရောက်လိမ့်မယ်။ ညီမလေးသာ အသင့်ပြင်ထားပေတော့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

မီးလုံးကလေး ပိတ်၍ သွားလေရာ စုံထောက်ဦးအုန်းမောင်လည်း ရှာထိုးပျဉ်ကြားမှ လက်မဝက်ခန့်ရှိ တံခါးကလေးကို ပိတ်လိုက်လေသည်။

*

ဦးအုန်းမောင်၏ စိတ်ထဲ၌ ခင်စောမြိုင်သည် မင်းကတော်၏ ရောဂါအတွက် ချောင်းဆိုးသွေးပါရောဂါတွင် ကုသနိုင်သည့် ဆရာဝန် တစ်ဦး ခေါ်ပေးမည်ဟု ပြောရာ၌ မျက်နှာထား တစ်မျိုးပြောင်းသွားသည် ကိုလည်းကောင်း၊ လေသံတစ်မျိုး ပြောင်းသွားသည်ကိုလည်းကောင်း အကဲ ခတ်လိုက်မိ၏။ လယ်ဝန်ဦးမြသိမ်းမှာမူ အချစ်စိတ်မွှန်နေသူ ဖြစ်သည့် အတိုင်း သတိထားမိလိုက်ဟန်မတူချေ။

မိမိသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အလုပ်ကိစ္စဖြင့်လည်းကောင်း၊ အပျော်ခရီးထွက်၍လည်းကောင်း လှည့်ပတ်ခဲ့ဖူးရာ ခင်စောမြိုင်ကဲ့သို့ ချစ် စဖွယ်ကောင်း၍ ယောကျ်ားတို့၏စိတ်ကို ယိုဖိတ်ညွတ်နူးစေလေအောင် လှပသော မိန်းမမျိုးကို မတွေ့ဖူးချေ။ မိန်းမတစ်ယောက်အား အလွန်အဖိုး ထိုက်တန်သည့် မြတစ်လုံးကို လက်ဆောင်အဖြစ် ပေးလိုက်သည့် ဦးမြ သိမ်း၏အချစ်ကို တစ်စုံတစ်ရာ မှားဖွယ်မရှိချေ။ ဤအကြောင်းများကို တွေး ရင်း ဆေးတံကို ခဲလျက် အကြံထုတ်နေသော ဦးအုန်းမောင်သည် အချိန် အတော်ညဉ့်နက်လာသည်နှင့် အိပ်ရာထဲသို့ ဝင်ခဲ့လေ၏။

နံနက်လင်း၍ ၇ နာရီမထိုးမီ ၁၅ မိနစ်ခန့်တွင် ဦးအုန်းမောင်နှင့် မင်းကတော် မမအုန်းတို့သည် အောက်ထပ်သို့ ဆင်းလာ၏။ တစ်ခဏကြာ လတ်သော် အခြားလှေကားတစ်ခုမှ ခင်စောမြိုင် ဆင်းလာပြီးလျှင် ဆင်ဝင် အောက်၌ အသင့်ရပ်ထားသော တက္ကစီပေါ်သို့ ရှေးဦးစွာ ခင်စောမြိုင် တက်လေသည်။ ထို့နောက် ဦးမြသိမ်းက ကားပေါ်တက်ကာ ဒရိုင်ဘာနှင့် အတူ ယှဉ်၍ထိုင်လိုက်၏။ ထိုအခြင်းအရာများကို အပေါ်ထပ် ပြတင်း

http://www.cherrythitsar.org



ပေါက် ခန်းဆီးကြားမှ ကြည့်နေသော ဦးအုန်းမောင်က ပြုံးလိုက်မိ၏။ မကြာမီ ကားကလေးသည် အလုံလမ်းဘက်သို့ ထွက်သွားရာ ဦးအုန်းမောင်လည်း ပြတင်းပေါက်တံခါးကို ပိတ်လိုက်ပြီးနောက် တယ်လီဖုန်းကို ကောက်၍ ကိုင်လိုက်လေသည်။

တစ်ခဏမျှကြာလတ်သော် ဦးအုန်းမောင်သည် အောက်ထပ်ဧည့်ခန်းရှေ့ရှိ မေးမြန်းစုံစမ်းရာ ကောင်တာတွင် အလုပ်လုပ်နေသော 'မေရီ'ဆိုသူ ကပြားမကလေးနှင့် စကားပြောလျက် ရှိလေသည်။

"မေရီလား"

"ဟုတ်တယ် အန်ကယ်။ ဘာခိုင်းစရာ ရှိလို့လဲ ပြောလေ ... အားမနာပါနဲ့"

"အန်ကယ်ပြောတာ နားထောင်နော်"

"နားထောင်နေပါတယ် အန်ကယ်"

"တော်တော်ကြာရင် ကုလားဆရာဝန် တစ်ယောက်ရောက် လာပြီး မစ္စတာ ဦးမြသိမ်းတို့လင်မယားနေတဲ့ အခန်းကို မေးလိမ့်မယ်။ မင်းကတော်ရဲ့ အခန်းကို မသွားခင် အန်ကယ့်အခန်းကို လိုက်ပြရမယ်"

"အန်ကယ် နေမကောင်းလို့လား"

"ဟုတ်တယ် ... အန်ကယ် ကောင်းကောင်းနေမကောင်းလို့။ ပြီးတော့ ဒီဆရာဝန်က အန်ကယ်ရဲ့ မိတ်ဆွေကွယ့်။ နို့ပေမဲ့ သူ့ကို ဘာကြောင့် မင်းကတော်နေတဲ့ အခန်း ပထမမပို့ဘူးဆိုတာ သူ မသိစေချင်ဘူး။ အန်ကယ် ပြောတာ ရှင်းရဲ့လား"

"ရှင်းပါတယ် အန်ကယ်။ ကျွန်မ နားလည်ပါပြီ"

*

ဦးအုန်းမောင်သည် အပေါ်အင်္ကျီနှင့် ရှပ်အင်္ကျီအကောင်းတို့ကို ချွတ်ပြီးလျှင် ညဥ့်အိပ်ရာဝင်ဝတ်လေ့ရှိသော ရှမ်းဘောင်းဘီအပွကြီးနှင့် ပိုးရှပ်အင်္ကျီကို ဝတ်ဆင်ပြီးလျှင် ပြတင်းပေါက်အားလုံးကို ပိတ်ထားလိုက်၏။ ထို့နောက် ခုတင်ပေါ်သို့ တက်ကာ ခြင်ထောင်ကို ချထားလိုက်လေသည်။ မှန်ပြတင်းများမှ အလင်းရောင်သည် လူသွားလမ်းဝရံတာမှ အခန်းတွင်းသို့ ဝင်သည့် တံခါးဆီသို့သာ ကျရောက်လျက်ရှိရကား၊ အပြင်

http://www.cherrythitsar.org



အလင်းမှ ဝင်လာသူသည် ခုတင်ရှိရာအခန်းအတွင်းဘက်သို့ ရုတ်တရက် မမြင်ရဘဲ၊ ခုတင်ပေါ်မှ လူကသာ အပြင်မှ ဝင်လာသူကို မြင်နိုင်လေသည်။

ဦးအုန်းမောင်သည် ခြင်ထောင်ထဲတွင် တစ်နာရီခန့်မျှ ပျင်းရိစွာ ရှိနေပြီးနောက် "ဟုတ်ကဲ့ ဝင်ပါလေ ဒေါက်တာ" ဟု မေရီ၏ အသံကို အခန်းဝဆီမှ ကြားရလေ၏။ မရှေးမနှောင်းပင် ဥရောပတိုက်သားတစ်ယောက်ကဲ့သို့ ကုတ်အင်္ကျီအနက်ကို သပ်ရပ်စွာ ဝတ်ကာ နားကျပ်ကိရိယာကို လက်ျာဘက်အိတ်တွင် လူမြင်အောင် ခပ်ဖော်ဖော် ထိုးထားသော လူတစ်ယောက်သည် ခြေကို ဖော့၍နင်းကား အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုသူကား လွန်ခဲ့သော ၁၅ နှစ်ခန့်ကပင် ဦးအုန်းမောင်သိပြီး လူတစ်ယောက် ဖြစ်တော့၏။ ထိုအခါက ထိုသူမှာ ၃၅ နှစ်ခန့်အရွယ် ကောင်းတုန်းအချိန်၌ရှိနေရာ၊ ယခုမူ အသက် ၅၀ ခန့်ရှိပေမည်။ ဦးအုန်းမောင်သည် သူ၏ ကြွံခိုင်သော မျက်နှာကြီးကို ရှေ့သို့ စူးစိုက်ကာ မမှောင့်တမှောင် ရှိနေသည့် အလင်းရောင်ကို ဖြတ်၍ တစ်လှမ်းချင်းဝင်လာသူအား စိတ်အားထက်သန်စွာ စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေသည်။

ဆရာဝန်သည် အိပ်ရာနံဘေးရှိ စားပွဲဝိုင်းပေါ်သို့ ဦးထုပ်နှင့်ဆေးအိတ်ကို ချထားလိုက်ပြီးနောက် –

"အစ်မကြီး ... ကျွန်တော် ဆရာဝန် အူစမန်လေ ... ခြင်ထောင်ကလေးများ နည်းနည်းပင့်ပါဦး ခင်ဗျာ။ အခန်းကလည်း မှောင်လိုက်တာ လွန်ရောပါကလား"

သို့ပြောရင်းဆိုရင်း သူသည် အနီးဆုံး မှန်ပြတင်းပေါက်သို့ သွားရောက်ကာ ခန်းဆီးများကို ပင့်တင်လိုက်လေသည်။ အလင်းရောင် တစ်ခုသည် ခြင်ထောင်ဆီသို့ တိုက်ရိုက်ထိုးဝင်လာရာ ခြင်ထောင်ထဲတွင် ငုတ်တုတ်ထိုင်၍နေသော သူသည် မိန်းမတစ်ယောက် မဟုတ်ဘဲ ယောက်ျားကြီးတစ်ယောက်ဖြစ်၍ နေသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အံ့အားသင့်ကာ 'ဟာ'ခနဲ အသံထွက်၍ သွားလေသည်။ သူသည် ကြက်သေသေလျက် ကုလားထိုင်လက်ရမ်းကို လက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ထားလေသည်။ ထို့နောက် အတန်ကလေးကြာမှ မိမိစိတ်ကို မိမိ တင်းလိုက်ကာ

"အခန်းမှားနေပါကလားကရို ... ကျုပ် ကြည့်ရမယ့် လူမမာက မန္တလေးက လယ်ဝန်ကတော်"

အုန်း ။ ။ "ဟုတ်ပါတယ်။ နို့ပေမဲ့ ကျွန်တော်ကလည်း နေမကောင်းနေတော့ ခင်ဗျား ဒီဟိုတယ် လာမယ်ဆိုတာ ကြားလို့ ကျွန်တော်ဆီ ပထမရောက်အောင် ခေါ်လာတာပဲ။ နေပါဦး၊ ခင်ဗျားဟာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျွန်တော် သိခဲ့ဖူးတဲ့ မစ္စတာ အူစမန်ပဲလား"

အထက်ပါစကားလုံးများသည် တီးတိုးငြိမ်သက်စွာနှင့် အေးဆေးစွာပင် ပြောလိုက်သော်လည်း ဆရာဝန်ဆိုသူအား မိုးကြိုးထိမှန်သကဲ့သို့ တုန်လှုပ်၍သွားစေ၏။ ဦးအုန်းမောင်က ဆက်လက်၍ –

"ကျွန်တော် သိသလောက်တော့ ခင်ဗျားဟာ ယောကျ်ားလူနာတွေထက် မိန်းမလူနာတွေရဲ့ ရောဂါအခြေအနေကို စမ်းသပ်ကုသဖို့က ပိုပြီးတော်တယ်ဆိုတာ သိရတယ်"

ထို့နောက် ဦးအုန်းမောင်သည် လေသံကို တစ်မျိုးပြောင်းလိုက်ပြီးလျှင် –

"ကိုင်းဗျာ ... ခင်ဗျာ့ ကုလားထိုင် ကျုပ် အိပ်ရာနဲ့ နီးအောင် ဆွဲခဲ့စမ်းပါဦး။ စကားကလေးများ ပြောရအောင်။ ခင်ဗျား အတိတ်ကို ကျုပ်က စမြုံ့ပြန်နေဖို့ မရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် မတွေ့တာလည်း ကြာလှပြီ။ ခင်ဗျား ဘာများ လုပ်နေသလဲ"

"ကျွန်တော်လား ... ကျွန်တော်တော့ ကိုယ်တတ်မြောက်တဲ့ ဆေးပညာကလေး လေ့ကျင့်နေတာပါပဲ ခင်ဗျာ။ ငယ်ငယ်က လုပ်ခဲ့တာတွေလည်း နောင်တရပါပြီ"

"အဲဒီလို ကြားရတာ ဝမ်းသာတယ် အူစမန်"

"ပြီးတော့ ကျွန်တော် မိန်းမလည်း ရနေပြီခင်ဗျ။ ကလေးတောင် နှစ်ယောက်ရှိနေပြီ"

"ကောင်းတယ် ... ကောင်းတယ်"

ထိုသူပြောသည်ကား မှန်ပေလိမ့်မည်။ သို့သော် မည်သို့ပင်ဖြစ်၍ ဤဟိုတယ်သို့ လာရောက်ကာ မျက်နှာကြီး မင်းကတော် တစ်ယောက်အား ထူးထူးခြားခြား လာရောက်ကုသသည်ဆိုခြင်းမှာ ထူးဆန်းလွန်းလှ

http://www.cherrythitsar.org



သည်ဟု ဦးအုန်းမောင် တွေးမိ၏။ ထိုအချက်ကိုပင် သံသယဖြစ်လျက် ရှိ၏။

"ဒီဟိုတယ်ကို ခင်ဗျား အရင်က လာပြီးဆေးဝါးကုဖူးသလား"

"အမြဲတော့ မဟုတ်ပါဘူး၊ တစ်ခါတလေ (အတန်ငယ် ဆိုင်းငံ့နေပြီးမှ) "ဟုတ်ကဲ့ ရောက်ဖူးပါတယ်။ အမှန်တော့ တခြား မိန်းမတစ်ယောက်ကို ကြည့်ဖို့ ကျွန်တော်လာတာပါ"

"နေပါဦး အခု ခင်ဗျားကို ဘယ်သူက ခေါ်တာလဲ"

"အဲဒီ မိန်းမကပဲ ခင်ဗျ။ သူ့အဖော် မိန်းမတစ်ယောက် နေမကောင်းတဲ့အတွက် မှာလို့လာတာပါ"

ဦးအုန်းမောင်စိတ်ထဲမှ သင်္ကာမကင်း ဖြစ်နေသော အချက်နှင့် ဒေါက်တာ၏အဖြေမှာ ကိုက်ညီလျက်ရှိ၏။ မည်သည့်အကြောင်းကြောင့် ဟူ၍မသိ။ နတ်များ နှိုးဆော်ဘိသကဲ့သို့ အူစမန်သည် ခင်စောမြိုင်နှင့် ပူးပေါင်းကာ တစ်စုံတစ်ရာ မကောင်းကြံစည်ခြင်းလောဟူသော သံသယကိုကား ဖျောက်ဖျက်၍ မရချေ။ သို့ဖြစ်၍ ဦးအုန်းမောင်သည် မိမိလိပ်ပြာကို မိမိရှက်သော်လည်း မုသားသုံးလိုက်လေသည်။

"ဪ ... ဒါထက် ကျုပ် ဒီကနေ့ည ပြည်ကို သွားစရာ ရှိတယ်ဗျ။ သိပ်လည်း နေမကောင်းဘူး။ သွားလို့ တော်ပါ့မလား"

စကားပြောရာမှ ဒေါက်တာအူစမန်သည် ပကတိ ဆရာဝန်တစ်ယောက်၏ အမူအရာပြန်၍ ဝင်လာလေသည်။ သူသည် ဦးအုန်းမောင်အား သွေးစမ်းကြည့်ခြင်း၊ လျှာကို အထုတ်ခိုင်း၍ ကြည့်ခြင်း၊ မျက်လုံးများကို ဖြဲ၍ကြည့်ခြင်း၊ ရင်နှင့်ဝမ်းကို နားကြပ်ဖြင့် နားထောင်ခြင်းများ ပြုလုပ်လေသည်။

"ကိစ္စမရှိပါဘူး သွားနိုင်ပါတယ်။ နို့ပေမဲ့ ဒီကနေ့ အနားယူပြီး နက်ဖြန်မှ သွားရင် သာကောင်းတာပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါထက် ဆရာ၊ အခု စုံထောက်ဘက်မှာပဲလား"

"မဟုတ်တော့ပါဘူး၊ ထွက်လိုက်ပြီ။ တစ်ခါတည်း ပင်စင်ယူလိုက်တယ်"

"ကောင်းပါတယ်ခင်ဗျာ"

"နို့ပေမဲ့ ခင်ဗျားလို ကံမကောင်းဘူးဗျ။ မိန်းမလည်း မရသေးဘူး၊ ကလေးလည်း မရှိဘူး"

ဒေါက်တာအူစမန်သည် နေရာမှ ထလျက်ရှိသဖြင့် ဦးအုန်းမောင်သည် မိမိ၏လက်ကို ကမ်းလိုက်၏။ လက်ချင်းဆွဲ၍ နှုတ်ဆက်လိုက်သောအခါ အူစမန်၏ လက်မှာ ရေခဲကို ကိုင်၍ထားသော လက်ကဲ့သို့ အေးစက်လျက်ရှိသဖြင့် ထိုအခြင်းအရာမှာ ရုတ်တရက် စိတ်ကို ထိခိုက်သွားသော လက္ခဏာဖြစ်ကြောင်း ဦးအုန်းမောင် သတိပြုမိ၏။

အဝတ်အစားများ လဲပြီးသောအခါ ဦးအုန်းမောင်လည်း အောက်ထပ်သို့ ဆင်းလာ၍ အပြင်သို့ထွက်ခါနီးတွင် မေရီကို နှုတ်ဆက်လေသည်။

"ဆရာဝန် ပြန်သွားပြီလား"

"ပြန်သွားပြီ အန်ကယ်"

"ဘယ်လောက်ကြာပြီလဲ"

"အခုတင် ကပါပဲ။ ဒါနဲ့ အန်ကယ်အပြင် ထွက်မလို့လား နေမကောင်းဘူးဆိုပြီး"

"ကိစ္စမရှိပါဘူးကွယ်။ ကားနဲ့ သွားမှာပါ။ တက္ကစီတစ်စင်း မှာပေးပါဦး"

ဦးအုန်းမောင်သည် မာဖလာကို ပြင်၍ပတ်ကာ ရောက်လာသော တက္ကစီဖြင့် ထွက်သွားလေ၏။ ကားကလေးသည် စုံထောက်မင်းကြီးရုံးနှင့် မျက်နှာချင်းဆိုင် ချောင်ကျသော နေရာတစ်ခု၌ ရပ်ပြီးလျှင် ဦးအုန်းမောင်သည် ရုံးထဲသို့ ဝင်သွားလေသည်။ ရုံးစာရေးများ၊ ရဲအုပ်များနှင့် မိတ်ဆွေအရာရှိများက အရိုအသေ ပေးကြ၏။ ဦးအုန်းမောင်သည် လူဆိုးရာဇဝင်မှတ်တမ်းများ သိမ်းဆည်းထားရာ အခန်းသို့ ရောက်သွားပြီးလျှင် အင်္ဂလိပ်အက္ခရာ 'O' (အို)နှင့်စသော ကတ်ပြားများကို အက္ခရာစဉ် ကတ်ပြားသေတ္တာကလေးများအတွင်းမှ ကိုယ်တိုင် ရွေးထုတ်လျက်ရှိလေ၏။ ထိုအခါ ရဲအုပ်တစ်ယောက်က မကြားတကြား သူ၏အဖော်အား

"ဟော့ ... တို့အန်ကယ်က ဒီရုံးကို ခုထက်ထိ မစွန့်နိုင်သေးဘူးထင်တယ်"

"တယ်မိုက်တဲ့ အကောင်။ ဒီအလုပ်ထဲကပဲ ငွေ ၂၀၀၀၀ ပွလိုက်တဲ့လူ။ ဘယ်တော့ စွန့်နိုင်မလဲကွယ့်။ ဒီအဘိုးကြီး သေတောင် မစွန့်ဘူး"

http://www.cherrythitsar.org



ဦးအုန်းမောင်သည် ဒေါက်တာအူစမန်၏ ရာဇဝင် အတိုကောက်ကို အောက်ပါအတိုင်း ရှာဖွေတွေ့ရှိရလေသည်။ (ယင်းမှတ်တမ်းများမှ ရာဇဝတ်ပစ်မှုကျူးလွန်သူများ၏ အတ္ထုပ္ပတ္တိအတိုချုပ်၊ သူတို့ ကျူးလွန်ဖူးသည့် ပြစ်မှုအတိုချုပ်၊ လူပုံပန်းသဏ္ဍာန်၊ အမှတ်အသား၊ အကျင့်စာရိတ္တနှင့် အခြားအရေးကြီးသော အထွေထွေ မှတ်ချက်များ ပါရှိလေသည်။ ဤမှတ်တမ်းဖြင့် မြန်မာပြည်တွင် လက်သည်မပေါ်ဟု ထင်မှတ်နေရသည့် ရာဇဝတ် ပြစ်မှုကြီးပေါင်းများစွာ ဖမ်းဆီးရမိခဲ့လေပြီ။)

အချိန်အနည်းငယ်မျှ ကြာသောအခါ ဦးအုန်းမောင်သည် ဒေါက်တာ အူစမန်၏ မှတ်တမ်းကို တွေ့ရှိရလေရာ၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်မှစ၍ ရက်စွဲများ ပါရှိပြီးလျှင် ယင်းမှတ်တမ်းတစ်စိတ်တစ်ဒေသမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*

ဒေါက်တာ အူစမန် … ဇေရဗာဒီ ကပြား … ယခုနောက်ဆုံး ရွှေဘုံသာလမ်း အောက်လမ်းတွင် 'မဒရပ်ဖာမေစီ' ဟူသော အမည်ဖြင့် ဆေးဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်လျက်ရှိသည်။ မိန်းမရှိ၍ ကလေးနှစ်ယောက် ရှိသည်။ မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိသည့် ဟန်ပန်ဖြင့် အထက်တန်းစားလူကုံထံများနှင့် ရောနှော ပေါင်းသင်းလျက်ရှိသည်။ ငြိမ်သက် အေးချမ်းစွာ နေထိုင်လျက်ရှိသည်။ သို့သော် ပိုက်ဆံကြေးငွေ အမြောက်အမြား ရရှိက စွန့်စားရသည့် အလုပ်မျိုးကို လုပ်မည်ဟု ထင်ရသည်။

*

ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပြီးသည့်နောက် တစ်နှစ်ခန့်အကြာ၌ မန္တလေးမြို့တွင် မင်းသမီးကြီး 'စုစု' ဆိုသူအား အဆိပ်ခတ်၍ သေကြောင်းကြံမှု၌ တရားခံအဖြစ် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရဖူးကြောင်း၊ သူ့အပေါ်တွင် အထူးသင်္ကာမကင်း ရှိနေသော်လည်း ပြစ်မှုထင်ရှား အပြစ်ပေးလောက်အောင် သက်သေအထောက်အထား မရှိသဖြင့် နောက်ဆုံး တရားရှင် လွှတ်လိုက်ကြောင်း၊ ထိုအချိန်မှစ၍ နောက်ထပ် အစီရင်ခံရန် အကြောင်းတစ်စုံတစ်ရာ မရှိကြောင်း။

*

http://www.cherrythitsar.org



ဦးအုန်းမောင်သည် အထက်ပါ မှတ်တမ်းမှ စာများကို လက်ရေးတိုဖြင့် ရေးကူးမှတ်သားလျက် ရှိလေ၏။

*

ဦးမြသိမ်းနှင့် မင်းကတော်ပိုင် လယ်များကို တချို့တစ်ဝက် ဝယ်လိုကြောင်း ပြောသဖြင့် ပဲခူးမြို့သို့ အငှားကားတစ်စီးငှား၍ ထွက်ခွာသွားသော သူနှစ်ယောက်သည် နောက်တစ်နေ့ နေ့လယ်လောက်တွင် ပြန်၍ဆိုက်ရောက်လာကြလေသည်။ ခင်စောမြိုင်သည် မင်းကတော်အား ပျာပျာသလဲ နှုတ်ဆက်ပြီးနောက် ရောဂါမည်သို့ ရှိနေသည့်အကြောင်း မေး၍ဒေါက်တာ အူစမန် ရောက်မရောက်ကိုလည်း မေးမြန်းလေသည်။ မင်းကတော်က မေးခွန်းတိုင်းကိုပင် ရိုးသားစွာ ဖြေကြားရှာ၏။

"ညီမလေး ခေါ်ထားတဲ့ ဆရာဝန်ကလည်း ကောင်းရှာပါတယ်။ ပေးလိုက်တဲ့ ဆေးတွေကလည်း စုံလို့"

"ဟုတ်ကဲ့ အစ်မကြီး၊ သူက မီးယပ်ရောဂါတို့၊ ချောင်းဆိုးသွေးပါတို့ စားမကောင်း သောက်မကောင်းတို့ ..."

"ဟုတ်ပါတယ် ညီမရယ်။ အစ်မကြီးရောဂါက ထွေထွေထူးထူး မဟုတ်ပါဘူး။ ချောင်းကလေး နည်းနည်းဆိုးပြီး မစားချင် မသောက်ချင် လိုလိုပါပဲ။ ဒါထက် သွားပြီး ထမင်းစားကြဦးလေ။ ကိုမြသိမ်း ငှားထားတဲ့ အခန်းထဲမှာ ထမင်းပွဲ ပြင်ပေးလိမ့်မယ်"

"အစ်မကြီးကော ပြီးပြီလား"

"ပြီးပြီဆိုပါတော့ကွယ်။ ဆွတ်ပြုတ်နဲ့ ပေါင်မုန့်ကလေးတစ်ချပ်ပဲ စားနိုင်ပါတယ်"

ဦးမြသိမ်းနှင့် ခင်စောမြိုင်တို့အတွက် နံနက်စာ စားပွဲပြင်ထားသော အခန်းမှာ ယခင်က သူတို့နှစ်ဦး လျှို့ဝှက်စွာ တွေ့ဆုံခဲ့သော အခန်းဖြစ်၏။ ဦးမြသိမ်းသည် ကော်လာတပ်ရှပ်အင်္ကျီလက်တိုဖြင့် ဆံပင်ကို နောက်သို့လှန်ကာ သပ်ယပ်စွာ ဖြီးထားရာ အသက် ၄၀ ၏ ပတ်ဝန်းကျင်၌ ရှိသည်ဟုပင် ဆိုရငြားသော်လည်း ကောလိပ်ကျောင်းသားတစ်ယောက်ကဲ့သို့ပင် နုပျိုနေလေ၏။ ခင်စောမြိုင်သည် ဦးမြသိမ်း စားနေသော ကြက်သား 'ရိုး' မှ အရိုးများကိုပင် ထွင်ပေးလျက် ရှိလေသည်။

http://www.cherrythitsar.org



ထိုအပြုအမူများကို အခြားအခန်းမှ 'ချောင်းကြည့်သမား' က မြင်၍နေရ၏။ သူတို့ တိုင်ပင်နှီးနှောသံကိုလည်း ကြား၍နေရ၏။

"ဒါထက် နက်ဖြန် တောင်ငူသွားဦးမယ်ဆို ညီမလေး"

"ဟုတ်ကဲ့ သွားရဦးမယ် အစ်ကိုကြီး။ ကိစ္စက တိုင်းရေး ပြည်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေဆိုတော့ မနေသာဘူး အစ်ကိုကြီးရဲ့။ သီပေါကို ပြန်မယ့် လက်ဖက်ခြောက်ကုန်သည်ကြီးတစ်ယောက်နဲ့ သွားတွေ့ရဦးမယ်။ ဒါပေမဲ့ မကြာပါဘူး အစ်ကိုကြီးရယ်။ အလွန်ဆုံး ၃ ရက်ပါ မြိုင်ချက်ချင်း ပြန်လာမှာပေါ့"

"နို့ပေမဲ့ အစ်ကိုကြီးက ၃ ရက်ကို ၃ နှစ်ထင်တယ် မြိုင်ရဲ့"

"အောင်မယ်လေး ကဲလိုက်တာ"

ထိုခဏ၌ အခန်းတံခါးခေါက်သံ ကြားရပြီးနောက် ဒေါက်တာ အူစမန် ဝင်လာလေသည်။

မန် ။ ။ "ဘယ်နှယ့်လဲ ခင်ဗျာ။ လူမမာ တယ်မသက်သာဘူး ကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူး"

မြိုင် ။ ။ "ကိုင်း ... လာလေ ... ကျွန်မတို့သွားကြည့်ကြရအောင် ဒီလောက်လည်း မဟုတ်ပါဘူး ဆရာရယ်"

ထို့နောက် ခင်စောမြိုင်သည် ဆရာဝန်နှင့်အတူ အခန်းထဲမှ ထွက်သွားလေ၏။ ၅ မိနစ်ခန့်ကြာသောအခါ တစ်ယောက်တည်း ပြန်ရောက်လာပြီးလျှင် –

"အလကား အစ်ကိုကြီးရဲ့။ ဆရာဝန်က အရင်တစ်ခါ သိပ်မသက်သာဘူးလို့ ကျွန်မ ညည်းမိတာ စကားလုပ်ပြီး ပြောနေတာပါ။ အစ်မကြီး အခုကြည့်ရတာ မနေ့ကနဲ့တောင် မတူဘူး။ အပုံကြီးလန်းလာတယ်"

ဦးမြသိမ်းသည် ဆိုဖာပေါ်မှ ခင်စောမြိုင်၏ ကိုယ်ကလေးကို ဆွဲယူကာ သိမ်း၍ဖက်ထားလိုက်လေ၏။

"လွှတ်ပါ ... အစ်ကိုကြီးရဲ့။ ဒေါက်တာ ဝင်လာရင် ရှက်စရာကြီး"

"ဒီအကောင် အရေးစိုက်လို့ မြိုင်ရယ်"

တစ်ခဏမျှ ကြာသောအခါ တံခါးဆီမှ ခြေသံကြားသဖြင့် ခင်စောမြိုင်သည် ဦးမြသိမ်းရင်ခွင်ထဲမှ ရုန်းထွက်လိုက်ရာ မရှေးမနှောင်းပင်

http://www.cherrythitsar.org



အနီးသို့ ဒေါက်တာ အူစမန် ရောက်လာလေသည်။ ထိုအခါ ဦးမြသိမ်းလည်း လူမမာကို ကြည့်ရန် အခန်းပြင်သို့ ထွက်သွားလေ၏။

ခင်စောမြိုင်သည် မျက်နှာကို ခပ်တည်တည်ထားလျက် –

"ဘာများ ပြောစရာရှိလို့ လာပြန်တာလဲ ဒေါက်တာ"

"နက်ဖြန် ခင်ဗျား တောင်ငူသွားမယ်"

"သွားမယ်လေ ... တစ်ရက်နေပြီး ရန်ကုန်ပြန်လာမှာပဲ"

"နို့ပေမဲ့ ခင်ဗျာ။ ကျွန်တော် တစ်ခုပြောချင်တယ်။ ခင်ဗျား ကတိထားတဲ့ ငွေကို အကုန်ပေးရင်ပေး၊ အကုန်မပေးရင်လည်း တစ်ဝက်တစ်ပျက် ပေးရင်ပေး၊ မပေးရင် ကျွန်တော် အလုပ်ဆက်မလုပ်နိုင်ဘူး ခင်ဗျ"

"အလကား မဟုတ်တဲ့စကားတွေ ပြောမနေစမ်းပါနဲ့ ဒေါက်တာ"

"မဟုတ်ဘူးလေ။ စွန့်စားရတဲ့အလုပ်ကို လုပ်ရတဲ့လူဟာ စွန့်စားရကျိုးနပ်ရမယ် မဟုတ်လား။ အခုတော့ ကျုပ်တစ်ယောက်တည်း ခေါင်းပေါ် တာဝန်ကျအောင် လွှဲသွားတာနဲ့ တူနေတာပေါ့"

"ဟိုမှာ တစ်ညအိပ်ပြီး ပြန်လာမယ်လို့ ပြောတယ် မဟုတ်လား။ ပြီးတော့ ကျွန်မမှာ အခုပိုက်ဆံရှိသေးတာ မဟုတ်ဘူး"

"ခင်ဗျားကို လယ်ဝန်သခင်က ပေးမှာပေါ့ဗျာ။ ဒီတော့ ဘယ်နည်းနဲ့မဆို ရအောင် မဖန်တီးနိုင်ဘူးလား ၅၀၀၀ လောက် ဆိုပါတော့"

အထက်ပါစကားများကို အတိုင်းသားကြား၍ နေရသော ဦးအုန်းမောင်ကမူ ခင်စောမြိုင်သည် မည်သည့်နည်းနှင့်မျှ ပေးမည်မဟုတ်ဟု စိတ်ထဲတွင် တွေးလိုက်မိ၏။ သို့သော် ဦးအုန်းမောင်၏ အတွေးကား ပါစင်အောင် လွဲခဲ့ချေပြီ။

ခင်စောမြိုင်သည် နှာယောင်ကောက်ကောက် အသားမည်းမည်း ဆရာဝန်အနီးသို့ တိုး၍သွားပြီးလျှင် ခါးကြားထဲမှ အိတ်ကလေးတစ်လုံးကို ထုတ်လိုက်ပြီးနောက် သားရေအိတ်ထဲမှ ရွှေလည်ဆွဲထည့်သည့် အိတ်ကလေးကို ထုတ်၍ပေးလိုက်လေသည်။ ဒေါက်တာ အူစမန်သည် ဆွဲကြိုးကို ကိုင်၍ကြည့်ပြီးနောက် – "ကျောက်က အစစ်ပဲလား ခင်ဗျာ"

"ရှင်ဟာ ဆရာဝန်လုပ်ပြီး သိပ်အ,တာပဲ။ ဆေးပေးဖို့ပဲ ရှင်နားလည်တယ်။ ရွှေဘုံသာလမ်းရောက်တော့ ရှင့်မိတ်ဆွေ ကျောက်ကုန်သည်ကြီးတွေ ပြကြည့်"

"ကောင်းပါပြီဗျာ ... ကောင်းပါပြီ။ ကျုပ် အ,တယ်ပဲထားပါတော့"

ဒေါက်တာ အူစမန်သည် သားရေအိတ်ကလေးကို သူ၏အတွင်းအင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးနောက် နှစ်ယောက်သား စကားမပြောဘဲ အတန်ကြာ တိတ်ဆိတ်လျက်ရှိလေသည်။

"ရှင့်ကတိ တည်စေနော်"

အတန်ကြာ ငြိမ်သက်လျက်ရှိပြန်၏။ ထို့နောက် ဆရာဝန်သည် သူ၏ဆေးအိတ်ထဲမှ ဆေးညွှန်းရေးသော စာရွက်တစ်ရွက်ကို ယူပြီးလျှင် တည်ကြည်လေးနက်သော အသံဖြင့် –

"ဟောဒီ စာရွက်ပေါ်မှာ ကျုပ်ပါးစပ်က ပြောပြတဲ့အတိုင်း ခင်ဗျား လိုက်ရေးရင် ကျုပ် ကတိကို တည်ပါစေ့မယ်"

ဒေါက်တာ အူစမန်သည် ခင်စောမြိုင်အား ဖောင်တိန်ကို ထုတ်ပေးပြီးနောက် အောက်ပါအတိုင်း တစ်လုံးချင်း ပြောပြလေသည်။

ကျွန်မ မိတ်ဆွေ ဆရာဝန်ကြီးရှင့် ...

ယခု ကျွန်မ ပို့လိုက်သည့် လေးထောင့်ပုံ မြကလေးမှာ ရောင်းချရန်ထားသော ကျွန်မပိုင် ပစ္စည်းဖြစ်၍ ကျေးဇူးပြုပြီး လက်ခံလိုက်စေလိုပါသည်။ ယမန်နှစ် ဆောင်းဦးပေါက်က ကျွန်မ အသည်းအသန် ဖြစ်သည်ကို ဆရာက အထူးဂရုစိုက်၍ ကုသသောကြောင့် ကျွန်မ အသက်ချမ်းသာရာရခဲ့ရာ ကျေးဇူးတုံ့ပြန်သောအားဖြင့် ယခု ကန်တော့ခြင်း ဖြစ်ပါသည်။

ဆရာ၏ လူနာဖြစ်ခဲ့ဖူးသော ကျွန်မ
ခင်စောမြိုင်

ခင်စောမြိုင်သည် တစ်ခဏမျှ တွေဝေစဉ်းစားလျက်ရှိနေပြီးနောက် အထက်ပါစာကို ရေးပေးလိုက်၏။ ဒေါက်တာ အူစမန်သည် စာကို မြဲဆွဲကြိုးထည့်သည့် သားရေအိတ်ကလေးထဲသို့ပင် ထည့်လိုက်ပြီးလျှင် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသတည်း။

*

သူထွက်သွားလျှင် သွားခြင်း စုံထောက် ဦးအုန်းမောင်သည် 'ချောင်းကြည့်ပေါက်' ကလေးကို ပိတ်လိုက်ပြီးနောက် အောက်ထပ် ဧည့်

http://www.cherrythitsar.org



ခန်း၌ ဒေါက်တာအူစမန်ကို ဥပါယ်တံမျဉ်ဖြင့် ခေတ္တဆိုင်းထားရန် မေရီအား တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်လေသည်။ ထို့နောက် အံဆွဲတစ်ခုအတွင်းမှ ပုလိပ်မင်းကြီးရုံးတော် တံဆိပ်ပါသော စာရေးစက္ကူပေါ်တွင် အောက်ပါအတိုင်း လျင်မြန်စွာ ရေးသားလေသည်။

**မဟာဒေဝီ၏ ညီမတော် ခင်စောမြိုင်သို့**

**ခင်ဗျားသည် ယခုအခါ မြွေပွေးကို ခါးပိုက်ပိုက်လျက် ရှိနေသည်။ ခင်ဗျားနှင့်ပြိုင်ဘက် မိန်းမတစ်ယောက်၏ အသက်ကို ကြံစည်ရန် ခင်ဗျား စေခိုင်းလျက်ရှိသောသူသည် ပုလိပ်နှင့် အဆက်အသွယ် ရှိနေ၍ ထိုအကြံ အစည်ကို ပုလိပ်အား သတင်းပေးပြီးလေပြီ။ သူ၏ ကျမ်းကျိန် အစစ်ခံချက်သည် စုံထောက်ရုံးသို့ နက်ဖြန်ရောက်တော့မည်။ ထိုကျမ်းကျိန်ချက် မိတ္တူကော်ပီတစ်စောင်ကိုလည်း ထိုအမှု၌ သက်သေတစ်ယောက်ဖြစ်မည့် လယ်ဝန်မင်း ဦးမြသိမ်းထံ ပေးပို့လိမ့်မည်။ ခင်ဗျား၏အလှကို နှံသေးမှ မျက်စိကျနေသောသူတစ်ယောက်က ခင်ဗျားအား သတိပေးပြောကြားလိုသည်မှာ နက်ဖြန် ခင်ဗျား ထွက်မည့်ခရီးစဉ်ကိုပြောင်းလဲကာ တောင်ငူသို့ မသွားဘဲ အခြား တစ်နေရာရာသို့ သွားပါလေ။**

ဦးအုန်းမောင်သည် စာကို အံဆွဲတစ်ခုအတွင်းသို့ ထည့်ထားလိုက်ပြီးနောက်၊ အောက်ထပ်ဧည့်ခန်းသို့ ဆင်းသွားလေရာ၊ ဒေါက်တာအူစမန်မှာ မေရီနှင့် စကားကောင်းလျက် ရှိနေသည်ကို တွေ့ရ၏။ ဦးအုန်းမောင်မျက်နှာကို မြင်လိုက်သောအခါ အူစမန်သည် အတန်ငယ် တုန်လှုပ်၍ သွားလေသည်။

"ကျုပ် ပြည်မြို့က ပြန်လာခဲ့ပြီဗျာ။ ခဏပဲနေနိုင်ပါတယ်။ တယ်ပျင်းစရာ ကောင်းတာပဲ။ ဒါနဲ့ ခင်ဗျား လူမမာ ဘယ်နှယ့်နေသေးသလဲ ဒေါက်တာ"

"သက်သာပါတယ်။ ဒီတစ်ပတ် မပြန်နိုင်တောင် သူတို့နောက်တစ်ပတ် ပြန်နိုင်ကြပါလိမ့်မယ်။ ဒါထက် သွားလိုက်ပါဦးမယ်။ ကိစ္စကလေးတစ်ခု အရေးကြီးလို့"

မျက်နှာတင်းတင်းနှင့် –

http://www.cherrythitsar.org



"နေပါဦးဗျ။ ခင်ဗျားကို ကျုပ်ပြောစရာတစ်ခုရှိတယ်။ အပေါ်ထပ်လိုက်ခဲ့ဦး"

ဒေါက်တာ အူစမန်သည် ကိုယ့်စိတ်ကို ကိုယ်မလုံသကဲ့သို့ လှေကားထစ်များကိုပင် အမှားမှား အယွင်းယွင်းနင်းကာ ဦးအုန်းမောင် နောက်မှ လိုက်ပါသွားလေ၏။ ဦးအုန်းမောင် အခန်းတံခါးမှာ ပွင့်နေသဖြင့် တံခါးအနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဦးအုန်းမောင်သည် အူစမန်၏ ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်လိုက်ပြီးလျှင် အခန်းတွင်းသို့ တွန်းသွင်းလိုက်လေ၏။ ထို့နောက် တံခါးကို အတွင်းမှနေ၍ သော့ခတ်လိုက်လေသည်။

ဆီးရွက်လောက်မျှ မျက်နှာရှိနေသော ဒေါက်တာ အူစမန်သည် ဦးအုန်းမောင်အား အံ့အားသင့်ကာ မော်ကြည့်လျက်ရှိ၏။

"ပထမဆုံး ကျုပ်လိုချင်တာက အခုပဲ ခင်ဗျားဟာ သွေးရဲ့တန်ဖိုးနဲ့လဲပြီး ရလာတဲ့ မြကြီးကို ဟောဒီစားပွဲကလေးပေါ် ချလိုက်စမ်း"

တုန်ယင်သောအသံဖြင့် –

"မြကြီး ... ဟုတ်စ၊ ဘာမြလဲခင်ဗျ။ ကျွန်တော် ဘာမှ မသိရပါကလား ခင်ဗျာ"

ကုတ်ဆက်ကို ခပ်နာနာကလေး ဖျစ်လျက် –

"နေပါဦး ခင်ဗျ။ ဒီမိန်းမက ဆေးဖိုးဝါးဆအဖြစ်နဲ့ သူကိုယ်တိုင် ကျေနပ်လို့ ပေးလိုက်တာများ ဆရာလုပ်တဲ့ လူကို သူခိုးလို့ စွပ်စွဲနေတာလား ခင်ဗျာ။ မယုံရင် ဟောဒီစာကို ကြည့်ပါ"

ဒေါက်တာ အူစမန်သည် အိတ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခုကို ထုတ်ပြလေသည်။

"ပေးစမ်း ... ဒီစာရွက်လည်း ငါလိုချင်တယ်"

ဒေါက်တာ အူစမန်သည် ကုလားထိုင် တစ်လုံးပေါ်သို့ ထိုင်မှန်းမသိ ထိုင်မိလျက်သား ဖြစ်သွား၏။ ဦးအုန်းမောင်မှာ ခင်စောမြိုင်နှင့် တစ်ကိုတ်ထဲပင် ဖြစ်လေသလောဟုလည်း တွေးမိ၏။ ဦးအုန်းမောင်က အမိန့်ပေးသံဖြင့် –

"နားထောင်စမ်း ... ကျုပ်တစ်ခု ပြောမယ်။ အရေးကြီးတယ်နော်။ အရင်တစ်ခါတုန်းက ခင်ဗျား အမေရဲ့မျက်နှာကို ထောက်ထားပြီး ခင်ဗျာ့ကို အပြစ်က ကျုပ်ကြံဖန်ပြီး လွှတ်လိုက်တယ်။ အခုတစ်ကြိမ်တော့ မိန်းမ

နှစ်ယောက်ရဲ့ မျက်နှာကို ထောက်ရမလို ဖြစ်ပြန်ပြီ။ တစ်ယောက်က ခင်ဗျား မိန်းမ၊ အခြားတစ်ယောက်က ခင်ဗျားနဲ့ခင်စောမြိုင်တို့က အဆိတ်ခပ်သတ်မယ် ကြံတဲ့မိန်းမ နားလည်ပြီလား"

အူစမန်၏ မျက်နှာမှာ မြေဖြူခဲကဲ့သို့ ဖြူ၍သွားလေသည်။

"ကိုင်း ... ဟေ့လူ ... ထစမ်း။ ဟောဒီစာရွက်ပေါ်မှာ ကျုပ်ပြောတဲ့အတိုင်း လိုက်ရေး"

စားပွဲပေါ်တွင် ဦးအုန်းမောင်က စာရွက်တစ်ရွက်တင်ပေးသဖြင့် ဒေါက်တာအူစမန်လည်း လိုက်၍ရေးရလေသည်။

**ကျွန်တော် ဒေါက်တာ အူစမန်သည် မဟာဒေဝီ၏ ညီမတော် စပ်သည်ဆိုသူ ခင်စောမြိုင်နှင့် ပူးပေါင်း၍ လယ်ဝန်ကတော် မမအုံးအား အဆိပ်ခပ်၍သတ်ရန် –**

စကားဖြတ်၍ –

"ဘယ်နေ့ကိုလဲ မင်းကတော် သေရမှာက ..."

ဒေါက်တာ အူစမန်သည် ပြူးကြောင်သော မျက်လုံးများဖြင့် ကြည့်လျက်ရှိလေ၏။

ငေါက်၍ – "ဟေ့လူ ... ထပ်ပြောရဦးမလား။ ကျုပ်မေးတာ မကြားဘူးလား"

"ဒီမိန်းမ သေရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး ခင်ဗျာ"

"ဒါဖြင့် ဘယ်လိုအကြံအစည် ရှိတယ်ဆိုတာ တိတိကျကျ ပြောစမ်း"

ဒေါက်တာ အူစမန်သည် တံတွေးကို နှစ်ခါမျိုချပြီးနောက် –

"တရောင်ရောင်ဖြစ်ပြီး မင်းကတော် သေသွားတဲ့နေ့က ၂ ပတ်အတွင်းမှာ ငွေ ၅၀၀၀ ပေးရမယ်။ ဒီနောက် သူကိုယ်တိုင် မင်းကတော်ဖြစ်ပြီး ၆ လအတွင်း ကျွန်တော့်ကို ငွေတစ်သောင်း ထပ်ပေးရမယ်"

စကားမဆုံးမီ ဦးအုန်းမောင်က ဖြတ်၍ "ဒါဖြင့် ခင်ဗျား စိတ်ထဲမှာ အခုရတဲ့ မြကစရံအဖြစ် တန်ဖိုး ၅၀၀၀ ထားတာပေါ့"

"ဘယ်နှယ့်လုပ်မလဲခင်ဗျာ။ ဒီမိန်းမက အခုသွားတော့မှာ ခင်ဗျ။ ဒီတော့ မရရင် ကျွန်တော့်မှာ လက်မဲ့ဖြစ်ကျန်ရုံရှိတော့တယ်။ ဒီတော့ မင်းကတော်အသက်ကို သေစေဖို့ ကျွန်တော် မရည်ရွယ်ပါဘူး ခင်ဗျာ"

http://www.cherrythitsar.org



"ခင်စောမြိုင်က မင်းကတော် ဘယ်နေ့သေမယ်လို့ မျှော်လင့်သလဲ"

"နောက်သောကြာနေ့"

"ကိုင်း ... ကျုပ်ပြောတာ ဆက်ရေး"

**ကြံစည်ရာတွင် မင်းကတော် သေဆုံးသည့်နေ့၌ ငွေ ၅၀၀၀ ကို ခင်စောမြိုင်က ပေးရမည်။ နောင် လယ်ဝန်ဦးမြသိမ်းနှင့် ခင်စောမြိုင်တို့ လက်ထပ်ပြီးနောက် ၆ လအတွက် ငွေ ၁၀၀၀၀ ကို ခင်စောမြိုင်က ဒေါက်တာ အူစမန်အား ပေးရမည်ဟု နှစ်ဦးသဘောတူ ကတိထားခဲ့ကြောင်း အောက်တွင် ကိုယ်တိုင် လက်မှတ်ရေးထိုးဖြောင့်ဆိုပါသည်။ ဒေါက်တာ အေ–အူစမန်။**

"အဲ ... ဟုတ်ပြီ"

"မင်းကတော် အသက်ကို သတ်ဖို့ ကျွန်တော် မရည်ရွယ်ကြောင်း ထည့်ရေးဖို့ ခွင့်ပြုပါ ဆရာ"

"မပြုနိုင်ဘူး ... နို့ပေမဲ့ နောက် ၂ နာရီ ၃ နာရီလောက် ကြာတဲ့အခါမှာ ဒီစာရွက်ကို ခင်ဗျားသဘောအတိုင်း လုပ်နိုင်တယ်"

"မြကြီးကိုကော ခင်ဗျာ"

"မြကြီးကိုတော့ သူ့ဥစ္စာရှင်ကို ပြန်ပေးရမှာပေ့ါ။ ဝမ်းနည်းပါတယ်။ ဒေါက်တာ အူစမန်၊ နို့ပေမဲ့ ဒါဟာ ခင်ဗျားရဲ့ ကိုယ်ကျိုးအတွက်ဆိုတာ နားလည်စေချင်တယ်။ ခင်စောမြိုင်ရဲ့ အကျိုးအတွက်လည်း ပါတယ်ဆိုပါတော့"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဩော် ... ပြီးတော့ အခုအချိန်အတွင်းမှာ ကျုပ် အိပ်ခန်းကို ခင်ဗျား အိမ်လို သဘောထားပြီး သုံးနိုင်တယ်။ အိပ်ချင်အိပ်၊ ရေချိုးချင်ချိုး၊ ရေချိုးခန်းလည်း ရှိတယ်။ ပြီးတော့ ခင်ဗျား မိန်းမဆီကိုလည်း ဒီကနေ့ အိမ်ပြန် နည်းနည်းနောက်ကျလိမ့်မယ်ဆိုတဲ့ အကြောင်းလည်း ပြောလိုက်"

"ဟုတ်ရဲ့လား ဆရာ။ ကျွန်တော် စိတ်ချရတော့မှာလား။ အခုလို ကျွန်တော် လုပ်မိတာလည်း ကျွန်တော့်အတွက် မဟုတ်ပါဘူး ဆရာ။ ကလေး နှစ်ယောက်အတွက် လုပ်မိတာပါ"

http://www.cherrythitsar.org



"စိတ်ချရပါမလားဆိုတာကတော့ ကျုပ်ဟာ အမေမွေးကတည်းက ဘယ်သတ္တဝါမျိုးကိုမှ မလိမ်ခဲ့ဖူးဘူး။ ခင်ဗျားလို သိဟောင်းကျွမ်းဟောင်းကို မဆိုထားနဲ့ ..."

ထို့နောက် ဦးအုန်းမောင်သည် အိပ်ခန်းတံခါးကို အပြင်မှ သော့ခတ်၍ ထွက်သွားလေ၏။

*

တဂျုံးဂျုံး ခုတ်မောင်းလျက်ရှိသော မန္တလေးစာပို့ရထားပေါ်ရှိ ပထမတွဲ တစ်တွဲထဲ၌ ခင်စောမြိုင်သည် အတန်ငယ် အေးသည်နှင့် ကတ္တီပါ အစိမ်းရောင် အင်္ကျီကိုဝတ်ကာ အပြင်သို့ မှန်ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်ရှုလျက်ရှိ၏။ ထိုအချိန်ကား စာပို့ရထားသည် ခရီးသည်များ ညစာစားရန် အလို့ငှာ ပြွန်တန်ဆာဘူတာ၌ ၂၅ မိနစ်ခန့် ဆိုက်ကပ်လျက်ရှိသော အချိန်ဖြစ်လေသည်။

ထိုအချိန်၌ မျက်မှန်အနက်ကိုကပ်ကာ ဦးထုပ်ဆောင်းထားသော လူကြီးတစ်ယောက်သည် ပိတ်ထားသော မှန်ပြတင်းမှ ခေါင်းပြူ၍ ဝင်လာပြီးနောက် တည်ငြိမ်ခံ့ညားသော အသံဖြင့် –

"ရှမ်းပြည်နယ်က မဟာဒေဝီရဲ့ ညီမတော်တစ်ယောက်အမည်က ခင်စောမြိုင်ဆိုတာ ဟုတ်ပါရဲ့လား ခင်ဗျာ"

လှပသော မိန်းမပျို၏ကိုယ်ကလေးသည် တွန့်ခနဲ ဖြစ်သွား၏။ "နောက်ဆုံး ငနဲဆီကလား မပြောတတ်ဘူး" ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

မြိုင် ။ ။ "ဟုတ်ကဲ့ရှင် ကျွန်မပါပဲ"

သူစိမ်း။ ။ "ဟောဒီစာနဲ့ အထုပ်ကလေး ပေးဖို့ပါပဲ ခင်ဗျာ။ ကံကောင်းလို့ ရထားမသွားခင် ရောက်လာတာ"

မြိုင် ။ ။ "ဘာအထုပ်များပါလိမ့်"

စာအိတ်ကြီးတစ်လုံးကို လှမ်းပေးလျက် –

"ရော့လေ"

မြိုင် ။ ။ "ကျေးဇူးတင်ပါတယ် ရှင်"

ခင်စောမြိုင်သည် စာအိတ်ကြီးကို လှမ်းယူလိုက်လေသည်။ ထို့နောက် တုန်ယင်သော လက်များဖြင့် စာအိတ်ကြီးမှ ချိတ်များကို ခွာပြီးလျှင်

http://www.cherrythitsar.org



ဖွင့်လေရာ အထုပ်ကလေးတစ်ထုပ်ကို တွေ့ရ၏။ အတွင်း၌ကား ဒေါက်တာအူစမန်ကို မိမိပေးလိုက်သော ဆွဲကြိုးထည့်သည့် သားရေအိတ်ကလေး ဖြစ်၍ အိတ်ကို ဖွင့်လိုက်သောအခါ အဖိုးတန် မြကြီးတပ်ထားသည့် ဆွဲကြိုးကိုပါ တွေ့ရလေသည်။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ စာရွက်ခေါက်ကလေးကို ဖတ်ပြန်ရာ၊ မိမိအား ကြောက်မက်ဖွယ်ကောင်းသော လုပ်ကြံမှုကြီးအတွက် သတိပေးသောစာဖြစ်ကြောင်း တွေ့ရလေသည်။ ထိုအချိန်၌ ခင်စောမြိုင်၏ ရင်အုံကလေးကား အပြင်မှပင် မြင်ရလောက်အောင် တဒိတ်ဒိတ် ခုန်လျက်ရှိနေလေသတည်း။ ထို့နောက် "တော်ပြီ ... တော်ပြီ၊ ဒီအကြံလည်း မကြံတော့ဘူး။ အူစမန်လည်း သူ့လက်ထဲ ငွေမရောက်မချင်း လုပ်မယ့်အကောင် မဟုတ်ဘူး။ ဩော် ... မမအုံး ... မမအုံး၊ ငါ့အပေါ် ညီမအရင်းလောက် ချစ်ရှာတယ်။ တောင်ငူလည်း မဝင်တော့ဘူး။ သာစည်သွားမယ်။ ပြီးမှ ရှမ်းပြည်နယ် ဆက်စီးမယ်။ ငါ မှားပြီ ... မှားပြီ ...မှားပြီ"

ညနေစောင်း၍ မေရီက လိုက်၍ပြသဖြင့် လယ်ဝန် ဦးမြသိမ်းသည် မသာယာသော မျက်နှာနှင့် စုံထောက်ဦးအုန်းမောင်၏ အခန်းထဲသို့ ဝင်လာလေသည်။ မိမိမသိသော လူတစ်ယောက်က အရေးကြီးသော ကိစ္စတစ်ခုနှင့် တွေ့လိုသည်ဟု ခေါ်ခြင်းမှာ မင်းကတော်၏ အရေးလော၊ မိမိအရေးလော မသိရပေ။

ဦးအုန်းမောင်သည် လယ်ဝန်မင်းအား နေရာထိုင်ခင်းပေးပြီးနောက် –

"ဒီလိုပါခင်ဗျာ။ လယ်ဝန်မင်းကို အခု ကျွန်တော်ပြောရမယ့် စကားက အတော်အရေးကြီးပြီး စိတ်မချမ်းသာစရာကောင်းတဲ့ စကားမျိုးလည်း ဖြစ်တယ်ဆိုတာ ရှေးဦးစွာ ကျွန်တော် စကား ပလ္လင်ခံခြင်း ဖြစ်ပါတယ်။ ဒီလို ခင်ဗျာ ကျွန်တော်က မူလ စုံထောက် အင်စပိတ်တော် တစ်ယောက် ဖြစ်ပြီး အခု ကျွန်တော် ရှင်းလင်းပြောပြမယ့် အချက်တွေကို ကျွန်တော် ကိုယ်တိုင် တွေ့ရပါတယ်"

ဦးမြသိမ်းကား ဦးအုန်းမောင်၏ မျက်နှာကို အံ့သြစွာ စိန်းစိန်း ကြည့်လျက်ရှိလေသည်။ ခင်စောမြိုင်၏ 'ကြာ' မူပါလှသော မျက်နှာကလေးတစ်ခုကိုသာ ကြိုက်နှစ်သက်၍ သစ္စာရှိလှသော မိမိမယားကြီးအား လုပ်ကြံမှုကြီးကို အလျဉ်းမသိရှိချေ။

http://www.cherrythitsar.org



ဆက်လက်၍ –

“ကျွန်တော်တို့ စုံထောက်ဌာနက သိရတဲ့အမှုက လယ်ဝန်မင်းနဲ့ တိုက်ရိုက်တော့ မသက်ဆိုင်ပါဘူး။ သို့သော် မင်းကတော်နဲ့ သက်ဆိုင် တယ် ခင်ဗျ”

“ကျုပ် မင်းကတော် ဟုတ်စ ... မဖြစ်နိုင်ပါဘူးဗျာ။ ဒီလောက် သဘောထားပြည့်ဝတဲ့ မိန်းမ၊ ဒီလောက်ပေါင်းသင်းဆက်ဆံမှု ကောင်းတဲ့ မိန်းမ”

စကားကို ရှေ့သို့မဆက်ဘဲ၊ ဦးမြသိမ်း၏ မျက်နှာမှာ နီမြန်းလျက် ရှိလေသည်။

“ဒီလိုပါ လယ်ဝန်မင်း၊ လယ်ဝန်မင်းရဲ့ မင်းကတော်မှာ အင် မတန် ကြောက်ဖို့ကောင်းတဲ့ ရန်သူတော်တစ်ယောက် ရှိနေတယ် ခင်ဗျ”

“ဒီဟာတော့ ခင်ဗျားတို့ ရန်ကုန်စုံထောက်ဌာနက မှားပြီ ထင် တယ်။ ကျုပ် မိန်းမလို သဘောထားကြီးတဲ့ မိန်းမ၊ သူလို ရက်ရောတဲ့ မိန်းမ၊ သူလို ကြင်နာတတ်တဲ့ မိန်းမ၊ ရှာမှရှားပါတယ် မိတ်ဆွေ။ ကျုပ်က ယောကျ်ားဖြစ်လို့ ရန်သူရှိချင်ရှိမယ်။ ကျုပ်မိန်းမမှာတော့ ရန်သူတစ် ယောက်မှ မရှိပါဘူး”

ယခင်ကထက် တည်ငြိမ်အေးဆေးသော အသံဖြင့် –

“လယ်ဝန်မင်းရဲ့ မင်းကတော်မှာ ရန်သူတစ်ယောက်ရှိတယ် ခင်ဗျ။ ဒီဟာတွင် မကဘူး။ အဲဒီရန်သူဟာ သူ့ကို သေကြောင်းကြံတာ ကံကောင်းလို့ လက်မတင်ကလေး လိုတော့ပါလား ခင်ဗျာ”

ဦးမြသိမ်းသည် စုံထောက် ဦးအုန်းမောင်အား စူးစူးဝါးဝါး ကြည့် လိုက်ပြီးနောက် မိမိနှင့်စကားပြောနေသူမှာ အရူးတစ်ယောက်ပင် ဖြစ်လေ သလောဟု တွေးမိလေ၏။

ဦးအုန်းမောင်က ဣန္ဒြေမပျက် ဆက်လက်၍ –

“အဲဒီရန်သူက မိန်းမတစ်ယောက်ကို ခင်ဗျ။ အင်မတန် လိမ္မာပါး နပ်တဲ့ မိန်းမတစ်ယောက်ပေါ့ခင်ဗျာ။ မြို့ပေါ်မှာ အပေါင်းအသင်းကလည်း ကောင်း၊ နေရာတကာ ဝင်နိုင်ထွက်နိုင်တဲ့ မိန်းမ၊ မြို့ပေါ်မှာလည်း အသိ အကျွမ်းကများတော့ အဲဒီ အသိအကျွမ်းထဲက ငွေရရင် ဘာပဲဖြစ်ဖြစ် လုပ် မယ်ဆိုတဲ့ လူတစ်ယောက်ကို သွားတွေ့တာကို ခင်ဗျာ။ အဲဒီလူက ဆရာ

http://www.cherrythitsar.org



ဝန် ... ဒီလူနဲ့ ပေါင်းပြီး မင်းကတော်ကို အဆိပ်ခတ်ပြီး သေကြောင်းကြံတာပါ ခင်ဗျာ” တစ်ခဏမျှ အသက်ရှူရန် နားလိုက်ပြီးနောက် “မင်းကတော်မမအုံးဟာ အခုလာမယ့် သောကြာနေ့မှာ သေရမယ်တဲ့”

“ဘာပြောတယ်ဗျ ... ဘာ ... ဘာ ... ကျုပ်မိန်းမကို ဆေးကုနေတဲ့ ဆရာဝန် အူစမန်ကို ခင်ဗျား ဆိုလိုတာလား”

“လူသတ်သမားတော့ မဟုတ်သေးပါဘူး။ သတ်မယ့် လူဆိုပါတော့ ... အဲဒီ ကုလားကပြား အသားမည်းဆရာဝန် အူစမန်ဆိုတဲ့ အကောင်က သူ့ဆေးဝါးကို အသုံးပြုပြီး မင်းကတော် သေတဲ့အခါ ပကတိ သွေးရိုးသားရိုးနဲ့ သေတာကို ဖြစ်ပါစေမယ်လို့ တာဝန်ယူလိုက်တာကို ခင်ဗျ”

ဦးမြသိမ်းသည် မျက်နှာကို လက်ဝါးဖြင့် တစ်ခါတည်း အုပ်၍ ထားလိုက်၏။ သူ၏စိတ်ထဲတွင် ထိုအချိန်ထိ ဒေါက်တာ အူစမန်အား နောက်ကွယ်မှ တိုက်တွန်းအားပေးနေသူကို မရိပ်စားမိသေးချေ။ အိမ်က မင်းကတော် နှင်ထုတ်ပစ်လိုက်သော အစေခံမကလေးပင် ဖြစ်လေမည်လော။ ချော်၍တွေးလိုက်သေးသည်။

“နို့ပေမဲ့ ကံကောင်းချင်တော့ မင်းကတော်မှာ ဘာမှ မဖြစ်ပေဘူးခင်ဗျာ။ ဆရာဝန်အကြံကို ပုလိပ်သိတာက ဦးသွားတာကို ခင်ဗျ။ ဒီတော့ လုပ်ကြံမှုအကြောင်း အစအဆုံး သူဖြောင့်ချက်ပေးရတာပေါ့။ သူကိုယ်တိုင် ဖြောင့်ချက်ကို စာနဲ့ ရေးပေးပြီး ဒီလုပ်ကြံမှုအတွက် သွေးဆောင်တဲ့ မိန်းမက ပေးတဲ့ ‘မြ’ ကြီးတစ်လုံးလည်း ယူလာတယ်”

ဦးအုန်းမောင်သည် ဦးမြသိမ်း မျက်နှာပူမည်စိုး၍ ခေတ္တမျှ အခြားဘက်သို့ လှည့်၍ နေလိုက်၏။

“ဒီပစ္စည်းက တန်ဖိုး အကုန် မဟုတ်သေးဘူး ခင်ဗျ။ ဒီမိန်းမဟာ လုပ်ကြံခြင်း ခံရတဲ့ မိန်းမသေလို့ သူ့ယောကျ်ားက သူ့ကို လက်ထပ်ပြီးတဲ့ နောက် ၆ လအတွင်းမှာ ငွေ ၁၀၀၀၀ ထပ်ပေးရဦးမယ်”

ဦးမြသိမ်းသည် သက်ပြင်းတစ်ချက် ချလိုက်၏။

“ကျွန်တော် အခုပြောတာတွေကို သက်သေခံ အထောက်အထား ကျွန်တော် ပြနိုင်ပါတယ်။ ‘မြ’ကိုတော့ လယ်ဝန်မင်း ကြည့်ချင်မယ် မထင်ပါဘူး”

http://www.cherrythitsar.org



ဦးမြသိမ်းသည် ဦးခေါင်းကို ညင်သာစွာ ရမ်းလိုက်၏။

"မကြည့်ချင်တာဘဲ ကောင်းပါတယ် ခင်ဗျာ။ ဒီ 'မြ' ဟာလည်း သူ့ကိုယ်သူ မဟာဒေဝီရဲ့ညီမဆိုတဲ့ ခင်စောမြိုင်ဆိုတဲ့ ဥစ္စာရှင်မိန်းမရဲ့ လက်ထဲကို ရောက်သွားပါပြီ"

ဦးအုန်းမောင်သည် အိတ်ထဲမှ စာရွက်ခေါက်ကလေး ၂ ခုကို ထုတ်၍ ပြလေရာ တစ်စောင်မှာ ခင်စောမြိုင်ကိုယ်တိုင် မြကို ဆုလာဘ် အဖြစ် ပေးကြောင်း၊ အူစမန်ထံ ရေးသော စာရွက်ဖြစ်၏။ အခြားတစ်စောင် မှာ ဒေါက်တာ အူစမန် ရေးပေးသည့် 'ဖြောင့်ချက်' ဖြစ်လေသည်။

"ဒီဟာ နှစ်ခုကို လယ်ဝန်မင်း ဖတ်ကြည့်ပြီး စိတ်ကို တဆိတ်ကြံ့ ကြံ့ခိုင်ခိုင် ထိန်းထားစေချင်ပါတယ်။ ဒေါသကို တစ်ဆိတ် ချုပ်တည်းစေ ချင်ပါတယ်။ ဒီလူဟာ ဒီစာကို သူကိုယ်တိုင် ရေးကြောင်း၊ နှုတ်ကဖွင့်ပြီး ဝန်ခံနိုင်အောင် ဒီလူကို အခိုက်အတန့် ကျွန်တော် တားဆီးထားပါတယ်"

သို့ပြောဆိုပြီးနောက် ဦးအုန်းမောင်သည် သူ၏ အိပ်ခန်းတံခါးကို သော့နှင့် ဖွင့်လိုက်လေသည်။

"ဟော့လူ ... ထွက်ခဲ့တော့ ဒီကို ခဏလာစမ်း၊ ခင်ဗျား လက်မှတ် ထိုးတဲ့စာရွက် ကိစ္စပြီးပါပြီ။ ဒီစာကို ခင်ဗျား ရေးပါတယ်လို့ ဟောဒီက လယ်ဝန်မင်းကို ခင်ဗျား ပါးစပ်က ပြောပြီးတာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို ဒီစာရွက် ပြန်ပေးဖို့ အသင့်ပဲ"

ဒေါက်တာ အူစမန်သည် ကြောင်ရှေ့သို့ ရောက်သော ကြွက် ကလေးတစ်ကောင်ကဲ့သို့ အမူအရာဖြင့် မိမိကိုယ်တိုင်စာရေးကြောင်း ဖြောင့် ဆိုဝန်ခံလေသည်။

ဦးအုန်းမောင်သည် ဖြောင့်ချက် စာရွက်ကို ဒေါက်တာ အူစမန် လက်သို့ ပေးအပ်လိုက်ပြီးနောက် – "ဒီစာရွက်ကို ရှေ့က ဥယျာဉ်ထဲ ယူ သွား မီးနဲ့ရှို့ပစ်လိုက်၊ ပြီးတော့ ဘုရားမလို့ ငါဟာ စတူးဝပ်အချုပ်ထောင် တို့၊ တစ်ကျွန်းတို့ မရောက်တာဘဲဆိုတာ နောင်တ ရပေတော့"

"ကောင်းပါပြီ ခင်ဗျာ။ ကျွန်တော် နောင်တရပါပြီ"

ဒေါက်တာ အူစမန် ထွက်သွားသောအခါ ဦးမြသိမ်းလည်း ခေါင်းမဖော်ဘဲ ကုလားထိုင်ပေါ်တွင် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ် လျက် ရှိလေသည်။

http://www.cherrythitsar.org



"လောကကြီးမှာ အခု လယ်ဝန်မင်းရဲ့အဖြစ်အပျက် ကြည့်ပြီး အင်မတန် နောင်တရဖို့ ကောင်းပါတယ် ခင်ဗျာ"

"ကျုပ် နောင်တရပြီ မိတ်ဆွေ။ ဘယ်သူတဲ့ ခင်ဗျားနာမည်"

"ကျွန်တော့်နာမည် ဦးအုန်းမောင်ပါတဲ့ ခင်ဗျာ"

"အယောင်ဆောင်တဲ့ မိတ်ဆွေကိုရော၊ အချစ်ရဲ့ လှည့်ဖြားခြင်းကို ရော၊ ယောကျ်ားတို့ ဝတ္တရားကိုရော၊ ပစ္စည်းရဲ့ သွေးဆောင်ပုံကိုရော ကောင်းကောင်းကြီး နားလည်ပါပြီ ဦးအုန်းမောင်"

"ဝမ်းသာပါတယ် ခင်ဗျာ"

"ဒီကနေ့ကစပြီး ခင်ဗျားဟာ ကျုပ်မိတ်ဆွေအရင်း မိတ်ဆွေစစ်ပဲ"

ထိုခဏ၌ တံခါးခေါက်သံ ကြားရသဖြင့် တံခါးကို ဖွင့်ပေးလိုက်ရာ ဘွိုင်ကုလားသည် ငွေလင်ဗန်းကလေးတစ်ချပ်ပေါ်တွင် ကြေးနန်းစာ အိတ်တစ်လုံးကို တင်၍ ဦးမြသိမ်းအား ပေးလေသည်။ ဦးမြသိမ်းသည် ကြေးနန်းစာအိတ်ကို ဖွင့်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရ၏။

**အကြောင်းမညီညွတ်သောကြောင့် ကျွန်မ ပြန်မလာနိုင်တော့ပါ အစ်ကိုကြီး။ ယခု သာစည်မှ ရှမ်းပြည်နယ်သို့ ဆက်သွားပါဦးမည်။ ကျွန်မရဲ့ ချစ်မမကိုလည်း နှုတ်ဆက်လိုက်ကြောင်း ပြောပါ။ ခင်စောမြိုင် ခေတ္တသာစည်မြို့။**

ဦးမြသိမ်းသည် ကြေးနန်းစာရွက်ကို ထွေးလုံးကာ ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီးနောက် ခြေဖြင့် နင်းချေလိုက်လေသတည်း။

◈◈◈

http://www.cherrythitsar.org

